ကလေးများနှစ်သက်လေ့လာဖွယ်

စိတ်ကူးချိုချိုအနုပညာ

# ၃၁ နိုင်ငံက ပုံပြင် ၃၁ ပုဒ်

ခင်မောင်တိုး(မိုးမိတ်)
မြန်မာပြန်



၃၁ နိုင်ငံကပုံပြင် ၃၁ ပုဒ်၊ ခင်မောင်တိုး(မိုးမိတ်)
စာမျက်နှာ ၂၁၃+ မျက်နှာ၊ ၁၂ ·၈စင်တီ× ၁၈ ·၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ ဖေဖော်ဝါရီလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၂ ၃ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# ၃၁ နိုင်ငံက ပုံပြင် ၃၁ ပုဒ်

ခင်မောင်တိုး(မိုးမိတ်)
မြန်မာပြန်

ပထမအကြိမ်၊ ၂၀၁၇

# မာတိကာ


* ဘာသာပြန်သူ၏ အမှာ (က–ဃ)

၁။ ညှော့ဝတ်ကျေပွန်မှု ၁
(အိန္ဒိယကျေးလက်ပုံပြင်)

၂။ ဂျပန်ပုံပြင်တစ်ပုဒ် ၅
(ဂျပန်ပုံပြင်)

၃။ မှော်ဆရာ့လက်ဆောင် ၁၀
(ဖင်လန်ကျေးလက်ပုံပြင်)

၄။ ဘုရင့်အိပ်မက် ၁၇
(ရုရှားပုံပြင်)

၅။ အသံအကောင်းဆုံးအဆိုတော် အော်ဖီးယပ် ၂၃
(ဂရိပုံပြင်)

၆။ ဂျော်ရင်းဒါနဲ့ ဂျော်ရင်းဒဲ ၂၈
(ဂျာမနီပုံပြင်)

၇။ အရုပ်ဆိုးတဲ့ ဘဲကလေး ၃၃
(ဒိန်းမတ်ပုံပြင်)
၈။ ဆင်ဒရဲလား ၄၀
(ပြင်သစ်ပုံပြင်)
၉။ မရိုးဖြောင့်တဲ့ ရိုးဖြောင့်သော အမတ်ကြီး ၅၀
(ဗီယက်နမ်ကျေးလက်ပုံပြင်)
၁၀။ နှာခေါင်းနီနီနဲ့ မိန်းကလေး ၅၅
(တရုတ်ပုံပြင်)
၁၁။ ဆံပင်နီနဲ့ လူသေးလေး ၆၂
(အင်္ဂလိပ်ကျေးလက်ပုံပြင်)
၁၂။ သည်းခံစိတ်ရှည်တဲ့ ဂရီဆဲဒါး ၆၈
(ကင်တာဘာရီပုံပြင်)
၁၃။ တားမြစ်ထားတဲ့တံခါး ၇၉
(မော်ရကိုပုံပြင်)
၁၄။ ကွန်နလာနဲ့ အပျိုစင်နတ်သမီး ၈၇
(အိုင်းရစ်ပုံပြင်)
၁၅။ တုလု၊ တုကုနဲ့ နယူးဂီနီကြွက်များ ၉၃
(ဘင်္ဂလားဒေ့ရှ်ပုံပြင်)
၁၆။ ကြယ်များဆီသို့ ခရီးသွားခြင်း ၁၀၆
(ဖိလစ်ပိုင်ပုံပြင်)
၁၇။ ဆု ၁၁၃
(သီရိလင်္ကာပုံပြင်)

၁၈။ လက်စားချေတဲ့ ဆာဘာ ၁၂၃
(အင်ဒိုနီးရှားပုံပြင်)
၁၉။ ဘာဟာဒူးအလီ ၁၃၁
(ပါကစ္စတန်ပုံပြင်)
၂၀။ တာဆစ်ချိန်က နဂါးကြီး ၁၄၆
(မလေးရှားပုံပြင်)
၂၁။ မိုးခေါ်ပုံ ၁၅၆
(ကင်ညာပုံပြင်)
၂၂။ လူပျော်ရဲ့ ရုပ်အကျီ ၁၆၀
(အီတလီပုံပြင်)
၂၃။ မိန်းမလည်ကြီး ၁၆၄
(လီသူလီနီယန်ပုံပြင်)
၂၄။ ပြောနေကြတဲ့ပုံပြင် ၁၆၈
(အမေရိကန်ပုံပြင်)
၂၅။ စုန်းမရဲ့ ပလွေဆရာ ၁၇၁
(ဟန်ဂေရီပုံပြင်)
၂၆။ ဘူဒူလင့် ၁၇၅
(ချက်ကိုဆလိုဗေးကီးယားပုံပြင်)
၂၇။ ယုန်နဲ့ ခြသေ့ ၁၈၅
(တိဘက်ပုံပြင်)
၂၈။ ငှက်မကြီးနဲ့ ငှက်ပေါက်ကလေးများ ၁၈၈
(ယစ်ဒစ်/ဂျူးပုံပြင်)

၂၉။ အိပ်ပျော်နေတဲ့ မင်းသား ၁၉၁
(ဆူရီနာမိ(စ်)ပုံပြင်)
၃၀။ မိဘမဲ့ ၁၉၇
(အာဖရိက/မာလဝီပုံပြင်)
၃၁။ ဆိတ်နဲ့ သိုး ၂၀၇
(ယူကရိန်းပုံပြင်)

❐

## ဘာသာပြန်သူ၏ အမှာ

ကျွန်တော် ပုံပြင်တွေကို ဘာသာပြန်ထုတ်ဝေခဲ့တာ လုံးချင်းအုပ်ရေ ၄၀ ကျော်သွားပါပြီ။ တစ်အုပ်စာပုံပြင်လေးတွေကို ပြန်ဖတ်လေတိုင်း ကျွန်တော့်ရင်မှာ ပီတိလှိုင်းလေးတွေ လူးလွန့်လာပါသည်။ ကျေနပ်အားရ ကြည်နူးရမြဲ ဖြစ်သည်။ သူတို့လို ရေးချင်လိုက်တာ၊ သူတို့စိတ်ကူးမျိုး ရချင်လိုက်တာ ဆိုတဲ့ ဆန္ဒမျိုး အမြဲဖြစ်ထွန်းလာပါသည်။ ထို့ကြောင့် ကျွန်တော် စိတ်လိုလက်ရ စဉ်းစားအားထုတ်ပြီး ပုံပြင်တစ်ပုဒ် ရေးကြည့်ဖို့ ကြိုးစားပါသည်။ သို့သော် ကြိုးစားတိုင်း အကောင်ဒြပ် လုလုပပ ဘယ်တုန်းကမှ မပေါ်ခဲ့ပါ။ ဒီလိုအခြေဆိုက်လေ ပုံပြင်ဆရာကြီးတွေကို လေးစားကြည်ညိုစိတ် ဖြစ်လာလေပါပဲ။

ဟုတ်ကဲ့... ဘယ်လိုလုပ် မလေးစား မကြည်ညိုဘဲ နေနိုင်ပါ့မလဲ။ ဒီဆရာကြီးတွေရဲ့ခေါင်းမျိုးက "ရှားပါး" ထဲမှာ ပါနေပေသကိုး၊ သူတို့ဉာဏ်က ဘယ်သူမှ လိုက်လို့မမီနိုင်အောင် ထူးထူးခြားခြားကြီး ကောင်းနေပေသကိုး။ သူတို့ စိုက်ထုတ်ကြတဲ့ စိတ်စွမ်းအားကလည်း အလွန်တရာ ကြီးမားလွန်းပေတာကိုး။ အို...

ဘယ်ဘက်က ကြည့်လိုက်ကြည့်လိုက် သူတို့ဟာ သာမန်လူထက် ဆယ်ဆမက သာလွန်ထူးခြားလွန်းနေတာကိုး။

တကယ်တော့ ကမ္ဘာကျော် ပုံပြင်ဆရာကြီးတွေဟာ လွန်ခဲ့တဲ့ နှစ်ရာစုပေါင်းများစွာကပဲ ပေါ်ထွန်းခဲ့ကြပါတယ်။ အလယ်ခေတ် ဂျပန်မှာထုတ်ခဲ့တဲ့ "ပုံပြင်ကိုးဆယ်" ဆိုတာ "Koujaku mouogatari Shu" ဆိုတဲ့ ဂျပန်ပုံပြင် ပေါင်းချုပ်ထဲက ရွေးပြီး ဘာသာပြန်ထားတာပါ။ ဒီစာအုပ်ကို ၁၁၂၀ ပြည့်နှစ်တစ်ဝိုက်လောက်က စုစည်းခဲ့တယ်လို့ ယုံကြည်ကြပါတယ်။ "The Koujaku mouogatari Shu" ဟာ ပုံပြင်ပေါင်း ၁၀၃၉ ပုဒ်ကို စုစည်းထားတဲ့စာအုပ်ပါ။ အိန္ဒိယ၊ တရုတ်၊ ဂျပန် စတဲ့နိုင်ငံတွေက ပုံပြင်တွေဖြစ်ပါတယ်။ ဒီပုံပြင်စာအုပ်ကို ယခု စွဲစွဲမက်မက် လေ့လာဖတ်ရှုနေကြဆဲ ဖြစ်ပါတယ်။

မူလစုစည်းထားတာကိုက အတွဲပေါင်း ၃၁ တွဲရှိပါတယ်။ ဒီအထဲက အတွဲ ၈၊ အတွဲ ၁၈ နဲ့ ၂၁ တို့ကတော့ ပျောက်ဆုံးနေတယ်လို့ ဆိုပါတယ်။

နောက် အံ့ချီးမဆုံးဖြစ်ရတဲ့ ပုံပြင်တစ်အုပ်ကတော့ 'ပဥ္စတန္တရ" ပါပဲ။ ဒီပုံပြင်တွေကို ရေးသူက "ဝိဏှုသမ္မ" ဆိုတဲ့ ဗြာဟ္မဏပညာရှင်ကြီးဖြစ်ပါတယ်။ ဒီပညာရှင်ကြီးက ရှေးဟောင်းနီတိ၊ နိုင်ငံရေး၊ လူမှုရေး၊ ကျမ်းဂန်များကို အရည်ကျိုပြီး လွယ်လွယ်ကူကူ ပညာပေး၍ရမည့် ပုံစံသစ်ဖြင့် ပဥ္စတန္တရကို သက္ကတဘာသာနဲ့ ရေးခဲ့ပါတယ်။ အီရန်သမားတော်နှင့် အမတ်ကြီးဖြစ်သူ "ဗုရဇုအေ" ကတော့ ပဥ္စတန္တရကို "သေသူကို ရှင်စေသည့် အမြိုက်ဆေး" လို့ တင်စားရေးဖွဲ့ခဲ့ပါတယ်။

ဒီ ပဉ္စတန္တရဟာ သိပ်ကျော်ကြားလွန်းတော့ နောက်ပိုင်းမှာ ကမ္ဘာ့နိုင်ငံအသီးသီးက မဟာပညာကျော်ကြီးများက ဘာသာပြန်ခဲ့ကြပါတယ်။ ၁၄၈၀ ပြည့်နှစ်မှာ "ဂျွန်ကပူအာ" ရဲ့ ဘာသာပြန်ကို ဂျာမန်ဘာသာသို့ ပြန်ဆိုပြန်ပါတယ်။ ဒီဘာသာပြန်ကို လူကြိုက်များလွန်းလို့ ထပ်ကာထပ်ကာ ဘာသာပြန်ထုတ်ဝေလိုက်တာ အနှစ် ၅၀ အတွင်း အကြိမ် ၂၀ ကျော်သွားခဲ့ပါတယ်။

နောက် ကြည်နူးမဆုံး၊ ကျေနပ်မဆုံး၊ အံ့သြမဆုံးဖြစ်ရတဲ့ ပုံပြင်စာအုပ်ကတော့ "ဂရင်းညီနောင် ပုံပြင်များ" ပါပဲ။ သူတို့ညီနောင်က ဂျာမန်လူမျိုးတွေပါ။ သူတို့ဟာ သုတေသန ပညာရှင်များ၊ ပါမောက္ခများလည်းဖြစ်ကြတယ်။ အစ်ကို "ဂျေးကော့ဂရင်း" ပြုစုတဲ့ ဂျာမန်သဒ္ဒါကျမ်းနဲ့ ဂျာမန်ဘာသာစကား သမိုင်းကျမ်းတို့ဟာ ထင်ရှားပါတယ်။ အဲ... သူတို့အမည်ကို တစ်ကမ္ဘာလုံးက သိသွားအောင် ဖန်တီးပေးလိုက်တာကတော့ "ဂရင်းပုံပြင်များ" စာအုပ်ပါပဲ။ ယင်းပုံပြင်များရဲ့ အရောင်အဝါဟာ လူ့သမိုင်းကို ထင်ဟပ်ပြနေလို့လည်း ဒီလောက်အထိ လူသိများ ကျော်ကြားသွားတာ ဖြစ်ပါတယ်။ သူတို့ညီနောင် စုစည်းထားတဲ့ ပုံပြင်ပေါင်း ၂၁၀ ရှိပါတယ်။

ဒီပုံပြင်များကို မူလက ဂျာမန်ဘာသာနဲ့ ထုတ်ဝေခဲ့တယ်။ ဒါပေမဲ့ လူမျိုးကွဲတွေကလည်း ကြိုက်နှစ်သက်ကြလို့ မိမိတို့ဘာသာများနဲ့ ပြန်ဆိုထုတ်ဝေခဲ့ကြတယ်။ ယနေ့အထိ ဘာသာပေါင်း ၇၀ ကျော်နဲ့ ပြန်ဆိုထုတ်ဝေပြီးပါပြီ။

ကမ္ဘာပေါ်မှာ ပထမ အများဆုံးထုတ်ဝေရတာက "သမ္မာကျမ်းစာအုပ်" ဖြစ်ပါတယ်။ အဲ... ဒုတိယ အများဆုံးကတော့ ဒီ

"ဂရင်းညီနောင်ပုံပြင်များ" ပါပဲ။ ဒီစာအုပ်ကို အကြိမ်ပေါင်း နှစ်သောင်း ၂၀,၀၀၀ ကျော်ရိုက်နှိပ်ပြီး အုပ်ရေစုစုပေါင်း သန်း တစ်ထောင် ထုတ်ဝေပြီးဖြစ်ပါတယ်။

ဟုတ်ကဲ့... ဒါတွေ... ဒါတွေကို ဖတ်မိလိုက်တော့ ကျွန်တော် အား"ကျ" သွားရုံကလွဲပြီး ဘာမှမလုပ်နိုင်တော့ပါဘူး။ နောက်ဆုံး တော့ "ဆင်လည်း ဆင့်ခြေရာ၊ သမင်လည်း သမင့်ခြေရာပေါ့" ဆိုတဲ့ နှစ်သိမ့်စကားကို ရင်မှာပိုက်ပြီး ကျွန်တော် ပုံပြင်လေးတွေကို ဆက်လက် ဘာသာပြန်ခဲ့ပါတယ်။ ရှေ့လည်း ဆက်ပြန်ဦးမှာပါ။ တကယ်တော့ ကျွန်တော်လည်း ပုံပြင်ချစ်သူပါ။ ဘာသာပြန်ဖို့ ပုံပြင်ကောင်းလေးတွေလည်း အများကြီး ရှိနေပါသေးတယ်။

ဒီအမှာစာရေးဖို့ ဆရာပါရဂူရဲ့ "ပဥ္စတန္တရ"၊ ဆရာ မင်းယုဝေရဲ့ "ဂရင်းညီနောင်ပုံပြင်များ" နဲ့ (Naoshi Koriyama) နဲ့ (Bruce Allen) တို့ ဘာသာပြန်ထားတဲ့ (Japanese Tales from Times Past) စာအုပ်များမှာ ပါရှိတဲ့ အမှာစာများကို မှီငြမ်း ပြုထားပါကြောင်း လေးစားစွာ ဝန်ခံလိုက်ပါတယ်။

**စာကြွင်း**

ဒါထက် နော်ဝေက မူကြိုကျောင်းတိုင်းမှာ ပုံပြင်စာအုပ်တွေ အများကြီး ထားပေးသတဲ့ဗျ။ ကျွန်တော်တို့ဆီမှာရော ဘယ်လိုလဲ။

လေးစားချစ်ကြည်စွာဖြင့်...
**ခင်မောင်တိုး(မိုးမိတ်)**

❒



# ညှော့ဝတ်ကျေပွန်မှု

ဟိုးတစ်ခါက ချမ်းသာတဲ့ မြေပိုင်ရှင်သားနဲ့ ဆင်းရဲတဲ့ လယ်သမားသားတို့ဟာ ကျောင်းနေဖက်သူငယ်ချင်းတွေပေါ့။ သူတို့နှစ်ယောက်ဟာ ကျောင်းသွားအတူ၊ ကျောင်းပြန်အတူပဲ။ ဘယ်တော့မှ ခွဲမသွားကြဘူး။ ဘယ်တော့မှ ခွဲမပြန်ကြဘူး။ သိပ်ချစ်ကြတဲ့ သူငယ်ချင်းနှစ်ယောက်ပေါ့။ အင်း... ဘယ်လောက်ပဲ ချစ်ချစ်၊ ကျောင်းထွက်ကြတော့ မတွဲနိုင်ကြတော့ဘူးလေ။ လမ်းခွဲရပြီပေါ့။ ဝမ်းရေးအတွက် လမ်းရွေးကြပြီပေါ့။ ဒီအခါမှာ မြေပိုင်ရှင်သားက မြေပိုင်ရှင်ဖြစ်သွားပြီး လယ်သမားသားကတော့ လယ်သမားပဲ ဖြစ်သွားတာပဲ။ လယ်သမားဖြစ်သွားသူက မကြာခင်မှာ အိမ်ထောင်ပြုလိုက်တယ်။ တစ်နေ့တော့ သူက သူ့ဇနီးကို သူ့မှာ သိပ်ကိုချစ်တဲ့ ကျောင်းနေဖက်သူငယ်ချင်းတစ်ယောက် ရှိတယ်။ ခုတော့ သူက မြေပိုင်ရှင်လေးဖြစ်နေပြီ။ အေး... သူ့ကို ငါတို့ရဲ့ အဆောင်အယောင်၊



အမွှမ်းအမံမဲ့တဲ့ တဲအိမ်ကိုခေါ်ပြီး ကျွေးချင်လိုက်တာလို့ ပြောပြလိုက်တယ်။

"အို... ကျုပ်တို့လို ဆင်းရဲသားတွေက ဘယ်လိုလုပ် မြေပိုင်ရှင်လို ချမ်းသာတဲ့လူမျိုးကို ထမင်းခေါ်ကျွေးနိုင်မလဲ။ သူတို့လို

သူဌေးကို ထမင်းဖိတ်ကျွေးရင် ကျုပ်တို့ရှိတာလေးနဲ့ ဘယ်လောက်ပါ့မလဲ တော်..."

"ဟုတ်ပါတယ်ကွာ၊ ငါ့သူငယ်ချင်း သူ့အိမ်မှာ နေ့တိုင်းစားတာတွေကို ချက်ကျွေးရင် ငွေအများကြီးလိုမယ်ဆိုတာ ငါသိပါတယ်။ ဒါပေမဲ့ သူ့ကို ကျွေးချင်စိတ်က ငါ့ကို နေ့စဉ် လှုံ့ဆော်တိုက်တွန်းနေတယ်လေ။ ဒါကြောင့် ငွေလိုက်ချေးရမှာပေါ့ကွာ"

ဒါနဲ့ ဆင်းရဲတဲ့လယ်သမားဟာ သူလိုအပ်တဲ့ငွေရအောင်ကြိုးစားလိုက်ချေးငှားတယ်။ ဒါပေမဲ့... သူ့လို ဆင်းရဲသားကို ဘယ်သူကမှ ငွေချေးမပေးချင်ကြဘူး။ ဒါပေမဲ့ သူလက်မလျှော့ဘူး။ ကျွေးချင်စိတ်ကိုလည်း ဖိနှိပ်ချိုးနှိမ်လို့ မရဘူး။ ဒါကြောင့် သူမရရအောင်ကြိုးစားလိုက်ချေးတယ်။ ဒါပေမဲ့... သူဘယ်လောက် ကြိုးစားကြိုးစား သူ့ကို ဘယ်သူကမှ ငွေချေးမပေးဘူးဆိုတာကို သိသွားချိန်မှာ အတော့်ကို စိတ်ထိခိုက်သွားရှာတယ်။ မကြာခင်မှာ ဝမ်းနည်းစိတ်ဖိစီးမှု ဒဏ်ရာဒဏ်ချက်တွေကြောင့် သူ စိတ်နှလုံးညှိုးချုံးပြီးသေသွားရှာတယ်။ အဲ... မကြာခင်မှာ သူ့မိန်းမလည်း စိတ်ပျက်အားငယ်ပြီး သေသွားတော့တာပဲ။

သူတို့လင်မယားရဲ့ ရင်နင့်ဖွယ်ဖြစ်ရပ်ကို တစ်နေ့မှာသူငယ်ချင်းမြေပိုင်ရှင် သိသွားတယ်။ သူငယ်ချင်းတစ်ယောက်ဆုံးရှုံးသွားလို့ သူလည်း အတော့်ကို စိတ်ထိခိုက်သွားပါတယ်။ တစ်ချိန်တည်းမှာ ဆင်းရဲသူ၊ ဆင်းရဲသားတွေရဲ့ ဒုက္ခတွေကို စဉ်းစားမိလိုက်တယ်။ အစားချို့တဲ့၊ အဝတ်ချို့တဲ့၊ စိတ်စေရာ မလိုက်နိုင်ရှာတဲ့ သူတို့ဘဝကို မျှဝေခံစား သနားမိလိုက်တယ်။ ဒါကြောင့်အကုန်အကျမများဘဲနဲ့ ပေးချင်တာပေးနိုင်အောင်၊ ကျွေးချင်တာ

ကျွေးနိုင်အောင် ဆင်းရဲသူ၊ ဆင်းရဲသားများကို နည်းကောင်းလမ်းကောင်းရှာပေးဖို့ သူက ဘုရားသခင်ထံမှောက်မှာ ဆုတောင်းပေးလိုက်ပါတယ်။

သူ့ဆုတောင်းကို ဘုရားသခင်က ဖြည့်ဆည်းပေးလိုက်ပါတယ်။ ဒီလို ဖြည့်ဆည်းပေးလို့ အပင်လေးတစ်ပင်ပေါက်လာတယ်။ တောက်ပတဲ့ ရွက်စိမ်း လေးတွေ ဝေဆာနေတဲ့ အပင်လေးပေါ့။ အပင်လေးနာမည်က "ပင်(န်)" တဲ့။ ခုဆိုရင် အိန္ဒိယနိုင်ငံ အနှံ့အပြားမှာ ဧည့်သည်ကို အိမ်ရှင်က "ပင်(န်)"လေး ပေးလိုက်ရရင်ပဲ ပေးလိုက်သူအိမ်ရှင်ဟာ သိပ်ကို ကျေနပ်ဝမ်းသာဖြစ်ရပါသတဲ့။

**အိန္ဒိယကျေးလက်ပုံပြင်**

❑

# ဂျပန်ပုံပြင်တစ်ပုဒ်

တစ်နေ့ လယ်သမားတစ်ယောက်ဟာ သူ့လယ်ကွက်တွေကို ဖြတ်လျှောက်သွားတဲ့အခါ နီရဲပြီး အရောင်တဖျပ်ဖျပ် လင်းလက်နေတဲ့အရာတစ်ခု မြေပေါ်မှာ တွေ့လိုက်ရတယ်။ သူကောက်ကြည့်လိုက်တော့ သူ ဘယ်တုန်းကမှ မမြင်ဖူးတဲ့ ပတ္တမြားလုံးကြီးဖြစ်မှန်း သိလိုက်တယ်။ ပတ္တမြားကြီးရဲ့ အရောင်အသွေး၊ အရွယ်အစားကို သိလိုက်ရပြန်တော့ သူပိုအံ့အားသင့်သွားရပြန်တာပေါ့။ သိပ်ထူးနေတာက ဒီပတ္တမြားကြီးကို ကောက်ကိုင်ကြည့်ပြီး ခဏကြာတော့ ပတ္တမြားထဲက မျက်လုံးအစုံပုံရိပ်ပေါ်လာပြီး ဒီမျက်လုံးအစုံက သူ့ကို ကြည့်နေတယ်လို့ ထင်လိုက်မိတယ်။

သူဟာ ဒီပတ္တမြားကြီးကို အိမ်ယူခဲ့ပြီး သန့်ပြန့်တဲ့ အမြင့်တစ်နေရာမှာ ထားလိုက်တယ်။ ထူးတာက ညည သူ တစ်ရေးနိုးလာတဲ့အခါ တိုးညင်းကြည်လင်ပြီး သိပ်ကို ချိုမြတဲ့ အသံတိုးတိုး



လေးကို ကြားလိုက်ရတဲ့ကိစ္စပဲ။ နောက် ဒီအသံက သူ့ကို ခေါ်နေသလိုပါပဲ။

လယ်သမားဟာ သူ့အလုပ်သမားတွေနဲ့ လယ်တဲမှာပဲ နေ့လယ်စာ စားလေ့ရှိတယ်။ ဒါပေမဲ့ တစ်မနက်မှာတော့ နေကသိပ်ကို ပူနေတယ်။ စားသောက်စရာတွေကို သူကိုယ်တိုင် မသယ်ချင်လောက်အောင်လည်း မောပန်းနေလေတော့ စားစရာတွေကို နွားထီးပေါ်တင်ပြီး သူ အလုပ်လုပ်ရာ လယ်ကွင်းထဲ မောင်းလာခဲ့တာပေါ့။ အဲဒီလို မောင်းလာခိုက်မှာ ချမ်းသာပြီး စွဲမက်စရာကောင်းလှတဲ့ မင်းသားတစ်ပါးက လယ်သမားကို တားလိုက်တယ်။ မင်းသားက လယ်သမားဟာ နွားကို သတ်ဖို့ ဆွဲလာတယ်လို့ ထင်နေတယ်။ ဒီတော့ လယ်သမားက သတ်ဖို့ မောင်းလာတာ မဟုတ်ပါဘူးလို့ အတန်တန် ရှင်းပြတယ်။ ဒါပေမဲ့ အရာမထင်ပါဘူး။ နောက်ဆုံး

တော့ ပြစ်ဒဏ်ခံရမှာ ကြောက်လို့ လယ်သမားက သူ့ပတ္တမြားကြီး ကို ထုတ်ပေးလိုက်တာပေါ့။

နီရဲနေတဲ့ ပတ္တမြားကြီးကို မြင်လိုက်တော့ မင်းသားဟာ နွားကိစ္စ လုံးဝမေ့ပြီး လယ်သမားကို သွားခွင့်ပြုလိုက်တယ်။ နောက်တော့ မင်းသားဟာ နန်းတော်ပြန်၊ ပတ္တမြားကြီးကိုထုတ်ပြီး အကြာကြီး တစိမ့်စိမ့်ကြည့်၊ ဒီလို တစိမ့်စိမ့်ကြည့်နေခိုက်မှာပဲ အံ့ဖွယ်ကိစ္စတစ်ခု ဖြစ်လာတယ်။ ဒီအံ့ဖွယ်ကိစ္စက တကယ်တော့ မင်းသားအတွက် ထခုန်လောက်အောင် ဝမ်းသာစရာ ကိစ္စကြီးပါပဲ။ ဘာကြောင့်လဲဆိုတော့ ပတ္တမြားရဲရဲကြီးက ရုတ်တရက် မိန်းမချော ကလေးဖြစ်သွားတာကိုး။ ဒီမှာတင် မင်းသားက သူ့ကို လက်ထပ်ဖို့ စက္ကန့်မဆိုင်း ဆုံးဖြတ်လိုက်တာပေါ့။

သူတို့ လက်ထပ်ပြီး အတော်ကြာသွားတော့ ကလေး နှစ်ယောက် ဖွားမြောက်လာတယ်။ အဲ... နောက်ပိုင်းတော့ အဲဒီ ကလေးနှစ်ယောက်ကလည်း သားသမီးတွေ ပွားစီးလာပြန်တယ်။ ဒီတော့ မင်းသားမှာ မြေးတွေရလာတယ်ပေါ့။ အဲ... မြေးမလေး တစ်ယောက်ကတော့ ပတ္တမြားမင်းသမီး လှသလောက်ကို လှသတဲ့။ ဒီမြေးမလေးကို လက်ထပ်ချင်တဲ့ မင်းသားရှစ်ဆယ်ဟာ နန်းတော် ကို ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာခဲ့ကြတယ်။ ဒါပေမဲ့ မင်းသမီး ကလေးကတော့ ဘယ်မင်းသားကိုမှ ဂရုမစိုက်ဘူး။ စိတ်လည်း မဝင်စားဘူး။ ဒါပေမဲ့ နောက်ပိုင်းမှာ ညီအစ်ကိုနှစ်ယောက် ရောက် လာကြပြန်တယ်။ တစ်ယောက်က အော့တွမ် (Autumn) တဲ့။ နောက် တစ်ယောက်က စပရင်း (Spring) တဲ့။ မင်းသား "ဆောင်းဦး" နဲ့ မင်းသား "နွေဦး" ပေါ့။

သူတို့ညီအစ်ကိုထဲက အစ်ကို "ဆောင်းဦး" က မင်းသမီးဆီ အရင်သွားတယ်။ ဒါပေမဲ့ မင်းသမီးလေးက "ရှင့်ကို မချစ်နိုင်ပါဘူး" လို့ ငြင်းလိုက်တယ်။ ဒီတော့ သူက သူ့ညီကို "အေး... သူက ငါ့ကိုတောင် မချစ်နိုင်ဘူးဆိုတော့ မင်း ကြိုးစားရင်လည်း ဘာမှထူးခြားမှာမဟုတ်ဘူး" လို့ ဟန့်လိုက်ပါသေးတယ်။

ဒါပေမဲ့ ညီဖြစ်သူ "နွေဦး" က လွယ်လွယ်နဲ့ လက်မလျှော့ဘူး။ သူက သူ့အမေဆီသွား အကြံတောင်းတယ်။ ဒီတော့ အမေက တစ်စုံတစ်ခု ချုပ်ပေးတယ်။ ပန်းဖူးလေးတွေနဲ့ ကြိုးသိုင်းဖိနပ်တစ်ရန် လုပ်ပေးတယ်။ နောက်ပြီး ပန်းဖူးလေးတွေနဲ့ လေးနဲ့မြားလုပ်ပေးပြန်တယ်။

အဲ... မင်းသားလေး "နွေဦး" ဟာ အမေ လုပ်ပေးလိုက်တာတွေယူပြီး မင်းသမီးလေးရှေ့မှောက် အရောက်သွားတယ်။ ဟော... မင်းသမီးရှေ့မှောက်ရောက်တာနဲ့ ပန်းဖူးလေးတွေအားလုံး အချိုမြဆုံးရနံ့တွေနဲ့ ပွင့်လာကြတော့တာပဲ။ ဒီမှာတင် မင်းသမီးလေး သိပ်ကို ဝမ်းသာပီတိဖြစ်သွားရလို့ မင်းသမီးလေးက "နွေဦး" မင်းသားကို ချက်ချင်းပဲ လက်ထပ်လိုက်တယ်လေ။

ဒီသတင်း အစ်ကို "ဆောင်းဦး" က ကြားသွားတော့ ရည်းစားလူလု အူနုကျွဲခတ်ပေါ့လေ။ သိပ်ကို ဒေါသထွက်သွားတာပေါ့။ စိတ်ဆိုးသွားတာပေါ့။ ဒီတော့ မိခင်ကြီးက ဝါးလုံးကြီးတစ်လုံးယူ၊ ဝါးလုံးခေါင်းထဲ ကျောက်တုံးတွေ၊ ဆားတွေ သိပ်ထည့်ပြီး ဝါးလုံးကြီးပတ်လည်မှာ ဝါးရွက်တွေ စုပုံထားလိုက်တယ်။ နောက်... ဝါးရွက်တွေကို မီးရှို့ပြီး ဝါးလုံးကို မီးခိုးတွေထဲမှာ ချိတ်ထားလိုက်တယ်။ အားလုံးပြီးသွားတော့ မိခင်ကြီးက...

"ဝါးရွက်တွေကို ညိုရောင်သန်းပြီး နွမ်းကြေသွားသလို မင်းလည်း နွမ်းကြေသွားပါစေ။ ဆားလှိုင်းတွေ ကမ်းခြေက ခွဲခွာခဲ့သလို မင့်အသက်လည်း မင်းခန္ဓာကိုယ်ကို စွန့်ခွာသွားပါစေ။ ကျောက်တုံးတွေ ရေထဲနစ်သည့်ထက် နစ်သွားသလို မင့်အလှနဲ့ မင်းခွန်အားဗလတွေလည်း မြေကြီးထဲ နစ်မြုပ်သွားပါစေ" လို့ ရွတ်ဆိုလိုက်တယ်။

အဲ... "နွေဦး" မင်းသားကတော့ ပန်းဝတ်စုံကို ဆင်မြန်းလိုက်တဲ့ အခါတိုင်းမှာ အမြဲ ပျော်ရွှင်မြူးထူးပါသတဲ့။ ဒီအချိန်မှာ "ဆောင်းဦး" မင်းသားကတော့ ဝမ်းနည်းပက်လက်နဲ့ သေလုနီးအခြေအနေ ဆိုက်ရှာနေရှာတယ်။ သူ့အမေကြီး ပြောခဲ့တဲ့အတိုင်း ဖြစ်နေ၊ ခံစားနေရရှာတာပေါ့လေ။

ဂျပန်ပုံပြင်

□

## မှော်ဆရာ့လက်ဆောင်

ဟိုး... ရှေးတစ်ချိန်က ယောကျာ်းလေးတစ်ယောက် ရှိခဲ့တယ်။ သူက သူ့ခြေပေါ်သူရပ်ပြီး စီးပွားရှာမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ အိမ်က ထွက်ပြေးခဲ့တယ်လေ။ သူဟာ တောင်ခြေရင်းမှာ ပေါက်နေတဲ့ ထင်းရှူးတောကြီးထဲ လှည့်လည်သွားခိုက်မှာ စီးပွားဖြစ်ဖို့ တစ်ခုခုတော့ တွေ့မှာပဲလို့ သေချာပေါက် တွက်ထားတာပေါ့။

သူ လှည့်လည်သွားခိုက်မှာပဲ နေဝင်ချိန် ညနေခင်း ရောက်လာခဲ့တယ်။ ဒီတော့ သူက တစ်မျိုး စဉ်းစားလိုက်ပြန်တယ်လေ။ ဘာကြောင့်လဲဆိုတော့ တစ်ဖက် သစ်တောထဲက ပေါ်ထွက်လာတဲ့ ဝံပုလွေအူသံတွေကို ကြားလိုက်ရတာကိုး။ ဒါနဲ့ အိမ်ပြန်ဖို့နဲ့ နောက်နေ့မှ စီးပွားရှာဖို့ ဆုံးဖြတ်ပြီးနောက် ကြောင်းပြန်လှည့်တော့ အဲ... လမ်းစပျောက်သွားတယ်လေ။

ခုတော့ ညအချိန်လည်း ရောက်ခဲ့ပြီမို့ တောင်မြောက် ဝဲယာ



ကို ကြောက်စိတ်နဲ့ မကြာခဏ ကြည့်မိတယ်။ အသံလေးတစ်သံ ကြားလိုက်ရုံနဲ့ ကျောစိမ့်သွားတယ်။ ဒီအချိန်မှာပဲ ရုတ်တရက်ဆိုသလို သူ့ဘက်ပြေးလာတဲ့ မှော်ဆရာတစ်ယောက်ကို လှမ်းမြင်လိုက်တယ်။ ဒီမှော်ဆရာကို ဂံပုလွေအုပ်ကြီးက လိုက်ဖမ်းနေတာကိုး။

ဒီအနေအထားကို မြင်လိုက်တော့ ယောက်ျားလေးရဲ့ ငုပ်နေတဲ့ သတ္တိတွေ ပြန်နိုးထလာတယ်လေ။ ဒါနဲ့ သူက မြားတစ်စင်းကို အမြန်ဆွဲထုတ်လိုက်ပြီး ရှေ့က ဝံပုလွေကို ပစ်လိုက်တယ်။ နောက်တစ်ခါ ပစ်လိုက်တော့ နောက်တစ်ကောင် သေသွားတယ်။ တတိယအကြိမ် ပစ်လွှတ်လိုက်တဲ့အခါ တတိယ တစ်ကောင်သေသွားလို့ ဝံပုလွေအုပ်ကြီး ဆက်မလိုက်ရဲတော့ဘဲ နောက်ပြန်လှည့်ထွက်ပြေးသွားကြလေရဲ့။

ဒီတော့မှ မှော်ဆရာက "လူလေး၊ မင်းက ဦးအသက်ကို ကယ်လိုက်ပါပြီ၊ ဒီတော့ ဦးရဲ့အိမ်ကို လိုက်ခဲ့ပါ။ နက်ဖြန် မင်းလိုချင်နေတာကို ဦးပေးပါ့မယ်" လို့ ပြောပြလိုက်တယ်။

"အို... ဦး၊ ကျွန်တော် ဘာမှမလိုပါဘူး။ တစ်ညတာ အိပ်စက်ဖို့ တစ်နေရာပဲလိုပါတယ် ခင်ဗျာ" လို့ ပြောပြပြီး မှော်ဆရာနောက်ကို ကျေးဇူးတင်စိတ်နဲ့ လိုက်သွားတယ်။ အိမ်ရောက်တော့ ကောင်းမွန်တဲ့ ညစာစား၊ ဖိမ်ရှိတဲ့ အိပ်ရာပေါ်လှဲ၊ အဲ... မကြာခင် နှစ်နှစ်ခြိုက်ခြိုက် အိပ်သွားတော့တာပဲ။

မနက်ကျတော့ မှော်ဆရာကို ပြုစုစောင့်ရှောက်နေတဲ့ မိန်းကလေး သူ့ကို လာနှိုးပြီး "ရှင်က ကျွန်မရဲ့သခင်ကို အသက်ကယ်လိုက်တဲ့အတွက် ကျွန်မ ရှင့်ကို လျှို့ဝှက်ချက်တစ်ခု ပြောပြမယ်။ မြင်းဇောင်းထဲက တတိယ အကန့်ထဲမှာရှိတဲ့ ရှင်ကြိုက်ရာ မြင်းတစ်ကောင်ကို ယူပါ။ ဒါ... ရှင့်အတွက် ဆုလာဘ်ပါပဲ" လို့ ပြောပြတယ်။

ဒီတော့ သူဟာလည်း ကြိုက်ရာရွေးတာပေါ့။ ရွေးလို့ပြီးတော့ မှော်ဆရာက "ကဲ... အဲဒီမြင်းကို ယူသွားပါ။ မင်းရွေးတဲ့

မြင်းပဲမဟုတ်လား။ အဲ... ဒုံမင်းနဲ့ တယောလည်း ယူသွားဦးကွ။ တကယ်လို့ မင်းသေဘေးနဲ့ကြုံလာရင် ဒုံမင်းဖြစ်ဖြစ်၊ တယောဖြစ်ဖြစ် တီးခတ်လိုက်" လို့လည်း ထပ်လောင်းပြောပြလိုက်ပါသေးတယ်။

သူက မှော်ဆရာကို ကျေးဇူးစကားပြောပြီး သူ့အိမ်ရှိရာဘက် မြင်းစီးထွက်သွားတယ်။ အဲ... ဒီမှာ သူ့အတွက် သိပ်အံ့သြသွားရတာကတော့ ထွက်ခဲ့လို့မှ မကြာသေးဘူး၊ မြင်းက အကြံပေးစကား ပြောလိုက်တယ်လေ။ သူ သိပ်ကို အံ့သြသွားတာပေါ့။

"အိမ်ကို ချက်ချင်းပြန်သွားဖို့တော့ ကျုပ် ခင်ဗျားကို အကြံမပေးလိုဘူး။ ခင်ဗျား အိမ်ကထွက်ပြေးသွားတယ်ဆိုပြီး ခင်ဗျားအဖေက ခင်ဗျားကို ရိုက်မှာပဲ။ ဒီတော့ အရင်စီးပွားရှာလိုက်ပါဦး။ ပြီးမှ အိမ်ပြန်ချင်ပြန်ပေါ့။ ကျုပ်သဘောကတော့ လောလောဆယ်မှာ ဘုရင့်နန်းတော်ထဲသွားပြီး ဘယ်လို ကံကောင်းပေါက်နဲ့ တိုးမလဲဆိုတာကို သိအောင် လုပ်စေချင်တယ်"

သူကတော့ မြင်းပြောပြတဲ့အကြံကို လက်ခံဖို့ အဆင်သင့်ပဲ။ ဒါနဲ့ သူတို့ နန်းတော်ထဲ ဝင်ကြတာပေါ့။ ဘုရင်က မြင်းကို မြင်မြင်ချင်း ချီးကျူးစကာတွေ ပြောတယ်။ ပြီးမှ "ရောင်းရင် ဝယ်မယ်၊ ဘယ်လောက်ပေးရမလဲ" လို့ မေးကြည့်လိုက်တယ်။

ဒီတော့ မြင်းက "ကျုပ်ကို မရောင်းလိုက်ပါနဲ့။ သူ့မြင်းဇောင်းထဲမှာပဲ ထားပေးဖို့ ဘုရင်ကြီးကို ပြောပါ။ နောက်ပြီး အဲဒီလိုသာ ထားပေးရင် သူ့မြင်းတွေအားလုံး ကျုပ်လို လှပချောမောလာကြမယ်လို့လည်း ပြောပြလိုက်ပါ" လို့ တီးတိုးပြောပြလိုက်တယ်။

မြင်းပြောသံကြားလိုက်တော့ ဘုရင်ကြီး သိပ်ဝမ်းသာသွားတယ်။ ဒါကြောင့် မြင်းပြောတာကို ချက်ချင်း လက်ခံလိုက်တာ

ပေါ့။ အား... ဟုတ်ပေသားကပဲ၊ ဟော... ခု ဘာမှမကြာလိုက်သေး ဘူး၊ စစ်တိုက်ရာမှာသုံးတဲ့ မြင်းအိုကြီးတောင် ကြည့်စမ်း၊ ငယ်ရွယ် နုပျိုလာပြီ။ လှပချောမောလာပြီ။ ဒါကြောင့် ဘုရင်ကြီးက လူငယ် ကို ချီးကျူးထောမနာပြုပြီး ဆုလာဘ်တွေ အများကြီး ပေးသနား လိုက်တယ်။

အဲဒီအနေအထားကို မကျေနပ် မရှုစိမ့်တဲ့ လူတစ်ယောက် လည်း ရှိနေပါသေးတယ်။ တခြားမဟုတ်ဘူး။ ဘုရင့်မြင်းထိန်းပဲ။ သူက လူကလေးကို မနာလိုဝန်တိုဖြစ်ပြီး နောက်ဆုံး ဘုရင့်ကို "ဒီကောင်လေးဟာ အရှင်မင်းကြီးကို လှည့်စားနေတာပါ" လို့ လျှောက်တင်လိုက်တယ်။ ဒီတော့ ဘုရင်ကလည်း "အေး... သူ့မှာ မှော်ပညာ ရှိမရှိ သက်သေအထောက်အထား ရှာမယ်" လို့ ပြောပြီး ယောကျာ်းလေးကို "ကဲ... လူလေး၊ တောထဲကို မင်းသွားပါ။ လွန်ခဲ့တဲ့ ခုနစ်နှစ်လောက်က ပျောက်ဆုံးသွားတဲ့ ငါ့မိဖုရားကို ရှာပေးပါ" လို့ အမိန့်တော်ရှိလိုက်တယ်။

အင်း... ဒုက္ခတော့ လှလှကြီး တွေ့ရပြီပေါ့။ ဒါပေမဲ့ ဘုရင့် အမိန့်လေ။ ဘာ အထွန့်တက်လို့ ရမှာလဲ။ ဒါကြောင့် ဘုရင့်ကို ဦးညွှတ်အလေးပြု၊ မှော်ဆရာ့မြင်းပေါ် ကုန်းနှီးတင်ပြီး ထွက်လာခဲ့ ရတာပဲပေါ့။

"အင်း... ငါ ဘာလုပ်ရမလဲ" သူက သက်ပြင်းမောကြီးချ ရေရွတ်လိုက်တယ်။

ဒီတော့ မြင်းက "လွယ်ပါတယ်၊ ပျောက်သွားတဲ့ မိဖုရား က ကျုပ်ပဲလေ။ မှော်ဆရာ့ လက်ချက်ပါပဲ။ ဒီတော့ ကျုပ်ကို မြစ်ထဲဖြတ်စီးပါ။ ဘာတွေဖြစ်မလဲဆိုတာ သိရပါလိမ့်မယ်"

မြင်းပြောတဲ့အတိုင်း ယောကျ်ားလေးက လုပ်တယ်။ ဟယ်... တကယ် ဟုတ်နေပါလား။ မြင်းဟာ ချက်ချင်းပဲ ကမ္ဘာပေါ်မှာ အလှဆုံး၊ အချောဆုံး ဘုရင်မအဖြစ် ပြောင်းသွားတယ်လေ။

ဒါပေမဲ့ အများထင်ထားသလို ဘုရင်က ကျေးဇူးမတင်ဘူး။ ဒါကြောင့်လည်း မကြာခင်မှာ မြင်းထိန်းရဲ့အလှည့်စားကို ဘုရင်ကြီး ခံရပြန်တာပဲပေါ့။ မြင်းထိန်းက လျှောက်တင်တယ်လေ။ "ဒီယောကျ်ားလေးဟာ ဘုရင်ကြီးကိုလုပ်ကြံဖို့ စီစဉ်နေသတဲ့" လေ။ ဒီတော့ ဘုရင်ကြီးက လူကလေးကို ကြိုးစင်တင်သတ်ဖို့ အမိန့်ထုတ်တော့တာပေါ့။ ကြိုးစင်ပေါ်ရောက်တော့ လူကလေးက "ကျွန်တော့်ကို နောက်ဆုံး အခွင့်အရေးတစ်ခုပေးပါ။ ကျွန်တော် ဒုံမင်းကလေး တီးချင်ပါတယ်"

ဘုရင်က ခွင့်ပြုလိုက်တယ်။ အဲ... ဒါပေမဲ့ လူကလေးက သူ့ဒုံမင်းကိုလည်း စတီးရော ဘယ်သူမှ ငြိမ်ငြိမ်မနေနိုင်ကြတော့ဘူး။ ဘုရင်တောင် လှုပ်လှုပ်ရွရွဖြစ်လာတယ်လေ။ ဒုံမင်းသံကြားတာနဲ့ ကကြတော့တာပဲ။ တစ်နေ့လုံးတီး၊ တစ်နေ့လုံးကကြ၊ နောက်ဆုံး လူကလေးကို ကြိုးဆွဲချသတ်ဖို့တောင် အားမရှိကြတော့ဘူး။

နောက်တစ်နေ့ ကြိုးစင်တင်တယ်။ ဒီတော့လည်း လူကလေးက "နောက်ဆုံးတောင်းဆိုချက်ကို ခွင့်ပေးပါ။ ကျွန်တော် တယောလေး ထိုးချင်ပါတယ်"

ဘုရင်က ခွင့်ပြုတယ်။ ဒါပေမဲ့ သူက သူ့ကို သစ်ပင်တစ်ပင်မှာ ချည်နှောင်ထားဖို့ အမိန့်ပေးတယ်။

"ဘာပဲဖြစ်ဖြစ် ဒီတစ်ကြိမ် ငါ မကဘူး" လို့တောင် ကြိမ်းဝါးလိုက်သေး။

ဘုရင့်ကို သစ်ပင်မှာ ချည်နှောင်ပြီးတာနဲ့ လူကလေးက တယောစထိုးတယ်။ အဲ... တယောသံ ထွက်လာတာနဲ့ သစ်ပင်ကြီး စကပါလေရော။ ကတာမှ အမြစ်ပါ ကျွတ်ထွက်သွားအောင် ကတယ်။ အမြစ်ကျွတ်ထွက်သွားတော့ ဟိုရွှေ့ဒီရွှေ့လာရင်း အဝေး ကို သစ်ပင်ကြီး ရောက်သွားတော့တာပဲ။ နောက်ဆုံး သစ်ပင်ကြီး ဟာ လူတကာမြင်ကွင်းအောက်က လုံးဝပျောက်သွားတယ်လေ။

ဒီတော့လည်း ဒီယောကျ်ားလေးက ဘုရင်မကို လက်ထပ် လိုက်တာပေါ့။ သူဟာ တိုင်းပြည်ကို မင်းကျင့်တရားနဲ့ အညီ အုပ်ချုပ်တယ်။ ဘဝသက်ဆုံးတိုင် ချမ်းမြေ့ပျော်ရွှင်စွာ ရွှေလက်တွဲ ပြီး နေထိုင်သွားပါသတဲ့။

ဖင်လန်ကျေးလက်ပုံပြင်

□




# ဘုရင့်အိပ်မက်

ဟိုး... ရှေးအခါက ဘုရင်တစ်ပါး ရှိခဲ့တယ်။ သူဟာ တိုင်းသူပြည်သားတွေကို ရင်ဝယ်သားလို ချစ်တယ်။ တိုင်းပြည်ကိုလည်း မင်းကျင့်တရားနဲ့အညီ အုပ်ချုပ်တယ်။ ဒါကြောင့် သူ့တိုင်းပြည်သားအားလုံး ပျော်ကြတယ်။ စိတ်ချမ်းသာကြတယ်။

တစ်ညမှာ စက်ရာညောင်စောင်းပေါ်က မျက်နှာကြက်မှာ မြေခွေးတစ်ကောင်က မျက်နှာကြက်ကို သူ့အမြီးနဲ့ချိတ်ပြီး တွဲလောင်းချနေတဲ့ ပုံရိပ်ကို အိပ်မက်ထဲမှာ မြင်လိုက်ရတယ်။ ဒီအိပ်မက်ကို ဘယ်မှူးမတ်ကမှ အဓိပ္ပာယ် မကောက်ယူနိုင်ကြဘူး။ ဒါနဲ့ ဘုရင်က တစ်တိုင်းပြည်လုံးက ပညာရှိတွေကို ဖိတ်ကြားပြီး အိပ်မက်ကို အဓိပ္ပာယ်ဖွင့်ခိုင်းတယ်။

ဘုရင်ကြီး ဖိတ်ကြားလိုက်သူတွေထဲမှာ ဆင်းရဲတဲ့ လယ်သမားတစ်ယောက်လည်း ပါတယ်။ သူ နန်းတော်ထဲလာတဲ့



ခရီးမှာ ကျောက်ဆောင်နှစ်ခုကြားက တောင်ကြားကျဉ်းကျဉ်းလေး ကို ဖြတ်လာခဲ့ရတယ်။ အဲဒီတောင်ကြားကို ဖြတ်သွားခိုက်မှာ မြွေကြီး တစ်ကောင်ကို သူတွေ့လိုက်ရတယ်။ အဲ... မြွေကြီးက သူ့ကို လှမ်း နှုတ်ဆက်သတဲ့။

"ကောင်းသောနံနက်ခင်းပါ မိတ်ဆွေ၊ ခု မိတ်ဆွေ ဘယ်ကိုသွားမလို့လဲ"

ဒီတော့ လယ်သမားက ဘုရင့်အိပ်မက်အကြောင်း ခရေ စေ့ တွင်းကျပြောပြလိုက်တာပေါ့။ ဒီအခါမှာ မြွေက "ဘာမှစိုးထိတ် ကြောက်ရွံ့စရာ မလိုပါဘူး။ ဘုရင်ပေးတဲ့ ဆုတော်ငွေ တစ်ဝက် ပေးမယ်လို့သာ သင် ကတိပေးပါ။ ကျွန်ုပ်က အိပ်မက်ရဲ့ သဘော အဓိပ္ပာယ်ကို ပြောပြလိုက်ပါ့မယ်" လို့ စကားစလိုက်တယ်။

လယ်သမားက မဆိုင်းမတွ ကတိပေးလိုက်တာပေါ့။ ဒီတော့ မြွေက "မြေခွေးသဘောက ဒီမင်းနေပြည်တော်ထဲမှာ ကောက်ကျစ်တာတွေ၊ လိမ်ညာတာတွေ၊ လှည့်စားတာတွေ အမြစ် တွယ်နေပြီဆိုတဲ့ အဓိပ္ပာယ်ဆောင်ပါတယ်" လို့ ရှင်းပြလိုက်တယ်။

အဲ... ဘုရင့်ရှေ့တော်မှောက်ရောက်တော့ လယ်သမားက

မြွေကြီးပြောတဲ့အတိုင်း ပြန်ဖောက်သည်ချလိုက်တယ်လေ။ ဘုရင်ကြီး သိပ်ကိုကျေနပ်အားရဖြစ်သွားတာပေါ့။ ဒါကြောင့် ဆုတော်ငွေတွေ အများကြီး ပေးသနားလိုက်တယ်။ ဒါပေမဲ့ လယ်သမားက မြွေကြီးကို တစ်ဝက်မပေးချင်တော့ လာလမ်းအတိုင်းမပြန်ဘဲ တခြားလမ်းကနေ သူ့အိမ်ပြန်သွားတယ်။

အချိန်တွေလည်း အတော်လေး ကြာသွားခဲ့ပါပြီ။ လယ်သမားလည်း ဖြစ်ပျက်ခဲ့တာတွေကို မေ့မေ့ပျောက်ပျောက်တောင် ဖြစ်နေပါပြီ။ အဲဒီအချိန်မှာပဲ ဘုရင်ကြီးက အိပ်မက်ထပ်မက်ပြန်တယ်။ သူ့အိပ်မက်က သူ့စက်ရာအခန်းမျက်နှာကြက်မှာ ဓားကြီးတစ်ချောင်း တွဲလောင်းကျနေသတဲ့။ သူ့အိပ်မက်ကို ဘယ်ပညာရှိမှ အဓိပ္ပာယ်မဖောက်ယူနိုင်ကြဘူး။ ဒါကြောင့် ပြီးခဲ့တဲ့အိပ်မက်ကို အဓိပ္ပာယ်ဖွင့်ဆိုနိုင်တဲ့ လယ်သမားကိုပဲ နန်းတော်ထဲလာဖို့ ဆင့်ခေါ်လိုက်ရပြန်တာပေါ့။

အင်း... လယ်သမားတော့ ဒီတစ်ခါ ဒုက္ခလှလှကြီး တွေ့ရပြီလေ။ ဒါပေမဲ့ ဘာမှမတတ်နိုင်လေတော့ ရှေ့မျက်နှာ နောက်ထားပြီး ကျောက်ဆောင်တွေကြားက လမ်းကျဉ်းလေးဆီ အရောက်သွားတယ်။ အဲဒီနေရာမှာ မြွေကြီးနဲ့ စတွေ့ခဲ့ရတာ မဟုတ်လား။ ရောက်တော့ "အို... မြွေကြီး၊ ကျေးဇူးပြုပြီး ထွက်လာခဲ့ပါဦးဗျာ။ ကျွန်တော် မြွေကြီးရဲ့ အကူအညီကို ထပ်လိုနေလို့ပါခင်ဗျာ" လို့ အော်ပြောလိုက်တယ်။

မြွေကြီး ရောက်လာပါတယ်။ အိပ်မက်အကြောင်း ကြားလိုက်ရတော့ ဆုတော်ငွေတစ်ဝက်ပေးဖို့ လယ်သမားဆီက ကတိတောင်းလိုက်တယ်။ လယ်သမားက သဘောတူလိုက်ရတာပေါ့။

ဒီတော့မှ "ဘုရင်ကြီးကို လျှောက်တင်လိုက်ပါ၊ ဓားရဲ့သဘောက "စစ်" အဓိပ္ပာယ်ဆောင်တယ်။ ရန်သူတွေ ဘုရင့်တိုင်းပြည်နား ရောက်နေကြပြီ။ ဘုရင့်နေပြည်တော်ထဲမှာလည်း သစ္စာဖောက် တွေ ရှိနေပြီ။ ဒီတော့ ဘုရင်ကြီးအနေနဲ့ စစ်ပြင်ဖို့ပဲ ရှိတော့တယ်" လို့ ပြောပြလိုက်တယ်။

လယ်သမား ဖွင့်ဆိုချက်ကို ကြားလိုက်ပြီးတာနဲ့ ဘုရင်ကြီး က လယ်သမားကို ဆုတော်လာဘ်တော်တွေ အများကြီး ပေးသနား လိုက်တယ်။ ကဲ... ခု လယ်သမား အိမ်ပြန်ပါပြီ။ ဒါပေမဲ့ လာလမ်း အတိုင်း ပြန်သွားတော့ မြွေကြီးနဲ့ ရင်ဆိုင်တိုးတော့တာပေါ့။ "ကဲ... လယ်သမား၊ ကတိအတိုင်း ဆုတော်ငွေ တစ်ဝက်ပေးပါ" လို့ပြော တော့ လယ်သမားက ငေါက်သံနဲ့ "ဘာဆုတော်ငွေတစ်ဝက် ဟုတ်လား၊ မပေးဘူးဗျာ။ ခင်ဗျားကို ဆုတော်ငွေတစ်ဝက်အစား ကျောက်ခဲနဲ့ ရဲရဲတောက် မီးသွေးခဲတွေပဲ ပေးမယ်" လို့ ပြောရင်း ဓားဆွဲထုတ်ပြီး ထွက်ပြေးသွားတဲ့ မြွေကြီးနောက် ပြေးလိုက်တယ်။ မြွေကြီးက ကျောက်ဆောင်တွေ ကြားက သူ့တွင်းထဲ တိုးဝင်သွား ခိုက် လယ်သမားက မြွေကြီး အမြီးကို ဓားနဲ့ခုတ်ပိုင်းဖို့ ကြိုးစား ပေမဲ့ အချိန်မမီလိုက်တော့ဘူး။

အချိန်အတော်ကြာလာတော့ ဘုရင်က ထပ်အိပ်မက်မက် ပြန်တယ်။ အိပ်မက်က စက်ရာခန်း မျက်နှာကြက်မှာ သိုးတစ်ကောင် တွဲလောင်းကြီး ချိတ်နေသတဲ့။ ဒီတော့လည်း လယ်သမားကို ခေါ်ရ ပြန်တာပဲပေါ့။ အခေါ်ခံရတဲ့ လယ်သမား ခုတစ်ကြိမ်မှာ ခေါင်းမီး တောက်သွားတယ်။

"အင်း... ဒုက္ခပဲ။ ဘုရင့်အိပ်မက်ကို ငါအဓိပ္ပာယ် မကောက်

တတ်ဘူး။ မြွေကြီးရဲ့ အကူအညီကိုလည်း မတောင်းရဲတော့ဘူး။ သူ့ကို ငါ လိမ်ခဲ့၊ လှည့်စားခဲ့တာ များနေပြီ။ ဒီထက်ဆိုးတာက သူ့အမြီးကို ဓားနဲ့ခုတ်ပိုင်းဖို့ ငါ ကြိုးစားခဲ့တယ်။

နောက်ဆုံး ကြံရာမရလေတော့ တောင်ကြားလမ်းထဲဝင်၊ ရှေ့မျက်နှာ နောက်ထားပြီး မြွေကြီးကို ခေါ်ပေါ့။

မြွေကြီး ရောက်လာပါတယ်။ ရောက်လာတာနဲ့ လယ်သမားက ဆုတော်ငွေတစ်ဝက်ပေးဖို့ ကတိစကားပြောတော့တာပဲ။ ဒါပေမဲ့ မြွေကြီးကတော့ ဘာမှမသိပုံမျိုးနဲ့...

“ဒီလက္ခဏာကတော့ မင်းနေပြည်တစ်ဝန်းမှာ စစ်မှန်တဲ့ ငြိမ်းချမ်းရေးရနေပြီ။ တိုင်းသူပြည်သား အားလုံးဟာလည်း သိုးလို ငြိမ်သက်နေကြပြီ။ စိတ်သဘောထားတွေ သိမ်မွေ့နေကြပြီ။ သိုး သဘာဝအတိုင်း ဖြစ်နေကြပြီဆိုတဲ့သဘောပဲ” လို့ ရှင်းပြလိုက်တယ်။

လယ်သမားဆီက ဒီစကားမျိုးကြားလိုက်ရတော့ ဘုရင်ကြီး က ဘဝင်ကျလို့ ဆုတော်ငွေတွေ ခါတိုင်းထက် ပိုချလိုက်တယ်။ လယ်သမားဟာ ဆုတော်ငွေ တနင့်တပိုးကို အနိုင်နိုင်သယ်ပြီး တောင်ကြားလမ်းအရောက် တန်းသွားတယ်။ မြွေကြီးကလည်း လယ်သမားကို စောင့်နေပုံပါပဲ။ စောင့်နေတဲ့ မြွေကြီးကိုတွေ့လိုက်တော့ လယ်သမားက “သင်ဟာ ကျွန်ုပ်ကို သည်းခံခွင့်လွှတ်ခဲ့တယ်။ သင့်ကို လိမ်ညာလှည့်စားခဲ့၊ ဒဏ်ရာ ဒဏ်ချက်ရအောင် ကြိုးစားခဲ့တဲ့အတွက် ကျွန်ုပ်ကို ခွင့်လွှတ်ပါ အသင်မြွေကြီး။ ခုတစ်ကြိမ်မှာတော့ ရခဲ့သမျှ ဆုတော်ငွေကို အကုန်ပေးဖို့ ယူလာခဲ့ပါတယ်” လို့ နောင်တရစကားပြောပြပြီး ခွင့်လွှတ်ဖို့ အနူးအညွတ် တောင်းပန်တယ်။

"ဖြစ်ခဲ့ပြီးတာတွေအတွက် စိတ်မကောင်း ဖြစ်မနေပါနဲ့။ ဝမ်းနည်းပူဆွေးမနေပါနဲ့။ တကယ်တော့ ဖြစ်ခဲ့တာတွေဟာ သင့်ပယောဂကြောင့် မဟုတ်ပါဘူး။ ပထမတစ်ကြိမ် လူတွေ အားလုံး ကောက်ကျစ်လှည့်စားပြီး မြေခွေးလို ဉာဏ်နီဉာဏ်နက်တွေ သုံးနေကြချိန်မှာ သင်လည်း ဆုတော်ငွေတစ်ဝက် မပေးချင်လို့ လိမ်ညာပြီး တခြားလမ်းက အိမ်ပြန်သွားခဲ့တယ်။

"ဒုတိယအကြိမ် ဓားအိပ်မက်နဲ့ ပတ်သက်လို့လည်း သင်ဟာ ဓားဆွဲထုတ်ပြီး ကျုပ်နဲ့ ရန်ပွဲဆင်ခဲ့တယ်။ ဒါတွင်မကဘူး ကျုပ် အမြီးကိုတောင် ဖြတ်ပစ်ဖို့ ကြိုးစားခဲ့ပါသေးတယ်။ ဒါပေမဲ့ ခုတော့ မင်းနေပြည်တစ်ဝန်းလုံးမှာ စစ်မှန်တဲ့ ငြိမ်းချမ်းရေးရနေပါပြီ။ ဒါကြောင့်လည်း တိုင်းသူပြည်သားတိုင်းဟာ သိုးလို နူးညံ့သိမ်မွေ့ပြီး အပြစ်ကင်းနေကြပါပြီ။ သင်လည်း သင့်နှလုံးသားက စီးဆင်းလာတဲ့ ငြိမ်းချမ်းမှုနဲ့ ချစ်ခြင်းမေတ္တာကို သယ်ဆောင်ပြီး ကျုပ်ဆီ ရောက်လာခဲ့တာပါပဲ။

"ဒါကြောင့် မိတ်ဆွေကြီး၊ လိုရာခရီးကိုသာ ဆက်သွားပါတော့။ ဘုရားသခင်က သင့်ကို ကောင်းချီးပေးပါစေ။ ကျုပ်အနေနဲ့တော့ ဘာဆုလာဘ်မှ မလိုချင်ပါဘူး"

ဒီလိုပြောရင်း မြွေကြီးဟာ လှည့်ထွက်သွားပြီး ကျောက်ဆောင်တွေကြားက သူ့တွင်းထဲ အလျင်အမြန် ဝင်သွားပါတော့တယ်။

ရုရှားပုံပြင်

□



## အသံအကောင်းဆုံးအဆိုတော် အော်ဖီးယပ်

ဂီတအရှင် "အပိုလို" မှာ "အော်ဖီးယပ်" ဆိုတဲ့ သားတစ်ယောက်ရှိတယ်။ သူ့ကို "ချိုမြတဲ့တေးသံရှင်" လို့လည်း မကြာခဏ တင်စားခေါ်ကြတယ်။ သူဟာ မကြာခဏဆိုသလို ဆိတ်ငြိမ်ရာ သွားပြီး အဲဒီနေရာမှာရှိတဲ့ တိရစ္ဆာန်လေးတွေကို စောင်းတီးပြီး ဖျော်ဖြေနေတတ်တယ်။ ဒီအခါမျိုးမှာ ခြင်္သေ့တွေ၊ ဝက်ဝံတွေ၊ ဝံပုလွေတွေဟာ ဘူတို့ရဲ့ ပင်ကို အရိုင်းစိတ်တွေ ပျောက်ပြီး ငြိမ်ငြိမ်သက်သက် နားထောင်ကြတယ်။ ကောင်းကောင်းကြားနိုင်အောင် သူ့နားတိုးသွားပြီး နားထောင်ကြတယ်။

သူ စောင်းတီးလိုက်တဲ့အခါ သစ်ပင်ကြီးတွေတောင် အမြစ်ကျွတ်ပြီး သူ့ကို နေရောင်မထိုးနိုင်အောင် ဝိုင်းပတ်ဝန်းရံ ပေးကြပါသတဲ့။ တောင်ကြားတွေထဲ သူ လှည့်လည်သွားတော့ လည်း သူ့စောင်းသံက သစ်ပင်စောင့်နတ်သမီးတွေကို ဆွဲဆောင်



ပြန်တာပဲ။ ဒီလိုနဲ့ တစ်ချိန်ကျတော့ သစ်ပင်စောင့် နတ်သမီးချော လေး "ယူဒိုင်းဒစ်" နဲ့ ချစ်မိပြီး လက်ထပ်ယူလိုက်တယ်။

ချစ်စခင်စ ကြင်နာစမို့ သူတို့နှစ်ဦးဟာ မျက်စိအောက် က အပျောက်မခံနိုင်ကြဘူး။ ဒါပေမဲ့ တစ်ခါမှာတော့ "ယူဒိုင်းဒစ်" ကလေးဟာ မြက်ခင်းပြင်ပေါ်မှာ ခလုတ်တိုက် လဲသွားပါရော။ တကယ်တော့ မြက်တောထဲမှာခွေနေတဲ့ မြွေကြီးကို တိုက်မိလိုက် တာလေ။ ဒီတော့ မြွေကြီးက ချက်ချင်းပါးပျဉ်းထောင်ပြီး ခြေကျင်း ဝတ်ကို ကိုက်လိုက်တာပဲ။ ဒီတော့ သူ့ကို မြေအောက်ကမ္ဘာရဲ့ဘုရင် "ပလူတို" က သူ့အိမ်အရောက် သယ်ယူသွားတာပေါ့။

အော်ဖီးယပ်ခများကတော့ သူ့ဇနီးလေး ဘာဖြစ်လို့ဖြစ်မှန်း မသိရှာဘူး။ ရုတ်တရက်ပျောက်သွားတော့ လွမ်းဆွေးဖွယ် အထီး ကျန်ဘဝတေးကို သီကြွေးရင်း နေရာအနှံ့ ခြေဆန့်ရှာရတာပေါ့။

သူ့နာမည်ကိုလည်း တစာစာ ခေါ်နေလေတော့ ကျောက်တုံးတွေ၊ သားရဲတိရစ္ဆာန်တွေတောင် သူ့အတွက် ကြေကွဲဝမ်းနည်းကြရတယ်။

အိုလန်ပတ်တောင်ပေါ်က နတ်တွေတောင် သူ့လွမ်းမော ဖွယ်တေးသံကြောင့် ဝမ်းနည်းကြေကွဲကြရတယ်။ ဒါပေမဲ့ သူတို့ လည်း "ယူဒိုင်းဒစ်" ကို ပြန်ခေါ်မပေးနိုင်ကြဘူးလေ။ ဘာကြောင့်လဲ ဆိုတော့ သူတို့မှာ မြေအောက်လောကသားတွေကို ဩဇာပေးနိုင် စွမ်း မရှိကြလို့ဘဲ။

ခုတော့ အော်ဖီးယပ်လည်း နေရာအနှံ့ ခြေဆန့်ရှာခဲ့ပြီးမို့ နေခြည်ဆမ်းတဲ့ တောင်ကြားထဲက ထွက်လာခဲ့ပါပြီ။ နောက်ဆုံး မှာ ဝိညာဉ်တွေကို စိုးမိုးနေတဲ့ ပလူတိုရဲ့ဂူကို ရောက်လာခဲ့တယ်။

ဒီမှာလည်း သူ့စောင်းသံက ဝိညာဉ်တွေကို ဖမ်းစားနိုင်ပြန် တယ်။ သူက နုပျိုမှုနဲ့အချစ်၊ မြေကမ္ဘာရဲ့အလှ၊ ယူဒိုင်းဒစ် ပျောက်ဆုံးသွားလို့ ခံစားရတဲ့ ဝမ်းနည်းကြေကွဲမှုအကြောင်းတွေ ဆွေးဆွေးမြည့်မြည့် သီဆိုလိုက်တဲ့အခါ ဝိညာဉ်တွေက သူတို့ ခံစားနေရတဲ့ နာကျင်မှုတွေကိုတောင် မေ့ပျောက်သွားကြတယ်။ ဘာကြောင့်လဲဆိုတော့ အပူသည် သူ့အတွက် ဝမ်းနည်းကြေကွဲ ရတာတွေက ပိုကဲလွန်းလို့ပေါ့။

နောက်ဆုံးကျတော့ ပလူတိုနဲ့ ဘုရင်မ "ပရိုဆာပိုင်း" တို့က အော်ဖီးယပ်နဲ့အတူ ယူဒိုင်းဒစ် ပြန်သွားနိုင်ပြီလို့ ကတိစကား ဆိုတယ်။ ဒါပေမဲ့ ခြွင်းချက်တစ်ခုတော့ ပါနေတယ်။ ဘာလဲဆို တော့ ယူဒိုင်းဒစ်ဟာ သူ့နောက်က တကယ်လိုက်ပါလာတယ်လို့ အော်ဖီးယပ်ဟာ စိတ်ချယုံကြည်ထားရလိမ့်မယ်။ ဒါကြောင့် သူတို့ အထက်ပိုင်းလေထုထဲ မရောက်သေးခင်မှာ ဘာအကြောင်းနဲ့မှ

နောက်ပြန်မကြည့်မိဖို့ဘဲ။ တကယ်လို့ သူက နောက်ပြန်လှည့်ကြည့်ခဲ့ရင် သူမကို မြေကမ္ဘာအောက် ပြန်ဆွဲချခံရလိမ့်မယ်။ ဒီအခြေအနေမျိုးရောက်ရင် သူမကို ထာဝရဆုံးရှုံးရလိမ့်မယ်လို့လည်း အထူးသတိပေးလိုက်ပါသေးတယ်။

အော်ဖီးယပ်ကတော့ အမှာစကားတွေကို လိုက်နာဖို့ ကတိပေးပါတယ်။ ပြီးတာနဲ့ အထက်ပိုင်းရောက်အောင် တက်သုတ်ရိုက်၊ မတ်စောက်တဲ့ လမ်းကြားလေးကို ကျော်တက်၊ နေရောင်၊ အလင်းရောင်ဖြာကျနေတဲ့ မြေကမ္ဘာရောက်အောင် ကြိုးစားလာခဲ့ကြတယ်။ ယူဒိုင်းဒစ်ကလည်း နောက်က တကယ် လိုက်ပါလာနေတာပါ။ ဒါပေမဲ့ သူ့ဆီက ဘာသံမှမကြားရဘူး။ ဒီလိုနဲ့ အထက်ကမ္ဘာရဲ့ လတ်ဆတ်တဲ့လေကို ရှူရှိုက်မိတာနဲ့ သူ့မျက်နှာထက်မှာ စိုးရိမ်ပူပန်မှု အရိပ်အငွေ့တွေ ဖြစ်ထွန်းလာတယ်။ သူ့ကို လှည့်စားလိုက်လေသလားဆိုတဲ့ အတွေးဝင်လာတော့ သူ ပိုထိတ်လန့်သွားရရှာတယ်။ ဒီထိတ်လန့်စိတ်ကြောင့်ပဲ ယူဒိုင်းဒစ် တကယ်လိုက်ပါမပါသည်ကို သိရမယ်ဆိုတဲ့ ဆုံးဖြတ်စိတ်နဲ့ နောက်ကို လှည့်ကြည့်လိုက်တယ်။ သူ့ဇနီးလေးက သူ့ကို ပြုံးပြလိုက်တယ်။ အင်း... ဒါပေမဲ့ သူဟာ ကတိကို ချိုးဖောက်လိုက်ပြီလေ။ ဒါကြောင့် ဇနီးသည်လေး သူ့ဆီ လက်နှစ်ဖက်ကမ်းပေးနေပေမဲ့ သူ့နောက်ကို မလိုက်နိုင်ရှာတော့ပါဘူး။ သူ့ခြေလှမ်းလေးတွေ ရှေ့တိုးရမယ့်အစား တဖြည်းဖြည်းချင်း နောက်ပြန် ဆုတ်... ဆုတ်... ဆုတ်သွားရာက မြေအောက်ကမ္ဘာကို ပြန်ရောက်သွားပါတော့တယ်။ သူ ချစ်လွန်းတဲ့ ခင်ပွန်းကို ဘယ်တော့မှ မမြင်တွေ့ရတော့ပါဘူး။

ဒီလိုနဲ့ အော်ဖီးယပ်တစ်ယောက်တည်း ခရီးဆက်ရတော့

တာပေါ့။ သူဟာ လူသူမရောက်တဲ့ တောင်ပေါ်မှာ သွားနေတယ်။ သူဟာ ဝမ်းနည်းကြေကွဲစရာ သံစဉ်လေးတွေကို အမြဲ စောင်းနဲ့ တီးခတ်နေရှာတယ်။

သူ သေဆုံးသွားတော့ သူ့စောင်းက မြစ်ထဲမျောပါသွားပြီး ကျွန်းတစ်ကျွန်းပေါ် သွားတင်တယ်။ အဲဒီကျွန်းပေါ်က ညတေး သီငှက်ကလေးတွေက အဲ့ဖွယ်ဂီတကို သင်ယူကြတယ်။ ဒါကြောင့် ကနေ့ထက်တိုင် ကမ္ဘာပေါ်က ဘယ်တေးသံနဲ့ပြိုင်ပြိုင် သူ့တေးသံက ပိုကောင်းနေတယ်၊ ပိုချိုမြနေပါတယ်... တဲ့။

ဂရိပုံပြင်

❒

# ဂျော်ရင်းဒါနဲ့ ဂျော်ရင်းဒဲ

ဟိုး... ရှေးအခါက စုန်းမကြီးတစ်ယောက် ရှိခဲ့တယ်။ သူက သူပိုင်ရဲတိုက်ကြီးထဲမှာ နေတယ်။ ရဲတိုက်ကြီးက မည်းမှောင်တဲ့ သစ်တောကြီးအလယ်မှာပေါ့။ နေ့ခင်းပိုင်းမှာ စုန်းမကြီးက ဇီးကွက်ဘဝပြောင်းထားပြီး ညကျရင်တော့ အဘွားအိုတစ်ယောက်ပုံပြောင်းလိုက်တယ်။ သူဟာ သူ့ရဲတိုက်ကြီးနဲ့ ကိုက်တစ်ရာလောက်ဝေးတဲ့ နေရာအထိ ရောက်လာသမျှ လူငယ်လေးတွေကို ပြုစားလိုက်တော့တာပဲ။ ပြုစားခံလိုက်ရပြီဆိုရင်လည်း ခြေလေးတစ်လှမ်းတောင် မလှမ်းနိုင်တော့ဘူး။ ပြုစားထားတာကို သူကိုယ်တိုင်က ပျက်ပြယ်သွားအောင်လုပ်လိုက်မှ ပြုစားခံရသူဟာ ခြေလှမ်းလေးတစ်လှမ်းလောက် လှမ်းနိုင်တယ်။ ဒါပေမဲ့ သူ့ပိုင်နက်ထဲ ရောက်လာသမျှ မိန်းကလေးတွေကိုတော့ ငှက်ဘဝပြောင်းပစ်ပြီး ဒီစုန်းမကြီးက လှောင်အိမ်တစ်ခုထဲ ထည့်ထားလိုက်တာပဲ။



သူ့ရဲတိုက်ကြီးထဲမှာ လှောင်အိမ်ထဲထည့်ပြီး မျက်နှာကြက်မှာ ချိတ်ဆွဲထားတဲ့ လှောင်အိမ်ပေါင်းက ခုနစ်ရာလောက်ကို ရှိတယ်။ လှောင်အိမ်အားလုံးထဲမှာရှိတဲ့ ငှက်ကလေးတွေအားလုံး သိပ်ကိုလှတယ်။

ဒီအချိန်မှာ မိန်းမချောလေး "ဂျော်ရင်းဒါ" ကို လူငယ်လေး

"ဂျော်ရင်းဒဲ"က မေတ္တာသက်ဝင် ချစ်ခင်နေတယ်။ တစ်နေ့ ချစ်သူနှစ်ယောက် သစ်တောထဲဝင် လမ်းလျှောက်ကြတာပေါ့။ အဲဒီ ညနေခင်းလေးကလည်း သာယာလိုက်တာ။ ချစ်စရာတောင်ကောင်း နေတယ်လေ။ ဒီတော့ သစ်တောထဲမှာ တမေ့တမော နေလိုက် မိကြတာပေါ့။ မှောင်ရည်သန်းလာလို့ သန်းလာမှန်းမသိ။ ဒါကြောင့် အသိဝင်လာလို့ အိမ်ပြန်ကြမယ်လုပ်တော့ လမ်းရှာမရတော့ဘူး။ သူတို့ ယောင်လည်လည်ဖြစ်နေခိုက်မှာ သူတို့နဲ့ မနီးမဝေးက ရဲတိုက်နံရံကြီးကို လှမ်းမြင်လိုက်ကြတယ်။ ဒါနဲ့ ဂျော်ရင်းဒဲက ဂျော်ရင်းဒါကို လှည့်ကြည့်လိုက်တယ်။ အို... ဂျော်ရင်းဒါလေး ညဉ့်ငှက်ဘဝ ပြောင်းသွားပါပေါ့လား။ ဒီအချိန်မှာ ကြောက်စရာ ရဲရဲတောက်မျက်လုံးအစုံနဲ့ ဇီးကွက်တစ်ကောင်က သူတို့ကို သုံးပတ်လှည့်ပျံရင်း တူး... ဟူး... ဟူး၊ တူး... ဟူး... ဟူး၊ တူး... ဟူး... ဟူးလို့ သုံးကြိမ်သုံးခါ အော်တယ်။ အော်သံ တိတ်သွားတာနဲ့ ဂျော်ရင်းဒဲ မရွေ့နိုင်တော့ဘူး။ ကျောက်တုံးကြီးလို ဖြစ်သွားတယ်။ စကားလည်း မပြောနိုင်၊ အော်လို့လည်း မရ။ ခုတော့ နေလည်းဝင်သွားပြီ။ ဇီးကွက်တွေလည်း ချုံပုတ်တွေထဲ ဝင်ကုန်ကြပြီ။ အဲ... ခဏနေတော့ စုန်းမကြီး ထွက်လာတယ်။ ညဉ့်ငှက်ကလေးကို ဖမ်းယူပြီး အဝေးတစ်နေရာကို ထွက်သွားတယ်လေ။

အင်း... ညဉ့်ငှက်ကလေး ဝေးရာပါသွားပြီဆိုတော့ ဂျော်ရင်းဒဲ ဝမ်းနည်းကြေကွဲရရှာပြီပေါ့။ ဒါပေမဲ့ သူ ဘာတတ်နိုင်မှာလဲ။ လောလောဆယ်မှာ သူရွေ့ရှားလို့မရ၊ စကားလည်း ပြောလို့မရ။ ဒါပေမဲ့ မကြာခင်မှာ စုန်းမကြီးပြန်လာပြီး သူ့ကို လွှတ်လိုက်

တယ်။ ဒီတော့ သူက ဒူးထောက်ပြီး သူ့ချစ်သူ ဂျော်ရင်းဒါကို ပြန်ပေးဖို့ တောင်းပန်တာပေါ့။ ဒါပေမဲ့ စုန်းမကြီးက နင့်ချစ်သူကို ဘယ်တော့မှ မတွေ့ရတော့ဘူးလို့ အပြတ်ပြောပြီး သူ့ကို နှင်လွှတ်လိုက်တယ်လေ။

အဲဒီနေ့ကစပြီး ဂျော်ရင်းဒဲဟာ ကြောက်စရာ ရဲတိုက်တစ်ဝိုက်မှာ လှည့်ပတ်စုံစမ်းလေ့လာကြည့်တာပေါ့။ ဒါပေမဲ့ သူ့ညဉ့်ငှက်ကလေးကို လုံးဝမတွေ့ရပါဘူး။ ဒီလိုနဲ့ တစ်ညမှာ သူ အိပ်မက်မက်တယ်။ အိပ်မက်က သူဟာ "ပန်းပွင့်ရဲ့အလယ်မှာ ပုလဲတစ်လုံးပါတဲ့ သိပ်ကိုလှတဲ့ အပြာရောင်ပန်းပွင့်တစ်ပွင့်ကို တွေ့တယ်" ဆိုတာပဲ။ အိပ်မက်ထဲမှာပဲ သူက အဲဒီပန်းပွင့်ကို ခူးပြီး စုန်းမကြီးရဲ့ ရဲတိုက်ဆီ ယူသွားသတဲ့။ ပုလဲက သူ့ကို စုန်းမကြီးရဲ့ မှော်အတတ်မှ ကာကွယ်ပေးတယ်။ ပန်းပွင့်ကတော့ ညဉ့်ငှက်ကလေးကို "ဂျော်ရင်းဒါ" အဖြစ် ပြောင်းပေးလိုက်တယ်တဲ့။

မနက်အိပ်ရာကထတော့ သူဟာ အိပ်မက်ထဲက ပန်းကို နေရာအနှံ့ ခြေဆန့်ရှာတော့တာပေါ့။ ရှစ်ရက်ကြာအောင်ရှာတယ်။ မတွေ့ဘူး၊ အဲ... ကိုးရက်မြောက်နေ့ကျမှ တွေ့သွားတယ်။ ဟုတ် တယ်၊ ပုလဲပါတဲ့ ပန်းအပြာပဲ။ သူဟာ ဒီပန်းကိုခူးပြီး ရဲတိုက်ကြီးဘက် ဦးတည်ထွက်လာခဲ့တယ်။ တံခါးချက်ချင်းပွင့်သွားတယ်။ ဒီတော့ ရဲတိုက်ဝင်းထဲဝင်၊ ရာချီအောင်များတဲ့ ငှက်ကလေးတွေက တေးသီပြီး လမ်းညွှန်ကြ၊ ဒီလိုနဲ့ နောက်ဆုံးမှာ သူ ခန်းမကြီးတစ်ခုထဲ ရောက်သွားတယ်။ ဒီခန်းအထဲမှာပဲ စုန်းမကြီးနဲ့ သူတွေ့တယ်။ စုန်းမကြီးအခန်းထဲမှာ လှောင်အိမ် ခုနစ်ရာထဲက ငှက်ပေါင်းခုနစ်ရာကလည်း တေးတွေသီလိုပေါ့။ မမျှော်လင့်ဘဲ

ကျော်ရင်းဒဲကို တွေ့လိုက်တော့ စုန်းမကြီး လန့်စရာကောင်းလောက် အောင် စိတ်ဆိုးသွားတယ်။ ဒါပေမဲ့ စုန်းမကြီးဟာ ကျော်ရင်းဒဲနဲ့ နှစ်ကိုက်အကွာရောက်အောင် မလာနိုင်ဘူး။ ဘာကြောင့်လဲဆို တော့ ကျော်ရင်းဒဲက မှော်ပန်းပွင့်နဲ့ ပုလဲကို ကိုင်ထားတာကိုး။

သူဟာ ငှက်တွေကို လိုက်ကြည့်တယ်၊ ဒါပေမဲ့ ညဉ့်ငှက် တွေက အများကြီး မဟုတ်လား။ ဒီတော့ ဘယ်ငှက်ဟာ ကျော်ရင်းဒါ ဆိုတာ မသိနိုင်ဘူးပေါ့။ ဒီအခိုက်မှာပဲ စုန်းမကြီးက လှောင်အိမ် တစ်ခုကိုဖြုတ်ပြီး ထွက်သွားတာကို မြင်လိုက်ရတယ်။ ဒါနဲ့ စုန်းမကြီးနောက် ပြေးလိုက်၊ မီတာနဲ့ လှောင်အိမ်ကို ပန်းနဲ့ ထိ လိုက်တယ်။ ဟော... သူ့အချစ် ကျော်ရင်းဒါ၊ သူ့ရှေ့မှာ ပြုံးပြုံးလေး ရပ်နေပါရောလား။ သူတို့ တွေဝေမနေဘဲ ရဲတိုက်ကြီးထဲက အလျင်အမြန် ပြေးထွက်လာခဲ့ကြတယ်။

နောက်ပိုင်း သူတို့ရဲတိုက်ကြီးဘက် ဘယ်တော့မှ ခြေဦး မလှည့်ကြတော့ဘူးဆိုတာကိုတော့ သင်လည်း သေချာပေါက်တွက် ပြီး ဖြစ်ပါလိမ့်မယ်။

ဂျာမနီပုံပြင်

❑

## အရုပ်ဆိုးတဲ့ ဘဲကလေး

နွေ တစ်နေ့မှာ မိခင်ဘဲမကြီးက သူမရဲ့ ဘဲကလေးတွေနဲ့ ယာခင်းတစ်ခုထဲမှာ ဂုဏ်ယူဟန်နဲ့ လမ်းလျှောက်နေတယ်။ ဘဲပေါက်ကလေးတွေ ရှိနေလေတော့ သူဂုဏ်ယူမိတာ သိပ်တော့ မဆန်းလှပါဘူး။ ဒါပေမဲ့ ဘဲလေးတစ်ကောင်ကိုတော့ သူသံသယစိတ်နဲ့ ကြည့်လိုက်မိတယ်။ ဒီဘဲကလေးက သိပ်ကိုထွားပြီး အရုပ်ဆိုးတာကို။ တခြား ဘဲကလေးတွေနဲ့ သိသိသာသာကို မတူထူးခြားနေတယ်လေ။ တခြား ဘဲလေးတွေရဲ့ တောင်ပံလေးတွေရဲ့ အမွေးလေးတွေဟာ နူးညံ့ပြီး အဝါရောင် သန်းနေကြတာကို။

"အင်း... ဒီယာခင်းထဲက တခြားဘဲတွေ ဘာပြောကြမလဲ၊ စောင့်ကြည့်ရမှာပဲ။ တကယ်တော့ သူဟာ ငါထင်သလောက်တော့ အရုပ်ဆိုးမယ် မထင်ပါဘူး"

ဒါပေမဲ့ တခြားဘဲတွေကလည်း ဒီဘဲလေးဟာ သိပ်ကို အရုပ်ဆိုးတယ်လို့ ကောက်ချက်ချကြတယ်။ ဒီလောက် အရုပ်ဆိုး



တဲ့ ဘဲကလေးမျိုး တစ်ခါမှ မမြင်ဖူးဘူးတဲ့။ သူတို့က ဒီလိုပြောပြီး ဘဲကလေးနဲ့ အရောမဝင်ဘဲ ရှောင်ကြတယ်။ သူတို့နား ဘဲလေး ကပ်လာရင် တွန်းပစ်ကြတယ်၊ ရိုက်လွှတ်ကြတယ်၊ ဒီဘဲကလေး အပေါ် လုံးဝမကြင်နာကြဘူး။ ဘဲစာကျွေးတဲ့ မိန်းကလေးက တောင် "သွားစမ်း... သွားစမ်း၊ နင်ဟာ သိပ်ကိုလောဘကြီးတဲ့ ဘဲကလေးပဲ" လို့ ပြောပြီး ကန်ထုတ်လိုက်တယ်လေ။

အင်း... သနားစရာပါပဲ။ သူ့ခမျာ ပျော်လည်းမပျော်နိုင်ရှာဘူး။ သူ့အမေကိုယ်တိုင်က တခြား ဘဲသားသမီးတွေကို ချစ်သလို သူ့ကို မချစ်ဘူးလေ။ ဒါကြောင့် နောက်ဆုံးမှာ ဘဲလေးက ဒီယာတောထဲက ထွက်ပြေးတော့မယ်လို့ ဆုံးဖြတ်လိုက်တယ်။ ဒီလို ဆုံးဖြတ်ချိန်မှာ နွေရာသီက ကုန်ခါနီးနေပြီ။ ဆောင်းဦးကာလ ရောက်လာလို့ ရာသီဥတုက အေးလာပြီပေါ့။ ဒါပေမဲ့ ဘဲကလေးက သတ္တိရှိရှိ ထွက်လာခဲ့တော့တာပဲ။

သူဟာ တဖြည်းဖြည်း လျှောက်လာတယ်။ နောက်ဆုံးမှာ တောဘဲရိုင်းတွေနေကြတဲ့ ကန်ကြီးတစ်ကန်ဆီ ရောက်လာတယ်။ သူတို့အားလုံးက ထူးခြားတဲ့ အရုပ်ဆိုးဘဲလေးကို ဝိုင်းကြည့်ကြပြီး "မင်း ဘယ်သူလဲ၊ မင်းဟာ ငါတို့အုပ်စုထဲက မဟုတ်ဘူး။ ထွက်သွားစမ်း" လို့ ဒေါသတကြီးပြော နှင်ထုတ်လိုက်တော့ ဘဲလေးက "ကျွန်တော် သိပ်မောနေလို့ပါ၊ ကျေးဇူးပြုပြီး ဒီမှာ တစ်ညလောက် နားပါရစေ" လို့ ဝမ်းနည်းစိတ်နဲ့ တောင်းပန်လိုက်တော့ တောဘဲတွေက ညည်းတွားရေရွတ်ပြီး တစ်ညနေခွင့်ပြုလိုက်ကြတယ်။

နောက်နေ့ကျတော့ ခြေဦးတည့်ရာ ထွက်သွားရတာပေါ့။ ညနေချိန်ရောက်တော့ တဲအိုလေးတစ်တဲကို တွေ့လိုက်ရတယ်။ သူ အေးနေလို့ တဲထဲဝင်လိုက်တယ်။ နောက်နေ့မနက်ကျတော့ ဒီတဲထဲမှာနေတဲ့ အဘွားအိုက သူ့တွေ့သွားလို့ အော်ဟစ် ငေါက်ငမ်းပြီး မောင်းထုတ်တော့တာပဲ။

"ထွက်သွားစမ်း...၊ အရုပ်ဆိုးအကောင်"

သူ ထွက်လာတော့ အဘွားအိုရဲ့ကြောင်က အတော်ဝေးဝေးရောက်အောင် နောက်က လိုက်ဖမ်းသေးတယ်လေ။

ဒီလိုနဲ့ ခရီးဆက်လာတော့ နောက်ရေကန်တစ်ခုဆီ ရောက်လာပြန်တယ်။ သူ ရေကန်ထဲ ဆင်းကူးတယ်၊ ဒါပေမဲ့ ညတွေက သိပ်ကိုအေးလို့ သူ့ဝန်းကျင်ကရေတွေ ခဲသွားပါရော။ မနက်ရောက်တော့ သူ ရေခဲထဲမိနေပြီလေ။ သူ့တစ်ကိုယ်လုံး အေးခဲနေလိုက်တာများ အေးခဲပြီး သေလုနီးအခြေအနေ ဆိုက်သွားရှာတယ်။ ဒါပေမဲ့ ကံအားလျော်စွာပဲ လယ်သမားတစ်ယောက်က ကန်နားရောက်လာတော့ သနားစရာ ဘဲကလေးကို ကယ်တင်

လိုက်တယ်။ လယ်သမားက ဘဲလေးကို သူ့နွေးထွေးတဲ့ အိမ်ကို ခေါ်သွားတယ်။ လယ်သမားနဲ့ ကလေးတွေကလည်း ဘဲလေးနဲ့ ကစားချင်ကြတယ်လေ။ ဒါပေမဲ့ ဒီအရုပ်ဆိုးတဲ့ ဘဲလေးဟာ အကြင်နာဆိုတာကို မသိခဲ့၊ မခံစားခဲ့ရလေတော့ အကြင်နာခံရတာကိုပဲ ကြောက်လန့်နေမိတယ်။ ကြောက်စိတ်နဲ့ ပြေးမိပြေးရာ ဖွတ်ပြေးတော့ နွားနို့ပုံးထဲကျလိုကျ၊ ဂျုံမှုန့်ထည့်တဲ့ စည်ထဲကျလိုကျပေါ့။ ဒီတော့ လယ်သမားဇနီးက ဒေါသထွက်ပြီး အော်ဟစ်ငေါက်ငမ်းတာပေါ့။ ဒါကြောင့် ဘဲကလေး လန့်ဖျပ်ပြီး ပြတင်းပေါက်က ပျံထွက်လိုက်တယ်။ အင်း... ခုတော့ အသစ်ကျနေတဲ့ နှင်းတောထဲရောက်ရပြန်တာပေါ့။

ဆောင်းက အေးလွန်းလှပါတယ်။ ရေကန်နားက မြက်ခင်းတွေပေါ် ရေခဲလိုအေးတဲ့လေက အဆက်မပြတ်တိုက်နေတယ်။ ဒီမြက်ခင်းထဲမှာပဲ ဘဲကလေးက နေရတာလေ။ ဒီတော့ အေးလွန်းလို့ တဆတ်ဆတ် တုန်ခိုက်နေရှာတာပေါ့။ တစ်နေ့ ကောင်းကင်ထဲက တောင်ဂံခတ်သံတွေကို ဘဲကလေး ကြားလိုက်ရတယ်။ မော့ကြည့်လိုက်တော့ ချစ်စရာ ငှက်ဖြူကြီးတွေ၊ နွေးထွေးတဲ့ တောင်ပိုင်းဒေသကို ပျံသန်းနေကြတာ တွေ့လိုက်တာပေါ့။ သူ ငှက်ဖြူကြီးတွေကိုကြည့်ရင်း သူ့ရင်ထဲ ထူးခြားတဲ့ ခံစားမှုတစ်ခု ဖြစ်ထွန်းလာတယ်။ အဲဒါက ဘာလဲဆိုတော့ ဒီငှက်ဖြူတွေဟာ သူ့မိတ်ဆွေစစ်တွေ၊ ညီအစ်ကိုတွေပဲဆိုတဲ့ အတွေးလေးပဲ။ ဒါပေမဲ့ "သူတို့က သိပ်ကို လှကြတယ်" လို့လည်း တွေးမိလိုက်ရော သူ့ခမျာ ချက်ချင်း ဝမ်းနည်းသွားရပြန်တယ်။

"သူတို့ဟာ ငါ့လို အရုပ်ဆိုးတဲ့ငှက်မျိုးကို နှစ်သက်လက်ခံ

ကြမှာ မဟုတ်ပါဘူး။ နောက်... သူတို့ဟာ အခု ငါရောက်နေတဲ့ ဒေသကိုလည်း ဘယ်တော့မှ ပြန်လာကြမှာ မဟုတ်ပါဘူး” လို့ မျှော်လင့်ချက်မဲ့ စဉ်းစားလိုက်ပြန်တယ်။

တကယ်တော့ အဲဒီလှပတဲ့ ဆွတ်ဆွတ်ဖြူငှက်တွေဟာ ငန်းတွေဖြစ်မှန်း သူ မသိရှာဘူး။ သူတို့ တစ်ချိန်မှာ ပြန်လာကြမယ်ဆိုတာကိုလည်း မသိဘူး။ အဲ... အေးတဲ့ ဆောင်းရာသီကုန်သွားတော့ ပူနွေးတဲ့ နွေဦးရာသီရောက်လာလို့ ရေခဲတွေ၊ နှင်းတွေ အားလုံး အရည်ပျော်သွားကြတယ်လေ။ ဒီအချိန်မှာ မြောက်ပိုင်းဒေသကို ပျံသွားကြတဲ့ ချစ်စရာကောင်းတဲ့ ငှက်တွေ ဒိန်းမတ်ကို ပျံလာခဲ့ကြတယ်။ ခုတော့ သစ်ပင်တွေ၊ ချုံတွေပေါ်မှာ စိမ်းစိုလန်းဆန်းတဲ့ ရွက်သစ်တွေဝေနေပါပြီ။ ကွင်းပြင်တွေထဲမှာလည်း အစိမ်းရောင်မြက်တွေ၊ တောက်ပတဲ့ ပန်းတွေ ပွင့်လန်းနေကြပါပြီ။

တစ်နေ့ ဘဲလေးက တောင်ပံတွေကို ဖြန့်ကားလိုက်တယ်။ ခုတော့ တောင်ပံတွေက အားကောင်းနေပြီကိုး။ ဒါကြောင့် ဘဲကလေးဟာ မြင့်မားတဲ့ သစ်ပင်ထိပ်ဖျားအရောက် ပျံတက်နိုင်ပြီပေါ့။ သစ်ပင်ထိပ်ကနေ အောက်ငုံ့ကြည့်လိုက်တော့ နေရောင်ထဲမှာ တဖျတ်ဖျတ် ဝင်းလက်တောက်ပနေတဲ့ ရေကန်စိမ်းကြီးကို မြင်လိုက်ရတယ်။ ဒါနဲ့ ရေကန်ထဲပျံဆင်းလိုက်တာပေါ့။ ဒီအချိန်မှာ ရုတ်တရက်ဆိုသလိုပဲ ရေကန်ဘေးရှိ ချုံပုတ်တွေထဲက ငန်းသုံးကောင် ရေကန်ထဲဆင်းလာပြီး သူ့ဘက် ဖြည်းဖြည်းလေး ကူးလာကြတယ်။ အလို... သိပ်ကိုလှကြပါလား။ ရှည်လျားတဲ့ လည်တိုင်တွေကလည်း ကွေးညွတ်လို့၊ သားမွေးတွေကလည်း ဆွတ်ဆွတ်ဖြူ လှလိုက်တာ... လှလိုက်တာ။

သူ ငေးမောချီးမွမ်းပြီး ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်တယ်။

"ငါ သူတို့ဆီရောက်အောင် ကူးသွားမယ်၊ ငါ့ကို သူတို့က သတ်ပစ်ချင် သတ်ပစ်နိုင်တယ်။ ငါက သိပ်ကို ရုပ်ဆိုးတာကိုး"

ဘာပဲဖြစ်ဖြစ် သူ ဆုံးဖြတ်ထားတဲ့အတိုင်း သူတို့ဆီ ကူးသွားတယ်။ ကူးသွားရင်းလည်း "ကျွန်တော့်ကို သတ်ကြပါ၊ ကျွန်တော့်ကို သတ်လိုက်ကြစမ်းပါ။ ခင်ဗျားတို့နဲ့ရောဖို့ ကျွန်တော့်မှာ အခွင့်အရေးမရှိဘူးဆိုတာကို ကျွန်တော် သိပါတယ်။ ကျွန်တော်ဟာ သိပ်ကို အရုပ်ဆိုးပါတယ်ဗျာ" လို့ တစာစာ ပြောနေတယ်လေ။ ဒီလိုပြောပြီး ရှက်စိတ်နဲ့ သူ့ခေါင်းကို ငုံ့လိုက်တဲ့အခါ သူ့ပုံရိပ်ကို ရေထဲမှာ မြင်လိုက်တာပေါ့။ သူ ခု မြင်လိုက်ရတဲ့ပုံရိပ်က အချိုးမကျ ပုံပျက်ပန်းပျက်မဟုတ်ဘူး။ ပုံရိပ်ရဲ့အတောင်တွေက ဆွတ်ဆွတ်ဖြူပြီး သိပ်ကို လှနေတယ်။ တကယ်တော့ အရုပ်ဆိုးဘဲကလေးက အခု ငန်းတစ်ကောင်ဖြစ်သွားတာလေ။ ကဲ... ခုတော့ ရေကန်ထဲက ချစ်စရာငှက်တွေနဲ့ လိုက်ဖက်တဲ့ အပေါင်းအဖော်ဖြစ်သွားပြီပေါ့။

ကလေးတွေက ရေကန်နားလာပြီး ပေါင်မုန့်တွေ၊ ပြောင်းစေ့တွေကျွေးရင်း "ဟော့... ဟော့... ဟောဟိုက အသစ်ရောက်လာတဲ့ ငန်းကို ကြည့်လိုက်စမ်း၊ အားလုံးထဲမှာ သူက အလှဆုံးပဲ" လို့ အချင်းချင်းပြောနေကြလေရဲ့။ စောစောက ငန်းတွေကလည်း ငန်းငယ်လေးနား အရောက်ကူးခတ်လာကြပြီး သူတို့ နှုတ်သီးတွေနဲ့ ငန်းငယ်လေးကို ပွတ်သပ်ပေးကြတယ်။ သဘောကတော့ သူတို့က သူ့ကို ချစ်ကြတယ်။ လက်ခံကြိုဆိုကြတယ်ပေါ့။

ဒီတော့လည်း လှပတဲ့ ငန်းသစ်ကလေးက တောင်ပံတွေကိုဖြန့်၊ လည်ပင်းရှည်ကြီးကို ဂုဏ်ယူစွာ ဆန့်ထုတ်လိုက်တာပေါ့။ နောက်ဆုံးမှာ သူက "ငါအရုပ်ဆိုးတဲ့ ဘဲဘဝတုန်းက ဒီလို ပျော်ရွှင်မှုမျိုးကို အိပ်မက်တောင် မမက်ခဲ့ဖူးဘူး" လို့ ရေရွတ်လိုက်မိတယ်လေ။

ဒိန်းမတ်ပုံပြင်

❒

## ဆင်ဒရဲလား

တစ်ချိန်တုန်းက "ဆင်ဒရဲလား" ဆိုတဲ့ မိန်းကလေး တစ်ယောက် ရှိခဲ့တယ်။ သူ့မှာ အမေ မရှိတော့ဘူး။ တစ်နေ့ သူ့အိမ်ကို သူစိမ်းအမျိုးသမီးကြီးတစ်ယောက် ရောက်လာတယ်။ သူ့မှာ သမီးနှစ်ယောက်လည်း ပါလာတယ်။ သူတို့ဟာ ဝတ်ကောင်း စားလှတွေ ဝတ်ထားကြပေမဲ့ မာနကြီးပုံပဲ။ ဒါကြောင့် ဆင်ဒရဲလား လေးက သူတို့နှစ်ယောက်ကို အလိုလို ကြောက်စိတ်ဝင်မိလာတာ ပေါ့။ နောက်တော့ သူ့ဖအေက သူ မမြင်ဖူးတဲ့ အမျိုးသမီးကြီးဟာ သူ့အမေတဲ့၊ သူ့မိထွေးတဲ့။ ဟို... မာနကြီးပုံရတဲ့ မိန်းကလေး နှစ်ယောက်ကတော့ သူ့အစ်မတွေလို့ ပြောပြတယ်။ အမေနဲ့ အစ်မ တွေဆိုတော့ ဆင်ဒရဲလားလေး သိပ်ပျော်သွားတာပေါ့။ တကယ် တော့ အစ်မတွေဆိုတဲ့ မိန်းကလေးနှစ်ယောက်ကတော့ လုံးဝ မလှပါဘူး။ အတော့်ကို အရုပ်ဆိုး အကျည်းတန်ကြတယ်။ ဒါပေမဲ့ ဆင်ဒရဲလားလေးကတော့ သူတို့ဟာ ကြင်နာကြမယ်၊ ခင်မင်ကြ မယ်လို့ပဲ ထင်မှတ်ထားလိုက်ပါတယ်။

ဒါပေမဲ့ အစ်မသစ်တွေက လုံးဝ အကြင်နာကင်းကြတယ်။ ဆင်ဒရဲလားရဲ့ ကစားစရာ အရုပ်ကလေးတွေကို အကုန်ယူ၊ ဝတ်ကောင်းစားလှတွေကိုလည်း အပိုင်သိမ်းယူကြတယ်။ နောက် အလုပ်ကြမ်းတွေ လုပ်ခိုင်းတယ်။ ဒါကြောင့် ဆင်ဒရဲလားလေးခမျာ နေ့စဉ် အိုးခွက်ပန်းကန်တွေ ဆေးရတယ်။ တံမြက်စည်းလှဲရတယ်။ ကြမ်း တိုက်ရရှာတယ်။ တစ်ခါတလေကျတော့ အလုပ်အားလုံးလုပ်ပြီး လို့ သိပ်ကိုမောပန်းပြီး အထီးကျန်ဖြစ်နေတဲ့အခါ ရဲရဲတောက် မီးသွေးခဲတွေအပေါ်က ယိမ်းကသလို ဝှေ့ယမ်းလှုပ်ရှားနေတဲ့ မီးရောင်ကို ထိုင်ကြည့်နေတတ်တယ်။ ဒါကြောင့် သူ့ကိုဟို… ရုပ်ဆိုးမနှစ်ယောက်က "ဆင်ဒရဲလား" လို့ ခေါ်ကြတာပဲ။

တစ်နေ့မှာ ဘုရင်က ခမ်းနားတဲ့ ပါတီပွဲကြီးကျင်းပမယ်ဆိုတဲ့ သတင်းကို ကြားလိုက်တယ်။ သုံးညတောင် ကျင်းပမှာတဲ့။ မင်းသားလေးလည်း အဲဒီပါတီပွဲကို တက်မယ်လို့ ဆိုတယ်။ တကယ်ဂုဏ်သရေရှိတဲ့ လူတွေကတော့ မင်းသားနဲ့ ကနိုင်ကြမှာပေါ့လေ။ ရုပ်ဆိုးညီအစ်မကိုလည်း ဒီပွဲလာတက်ဖို့ ဖိတ်တယ်။ ဒါပေမဲ့ ဆင်ဒရဲလားလေးကို ခေါ်ဖို့တော့ ဘယ်သူကမှ မစဉ်းစားကြဘူး။ သူလေးက သွားခွင့်သာမရတာ၊ သွားမယ့် အစ်မနှစ်ယောက် ဝတ်စားဆင်ယင်ဖို့ အစအဆုံး ကူညီပေးရရှာတယ်။ ဒီလိုကူညီတုန်းမှာ "ငါလည်း သွားချင်လိုက်တာ" လို့ ဝမ်းနည်းစိတ်နဲ့ တွေးမိလိုက်ရှာတယ်။ ဒါပေမဲ့ ရထားရောက်လာတော့ ညီမနှစ်ယောက်ကိုပဲ ခေါ်သွားတယ်လေ။ ဆင်ဒရဲလားလေး အိမ်မှာ ကျန်ရစ်ခဲ့တာပေါ့။ ဒီတော့ မီးဖိုဘေးက ကုလားထိုင်ပေါ် ထိုင်ချလိုက်ပြီး မျက်ရည်တောက်တောက်ကျအောင် ရှိုက်ကြီး တငင်ငိုမိလိုက်တယ်။ ငိုရင်း



မှာလည်း "ဒီကပွဲကို ငါသွားချင်လိုက်" လို့ ပြင်းပြတဲ့ဆန္ဒနဲ့ ရေရွတ်မိလိုက်တယ်လေ။

ဒီအခိုက်ကလေးမှာပဲ အသံတစ်သံကို ကြားလိုက်ရတယ်။ "ဆင်ဒရဲလားလေး...၊ မင်းလည်း သွားရလိမ့်မယ်" တဲ့။ အသံကြားလိုက်တော့ သူ မော့ကြည့်တယ်။ ဒီမှာတင် သူ့ဘေးမှာရပ်နေတဲ့ ချစ်စရာနတ်သမီးကို မြင်လိုက်ရတာပဲ။ နတ်သမီးက "ငါက မင်းရဲ့ ခေါင်းကိုင်မိခင်ပဲ။ ကဲ... ငါပြောသလို လုပ်ပေတော့။ ဘာမှ ပြန်မမေးနဲ့နော်။ ငါ မင်းလေးကို ကူညီမယ်။ ဒီတော့ ပထမဆုံး ငါ့ကို ရွှေဖရုံသီးတစ်လုံး ရှာပေး" လို့ ပြောပြတယ်။

ဒါနဲ့ ဆင်ဒရဲလားလေးဟာ ဥယျာဉ်ထဲ အပြေးအလွှားသွားပြီး အကြီးဆုံး ရွှေဖရုံသီးတစ်လုံးကို ယူလာခဲ့တယ်။ ခေါင်းကိုင်နတ်သမီး ရွှေဖရုံသီးကို စိန်စကြာနဲ့ တို့လိုက်တယ်။ အလို... ရွှေဖရုံသီးက ချက်ချင်းပဲ အလှဆုံးရထားအဖြစ် ပြောင်းသွားပါပေါ့လား။ ရထားတစ်စီးလုံးကို ငွေသားတွေနဲ့ လုပ်ထားပြီး ထိုင်ခုံတွေကိုတော့ အကောင်းဆုံး အပြာရောင်ပိုးစတွေနဲ့ ချုပ်ထားတယ်။

ရထား အဆင်သင့်ဖြစ်တော့ ခေါင်းကိုင်မိခင် နတ်သမီးက "ကဲ... ကြွက်ခြောက်ကောင် သွားရှာလိုက်ဦးသမီး" လို့ ခိုင်းပြန်တယ်။

ဒီတော့ ဆင်ဒရဲလားလေးက မီးဖိုထဲပြေး၊ ကြွက်ထောင်ချောက်ထဲက ကြွက်ခြောက်ကောင်ကို ယူလာခဲ့တယ်။ ကြွက်ခြောက်ကောင်ကို နတ်သမီးက စိန်စကြာနဲ့ တို့လိုက်တော့ ချက်ချင်းပဲ ချစ်စရာ မြင်းဖြူကြီးခြောက်ကောင် ဖြစ်သွားတော့တာပဲ။

နောက်... နတ်သမီးက ကြွက်နှစ်ကောင် ထပ်ယူခဲ့ဦးလို့

ခိုင်းပြန်တယ်။ ကြွက်နှစ်ကောင်ရလာတော့ နတ်သမီးက မြင်းရထား မောင်းသူနဲ့ ကိုယ်ရံတော်အဖြစ် ပြောင်းပေးလိုက်ပြန်တယ်။ "ကဲ... ဆင်ဒရဲလား၊ မင့်မျက်စိ မှိတ်ထားလိုက်ပါဦး" လို့ ခိုင်းပြန်တယ်။ သူ မျက်စိပြန်ဖွင့်လိုက်တော့ "အိုး... ငါ့ဝတ်စုံက ငွေသားနဲ့ ချုပ်ထားတာပဲ" လို့ အံ့ဩတကြီး ရေရွတ်မိလိုက်တယ်။ သူလေး မြင်တွေ့မိသမျှ မိန်းမလှအားလုံးထက် သူက ပိုပြီး လှနေချောနေတာကို လည်း သိလိုက်ရပြန်တယ်။ ငုံ့ကြည့်လိုက်တော့ သူ့ခြေထောက်ကလေး တွေက ငွေသားဖိနပ်ကလေးတစ်ရန်ကို စီးထားပြီး ဖြစ်နေပြီလေ။

နတ်သမီးက ရထားတံခါးကို ဖွင့်ပေးပြီး "ကဲ... နန်းတော် အရောက်သွားပေတော့။ တစ်ခု သတိထားနော်။ ည ၁၂ နာရီ မထိုးခင် မင်း အိမ်ပြန်ရောက်ရလိမ့်မယ်။ ငါပြောတဲ့အတိုင်း အတိအကျလုပ်ပါ့မယ်လို့ ကတိပေးပါ သမီးလေး" လို့ ပြောပြတယ်။

ဆင်ဒရဲလားက ကတိပေးတယ်။ ပြီးတာနဲ့ နန်းတော်ဘက် မောင်းထွက်သွားတော့တာပဲ။ မင်းသားလေးက သူ့ကို မြင်မြင်ချင်း သူ့ဆီ တန်းတန်းမတ်မတ် လျှောက်လာပြီး သူနဲ့တွဲကဖို့ ခွင့်တောင်း တယ်လေ။ ဆင်ဒရဲလားက ခွင့်ပြုတော့ မင်းသားလေးဟာ ဆင်ဒရဲလားနဲ့ တစ်ညနေလုံး ကတယ်။ သူဟာ တခြား ဘယ်သူ့ကို မှလည်း စောင်းငဲ့မကြည့်ဘူး။ ဒါပေမဲ့ ၁၂ နာရီထိုးဖို့ ၁၅ မိနစ်ပဲ လိုတော့တဲ့အချိန်မှာ ဆင်ဒရဲလားက နတ်သမီးလေးကိုပေးခဲ့တဲ့ ကတိကို အမှတ်ရလိုက်တယ်။ ဒါနဲ့ သူပြန်ရတော့မယ်လို့ ပြောပြ လိုက်တာပေါ့။ ဒီတော့ မင်းသားလေးက ရထားဆီ အရောက်လိုက် ပို့၊ ဘယ်မှာနေသလဲလို့ မေးတယ်။ တကယ်တော့... မင်းသားလေး က ဆင်ဒရဲလားကို သိပ်ချစ်မိသွားပြီကိုး။ ဒါပေမဲ့ ဆင်ဒရဲလားက

တော့ ပြုံးရုံသာပြုံးပြပြီး "နောက်ညနေမှာ လည်းရောက်အောင် ကြိုးစားပါ့မယ်" လို့သာ ပြောပြီး ထွက်ခွာလာခဲ့တယ်။

အိမ်ပြန်ရောက်တော့ ရထားက ရွှေဖရုံသီးပြန်ဖြစ်၊ မြင်းတွေနဲ့လူတွေကလည်း ကြွက်တွေပြန်ဖြစ်။ ဆင်ဒရဲလားက ရွှေဖရုံသီးကို ဥယျာဉ်ထဲမှာဝှက်ထားပြီး ကြွက်တွေကိုတော့ ထောင်ချောက်ထဲ ပြန်ထည့်လိုက်တယ်။ ပြီးမှ အိပ်ရာထဲ တိတ်တဆိတ်ဝင်သွားတယ်။ အကြောင်းနဲ့ လျှို့ဝှက်ရောက်လာပြီး လျှို့ဝှက်ပြန်သွားတဲ့ မိန်းမလှလေး။

နောက်နေ့မှာ ဟို... ညီအစ်မက ကပွဲအကြောင်းကလွဲပြီး ဘာမှမပြောကြဘူး။ နောက်တော့ သူတို့က "ကနေ့ညတော့ သူမဟာ ဘယ်သူလဲဆိုတာ သိရမှာပေါ့" လို့ ပြောလိုက်တဲ့အခါ အိပ်မပျော်သေးတဲ့ ဆင်ဒရဲလားလေးက ပြုံးလိုက်တယ်လေ။

ဒီညမှာ ရုပ်ဆိုးညီအစ်မနဲ့ သူတို့မအေကြီး နန်းတော်ထဲသွားတာနဲ့ ခေါင်းကိုင်နတ်သမီး ရောက်လာတာပဲ။ ဖြစ်ရပ်တွေအားလုံးကတော့ မနေ့ညနေက အတိုင်းပါပဲ။ ကနေ့ညနေ ထူးခြားတာကတော့ ဆင်ဒရဲလားကို ရွှေသားဝတ်ရုံနဲ့ ရွှေသားဖိနပ် ဆင်မြန်းပေးတာပါပဲ။ မင်းသားလေးဟာလည်း ကနေ့ညမှာ ဆင်ဒရဲလားကို ပိုချစ်မိလာတယ်။ ဒါပေမဲ့ ဆယ့်နှစ်နာရီထိုးဖို့ ဆယ်မိနစ်အလိုမှာတော့ သူမနေရပ်ကို မပြောပြဘဲ အိမ်ကို ပြန်လာခဲ့တယ်။

တတိယညနေခင်းမှာတော့ နတ်သမီးက ဆင်ဒရဲလားကို လှပတဲ့ ရောင်စုံငှက်မွေးလေးတွေနဲ့ ချုပ်ထားတဲ့ဝတ်စုံကို ပေးတယ်။ နောက်... အရောင်လေးတွေ ထွက်နေတဲ့ ဖန်ဖိနပ်ကို ဝတ်ခိုင်းတယ်။ ဒါပေမဲ့ ဒီတစ်ကြိမ်မှာတော့ ဆင်ဒရဲလားလေးကိုယ်တိုင်က မင်းသား



လေးနဲ့ ကရတာကို သိပ်ပျော်ပိုက်နစ်ခြိုက်လွန်းလို့အချိန်ကို သတိမထားမိတော့ဘူး။ ဟော... ပြောရင်း မှာပဲ ၁၂ နာရီထိုးသွားပြီ လေ။ ဆင်ဒရဲလားလေး သိပ်ကို ထိတ်ထိတ်ပျာပျာ ဖြစ်သွားတယ်။ စိုးရိမ်ထိတ်လန့်စိတ်နဲ့ နန်းတော်ထဲက ပြေးထွက်လာတဲ့အခါ ဖန်ဖိနပ်ကလေးတစ်ဖက် ကျွတ်ကျန်ခဲ့တာပေါ့။ ကျွတ်ကျန်ခဲ့မှန်း သိပေမဲ့ အချိန်ကုန်မှာ စိုးလို့ ပြန်မကောက်ရဲရှာဘူး။ နန်းတော်လှေကားက အပြေးအလွှားဆင်း၊ လမ်းမပေါ်မှာရောက်။ "ဟယ်... ဒုက္ခ...၊ ရထားနဲ့ မြင်းတွေလည်း မရှိတော့ပါလား" ဖရုံသီးကြီး တစ်လုံးပဲ လမ်းပေါ်မှာ တွေ့လိုက်ရတယ်။ တစ်ချိန်တည်းမှာ ကြွက်ရှစ်ကောင်ကလည်း မြေတွင်းထဲ ဝင်သွားတာကို လှမ်းမြင်လိုက်ပြန်တယ်။ အဲဒီလို အနေအထားမှာပဲ သူ့ကိုယ်ကို ငုံ့ကြည့်လိုက်မိပြန်တော့ ချစ်စရာဝတ်ရုံလည်း မရှိတော့ဘူး။ အညိုရောင်ရိုးရိုးအဝတ်အစားပဲ ရှိတော့တယ်။

သနားစရာ ဆင်ဒရဲလားလေး အိမ်အရောက် အမြန်ဆုံးပြေး၊ ရောက်တာနဲ့ ဝမ်းနည်း စိတ်မကောင်းစွာပဲ အိပ်ရာထဲ ဝင်လိုက်တော့တယ်။

နောက်တစ်နေ့မှာ ဘုရင့်တမန်တော်က မြို့လုံးအနှံ့ ထရမ်းပက်မှုတ်ပြီး ကြေညာလိုက်တယ်။ "မင်းသားက ဘုရင့်ပါတီပွဲမှာ သူနဲ့တွဲကခဲ့တဲ့ မိန်းမလှလေးရဲ့ ဖန်ဖိနပ်ကလေးတစ်ဖက်ကို တွေ့ထားတယ်။ သူလေး ဘယ်သူလဲဆိုတာ ဘယ်သူတစ်ယောက်မှ မသိပါဘူး။ ဒါပေမဲ့ မင်းသားလေးကတော့ အဲဒီ မိန်းမချောလေးကို မေတ္တာသက်ဝင် ချစ်ကျွမ်းဝင်နေပါတယ်။ ဒီတော့... မင်းသားလေးက ဖန်ဖိနပ်ကို စီးနိုင်သူနဲ့ လက်ထပ်ပါလိမ့်မယ်"



ဒီလို ကြေညာလိုက်တော့ ဖိနပ်ကို စီးကြည့်ဖို့ မိန်းမပျိုတွေ အပြေးအလွှားထွက်လာကြတာပေါ့။ ဒါပေမဲ့ ဖိနပ်ကလေးက သိပ်ကို သေးလွန်းတော့ ဘယ်သူမှ စီးလို့မရဘူး။ နောက်ဆုံး တမန်တော်ဟာ ဆင်ဒရဲလားအိမ်ရှေ့ရောက်လာတယ်။ ရောက်လာတာနဲ့ အင်း... ဟိုညီအစ်မလေ စီးကြည့်ချင်တာ ရူစိကိုထလို့။ သူတို့စီးထားတဲ့ ဖိနပ်ကို ချွတ်ဖို့မေ့ပြီး ဖိနပ်စီးလျက်နဲ့ ဖန်ဖိနပ်ကလေးထဲ သူတို့ ခြေထောက်ကို အတင်းထိုးထည့်ကြတယ်။ ဘယ်လိုမှ ကြိုးစားစီး မရတော့ ဆင်ဒရဲလားလေးကို လှမ်းခေါ်တာပေါ့။ ဆင်ဒရဲလား လေးကတော့ မြင်လိုက်တာနဲ့ သူ့ဖိနပ်မှန်းသိတာပေါ့။ မနေ့ညက ၁၂ နာရီထိုးတော့ နန်းတော်မှာ ပျောက်ခဲ့တဲ့ သူ့ဖိနပ်ပဲလေ။

ဟို... ညီအစ်မကတော့ လက်မလျှော့သေးဘူး၊ ဒါပေမဲ့ ရှုံးကြီးစီးထားလေတော့ ဘယ်လိုစီးလို့ရနိုင်မှာလဲ။ နောက် အစ်မ တစ်ယောက်ကျတော့ ဖနောင့်က သိပ်ကြီးနေပြန်တယ်။ ခြေချောင်း တွေကလည်း သိပ်ကိုရှည်နေတယ်လေ။ ဒါနဲ့ နောက်ဆုံးမှာ ဆင်ဒရဲလားလေးက "ကျွန်မကို ကြိုးစားစီးခွင့်ပြုပါ" လို့ ပြောလိုက်

တယ်။

အောင်မယ်...ဒီတော့လည်း ဟို... ညီအစ်မကလေ "နင် တကယ် ပြောနေတာလား။ နင်က ဒီလိုဖိနပ်မျိုး စီးမှမစီးနိုင်တာ ပဲဟာ။ ရယ်စရာတွေ လာမလုပ်နဲ့။ နောက်ပြီး နင်က နန်းတော် ထဲကိုတောင် ရောက်ဖူးတာမှ မဟုတ်တာ" လို့ ပြောပြောဆိုဆို တွန်းထုတ်ကြတယ်လေ။

ဒါပေမဲ့ တမန်တော်က ကုလားထိုင်ပေါ်မှာ ထိုင်ဖို့ လက် ဆန့်တန်းပေးလိုက်တယ်။ ကုထားထိုင်ပေါ် ထိုင်မိတာနဲ့ သူစီးတဲ့ ဖိနပ်ကို ချွတ်၊ ချက်ချင်း စီးကြည့်လိုက်တယ်။ အဲ... တိုင်းရက်တဲ့ ပက္ကလာဆိုသလိုပါပဲ။ လုံးဝ အံဝင်ခွင်ကျဖြစ်နေပါတယ်။

ဒီတော့မှ လေတိုးသံသဲ့သဲ့လေး ရုတ်တရက် ပေါ်ထွက်လာ တယ်။ တစ်ချိန်တည်းမှာ ခေါင်းကိုင်နတ်သမီးလည်း ရောက်လာ တယ်။ နတ်သမီးက စိန်စကြာနဲ့ ဆင်ဒရဲလားရဲ့ ရိုးရိုးအဝတ် အစားလေးတွေကို လှပတဲ့ ငှက်မွေးအင်္ကျီအဖြစ် ပြောင်းလဲပေးလိုက် တယ်။ နောက်တော့ ဆင်ဒရဲလားက မြင်းရထားပေါ်တက်၊ တမန် တော်နဲ့အတူ နန်းတော်ဘက် ဦးတည်မောင်းထွက်သွားပါတော့ တယ်။ မင်းသားလေးက ဆင်ဒရဲလားကို လက်ထပ်လိုက်တယ်။ သူတို့နှစ်ဦး သက်ဆုံးတိုင် ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်သွားကြတယ်။

ဖန်ဖိနပ်ကလေးကိုတော့ ရွှေနဲ့ဖန် ရောစပ်ပြုလုပ်ထားတဲ့ သေတ္တာလေးထဲထည့်ပြီး နန်းတော်ထဲမှာပဲထားပါတယ်။ လူတိုင်း လေ့လာကြည့်ရှုနိုင်ဖို့ပေါ့။

ပြင်သစ်ပုံပြင်

❐

## မရှိုးဖြောင့်တဲ့ ရိုးဖြောင့်သော အမတ်ကြီး

ဟိုး... တစ်ချိန်တုန်းက သိပ်ကို ရိုးသားဖြောင့်မတ်တဲ့ အမတ်ကြီးတစ်ယောက် ရှိခဲ့တယ်။ သူဟာ ပွင့်ပွင့်လင်းလင်းပဲ ပေးပေး၊ လျှို့ဝှက်ပဲပေးပေး လာဘ်ပေးတာကို လုံးဝ လက်မခံဘူး။ သူ့ဇနီးကလည်း သူ့ခင်ပွန်းနဲ့ စိတ်သဘောထားက ထပ်တူထပ်မျှပဲ။ ဘယ်သူ့ဆီကမှ လာဘ်ကို လက်မခံဘူး။

လောလောဆယ်မှာ အမတ်ကြီးရဲ့ အကူအညီအထောက်အပံ့ အတော်များများကို ရွာတစ်ရွာက ရလိုက်တယ်။ ဒါပေမဲ့ ကျေးဇူးသိတတ်သူများမို့ တစ်စုံတစ်ရာ သွားပေးတိုင်း ငြင်းလွှတ်လိုက်တာချည်းပဲ။ ရွှေပေးလို့လည်း လက်မခံ၊ ငွေထည်ပစ္စည်းပေးတော့လည်းငြင်း၊ ပိုက်ဆံပေးလည်း မယူ။ ဒီတော့ ကျေးဇူးသိတဲ့ ရွာလူကြီးတွေက အမတ်ကြီးကတော်ဆီသွားပြီး သူတို့ တံ့ပြန်တဲ့ ကျေးဇူးကို လက်ခံဖို့ မေတ္တာရပ်ခံကြတာပေါ့။ ဒါပေမဲ့ အမတ်ကတော်ကလည်း ခါးခါးသီးသီး ငြင်းလိုက်တာပဲ။



"ကျွန်မခင်ပွန်းက သိပ်ကို ဖြောင့်မတ်ပါတယ်။ တကယ်လို့ ရှင်တို့ပေးတာကို လက်ခံလိုက်ရင် သူ ကျွန်မကို ဆူတော့မှာပဲ"

ဒီလို ငြင်းလိုက်ပေမဲ့ ရွာခံလူကြီးတွေက လက်မလျှော့ဘူး။ ပေးတာလေးကိုလက်ခံဖို့ နည်းမျိုးစုံနဲ့ ပြောတယ်၊ တောင်းပန်တယ်။ သူတို့ရဲ့စေတနာကို အသိအမှတ်ပြုတဲ့သဘောနဲ့ ယူလိုက်ပါလို့ မေတ္တာရပ်ခံကြတယ်။

ခုလို နည်းမျိုးစုံနဲ့ တောင်းပန်တော့ အမတ်ကြီးကတော်က ရွာလူကြီးတွေကို အားနာလာတယ်။ ဒါနဲ့...

"ကျွန်မခင်ပွန်းက ကြွက်နှစ်မှာ မွေးပါတယ်။ ဒီတော့ ရွာလူကြီးတွေက ပေးချင်လှပါတယ်ဆိုရင် ကျွန်မ အကြံပြုချင်တာကတော့ ငွေသားစစ်စစ်နဲ့ ကြွက်ရုပ်ကြီးထုပေးပါ။ ကျွန်မကလည်း သူလက်ခံအောင် ပြောပြပါ့မယ်။ ကျွန်မပြောရင် သူနောက်ဆုံးမှာ လက်မခံဖို့ကိစ္စကို လက်လျှော့သွားပါလိမ့်မယ်" လို့ အကြံပေးလိုက်ပါတယ်။

ရွာလူကြီးတွေက အမတ်ကြီးကတော် ပြောပြလိုက်တာကို လုံးဝအလေးထားကြတယ်။ ဒါကြောင့် ငွေသားအစစ်နဲ့ ကြွက်ရုပ်ထုပြီး အမတ်ကြီးကတော်ကို လာပေးကြတယ်။ အမတ်ကြီးကတော်က လက်ခံယူပြီး ဂရုစိုက် သိမ်းထားလိုက်တာပေါ့။ ဒီကိစ္စ အမတ်ကြီးသိသွားမှာ သိပ်စိုးရိမ်တာကိုး။

ဒီကိစ္စဖြစ်ပြီး နောက်ပိုင်း သိပ်မကြာခင် အမတ်ကြီး အနားယူလိုက်ရတယ်။ အနားယူလိုက်တော့ ပုံမှန်ဝင်ငွေမရှိတော့ဘူးပေါ့။ စားဖို့သောက်ဖို့ ခက်ခဲလာတော့တာပေါ့။ ဒီအခါမျိုးမှာ အမတ်ကြီးကတော်က ငွေသားကြွက်ရုပ်ကို တိတ်တဆိတ်ထုတ်ယူ၊

လိုအပ်သလောက် ဖြတ်ရောင်းတယ်လေ။ ရောင်းလိုက်တော့ စားစရာနဲ့ အဝတ်အထည်ဝယ်ဖို့ ငွေတွေရတာပေါ့။

ကြာလာတော့ အမတ်ကြီး မစဉ်းစားတတ်အောင်ဖြစ်လို့ ဇနီးကို ဖွင့်မေးကြည့်လိုက်တယ်။

"ဟော့မိန်းမ...၊ အခုငါအနားယူလိုက်လို့ ဝင်ငွေမရှိတော့ဘူးလေ။ ဒီတော့ သုံးစရာအတွက် ဟိုစဉ်ကလို့ မလွယ်တော့ဘူး။ ဒီလိုအနေအထားမျိုးမှာ ငါတို့မိသားစုအသုံးစရိတ်ကို မင်းက အမြဲထုတ်ပေးနိုင်တယ်လေ ဘယ်ကနေပိုက်ဆံတွေ မင်းရနေတာလဲ"

ဒီတော့မှ ဖြစ်ရပ်မှန်ကို ဖုံးထားတဲ့ဇနီးက သူ့အနေနဲ့ ရွာလူကြီးတွေကို ကူညီခဲ့လို့ ရွာလူကြီးတွေက သူ့ကို ကျေးဇူးတင်လွန်းတဲ့အတွက် ကျေးဇူးတုံ့ပြန်တဲ့အနေနဲ့ လက်ဆောင်တွေ လာပေးကြကြောင်း၊ ဒါပေမဲ့ သူက လက်မခံကြောင်းကို အစဖော်ပြီး...

"ရှင် ရုံးမှာရှိစဉ်က ရှင့်အကူအညီကို သိပ်လိုအပ်နေတဲ့ ရွာတစ်ရွာက ရှင့်ကို ရွှေတွေ၊ ငွေသားတွေ ပေးချင်ကြတယ်။ သူတို့က ရှင့်မပေးရဲတော့ ကျွန်မကို လာပေးကြတယ်လေ။ ကျွန်မ လက်မခံပါဘူး။ လက်ခံတာမျိုးကို ရှင် မကြိုက်တာ သိနေတာပဲ။ ဒါပေမဲ့ လက်မခံ၊ လက်ခံအောင် အမျိုးမျိုးပြောကြတော့ ကျွန်မက "ငွေသားစစ်စစ်နဲ့ ကြွက်ရုပ်ကလေးထုပြီး ယူလာခဲ့ပါ" လို့ ပြောလိုက်တယ်။ ရှင်က ကြွက်နှစ်မှာ မွေးတာ မဟုတ်လား။ အဲ... အဲဒီငွေသား ကြွက်ရုပ်ကြောင့် ကျွန်မတို့ ခုလို ဣန္ဒြေရရလေးစားနေနိုင်တာပေါ့ ရှင်ရယ်။ ကျွန်မက ငွေသုံးလိုတိုင်း ကြွက်ရုပ်ကလေးကို နည်းနည်းဖြတ်ပြီး ရောင်းတယ်။ ဒါကြောင့် ကျွန်မတို့ အသုံးစရိတ် မပြတ်တာပေါ့။ ကဲ... သိပြီလား" လို့ ပြောပြလိုက်တယ်။

ဒီတော့ အမတ်ကြီးက နောင်တရတဲ့အသံနဲ့...

"ဟား... မိန်းမရာ၊ ငါ ကျွဲနှစ်မှာမွေးတာလို့ ဘာကြောင့် မပြောလိုက်တာလဲကွာ။ အဲလိုသာ ပြောလိုက်ရင် ငါတို့ ခုထက် ပိုအခြေအနေ မကောင်းပေဘူးလား" လို့ မေးပြော ပြောလိုက်ပါသတဲ့။

ဗီယက်နမ် ကျေးလက်ပုံပြင်

❐



## နှာခေါင်းနီနီနဲ့ မိန်းကလေး

တစ်ခါတုန်းက ညီအစ်မနှစ်ယောက်ရှိခဲ့တယ်။ အစ်မက အပျင်းသိပ်ထူတယ်။ ညီမလေးကတော့ ဝီရိယကောင်းတယ်။ ဒါပေမဲ့ ညီအစ်မနှစ်ယောက်စလုံးကတော့ ချောတာချည်းပါပဲ။ တစ်ခုပြောစရာရှိတာက အစ်မရဲ့မျက်နှာက အမြဲသွေးဆုတ်နေသလိုပဲ။ အမြဲ ဖွေးနေတာပေါ့။ ဖွေးနေတဲ့ပါးကို နီလာအောင် ပါးနီဆေးနဲ့ ခြယ်သပေမဲ့ သူ့ညီမ အသားအရည်နဲ့တော့ ဘယ်လိုမှ ယှဉ်လို့မရဘူး။ ဒါကြောင့်လည်း လူတိုင်းက ညီမဖြစ်သူကို မြင်လိုက်တာနဲ့ ချီးမွမ်းကြတာပေါ့။ သူ့အသားအရည်က နီမြန်းစိုပြည်နေတာကို။

"ကြည့်ပါဦးဟယ်... လှလိုက်တာ၊ သူ့မျက်နှာလေးက ပန်းသီးလေးလိုပဲ"

"ဟုတ်တယ်၊ ပန်းသီးကလေး လှသလို သူ့မျက်နှာလေးက



တကယ့်ကို လှနေတာပဲ။ သူလေးဟာ နှင်းဆီပန်းလိုပဲ။ အို... နှင်းဆီပန်းကတောင် သူ့လောက် မလှပါဘူး”

ညီမကို ချီးမွမ်းကြတဲ့ ဒီလိုအသံတွေကြားရတော့ အစ်မဖြစ်သူဟာ သိပ်စိတ်ပျက်သွားတယ်။ စိတ်ဓာတ်ကျသွားတယ်။

"နှင်းဆီလိုရဲနေတဲ့ မျက်နှာမျိုးဖြစ်လာအောင် ဘယ်လို လုပ်ရပါ့မလဲ။ အင်း... ဟို... မိန်းမလျှာလို အဘိုးကြီးကို သွားမေး ရင် ကောင်းမလား"

ဒီအဘိုးကြီးကလည်း သူတို့အိမ်နားမှာ နေတယ်။ အိုလှ ပြီမို့ မုတ်ဆိတ်မွေးတွေကလည်း ဆွတ်ဆွတ်ဖြူ၊ အသားအရည် က နီမြန်းမြန်း။

တစ်နေ့တော့ အစ်မဖြစ်သူဟာ အဘိုးအိုအိမ်သွားတော့ တာပဲ။ သူရောက်သွားချိန်မှာ အဘိုးအိုက ကြိုးသိုင်းဖိနပ် ချုပ်နေ တယ်လေ။

"ဘာကိစ္စများရှိလို့လဲ သမီးရဲ့"

"ကျွန်မညီမလေး မျက်နှာလို ဝင်းပစိုပြည်ပြီး နီမြန်းနေ တဲ့ မျက်နှာမျိုး ဖြစ်ချင်လို့ပါ။ အင်း... အမှန်အတိုင်း ပြောရရင် တော့ သူ့မျက်နှာထက် ပိုလှချင်ပါတယ်။ သူ့မျက်နှာအရောင် ထက် ပိုစိုပြည် နီမြန်းစေချင်ပါတယ်။ ကျွန်မပြောသလို ဖြစ်လာ အောင် ဘယ်လိုလုပ်ရမလဲ အဘိုး"

"လွယ်ပါတယ်ကွယ်။ ကဲ... အဘိုး ခဏနားလိုက်ဦးမယ်၊ သမီးက ဖိနပ်ဆက်ချုပ်ပေးပေါ့။ နားရင်း စဉ်းစားရမှာပေါ့ကွယ်"

အဘိုးအိုက ထရပ်လိုက်တဲ့အခါ သူက အဘိုးအိုနေရာမှာ ဝင်ထိုင်ပြီး ဖိနပ်ဆက်ချုပ်တယ်။ စချုပ်မယ် ပြင်တာနဲ့ "နေပါဦး အဘိုးရဲ့၊ မလှမပ ဒီလို ကြိုးသိုင်းဖိနပ်မျိုးကို ဘယ်လိုလူကများ လိုချင်တာလဲ"

အဘိုးအိုက သူ့အမေးကို ဂရုမစိုက် အလေးမထားဘဲ "အား... သိပြီ... သိပြီ၊ သမီး ဘာလုပ်ရမယ်ဆိုတာကို အဘိုး

သိပြီ။ အခုချက်ချင်း လယ်ထဲသွား၊ သမီးညီမကို သွားကူလုပ်ပေးလိုက်။ ဒီလိုလုပ်လိုက်ရင် ရက်အနည်းငယ်အတွင်း သမီးမျက်နှာဝင်းပရွှင်လန်းလာလိမ့်မယ်" လို့ ပြောပြလိုက်တယ်။

အင်း... အဘိုးအို ပြောစကားက ဘာမှရေရေရာရာ မရှိတော့ သူစိတ်လေးလေးနဲ့ အိမ်ပြန်လာခဲ့တာပေါ့။ အိမ်ပြန် ရောက်တော့ သူ့ညီမက လယ်ထဲက ပြန်ရောက်နေပြီ။ စားဖို့သောက်ဖို့ချက်ပြုတ်နေပြီ။ ပြင်ထားတဲ့ စားစရာတွေကလည်း မွှေးလိုက်တာ၊ အရသာရှိမယ့်ပုံပဲ။ ဒီတော့ သူက "မြန်မြန်လုပ်စမ်းဟယ်၊ စားပြီးရင် ငါ လယ်ထဲသွား အလုပ်လုပ်ရဦးမယ်" လို့ ပြောလိုက်တယ်။

ဒီတော့ ညီမက သိပ်အံ့အားသင့်သွားတာပေါ့။ ဘာကြောင့်လဲဆိုတော့ သူ့အစ်မဟာ ဘယ်တုန်းကမှ လယ်ထဲ ဆင်းပြီး အလုပ်မလုပ်ဖူးဘဲကိုး။ ဒါကြောင့် "အမယ်လေး... လယ်ထဲက အလုပ်တွေအတွက် ဘာမှပူမနေနဲ့။ အားလုံး ပြီးစီးသလောက်နီးနီး ကျွန်မလုပ်ခဲ့ပြီ။ အစ်မ နားတော့" လို့ ပြန်ပြောလိုက်တယ်။

"နင့်အလုပ် နင်လုပ်စမ်း။ ဘာလဲ၊ နင်က နင့်နှင်းဆီ သွေးအသားအရည်မျိုးကို ငါ မပိုင်ဆိုင်စေချင်လို့လား။ ဟင်း... ကောက်ကျစ်တဲ့ ကောင်မ"

ဒီစကားမျိုးတွေ အစ်မရင်းခေါက်ခေါက် ပါးစပ်က ထွက်လာတော့ သူ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ ဖြစ်သွားရှာတယ်။ ပါးစပ်အဟောင်းသားနဲ့ ကြောင်စီစီ ဖြစ်သွားတာပေါ့။ ဒါပေမဲ့ အစ်မကို သူ ရူးခပ်ကျွေးပါတယ်။ စားပြီး အိပ်ရာပေါ် ခြေညောင်းလက်ဆန့်လှဲတော့တာပဲ။ မကြာခင် အိပ်သွားရော။ ဒါပေမဲ့ အိပ်ရာက ရုတ်တရက်နိုးလာတယ်။ သူ့မျက်နှာ အရောင်အသွေး

လှဖို့ကိစ္စ သတိရလိုက်တော့ ချက်ချင်းထပြီး "လယ်ထဲကို ပေါက်ပြားယူသွား၊ မြန်မြန်ယူသွား" လို့ ပြောလိုက်တယ်။

နောက်မှ သူက ပျင်းပျင်းရိရိနဲ့ လယ်ထဲလိုက်သွားတယ်လေ။ လယ်ထဲရောက်တာနဲ့ ဖိနပ်မှာကပ်နေတဲ့ အမှိုက်သရိုက်တွေကို ခွာချ၊ ဆံပင်ကိုရှင်းပြီးမှ ပေါက်ပြားကိုင်ပြီး အလုပ်စလုပ်တယ်။ ဒါပေမဲ့ သုံးချက်လောက်ပေါက်ပြီး ပေါက်ပြားကို လွှတ်ချလိုက်တယ်။ သူလည်း ဟောဟဲလိုက်နေပုံပဲ။ နောက်တော့ သူ့ညီမဘက်လှည့်ပြီး "ဘာကြောင့် နင်က ဘာမှမလုပ်ဘဲ ရပ်ကြည့်နေတာလဲ။ နင် အလုပ်မလုပ်တော့ဘူးလား" လို့ စူးစူးဝါးဝါး ကြည့်မေးလိုက်တယ်။

သူက အဲဒီလိုဆူပူပြီး အိမ်ပြန် ဖိမ်ကျကျအိပ်တော့တာပဲ။

ဒီပုံအတိုင်း သွားခဲ့တာ ခုဆို သုံးရက်ကြာခဲ့ပြီ။ နေ့တိုင်း သူ့မျက်နှာ ဝင်းပစိုပြည်လာမလာ မှန်ထဲကြည့်တယ်။ ကြည့်တိုင်း ဘယ်လို ထူးခြားမှုမှ မမြင်တွေ့ရတော့ ဒေါသထွက်လာတာပေါ့။ သိုးသားရေ၊ ဆိတ်သားရေနဲ့တောင် ပိုတူလာသလိုပဲ။

စတုတ္ထမြောက်နေ့ကျတော့ လယ်ထဲသွားချင်စိတ် မရှိတော့ဘူး။ အဘိုးအိုကို အပြစ်တင်လိုစိတ်နဲ့ အဘိုးအိုဆီကိုပဲ သွားလိုက်တော့တယ်။ သူရောက်သွားချိန်မှာ အဘိုးအိုက သူ့ဥယျာဉ်ထဲက သစ်ပင်လေးတွေကို မြေဩဇာကျွေးနေတယ်လေ။ သူ့နဖူးမှာလည်း ချွေးပေါက်တွေနဲ့။ ဒါပေမဲ့ မျက်နှာကတော့ ဝင်းလို့၊ လက်လို့၊ ကြည်လို့၊ ရွှန်းလို့။

"ဒီမှာ အဘိုးကြီး၊ ရှင်ပြောခဲ့တာ တစ်ခုမှ ဖြစ်မလာဘူး။ မျက်နှာပေါ်မှာ နှင်းဆီသွေးရောင် လုံးဝသန်းမလာဘူး။ ဒါ ဘယ်လိုဖြစ်တာလဲ" လို့ လက်ညှိုးငေါက်ငေါက်ထိုးပြီး အော်မေးတော့တာပဲ။

ဒီတော့ အဘိုးအိုက ဟက်ဟက်ပက်ပက် ရယ်တယ်။ မျက်တောင်တခတ်ခတ် လုပ်တယ်။ ဖြူဆွတ်နေတဲ့ မုတ်ဆိတ်မွေးကြီးကလည်း ကနေသလိုပဲ။ ခဏကြာတော့မှ သူက လက်ခုပ်တီးပြီး "ဘာမှ ထပ်မပြောနဲ့တော့၊ မင့်ညီမ အရောင်အသွေးထက် မင့်အရောင်အသွေးက ခုပိုလှလာပြီ။ အိမ်ပြန်ပြီး မှန်ထဲ ကြည့်လိုက်စမ်းပါ" လို့ ပြောလိုက်တယ်။

ဒီတော့ သူက သံသယစိတ်နဲ့ "ဘာလဲ၊ လူကို အရူးလုပ်နေတာလား" လို့ မေးလိုက်သေးတယ်လေ။

"ဘယ်သူက မင်းကို အရူးလုပ်ချင်ပါ့မလဲ"

ဒီတော့လည်း ဒီ "မလှချင်" က ချက်ချင်း ပျော်သွားပြီး ကတော့တာပဲလေ။ ကပြီး အိမ်အမြန်ပြန်၊ မှန်ယူပြီး ကြည့်လိုက်တယ်။ ပေါ်လာတဲ့ပုံရိပ်ကို မြင်လိုက်ရတော့ သူ တအားတုန်လှုပ်ပြီး မှန်ကိုတောင် လွှတ်ချမိလိုက်တယ်။ မှန်ကွဲသွားတာပေါ့။ အဲ… သူ့နှလုံးသားလည်း မှန်လိုကွဲသွားရတယ်လေ။ သူ ဆွဲဆွဲငင်ငင် ငိုမိတယ်။ သူ့ညီမ လယ်ထဲကနေ ပြန်ရောက်လာတဲ့အထိ ငိုတုန်းပဲ။ ငိုသံကြားတော့ အိမ်နီးချင်းတွေ ဝိုင်းလာကြတယ်။ သူ ငိုတုန်းပဲ။ ဒါပေမဲ့ ရယ်စရာ သူ့မျက်နှာကို မြင်လိုက်ကြတော့ အိမ်နီးချင်းတွေ အူနှိပ်ရလောက်အောင် ရယ်လိုက်ကြတယ်။ ဒါပေမဲ့ သူတို့မှာ ကြင်နာသနားတတ်တဲ့ နှလုံးသားရှိကြလို့ မရယ်မိအောင် အနိုင်နိုင် ထိန်းချုပ်ထားကြပါတယ်။

ဒါထက် သူ့မျက်နှာက ဘာကြောင့်များ ဒီလောက်တောင် ရယ်စရာကောင်းနေလို့ပါလဲ။

တကယ်တော့ သူ့မျက်နှာ အရောင်အသွေးက သူ့ညီမ

မျက်နှာ အရောင်အသွေးထက်တောင် ပိုလှနေပါတယ်။ ဒါပေမဲ့ အဲဒီပိုလှတဲ့ အရောင်အသွေးက မျက်နှာပေါ်က တစ်နေရာလေးမှာပဲ ထင်းနေတယ်လေ။ သူ့နှာခေါင်းပေါ်မှာပေါ့။ ဒီတော့ သူ့နှာခေါင်းက နီတာရဲကြီး ဖြစ်နေတာပေါ့။ နှာခေါင်းနီတာရဲကြီး ရသွားတာပေါ့။ သူ့နှာခေါင်းကြီး နီလိုက်ပုံများ မုန်လာဥနီကြီးအတိုင်းပါပဲ။

အဲ... ဒီနေ့ကစပြီး ဒီအစ်မဖြစ်သူကို "နှာခေါင်းနီတာရဲနဲ့မိန်းကလေး" လို့ ဝေးနီးဒေသက လူတွေ သိသွားကြပါသတဲ့။

တရုတ်ပုံပြင်

❐

## ဆံပင်နီနဲ့ လူသေးလေး

"ဒါဘိုင်ရှိုင်းယား" မှာ ဟိုးတစ်ချိန်တုန်းက သတ္တုတူး သမားတစ်ယောက်ရှိခဲ့တယ်။ သူ့မှာ သားသုံးယောက်ရှိပေမဲ့ သူ့ဘဝက ဆင်းရဲလွန်းလှပါတယ်။ တစ်နေ့ သူ့သားကြီးက သူစီးပွား ထွက်ရှာမယ်လို့ပြောပြီး အသုံးအဆောင်တွေကို ထုပ်ပိုးတာပေါ့။ စားစရာ၊ သောက်စရာတချို့ကိုလည်း ယူပြီးထွက်သွားတယ်။ ထွက်လာလို့ ခရီးအတော်ပေါက်လာတော့ သစ်တောတစ်တော ထဲ ရောက်လာတယ်။ ဒီအချိန်မှာ သူအတော့်ကို ပင်ပန်းနေလို့ လမ်းဘေးက ကျောက်တုံးကြီးပေါ် ထိုင်နားလိုက်တယ်။ အပန်းပြေ တော့ ယူလာတဲ့ စားစရာတွေ ထုတ်စားတာပေါ့။ စားနေတုန်းမှာ သူ့နားထဲ အသံတစ်သံကြားလိုက်သလို ခံစားလိုက်ရလို့ သူ့ဝန်းကျင် ကို မျက်စိကစားလိုက်တယ်။ ဒီတော့ တောထဲကထွက်လာတဲ့ လူနီ သေးသေးလေးကို တွေ့လိုက်တယ်လေ။ သူ့တစ်ကိုယ်လုံး အမွေး အမှင်တွေဖုံးလို့၊ သူက သားကြီးနားရောက်အောင် လျှောက်လာပြီး



စားစရာနည်းနည်းတောင်းတယ်။ ဒါပေမဲ့ သားကြီးက စားစရာ မပေးဘဲ နှင်ထုတ်လိုက်တယ်။ ဒါတွင်မကဘူး ခြေနဲ့တောင် ကန်လိုက်သေးတယ်လေ။ သူ အနာတရဖြစ်သွားလို့ ထော့ပုံထော့ပုံနဲ့ သစ်တောထဲ ပြန်ဝင်သွားတယ်။

ဒီတော့မှ သားကြီးလည်း ခရီးဆက်ထွက်တာပေါ့။ ဒါပေမဲ့ အချိန်တွေသာ ကြာသွားတယ်၊ သူ့ဘဝက ဘာမှထူးခြားမလာဘူး။ ဆင်းရဲမြဲ ဆင်းရဲနေတာပဲ။ ဒါကြောင့် ခရီးမဆက်တော့ဘဲ အိမ်ပြန်လာခဲ့တယ်လေ။

သားကြီး ပြန်ရောက်လာတော့ သားလတ်က သူလည်း စီးပွားထွက်ရှာမယ်လို့ပြောပြီး အိမ်က ဆင်းလာခဲ့တယ်။ တောထဲရောက်တော့ ထိုင်နား၊ အမောပြေတော့ စားစရာတွေ ထုတ်စား

ပေါ့။ ဒီတော့လည်း စောစောက အမွေးထူလပျစ်နဲ့လူနီလေး သူ့ရှေ့ရောက်လာပြန်တယ်လေ။ သူက စားစရာ နည်းနည်းတောင်း တယ်။ ဒါပေမဲ့ သားလတ်က သူ့ကို လုံးဝဂရုမစိုက်ဘဲ အဝအတင်း စားပြီးမှ စားကြွင်းစားကျန်လေးတွေကို ပစ်ပေးလိုက်တယ်။ ဒီတော့ လူနီလေးက သစ်တောအလယ်မှာ သူတွေ့ထားတဲ့ သတ္တုတွင်းအရောက်သွားပြီး ကံစမ်းကြည့်ဖို့ ပြောပြတယ်။

ဒီတော့ သားလတ်က သတ္တုတွင်းကိုလိုက်ရှာ၊ တွေ့တာနဲ့ "ဟာ...ဒါ သတ္တုတွင်း အဟောင်းကြီးပဲ။ တော်ပြီ... ဒီမှာ ငါ အချိန်မဖြုန်းတော့ဘူး" ဆိုပြီး ခရီးဆက်တယ်။ အင်း... ခရီး သာဆက်ခဲ့တာ ဘာအလုပ်မှမဖြစ်ဘူး။ ဒါနဲ့ပဲ လက်ဗလာနဲ့ အိမ်ပြန်လာခဲ့တော့တယ်။

အဲ... ခုတော့ သားငယ်ကလည်း အရွယ်လေးရလာပြီ လေ။ ဒါကြောင့် သူ့အစ်ကိုပြန်ရောက်တော့ သူလည်း စီးပွား ထွက်ရှာမယ်လို့ ဖအေကြီးကို ပြောပြလိုက်တယ်။ သူလည်း သူ့အစ်ကိုတွေလိုပဲ လိုအပ်တာတွေယူပြီး အိမ်က ထွက်လာခဲ့တာ ပေါ့။ သစ်တောထဲရောက်တော့ လမ်းဘေးမှာ ကျောက်တုံးတစ်တုံး ကို တွေ့လိုက်တယ်။ ဒါနဲ့ သူ ကျောက်တုံးပေါ်ထိုင်၊ စားစရာတွေ ထုတ်စားတာပေါ့။ စားလို့မှ မကြာသေးဘူး။ လူတစ်ယောက်ရဲ့ စကားသံကို ကြားလိုက်တယ်။

"ဂျက်... ဂျက်"

အသံလာရာဘက် လှည့်ကြည့်လိုက်တော့ လူနီသေး သေးလေး။ လူနီလေးက သူ သိပ်ကိုဆာနေလို့ ပေါင်မုန့်နဲ့ ဒိန်ခဲ နည်းနည်းပေးပါလို့ တောင်းတယ်။ ဒီတော့ ဂျက်က "ဟာ...

ပေးမှာပေါ့၊ လာပါ... လာပါ" လို့ ခရီးဦးကြိုပြုပြီး စားစရာတွေ ချကျွေးတယ်။ ဒါတွင် မကဘူး၊ "လိုရင်ပြောနော်၊ ရှိသေးတယ်" လို့တောင် ပြောပြလိုက်ပါသေးတယ်။ ဒီတော့ လူနီသေးသေးလေး က "မလိုပါဘူး...မလိုပါဘူး၊ မင်း ဘယ်လိုလူစားမျိုးလဲဆိုတာ သိချင်လို့ စမ်းကြည့်တာပါ။ ကဲ... ခု... မင်းကို ကူညီမယ်၊ ငွေတွေ၊ ရွှေတွေ ရအောင်ပေါ့။ မင်းက ငါပြောသလို လုပ်ရုံပါပဲ" လို့ ပြောပြတယ်။ သူက ဂျက်ကို သစ်တောအလယ်က သစ်ပင်ခေါင်းတွင်း ဟောင်းကြီးကို တွေ့အောင် ရှာခိုင်းတယ်။

ဒါနဲ့ ဂျက်က လိုက်ရှာတာပေါ့။ ရှာလို့တွေ့တော့ သစ်ပင်ခေါင်းတွင်းနားမှာ လူနီလေးက ရောက်နှင့်နေပြီလေ။

သစ်ပင်ခေါင်းတွင်းအဝက တဲအိုလေးထဲမှာ။ တဲအိုလေးကိုလည်း တွင်းအပေါ်မှာ ဆောက်ထားတာ။ တွင်းဝနားမှာက ဝန်ချီစက်ရှိ တယ်။ လူနီလေးက ဂျက်ကို ရေပုံးထဲဝင်ခိုင်းပြီး တွင်းထဲ ချပေး လိုက်တယ်။ ဒီတော့ ဂျက်က ဖြည်းဖြည်းချင်း တွင်းအောက်ပိုင်း ရောက်ရောက်သွားရာက တွင်းအဆုံးအထိ ရောက်သွားပါရော။ ဒီအခါ ကျမှ သူ ပုံးထဲက ထွက်လိုက်တယ်။ ပုံးအပြင်ရောက်တာနဲ့ သူဟာ လှပတဲ့တိုင်းပြည်ထဲ ရောက်နေမှန်း သိလိုက်ရတယ်။ ဒါနဲ့ သူက ဝန်းကျင်ကိုလှည့်ပတ်ကြည့်လိုက်မိတယ်။ ဒီတော့ သူ့နားမှာ လူသေးသေးလေးက ရပ်နေတာကို မြင်လိုက်တယ်။ သူက ဂျက်ကို ဓားတစ်လက်နဲ့ ချပ်ဝတ်ရုံပေးပြီး ကြေးရဲတိုက်ထဲမှာ အကျဉ်းချခံ နေရတဲ့ မင်းသမီးလေးကို ကယ်ထုတ်ခိုင်းတယ်။ ပြီးတာနဲ့ ကြေးနီ လုံးလေးကို မြေကြီးပေါ် ချလိုက်တယ်။ ကြေးနီလုံးလေး လိမ့်သွား ရာနောက် ဂျက်က လိုက်သွားတော့ ကြေးနီရဲတိုက်ဆီ ရောက်သွား

တာပေါ့။ ကြေးနီလုံးလေးက ရဲတိုက်အဝင်တံခါးကို ခုန်တိုက်လိုက်တော့ ရဲတိုက်ထဲက ဘီလူးကြီး ထွက်လာပါရော။ ဂျက်က သူ့ကို တိုက်တယ်။ နောက်ဆုံး သတ်လိုက်နိုင်တယ်။ ဒါကြောင့် မင်းသမီးကို လွတ်မြောက်နိုင်စေလိုက်တယ်။ ဒါကြောင့် မင်းသမီးဟာ သူ့အိမ်ကို ပြန်သွားနိုင်ခဲ့တယ်။

ကိစ္စတွေပြီးလို့ ဂျက်ပြန်လာတဲ့အခါ လူနီလေးက ငွေရဲတိုက်ဆီသွားပြီးနောက် မင်းသမီးတစ်ယောက်ကို ကယ်တင်ဖို့ သွားရမယ်လို့ ပြောပြန်တယ်။ ပြောပြီး လူနီလေးက ငွေလုံးလေးကို လွှတ်ချလိုက်တော့ ငွေလုံးလေး လိမ့်သွားရာနောက် ဂျက်က လိုက်သွားတယ်။ နောက်ဆုံးမှာ ငွေလုံးလေးက ခမ်းနားလှပတဲ့ ငွေရဲတိုက်တံခါးကြီးနဲ့ တိုက်မိတော့ တံခါးကြီးပွင့်သွားတယ်။ တစ်ချိန်တည်းမှာ ရဲတိုက်စောင့်ဘီလူးထွက်လာပြီး ဂျက်ကို တိုက်ပါလေရော။ နောက်ဆုံး ဂျက်က ဘီလူးကြီးကို အသေသတ်နိုင်လိုက်တယ်။

ငွေတိုက်ထဲက မင်းသမီးကို ကယ်ထုတ်ပြီး မကြာခင်မှာ လူနီလေးက ပြောပြန်တယ်။ အခု မင်း ရွှေရဲတိုက်ထဲက မင်းသမီးကို ကယ်ထုတ်ရဦးမယ်တဲ့။ ဂျက်က သဘောတူတော့ လူနီလေးက ရွှေလုံးလေးကို ပစ်ချလိုက်တယ်။ ရွှေလုံးလေး လိမ့်သွားရာနောက် ဂျက်ကလိုက်၊ နောက်ဆုံး ဂျက်ဟာ ခမ်းနားလှပလွန်းတဲ့ ရွှေရဲတိုက်ကြီးကို မြင်လိုက်ရတယ်။ ရွှေလုံးလေးက မြန်သည်ထက် ပိုမြန်အောင် လိမ့်သွားတော့ နောက်ဆုံး ရွှေရဲ တိုက်တံခါးနဲ့ တိုက်မိပါရော။ ဒီတော့ ရွှေရဲတိုက်ထဲက ဘီလူးကြီးက "ဘာများပါလိမ့်" ဆိုပြီး ထွက်လာတယ်။ ဂျက်က သူ့ကို ချက်ချင်းတိုက်တယ်။ နောက်ဆုံး ဘီလူးကြီး သေသွားတယ်။ ဒီတော့မှ ဂျက်က ရဲတိုက်

ကြီးထဲဝင်၊ အချုပ်ခံထားရတဲ့ မင်းသမီးချောလေးနဲ့တွေ့၊ တွေ့တော့ ချက်ချင်းပဲ ဂျက်က ချစ်မိသွားတယ်။ ဒါနဲ့ သူက မင်းသမီးကို လူနီလေးဆီ ခေါ်လာခဲ့တော့ လူနီကလေးကပဲ သူတို့နှစ်ဦးကို လက်ထပ်ပေးလိုက်တယ်။ နောက်ပြီး ရွှေတိုက်ထဲက ကြိုက်သလောက် ရွှေတွေကို ယူခွင့်ပေးလိုက်တယ်။ ကိစ္စအားလုံးပြီးသွားတော့ သူကပဲ သစ္စာတွင်းပေါ်အရောက် ပြန်ခေါ်ခဲ့ပြီး သူတို့ ဂျက်အိမ်ကို ပြန်လာခဲ့တယ်။

ဂျက်က သူ့အဖေနဲ့အမေအတွက် အိမ်တစ်လုံးစီ ဆောက်ပေးပါတယ်။ ဒီတော့ အစ်ကိုနှစ်ယောက်က မနာလိုတိုရှည် ဖြစ်ကြတာပေါ့။ ဒီတော့ အင်း... ငါတို့လည်း ဂျက်လို ရွှေတွေရအောင် သစ္စာတွင်းကို သွားကြမယ်ဆိုပြီး ထွက်သွားကြတာလေ။ ဒါပေမဲ့ သစ္စာတွင်းအဝပေါ် ဆောက်ထားတဲ့ တဲလေးထဲ ဝင်မိတာနဲ့ ငါ အရင်ဆင်းမယ်၊ သူ အရင်ဆင်းမယ်နဲ့ ပုံးထဲရောက်အောင် အပြင်းအထန် အလုအယက် ကြိုးစားကြတုန်း ရေပုံးကြိုးပြတ်ပြီး နှစ်ယောက်စလုံး တွင်းအောက်အထိ ပြုတ်ကျသွားပါရော။ အချိန်တန်လို့ ပြန်မရောက်လာတော့ ဂျက်နဲ့ သူ့အဖေက လိုက်ရှာကြတယ်။ နောက်ဆုံးမှာ သူတို့ သားအဖ သစ္စာတွင်းဆီရောက်လာကြတယ်။ ဒါပေမဲ့ သစ္စာတွင်းအဝက လုံးဝ ပိတ်သွားပြီလေ။ တဲလေးလည်း ပြိုပျက်နေတာ တွေ့လိုက်ကြရတယ်။ ဒီကတည်းက ဒီနေရာဟာ ရှာမတွေ့နိုင်လောက်အောင် ဖုံးလွှမ်းခံလိုက်ရတော့တာပဲတဲ့။

အင်္ဂလိပ်ကျေးလက်ပုံပြင်

❐

## သည်းခံစိတ်ရှည်တဲ့ ဂရီဆဲဒါး

အီတလီမှာ "ဝေါလတာ" ဆိုတဲ့ သူဌေးကြီးတစ်ယောက် ရှိခဲ့တယ်။ ဒီသူဌေးကြီးက "ဆာလူးဇို း" ခရိုင်ကို အုပ်ချုပ်ရသူ ဖြစ်တယ်။ သူ့ကို လူတိုင်းက ချစ်ခင်လေးစားကြတယ်။ သူ့မှာ ဇနီးတော့ မရှိဘူး။ ဒါပေမဲ့ သူ့လက်အောက်ခံလူတွေကတော့ မိန်းမယူစေချင်ကြတယ်။ ဒါကြောင့် အမြန်ဆုံးလက်ထပ်ဖို့၊ ဒါမှ သူ ကွယ်လွန်ပြီးနောက်ပိုင်းမှာ သူ့အရိုက်အရာကို ဆက်ခံမယ့် သားတစ်ယောက်ရမှာလို့ တိုက်တွန်းကြတယ်။

သူတို့က "ဘယ်တော့သေမလဲဆိုတာ ဘယ်သူမှ မသိကြပါဘူး။ ဒီတော့ အရှင့်မှာ ဆက်ခံဖို့ သားတစ်ယောက်မရှိခဲ့ရင် ကျွန်တော်တို့အတွက် ဝမ်းနည်းစရာပဲ။ ကျွန်တော်တို့ကလည်း သူစိမ်းအုပ်ချုပ်တာကို မခံချင်ကြပါဘူး။ ဒါကြောင့် အရှင်က ခွင့်ပြုမယ်ဆိုရင် ကျွန်တော်တို့က အရှင့်အတွက် မြင့်မြတ်တဲ့



ဇနီးတစ်ယောက်ကို ရှာဖွေရွေးချယ်ပေးလိုပါတယ်” လို့ ပြောပြလိုက်ကြတယ်။

သူ့လူတွေက သူ့ကို သိပ်ချစ်ကြကြောင်း သိလိုက်ရတော့ “ဝေါလတာ” သိပ်ဝမ်းသာ ဂုဏ်ယူမိတာပေါ့။ “ဒီမှာ ကျုပ်ချစ်ရတဲ့လူတွေ၊ ကျုပ်က မိန်းမယူချင်တာ မဟုတ်ဘူး။ ဒါပေမဲ့ ခင်ဗျား

တို့က ယူစေချင်ရင် ယူပါ့မယ်။ ဒါပေမဲ့ ကျုပ်ကိုယ်တိုင် ရွေးမယ်။ အဲ...တစ်ခုရှိတယ်။ ကျုပ် ရွေးလိုက် သူဟာ ဘယ်သူပဲ ဖြစ်နေ ဖြစ်နေ ခင်ဗျားတို့က သူ့အပေါ် ကောင်းရလိမ့်မယ်၊ လေးစားနာခံ ရလိမ့်မယ်"

အားလုံးက သဘောတူကြတယ်။ ဘယ်တော့ လက်ထပ်မှာလဲလို့ မေးကြတယ်။ ဒီတော့ ဝေါလတာက အစေခံတွေကို လက်ထပ်ပွဲမှာ ကျွေးဖို့မွေးဖို့ စီစဉ်ခိုင်းတယ်။ ဒါပေမဲ့... သူဘယ်သူ့ကို ဇနီးအဖြစ် ရွေးမလဲဆိုတာကိုတော့ ဘယ်သူမှ မသိကြဘူး။

ဝေါလတာရဲ့ အိမ်အနီးမှာ "ဂျာနီကိုလာ" ဆိုတဲ့ ဆင်းရဲသားတစ်ယောက် နေတယ်။ သူ့သမီးချောလေးက "ဂရီဆဲဒါး" တဲ့။ သူလေးက လှသလောက် သဘောကောင်းတယ်။ ရက်ကန်းရက်တယ်။ လယ်ထဲဆင်းပြီး အဖေ့ကို ကူတယ်။ ညကျတော့ ညစာချက်ပေါ့။ ဆင်းရဲသား ညစာပေါ့။

ဝေါလတာက အမဲလိုက်ထွက်တိုင်း ဂရီဆဲဒါးလေးကို တွေ့ရတယ်။ တွေ့ဖန်များတော့ ချစ်စိတ်ဝင်လာပြီး ငါလက်ထပ်ရင် သူ့ကိုပဲလက်ထပ်မယ်လို့ တေးထားလိုက်တယ်လေ။ အဲ... လက်ထပ်ဖို့နေ့ ရွေးပြီးတဲ့အခါ သူ ဘယ်သူ့ကို လက်ထပ်မလဲဆိုတာ ဘယ်သူမှ မသိကြဘူး။ ဒါပေမဲ့ ကျွေးဖို့မွေးဖို့တွေတော့ ချက်နေပြုတ်နေ ပြင်ဆင်နေကြတာပဲ။ ဟော... ဧည့်သည်တွေလည်း ရောက်လာကြပြီ။ အားလုံးလည်း အဆင်သင့်ဖြစ်နေပြီ။ ဒါပေမဲ့ သူ့ဇနီးလောင်းက ဘယ်သူလဲ။ ဝေါလတာကလွဲလို့ ဘယ်သူမှ မသိကြဘူး။

ဒီအချိန်မှာပဲ ဝေါလတာက သူ့မြင်းကြီးကို ခေါ်လာဖို့

ပြောလိုက်တယ်။ မြင်းကြီးရောက်လာတာနဲ့ ရွာဘက်ထွက်လာခဲ့တာပေါ့။ ညှော်သည်တွေက သူ့နောက်ကလိုက်၊ ဒီအချိန်မှာ ဂရီဆဲဒါးက ရေတွင်းသွား ရေခပ်နေတာ။ သူလေးလည်း ကနေ့ဟာ ဝေါလတာ လက်ထပ်မယ့်နေ့ဆိုတာ သိထားတယ်။ ဒါကြောင့် အလုပ်တွေ စောစောပြီးချင်နေတယ်။ ဒါမှ သူလည်း လက်ထပ်ပွဲကို တစေ့တစောင်း ကြည့်နိုင်မှာကိုး။ အဲ... သူ ရေခပ်ပြန်ရာက အိမ်ပြန်ရောက်တော့ အိမ်ရှေ့မှာ ဝေါလတာရပ်နေတာ တွေ့လိုက်ရတော့ အတော့်ကို အံ့အားသင့်သွားရှာတယ်။

ဝေါလတာက "ဂရီဆဲဒါး၊ မင့်အဖေ ဘယ်မှာလဲ" လို့ မေးလိုက်တယ်။

"အရှင်၊ အဖေ ဥယျာဉ်ထဲမှာပါ" လို့ ပြောပြီး သူ့အဖေကို အပြေးအလွှား သွားခေါ်တယ်။ အဘိုးအိုရောက်လာတော့ ဝေါလတာက အိမ်ဝင်းတံခါးနားမှာ။

ဝေါလတာက "ဂျနီကိုလာ၊ ခင်ဗျားသမီးကို ကျွန်ုပ်ဇနီးအဖြစ် လက်ထပ်လိုပါတယ်။ သဘောတူနိုင်ရဲ့လား" လို့ မေးလိုက်တယ်။

အဘိုးအို စကားပြန်မပြောနိုင်လောက်အောင် အံ့အားသင့် သွားရှာတယ်။ ဒီချမ်းသာတဲ့အရှင်က သူ့သမီးကို လက်ထပ်လိုတယ်ဆိုတာ ဖြစ်နိုင်ပါ့မလားပေါ့။ ဒါပေမဲ့ နောက်ဆုံးမှာ သူက ဝေါလတာဟာ အရာရာကို စိုးမိုးအုပ်ချုပ်သူမို့ သူလည်း စိုးမိုးအုပ်ချုပ်ခံရမှာပါလို့ ပြန်ပြောလိုက်တယ်။ ဒီတော့ ဝေါလတာက ဂရီဆဲဒါးဘက်လှည့်ပြီး "ဘယ်လိုလဲ၊ မင်းလေးကရော သဘောတူလက်ခံမှာလား" လို့ မေးပြန်တယ်။

"အရှင်… ကျွန်မက ဆင်းရဲသူပါ။ ဒါပေမဲ့ အရှင်က လက်ထပ်လိုတယ်ဆိုရင်တော့ အရှင့်ဆန္ဒကို လိုက်လျောဖို့၊ နာခံတဲ့ ဇနီးမယားဖြစ်ဖို့၊ သစ္စာရှိတဲ့ ဇနီးဖြစ်ဖို့ အဆင်သင့်ပါပဲ။ ကျွန်မ အရှင့်ကို ဘယ်တော့မှ မလေးမစားမပြုလုပ်ပါဘူး။ ကျွန်မ သေလျှင် သေပါစေ၊ အရှင့်ဆန္ဒကို ဘယ်တော့မှ မဆန့်ကျင်ပါဘူး"

ဒီတော့ ဝေါလတာက သူမကို တဲအဝင်တံခါးဆီ ခေါ်လာပြီး ညှော်သည်တွေကို ပြလိုက်တယ်။

"ဒါ ကျုပ်ဇနီးပါ။ သင်တို့အားလုံး သူ့ကို ချစ်ခင်ကြပါ။ ဂုဏ်ပြုကြပါ။ ဒါဆိုရင် သင်တို့ဟာ ကျုပ်ကို ချစ်တာပါပဲ။

သူက ဒီလိုပြောပြီး ဂရီဆဲဒါးကို လှပတဲ့ဝတ်ရုံတွေ ဆင်မြန်းပေးကြဖို့ အမျိုးသမီးတွေကို ပြောလိုက်တယ်။ သူက တော့ သူမကို လက်စွပ်ဝတ်ပေးတယ်။ နောက် မြင်းဖြူကြီးပေါ် တင်ပြီး သူ့အိမ်ဘက် အတူထွက်လာခဲ့တယ်။ အဲ… အဲဒီ တစ်နေ့လုံး ကတော့ ကျေးမွေးညှော်ခံတာတွေနဲ့ ကုန်ဆုံးသွားခဲ့ပါတယ်။

ဂရီဆဲဒါးကလည်း သိပ်ကို သနားကြင်နာတတ်တယ်။ သဘောကောင်းတယ်။ ဒီတော့ လူတွေကလည်း သူ့ကို ပိုချစ်လာကြတာပေါ့။ နောက်ဆုံး သူလေးဟာ ဆင်းရဲသားတစ်ယောက်ရဲ့ သမီးဆိုတာတောင် ပျောက်သွားကြတယ်လေ။ လင်သားအပေါ် မှာလည်း လေးစားသမှုက အပြည့်ပဲ။ ဝေါလတာကတော့ သူ့ဇနီးလေးမှာ အပြစ်မြူမှုန်လောက်တောင် မရှိဘူးလို့ပဲ မှတ်ယူထားလိုက်တယ်။ ဒါကြောင့်မို့လည်း လက်ထပ်ပြီး တစ်နှစ်အတွင်းမှာ သိပ်ကို ပျော်ကြတာပေါ့။ အဲ… သမီးဦးလေးမွေးလာတော့ အချိုပေါ် သကာလောင်းသလို ဖြစ်သွားပြန်တာပဲလေ။

ဒါပေမဲ့ သကာလောင်းသလို အနေအထားက သိပ်မကြာလိုက်ဘူး။ ဝေါလာတာက သူလေးအချစ်ကို စမ်းသပ်ချင်လာတယ်။ သူလေး တာဝန်ကျေမကျေ သေချာသိချင်လာတယ်။ ဒီတော့ ကောက်ကျစ်တဲ့စိတ်ကူးရလိုက်တာပေါ့။ ဒါနဲ့ သူက သူဟာမျိုးနွယ်မြင့်မြတ်တဲ့ အမျိုးသမီးနဲ့ လက်မထပ်လို့ လူတွေက ဒေါသထွက်နေကြတယ်လို့ လန်ကြုတ်ဇာတ်လမ်းဆင်တော့တာပေါ့။ ဒီထက်ဆိုးတာက သားမွေးရမယ့်အစား သမီးမွေးလို့ ပိုစိတ်ဆိုးကြတယ်လို့ ပြောပြလိုက်ပြန်တယ်။

ဒီတော့ ငါ့လူတွေကို ငါ ပျော်စေချင်တယ်။ သူတို့ ပြောတာမှန်သမျှ ငါ နားထောင်ရမယ်။ တစ်ချိန်တည်းမှာ သင့်စိတ်သဘောနဲ့ ဆန့်ကျင်တာကိုလည်း ငါ မလုပ်လိုဘူး။ ဒီတော့ ဟိုစဉ်ကလိုပဲ သည်းခံမြဲ သည်းခံပြီး နာခံမြဲ နာခံစေချင်တယ်"

"အရှင်၊ အကောင်းဆုံး ထင်တာကိုလုပ်ပါ။ ကျွန်မ အမြဲရှိသေနာခံပါ့မယ်" လို့ ဂရီဆဲဒါးက ပြန်ပြောလိုက်တယ်။

သူမပြန်ပြောတာ ကြားလိုက်တော့ ဝေါလတာ သိပ်ပျော်သွားတယ်။ ဂုဏ်လည်း ယူမိတယ်။ ဒါပေမဲ့ အပျော်စိတ်ကို မျိုသိပ်ပြီး အခန်းထဲက ထွက်သွားတယ်။ ထွက်သွားရင်းမှာလည်း ဒီထက်ပိုစမ်းကြည့်ဖို့ ဆုံးဖြတ်လိုက်တယ်။ ဒါနဲ့ သူက အစေခံတစ်ယောက်ကို ခေါ်ပြီး "ဂရီဆဲဒါး အခန်းကိုသွား၊ "အရှင်မ၊ ကျွန်တော့်ကို ခွင့်လွှတ်ပါ။ ကျွန်တော်ဟာ ခိုင်းတဲ့အတိုင်း လုပ်ရသူပါ။ အခု အရှင်မရဲ့ကလေးကို တစ်နေရာ ပို့လိုက်ဖို့ အမိန့်ပေးလိုက်ပါတယ်" လို့ ပြောခိုင်းလိုက်ပါတယ်" လို့ ပြောလိုက်တယ်။

အင်း... သနားစရာ ဂရီဆဲဒါးလေးပါပဲ။ သူ သိပ်ချစ်ရတဲ့

သမီးလေးကို သတ်ပစ်မှာ သိပ်စိုးရိမ်မိလိုက်ရှာတယ်။ ဒါပေမဲ့ သူစိတ်ကို တင်းလိုက်တယ်။ သူ့ခင်ပွန်းကို ပေးထားတဲ့ကတိကို အမှတ်ရလိုက်လို့ သမီးငယ်လေးကို တစ်ချက်အားရပါးရနမ်းပြီး လှမ်းပေးလိုက်တယ်။

ဝေါလတာက သမီးလေးကို "ဘိုလိုနာ" က သူ့အစ်မဆီ ပို့လိုက်တယ်။ သူ့အစ်မကလည်း တူမလေးကို သိပ်ချစ်ရှာတယ်။ သိပ်လည်း ဂရုစိုက်တယ်။ ဒီလိုနဲ့ နှစ်တွေကြာလာတော့ ဂရီဆဲဒါး က သူ့သမီးလေး သေပြီလို့ ထင်လိုက်မိတာပေါ့။ ဝေါလ တာက လည်း သူ့ဇနီးလေးအခြေအနေကို မျက်ခြည်မပြတ် စောင့်ကြည့် နေတာပဲ။ ဝမ်းနည်းတဲ့ လက္ခဏာ၊ သူ့အပေါ် ဒေါသဖြစ်စိတ်ဆိုး တဲ့ လက္ခဏာပေါ်မပေါ် လေ့လာသုံးသပ်တယ်။ ဒါပေမဲ့ ဂရီဆဲဒါး ဘက်က ဘာမှထူးခြားပုံမပြဘူး။ ဟိုစဉ်ကလို ကြင်နာတုန်း၊ သဘောကောင်းတုန်းပဲ။ သမီးလေးအကြောင်းလည်း ဘယ်တော့မှ မပြောတော့ဘူး။ ဟိုစဉ်ကလို လင်သားအပေါ် တာဝန်ကျေတုန်း၊ ရိုသေလေးစားတုန်းပါပဲ။

ဒီလိုနဲ့ လေးနှစ်ကြာလာတဲ့အချိန်မှာ သားယောကျ်ား လေး မွေးလာပြန်တယ်။ သားယောကျ်ားလေးမွေးတော့ အားလုံး က သိပ်ပျော်သွားကြတာပေါ့။ သူ့အဖေလည်း ပျော်မဆုံးပဲ။ ဒါပေမဲ့ သားလေးနှစ်နှစ်အရမှာ သည်းခံစိတ်ရှည်တဲ့ သူ့ဇနီးကို စမ်းသပ်ဖို့ ဆုံးဖြတ်ပြန်တယ်။

ဒီတစ်ခါတော့ သူကိုယ်တိုင် ဂရီဆဲဒါး အခန်းသွားပြီး ပြောတယ်။

"ငါတို့ မင်္ဂလာဆောင်ကြတဲ့ကိစ္စ လူတွေ ဘယ်လောက်

စိတ်ဆိုးဒေါသ ထွက်ကြတဲ့အကြောင်း ငါ မင်းကို ပြောခဲ့ပြီးပါပြီ။ ဟော... ခုတစ်ခါ သူတို့က ပြောပြန်ပြီလေ။ ငါကွယ်လွန်ပြီးနောက် ဆင်းရဲသား "ဂျာနီကိုလာ" ရဲ့မြေးက အုပ်ချုပ်မယ်ဆိုရင် သိပ်ကို မှားယွင်းတော့မှာပဲတဲ့။ ဒီတော့ ငါ့မှာ သူ့ကို သူ့အစ်မအတိုင်း လုပ်ရတော့မလို ဖြစ်နေတယ်"

ဒီတစ်ကြိမ်မှာလည်း ဂရီဆဲဒါးက သည်းခံပြီး ဒေါသ မထွက်၊ ဝမ်းနည်းမပြဘဲ ငြိမ်နာခံလိုက်တယ်။ ဒီသားလေးကိုလည်း "ဘိုလိုနာ" ပို့လိုက်တာပါပဲ။ သူ့အစ်မက ကျွေးမွေးပြုစုပေါ့။

သူ့ဇနီးရဲ့အနေအထားမှန်ကို သိလိုက်ရတော့ ဝေါ်လတာ အကြီးအကျယ် အံ့ဩမိတာအမှန်ပဲ။ ဘာကြောင့်လဲဆိုတော့ သူ့သားသမီးလေးတွေကို သူဘယ်လောက်ချစ်တယ်ဆိုတာ သိထားတာကိုး။ သူ့ဇနီး ဘယ်လိုအနေအထားပြောင်းသွားမလဲဆိုတာ မျက်ခြည်မပြတ် စောင့်အကဲခတ်ပေမဲ့ ဘာအပြောင်းအလဲမှ မတွေ့ရဘူး။ ဟိုစဉ်ကလို သဘောထားကောင်း နေမြဲ နာခံမြဲပဲ။

ဘာလိုလိုနဲ့ ခုဆိုရင် လေးနှစ်ကြာလာခဲ့ပါပြီ။ ဒီအချိန်မှာ ဝေါ်လာတာက နောက်ဆုံးစမ်းသပ်ဖို့ ဆုံးဖြတ်လိုက်တယ်။ သူ နောက်ဆုံးစမ်းသပ်ဖို့ ဆုံးဖြတ်ချက်မှာ သူ့အစ်မဆီပို့ထားတဲ့ သမီးလေးကလည်း ၁၂ နှစ်အရွယ်ရောက်နေပြီ။ ဒီတော့ သူက ဂရီဆဲဒါးကို နှင်ထုတ်ဖို့ ဟန်ဆောင်လိုက်တယ်။ ဒါမှ သူက ချမ်းသာမြင့်မြတ်တဲ့ အမျိုးသမီးနဲ့ နောက်အိမ်ထောင် ထပ်ပြုနိုင်မှာကိုး။ ဂရီဆဲဒါး တုန်လှုပ်ချောက်ချားသွားရလောက်အောင်ကို ဝမ်းနည်းကြေကွဲသွားရှာတယ်။ သူက ဝေါ်လတာကို ယောကျ်ား

တကာထက် ပိုချစ်မိနေတာကို။ ဒါပေမဲ့ သူ့နဂိုသဘာဝအတိုင်း မလိုရင်လည်း ထွက်သွားဖို့ အဆင်သင့်ပဲပေါ့။

ဂရီဆဲဒါး ထွက်သွားတော့ ဝေါလတာက သူ့အစ်မယောကျ်ားဆီ သတင်းပို့လိုက်တယ်။ တခြား မဟုတ်ပါဘူး။ သူ့ကလေးနှစ်ယောက်ကို ပြန်ခေါ်လာဖို့နဲ့ ဒီကလေးနှစ်ယောက်ဟာ ဘယ်သူတွေဖြစ်ကြောင်း ဘယ်သူ့ကိုမှမပြောပြဖို့ပါပဲ။ ဘာကြောင့်လဲဆိုတော့ သူက မိန်းကလေးရောက်လာတာဟာ သူနဲ့ လက်ထပ်ဖို့လို့ ဟန်ဆောင်ချင်တာကို။ ပြင်ဆင်စရာ အားလုံးပြီးတော့ ဝေါလတာက သူ့ကို ခွဲသွားပါတော့လို့ ဂရီဆဲဒါးကို ပြောလိုက်တယ်။

"ငါ မင်းကို လက်ထပ်တာဟာ မင်းက သဘောကောင်းလို့၊ ရိုသေနာခံတတ်လို့ပဲ။ ဒါပေမဲ့ မင်းက မချမ်းသာဘူး၊ အမျိုးကလည်း မမြင့်မြတ်ဘူး။ ဒါကြောင့် ငါ့လူတွေက နေ့စဉ်ရက်ဆက် နောက်အိမ်ထောင်ပြုဖို့ တောင်းပန်ကြတယ်။ အခုတော့ ငါ့ဇနီးအသစ်ကလေးက လာနေပြီ။ ဒါကြောင့် မင်းနေရာကို သူ့အတွက် ဖယ်ပေးလိုက်ပါ။ မင်းရဲ့ အဝတ်အစားဟောင်းတွေယူပြီး မင့်အဖေအိမ်ပြန်ပါတော့"

ဂရီဆဲဒါး စကားတစ်ခွန်းတောင် ပြန်မပြောပါဘူး။ ဝတ်ထားတဲ့ ဝတ်ကောင်းစားလှတွေချွတ်ပြီး သူပိုင်အဝတ်အစားဟောင်းလေးတွေကို ပြန်ဝတ်လိုက်တယ်။ နောက် သူ့အဖေအိမ်ကို ပြန်သွားလိုက်တာပဲ။

နောက်ပိုင်း မကြာခင်မှာ ဝေါလတာ့ကလေးတွေ ရောက်လာကြတယ်။ ဒီတော့ သူက ဂရီဆဲဒါးကိုခေါ်လိုက်ပြီး သူ့ဇနီးသစ်

ကလေးကို အလုပ်အကျွေးပြုဖို့ ပြောတယ်။ ဒီတော့လည်း ဂရီဆဲဒါးက "အရှင့်စိတ်တိုင်းကျလုပ်ပေးဖို့ ကျွန်မ အမြဲ ကျေနပ်ပါတယ်" လို့ပဲ ပြန်ပြောလိုက်တယ်။

ဟော... ညစာစားပွဲမှာ ဧည့်သည်တွေ ရောက်လာကြပြီ။ ဒီအခါမှာ ဝေါလတာက ဂရီဆဲဒါးကိုခေါ်ပြီး အပျော်အပျက်သဘောနဲ့ "ဘယ်လိုလဲ ဂရီဆဲဒါး၊ ငါ့ဇနီးသစ်ကလေးကို ဘယ်လိုမြင်သလဲ" လို့ မေးလိုက်တယ်။

"အရှင်၊ သူ့ထက်ပိုလှတဲ့ မိန်းကလေးကို ကျွန်မ မတွေ့ဖူးပါဘူး။ အရှင် သိပ်ကိုပျော်မယ်လို့ ထင်ပါတယ်။ ဒါပေမဲ့ သူ့ကို ကြင်နာသနားဖို့တော့ ကျွန်မ တောင်းပန်ပါတယ်"

ဒီလိုပြန်ပြောရာမှာ မနာလိုဝန်တိုဟန်၊ ဒေါသထွက်ဟန် တစိုးတစိလေးမှ မမြင်တွေ့ရဘူး။ ဒါကြောင့် ဝေါလတာဟာ သူလေးရဲ့ အစစ်အမှန် ကောင်းမြတ်တဲ့ စိတ်နေသဘောထားကို လုံးဝ စိတ်ချယုံကြည်သွားတယ်။ ဒီတော့ သူက အားရဝမ်းသာလွန်းစွာနဲ့ "ကျုပ်ရဲ့ ဂရီဆဲဒါး၊ ဒီလောက်ဆို လုံလောက်သွားပြီ။ ဘယ်ယောကျ်ားမှ ကြင်နာသည်းခံတတ်တဲ့ ဂရီဆဲဒါးလို သစ္စာရှိပြီး ချစ်စရာဇနီးမျိုးကို မရခဲ့ဖူးဘူး" လို့ အားရကျေနပ်ခြင်းကြီးစွာ ဟစ်ကြွေးလိုက်တယ်။

သူက ဂရီဆဲဒါးကို ဖက်ပြီး နမ်းလိုက်တယ်။ ဂရီဆဲဒါးကတော့ အိပ်မက်မက်နေသလားလို့တောင် ထင်မိလိုက်တယ်။ ဒီအချိန်မှာပဲ ဝေါလတာက ဇာတ်စုံခင်းပြလိုက်တယ်။

"တကယ်တော့ ခုကိစ္စတွေဟာ မလုပ်ထိုက်တဲ့ ကောက်ကျစ်စဉ်းလဲမှုတွေပဲ။ ဒါပေမဲ့ မင်းဟာ ငါ့ဇနီးပါ။ ငါ နောက်

တစ်ယောက်ကို ဘယ်တော့မှ လိုချင်မှာမဟုတ်ပါဘူး။ ဟောဒီ မိန်းမချောလေးက ငါတို့သမီး၊ ဟောဟို ယောကျ်ားလေးက ငါတို့သား၊ ကုန်လွန်ခဲ့တဲ့နှစ်တွေမှာ သူတို့ "ဘိုလော့နာ" မှာ နေကြတယ်လေ။ ကဲ... သူတို့ကို ခေါ်လိုက်ပါဦး။ သူတို့ဟာ မင်းရဲ့ အချစ်ဆုံး သားသမီးလေးတွေလေ။ ခုတော့ ဘေးမသိ ရန်မခဘဲ အိမ်ကို ပြန်ရောက်ကြပါပြီ"

ဂရီဆဲဒါး ဝမ်းသာရှာလွန်းလို့ မူးမေ့လဲကျမလိုတောင် ဖြစ်သွားပါတယ်။ သတိနဲ့ ပြန်ထိန်းတော့မှ ပုံမှန်အနေအထား ရောက်သွားပါတယ်။ ဒီတော့လည်း နှစ်ရှည်လများ ပျောက်ဆုံးသွားတဲ့ ရင်သွေးနှစ်ယောက် သူ့ဆီ ရောက်လာလို့ ဘုရားသခင်ကို ကျေးဇူးတင်မိလိုက်တယ်။ သူက ကလေးနှစ်ယောက်ကို မဝနိုင်တဲ့ နမ်းခြင်းမျိုးနဲ့ နမ်းတယ်။ ဝမ်းသာလွန်းလို့ မျက်ရည်တွေတွေ စီးကျလာတယ်။

နောက်တော့ သူက "ကျွန်မ အရှင့်ကို ကျေးဇူးတင်ပါတယ်။ အရှင်က ကျွန်မချစ်ရတဲ့ ကလေးနှစ်ယောက်ကို ပြန်ခေါ်ပေးလိုက်ပါပြီ။ ဒါကြောင့် ခု ကျွန်မ ဘာကိုမှမကြောက်တော့ဘူး။ သေမှာကိုတောင် မကြောက်တော့ဘူး။ ဘာကြောင့်လည်းဆိုတော့ ခုတော့ ကျွန်မဟာ အရှင်ရဲ့အချစ်ကို အစစ်အမှန် လက်ဝယ်ပိုင်ပိုင်ရလိုက်ပြီလို့ သိရတဲ့အတွက်ပါပဲ" လို့ ပြောပြလိုက်ပါတယ်။

ကင်တာဘာရီပုံပြင်

❐

## တားမြစ်ထားတဲ့တံခါး

ဟိုး... တစ်ချိန်တုန်းက သိပ်ကိုဆင်းရဲတဲ့ လူတစ်ယောက် ရှိခဲ့တယ်။ ဒါကြောင့် သူဟာ နေ့စဉ်ဈေးသွားပြီး အလုပ်ရှာရတယ်။ တစ်နေ့ အဘိုးအိုတစ်ယောက် သူ့နားလာကပ်ပြီး သူ့ကို သေသေချာချာကြည့်တယ်။ ပြီးမှ "ငါနဲ့လိုက်ခဲ့" လို့ ပြောလိုက်တယ်။ သူတို့နှစ်ယောက် နောက်ဖေးလမ်းကြိုလမ်းကြားတွေပေါ် လျှောက်သွားရင်း နောက်ဆုံးမှာ အိမ်အဝင်တံခါးပေါက်ကြီးနား ရောက်သွားကြတယ်။ ဒါနဲ့ သူတို့တံခါးပေါက်ကနေ အိမ်ထဲဝင်၊ အိမ်ထဲရောက်တာနဲ့ ဆင်းရဲသားက ဒီအိမ်ပိုင်ရှင်ဟာ သိပ်ကို ချမ်းသာမှန်း သိလိုက်တယ်။ ဘာကြောင့်လဲဆိုတော့ ငွေနဲ့ရွှေနဲ့ လုပ်ထားတဲ့ အရာဝတ္ထုတွေက အိမ်အနှံ့ရှိနေတာကိုး။

ခန်းမကြီးတစ်ခုထဲ ဝင်လိုက်ပြန်တော့ အသက်အရွယ်ကြီးရင့်လှပြီဖြစ်တဲ့ အဘိုးအို အတော်များများကို တွေ့လိုက်ရ



တယ်။ ဒါပေမဲ့ သူခေါ်လာတဲ့ အဘိုးအိုကတော့ သူတို့ အားလုံးကို လျစ်လျူရှုပြီး တခြားအခန်းထဲဝင်သွားတာပဲ။ ဒီအခန်းထဲမှာ သေတ္တာသေတ္တာ အသေးတွေ၊ အကြီးတွေ အများ ကြီးပဲ။ အဘိုးအိုက သေတ္တာတစ်လုံးကို ဖွင့်လိုက်တယ်။ ဟား... ဆင်းရဲသား မျက်စိတွေတောင် စူးသွားတယ်။ သေတ္တာထဲမှာ ရွှေပြားတွေ အပြည့်ကိုး။

အဘိုးအိုက "မင်း လုပ်ဖို့က ငါတို့ စားသောက်ဖို့ ဟောဒီ ရွှေပြားတွေထဲက လိုသလောက်ယူ၊ ဝယ်ခြမ်း၊ ချက်ပြုတ်ပြီး ငါတို့ကိုကျွေး။ နောက် ငါတို့လိုအပ်သမျှ လုပ်ပေး။ ဘယ့်နှယ်လဲ၊

မင်း သဘောတူရဲ့လား” လို့ ညွှန်ကြားပြီး မေးလိုက်တယ်။ ဆင်းရဲသား ဘယ်ငြင်းပါ့မလဲ။ ဒီလိုနဲ့ သူ့ဘဝမှာ အခက်အခဲ မရှိတော့ဘူး။ မြို့ပေါ်တက်၊ အကောင်းဆုံး စားသောက်စရာတွေ ဝယ်၊ ချက်ပြုတ်၊ ငိုညည်းနေတဲ့ အဘိုးတွေကို ကျွေး၊ ကျွေးပြီး သူ အဝအတင်းစား။

တစ်နေ့မှာ အဘိုးတစ်ယောက် သေသွားတယ်။ အလောင်းကို သူကပဲ ကြီးကြပ်မြှုပ်နှံလိုက်ရတယ်။ အတော်လေး ကြာသွားတော့ နောက်တစ်ယောက် သေပြန်ရော။ အဲ... နောက် တစ်ပတ်ကြာတော့ နောက်တစ်ယောက်၊ နောက်ဆုံးမှာ သူခေါ်လာတဲ့ အဘိုးအိုတစ်ယောက်ပဲ ကျန်တော့တယ်။ ဒီတော့ အဘိုးအိုက “မင်းဟာ ငါတို့ကို ကောင်းကောင်းပြုစု ကျွေးမွေးလာခဲ့တယ်။ ဒါကြောင့် မင်းကို ဆုချတဲ့အနေနဲ့ ဒီအိမ်နဲ့ ဒီအိမ်ထဲမှာရှိတာ အားလုံး မင်းကို အပိုင်ပေးလိုက်တော့မယ်။ ခုချိန်ကစပြီး မင်းပိုင် ဖြစ်သွားပါပြီ။ ငါလည်း မကြာခင် ဒီကမ္ဘာကြီးထဲက ထွက်ခွာရတော့မှာပါ။ ဒါကြောင့် သော့အားလုံးပေးခဲ့မယ်။ ဒီသော့တွေနဲ့ ဟောဒီအိမ်က အခန်းတိုင်းကို ဖွင့်နိုင်တယ်။ ဒါပေမဲ့ ဟောဒီ သော့တစ်ချောင်းနဲ့ ပတ်သက်လို့ မင်းကို သတိပေးဖို့ရှိတယ်။ ဒီသော့ကို ဘယ်တော့မှ မသုံးပါနဲ့။ ဒီသော့နဲ့ ဖွင့်လို့ ပွင့်သွားတဲ့တံခါးဟာ ပြင်လို့မရနိုင်တော့တဲ့ ဘေးအန္တရာယ်မျိုးကို ပေးလိမ့်မယ်။ ဒါကြောင့် လိမ္မာပါ။ စောင့်စည်း ပါ” လို့ အလေးအနက် သတိပေးပြောပြလိုက်တယ်။

မကြာခင်မှာ အဘိုးအို သေတော့မယ့် အနေအထား ရောက်လာတယ်။ ဒါပေမဲ့ အားတင်းပြီး ထပ်သတိပေးလိုက်ပါ

တယ်။ "လျှို့ဝှက်အခန်းကို မဖွင့်နဲ့နော်" တဲ့။ ဒီလို သတိပေးပြီး သေဆုံးသွားပါတယ်။

ကဲ... ခုတော့ ဆင်းရဲသားက ချမ်းသာသွားပြီပေါ့။ သူ့စံအိမ်ကြီးထဲက အခန်းတွေကို ဖြတ်လျှောက်ပြီး အိမ်ကြီးအနှံ့ လျှောက်သွားတယ်။ သွားရင်း သေတ္တာကြီးတွေ၊ ဗီရိုကြီးတွေထဲက တန်ဖိုးမဖြတ်နိုင်တဲ့ရတနာမျိုးစုံကို ကြည့်တာပေါ့။ အင်း... ခုတော့လည်း သူ့မှာ ရေတွက်နိုင်တာထက် ပိုများတဲ့ ငွေတွေ၊ ရွှေတွေ ရှိနေပြီလေ။ ကြာလာတော့ ရွှေတွေ၊ ငွေတွေ ကြည့်ရတာကို တောင် ငြီးငွေ့လာတယ်။ ပထမရက်သတ္တပတ် အနည်းငယ်ကြာတော့ သူဟာ တားမြစ်ထားတဲ့အခန်းရှေ့မှာ ရပ်လိုက်တယ်။ ကြည်နူး စိတ်နဲ့ သော့တံလေးကို ပွတ်ကြည့်မိတယ်။ အင်း... သူ့အတွက် ဘာမှမထူးခြားသလိုပဲ။ ဒီသော့က ဘာတန်ဖိုးမှ ပိုမရှိသလိုဘဲ။ တစ်ခုပဲ ရှိတယ်၊ ဒီတံခါးရဲ့တစ်ဖက်မှာ ဘာရှိသလဲဆိုတဲ့ သိလိုစိတ်ပေါ့။

ကြာတော့ ဒီသိချင်စိတ်ကို ထိန်းချုပ်မရတော့ဘူး။ ဘာမှ ခက်ခဲတဲ့ကိစ္စလည်းမဟုတ်တော့ သော့ကို သော့ပေါက်ထဲ ထည့်လိုက်တယ်။ တံခါးပွင့်သွားတယ်။ အခန်းထဲမှာ ဘာမှမရှိဘူး။ အမှောင်ထုပဲ ရှိနေတယ်။ ဒါပေမဲ့ မကြာခင် လေတိုက်လာတယ်။ သန်မာတဲ့ အင်အားစုက သူ့ကို အခန်းထဲ ဆွဲခေါ်သွားတယ်။ ဆက်ဆွဲခေါ်သွားတယ်။ နောက်ဆုံး ခြေတစ်လှမ်းလှမ်းတာနဲ့ သူ အမှောင်ထုကြီးထဲ ရောက်သွားတော့တာပဲ။ လေကလည်း သူ့ပတ်လည်မှာ အဆက်မပြတ်တိုက်နေတယ်။ နောက်ဆုံးမှာ အဆက်မပြတ် တိုက်နေတဲ့လေက သူ့ကို ရစ်ပတ်လိုက်တယ်။ ပထမ

တော့ ဖြည်းဖြည်းပဲ ရစ်ပတ်တယ်။ နောက် ပိုင်းမှာ ရစ်ပတ်နှုန်း မြန်သည်ထက်မြန်လာတော့ သူမြောက်တက်သွားပြီး အိမ်အပြင်ဘက် အဝေးကြီးမှာ သွားကျတယ်။ ခုတော့ သူဘယ်ရောက်နေမှန်း မသိတော့ဘူး။ ဘယ်ပုံဘယ်နည်း ဒီနေရာကို ရောက်လာမှန်းလည်း မသိဘူး။

ဒီဖြစ်ရပ်က မြန်ဆန်သလို ပြီးဆုံးသွားတာလည်း မြန်မြန်ပဲ။ သူ့ခြေအောက်က မြေကြီးကတော့ မာနေတာပဲ။ အမှောင်ထုလည်း ပြယ်သွားပြီ။ ဟော... နေတောင် ပွင့်လာပြီ။

အခုတော့ သူက မြစ်ကမ်းပါးပေါ်မှာ ရပ်နေတယ်။ မြစ်က ရောင်စုံပန်းခင်းတွေ၊ သီးပင်တွေကိုဖြတ်ပြီး ငြိမ်ငြိမ် သက်သက်ကို စီးဆင်းသွားတယ်။ တစ်ချိန်တည်းမှာ ဟိုး... အဝေးက လွင့်ပျံ့လာတဲ့ တေးသံကိုပါ ကြားလိုက်ရတယ်။ မကြာဘူး၊ မြစ်ထဲက လှေတစ်စင်း သူ့နားကပ်လာတယ်။ အင်း... လှေထဲမှာတော့ လှပဂေးသုံးယောက်။ ဆံပင်လေးတွေ လေမှာလွင့်လို့။ အချစ်တေးသီကြွေးလို့။ လှေက သူ့ရှေ့မှာ ရပ်လိုက်တာပဲ။ သူ့ကို အရပ်အမြင့်ဆုံး မိန်းကလေးက ရိုသေကိုင်းရှိုင်းမှုအပြည့်နဲ့ ဖိတ်ခေါ်ပါလိုက်တယ်။

"နှုတ်ခွန်းဆက်သလိုက်ပါတယ်။ ကျွန်မတို့ရဲ့ ဘုရင်ကြီးရှင့်၊ သတို့သမီးထံမှောက်အရောက် အရှင်မင်းကြီးကို ခေါ်သွားဖို့ ကျွန်မတို့ကို ခွင့်ပေးတော်မူပါ"

ဒီလိုပြောလိုက်ချိန်မှာပဲ တစ်ခါက ဆင်းရဲခဲ့တဲ့သူဟာ ဝတ်ရုံကြီးဝတ်ပြီး သရဖူဆောင်းထားတဲ့ ဘုရင်ကြီးဖြစ်သွားပါရော။ သူ လှေပေါ်တက်လိုက်ပြီး သူ့အတွက်ပြင်ထားတဲ့ ရွှေပလ္လင်ပေါ် ထိုင်လိုက်တယ်။ နောက်တော့ လှေကြီးက ရွက်လွှင့်ထွက်ခွာ

သွားရာက နောက်ဆုံးမှာ ကြီးကျယ်ခမ်းနားတဲ့ မြို့ကြီးတစ်မြို့ကို ရောက်သွားတယ်။ နန်းတော်လှေကားအတက်မှာ သိပ်ကို လှပချောမောတဲ့ ဘုရင်မက ဆီးကြိုနှုတ်ဆက်တယ်။ "အို... ကျွန်မရဲ့ အရှင် ဘုရင်မင်းကြီး၊ အရှင်ကြွရောက်လာမယ့်အကြောင်းကို သက်ကြီးပညာရှိများရဲ့စာအုပ်ထဲမှာ ကြိုတင်ဖော်ပြထားပါတယ်။ ကြိုဆိုပါတယ် ခင်ပွန်းသည် အရှင်မင်းကြီး"

နောက်တော့ ဆင်းရဲသားကို နှစ်ယောက်ထိုင် ပလ္လင်ထက်မှာ သူ့မဘေးက ထိုင်စေလိုက်တယ်။ သူကိုင်လိုက်တာနဲ့ "ဟက်ပီးလဲန်း" ရဲ့ ထုံးတမ်းစဉ်လာအတိုင်း မင်္ဂလာပွဲကို ဆင်နွှဲလိုက်တယ်။ ဒီလိုနဲ့ ဘုရင်သစ်ဟာ ဘုရင်မငယ်ငယ်လေးနဲ့ ပျော်ပျော်ကြီး နေလာခဲ့တယ်။ သူ့မိဖုရားကလည်း သူဆန္ဒရှိသမျှ မဆိုင်းမတွ ဖြည့်ဆည်းပေးတယ်။ ဒီတိုင်းပြည်မှာက အလုပ်အားလုံးကို မိန်းမသားတွေကပဲ လုပ်ကြတယ်လေ။ ယောကျာ်းတွေက လယ်ထွန်ရုံ၊ စိုက်ပျိုးရုံ၊ ရိတ်သိမ်းရုံလောက်ပဲ လုပ်ကြတယ်။ ဘုရင်ကတော့ လယ်ယာစိုက်ပျိုးတဲ့ကိစ္စကို ကြီးကြပ်ရုံပါပဲ။ ဘာကြောင့်လဲဆိုတော့ ဘုရင်က အုပ်ချုပ်ရေးနဲ့ပတ်သက်တဲ့ ငြီးငွေ့စရာအလုပ်အားလုံးကို လုပ်သွားတာကိုး။

ဒီတော့လည်း ဘုရင်က လယ်ယာတွေကို စစ်ဆေးလိုက်၊ သစ်သီးခြံတွေကို သွားကြည့်လိုက်ပေါ့။ သူ့မှာ စားချင်တာ အကုန်စားနိုင်တယ်။ ဝယ်ချင်တာ ဝယ်နိုင်တယ်။ တစ်နေကုန်မြင်းစီးပြီး တောပိုင်းသွားလည်ပတ်နိုင်တယ်။ ဒါမှမဟုတ် ဘုရင့်ရွက်သင်္ဘောငယ်နဲ့ လွှင့်ချင်တိုင်း လွှင့်နိုင်တယ်။ တစ်ခါ တလေတော့ အမျိုးသမီးတွေ ရက်ကန်းရက်နေတာကို ကြည့်တယ်။ ပလွေသံနဲ့

ကနေကြတဲ့ ကချေသည်မလေးတွေကို ကြည့်နိုင်တယ်။ ချုပ်ပြော ရရင်တော့ သူဟာ လောကနိဗ္ဗာန်ထဲ ရောက်နေသူပေါ့။

တစ်နေ့မှာ ဘုရင်မဟာ ရှေ့တန်းအစောင့်တပ်ဖွဲ့က ပေးပို့ လိုက်တဲ့စာကို ရလိုက်တယ်။ သူတို့တိုင်းပြည်ကို လာတိုက်တဲ့ သတင်းပေါ့။ ဒီတော့ ဘုရင်မက "အမျိုးသမီးစစ်သည်တော် တစ်သောင်းကို ဦးဆောင်ပြီး ကျွန်မကိုယ်တိုင် တိုက်ပွဲဝင်မယ်။ ကျွန်မတို့ရဲ့ ဟောဒီ "ဟက်ပီးလဲန်း" မှာ စစ်ရေးစစ်ရာဟာ အမျိုးသမီးတွေရဲ့အလုပ်ပဲ" ဘုရင်မဟာ အမျိုးသမီး စစ်သည်တော် တွေကို စုစည်းပြီး သူမခင်ပွန်းကို နှုတ်ဆက်တယ်။ နမ်းလိုက် တယ်။ မထွက်ခွာခင်မှာ သူက ဘုရင့်ကို သော့တွဲတစ်တွဲ ပေးရင်း "ကျွန်မတို့ရဲ့ နန်းတော်ထဲက အခန်းတိုင်းကို အရှင်ဝင်နိုင်တယ်။ ဒါပေမဲ့ ဟောဒီသော့နဲ့ ဖွင့်လို့ရတဲ့ အခန်းကိုတော့ မဝင်ပါနဲ့" လို့ မှာထားလိုက်တယ်။

ဒီနောက် အမျိုးသမီး စစ်သည်တော်တွေကို အမိန့်ပေးပြီး သန်မာထွားကျိုင်းတဲ့ စစ်မြင်းကြီးစီး ထွက်သွားတော့တာပဲ။ သူမ ယောကျ်ား ဘုရင်က ထွက်သွားသူ သူမကို ကြည့်ရင်း တားမြစ်ထား တဲ့ အခန်းသော့လေးကို စမ်းကြည့်နေတယ်။ စမ်းကြည့်ရင်း အဘိုးအို သတိပေးတာကို လျစ်လျူရှုခဲ့လို့ ချမ်းသာကြွယ်ဝလာခဲ့တဲ့ သူ့အဖြစ်ကို သတိရလိုက်တယ်။ ဒီတော့... ဟုတ်ပြီ၊ ဒီတံခါးရဲ့ နောက်မှာလည်း ပိုမိုများပြားတဲ့ ရွှေ၊ ငွေတွေရှိမှာ အမှန်ပဲလို့ တွက်လိုက်တယ်လေ။ ဒါတွင်မကဘူး၊ သူ့ကို သတိပေးတဲ့လူတွေ ဟာ ဒီရတနာတွေကို သူတို့ပဲ ပိုင်ဆိုင်ချင်လို့ဖြစ်မယ်လို့လည်း ထင်မိလိုက်ပါသေးတယ်။ သူတို့က ဒီလျှို့ဝှက်တံခါးတွေရဲ့

နောက်ကွယ်က ချမ်းမြေ့ဖွယ် ပျော်စရာတွေကို သိထားကြလို့သာ ငါ့ကို သတိပေးတာ ဖြစ်မယ်။ ငါဘုရင်ဖြစ်တာကိုလည်း မလိုလား ဘူးဆိုတာ ရှင်းနေတာပဲ။

ဒီလိုတွေးပြီး သူ့နောက်ပါ အစေခံတွေကို ပြန်လွှတ်၊ နန်းတော်ထဲ ရှိသမျှတံခါးတွေကို သော့လေးနဲ့ ဖွင့်ကြည့်တော့တာ ပဲ။ သူ တစ်ခန်းပြီးတစ်ခန်း စမ်းတယ်။ နောက်ဆုံး မှောင်နေတဲ့ တစ်ထောင့်မှာ အခန်းငယ်လေးတစ်ခန်းကို တွေ့လိုက်ရတယ်။ သူက ဒီအခန်းသော့တံလေး ထည့်လှည့်ဖွင့်လိုက်တာနဲ့ အခန်း တံခါးပွင့်သွားပါရော။ ပွင့်သွားတော့ သူ အခန်းထဲဝင်၊ ဝင်လိုက် တာနဲ့ လေဝဲကတော့ကြီးက သူ့ကို ဖမ်းထားလိုက်တော့တာပဲ။ ဖမ်းထားခံလိုက်ရတာနဲ့ သူ့အိမ်ဟောင်းလေးဆီ သူပြန်ရောက်သွား တယ်လေ။ သော့လေးကတော့ "ဟက်ပီးလဲန်း" မှာ ကျန်ရစ်ခဲ့တာ ပေါ့။ ကဲ... ခု... သူ ဘာဖြစ်နေပါသလဲ။ သူ့အဖြစ်ကိုသိဖို့ သူ မှန်ကလေးဘက် ဖြည်းဖြည်းချင်း လှည့်လိုက်တယ်။ အလို... သူ့ဆံပင်တွေ ဆွတ်ဆွတ်ဖြူနေပါပေါ့လား။ အသားအရည်တွေက လည်း ရှုံ့လို့တွန့်လို့။ မုတ်ဆိတ်ဖြူကြီးက သူ့ရင်ဘတ်အထိ တွဲကျနေတယ်။ အင်း... ခုတော့ သူ အဘိုးကြီးဖြစ်သွားပြီလေ။ ဒီအနေအထားမျိုးမှာ လွမ်းတဆွေးမြည့်ရုံမှ တစ်ပါး ဘာမှမရှိတော့ ပါဘူး။

သူ့အတွက် ကျွန်ုပ်တို့ ဘာမှမလုပ်ပေးနိုင်တော့လို့ ဒီအတိုင်း ပဲ လျစ်လျူရှုထားလိုက်ကြပါဦး။

မော်ရကိုပုံပြင်

❑



## ကွန်နလာနဲ့ အပျိုစင်နတ်သမီး

“ကွန်နလာ” ဟာ တိုက်ပွဲတစ်ရာ အောင်မြင်ခဲ့တဲ့ ဘုရင်ကြီး “ကွန်း” ရဲ့သား ဖြစ်တယ်။ ကွန်နလာရဲ့ဆံပင်တွေဟာ ပတ္တမြားသွေးလို နီရဲနေတယ်။ တစ်နေ့ သူဟာ “ယုဇန” တောင်ထိပ်မှာ သူ့ဖခင်နှင့် ဘေးချင်းယှဉ်ရပ်နေတယ်။ ဒီအခိုက်မှာပဲ ထူးခြားဆန်းပြားတဲ့ အဝတ်အစားမျိုး ဆင်မြန်းထားတဲ့ မိန်းမပျိုလေးတစ်ယောက်ကို မြင်လိုက်ရတယ်။ မိန်းမပျိုလေးက ကွန်နလာဘက် တန်းတန်းမတ်မတ် လျှောက်လှမ်းနေတယ်လေ။ သူ့အနား အရောက်လာတော့ ကွန်နလာက “ဘယ်ကလာတာလဲ မိန်းကလေး” လို့ မေးလိုက်တယ်။ ဒီတော့ မိန်းမပျိုလေးက “မသေမျိုးတွေနေတဲ့ လွင်ပြင်က လာတာပါ။ အဲဒီလွင်ပြင်မှာ သေတယ်ဆိုတာ မရှိဘူး။ မကောင်းမှု ဒုစရိုက်ဆိုတာ မရှိဘူး။ ကျွန်မတို့မှာ အားလပ်ရက်ပဲ ရှိတယ်။ ပျော်ဖို့အရေးမှာလည်း ဘယ်သူ့ဆီကမှ အကူအညီမယူရဘူး။ ကျွန်မတို့ပျော်နေချိန်မှာ ခိုက်ရန်ဒေါသ၊ ပဋိပက္ခ၊ ဘာအနှောင့်



အယုက်မှ မရှိဘူး။ ကျွန်မတို့အိမ်တွေက စိမ်းစိုပြီး ဝိုင်းတဲ့ တောင်ကုန်းတွေပေါ်မှာရှိလို့ လူတွေက ကျွန်မတို့ကို "တောင်ပေါ်သူတွေ" လို့ ခေါ်ကြတယ်လို့ ရှည်ရှည်ဝေးဝေး ပြောပြလိုက်တယ်။

တစ်ယောက်မှမမြင်ဘဲ အသံကိုသာ ကြားနေရတဲ့ ဘုရင်နဲ့ အတူရှိနေသူအားလုံး သိပ်အံ့သြနေကြတာပေါ့။ ဟုတ်ပါ တယ်၊ "ကွန်နလာ" ကလွဲလို့ အပျိုစင်နတ်သမီးကို ဘယ်သူမှ မမြင်ကြပါဘူး။ ဒီတော့ ဘုရင်ကြီးက "ငါ့သား၊ မင်း ဘယ်သူနဲ့ စကားပြောနေတာလဲ" လို့ မေးမိလိုက်တယ်။

ဒီတော့ မိန်းမပျိုက ဝင်ဖြေလိုက်တယ်လေ။ "ကွန်နလာက ငယ်ရွယ်နုပျိုတဲ့ နတ်သမီးနဲ့ စကားပြောနေတာပါ။ အဲဒီနတ်သမီးဟာ ဘယ်တော့မှ မအို၊ ဘယ်တော့မှ မသေပါဘူး။ ကျွန်မက ကွန်နလာကို မေတ္တာရှိနေပါတယ်။ ဒါကြောင့် "မွိုင်းမဲ" လို့ခေါ်တဲ့ ပျော်စရာလွင်ပြင်ဆီ ခေါ်သွားမလို့ပါ။ အဲဒီလွင်ပြင်ကို "ဘိုးအားဒက်" ဘုရင် အုပ်ချုပ်ပါတယ်။ သူ စနန်းတက်ကတည်းက ပျော်စရာလွင်ပြင်မှာ မကျေနပ်တာ မရှိဘူး။ ဝမ်းနည်းစရာ မရှိဘူး။ အို... ပတ္တမြားခဲလို ရဲတွတ်နေတဲ့ ကွန်နလာရယ် ကျွန်မနဲ့ လိုက်ခဲ့စမ်းပါ။ နတ်သရဖူက ရှင့်ကို စောင့်လင့်နေပါတယ်။ အဲဒီရောက်ရင် ရှင့်ကြော့ရှင်းလှပမှုနဲ့ ငယ်ရွယ်နုပျိုမှုဟာ ဘယ်တော့မှ ညှိုးမှိန်သွားမှာ မဟုတ်ပါဘူး"

သူမကို မမြင်ရဘဲ အသံကိုသာ ကြားနေရတော့ ဘုရင်လန့်လာတယ်။ ဒါနဲ့ သူ့ဘုန်းတော်ကြီး "ကိုရမ်" ကို အကျယ်ကြီးလှမ်းခေါ်လိုက်တယ်။

"အို... မန္တန်များပိုင်ရှင်၊ မှော်ဝိဇ္ဇာ ကိုရမ်၊ ကျွန်ုပ် သင့်အကူအညီကို လိုအပ်နေပါတယ်။ ကျွန်ုပ် ဘဝမှမတတ်နိုင်တဲ့ ကိစ္စတစ်ခု ကျွန်ုပ်ခေါင်းပေါ် ရောက်လာပါပြီ။ ကျွန်ုပ် ဘုရင်ဖြစ်ကတည်းက ဒီလို ဆိုးဆိုးရွားရွားအဖြစ်မျိုး တစ်ကြိမ်တစ်ခါမျှ

မဖြစ်ခဲ့ဖူးဘူး။ မမြင်ရတဲ့အမျိုးသမီးတစ်ယောက်က ကျွန်ုပ်တို့နဲ့ လာတွေ့တယ်။ သူက သူ့တန်ခိုးကိုသုံးပြီး ကျွန်ုပ် ချစ်တဲ့သားကို ကျွန်ုပ်ဆီက ယူသွားပါတော့မယ်။ အရှင်ကမှ ဒီကိစ္စကိုမကူညီရင် သူ့မာယာနဲ့ သူ့စုန်းအတတ်ကို သုံးတော့မှာ သေချာပါတယ်။

ဒီတော့ ဘုန်းတော်ကြီးက ရှေ့ထွက်ရပ်လိုက်တယ်။ နောက်အသံကြားရတဲ့ဘက် ရှေးရှုပြီး မန္တန်တွေရွတ်တယ်။ ဒီအခါမှာ အမျိုးသမီးအသံ ရုတ်တရက်ပျောက်သွားတယ်။ ဒါတွင်မကဘူး၊ ကွန်နလာကလည်း အမျိုးသမီးကို မမြင်ရတော့ဘူး။ တကယ်တော့ ဘုန်းတော်ကြီး မန္တန်မရွတ်ခင်မှာ သူပျောက်သွားတာပဲ။ ဒါပေမဲ့ မပျောက်သွားခင်မှာ သူက ကွန်နလာကို ပန်းသီးတစ်လုံး ပစ်ပေးလိုက်တယ်။

အဲဒီနေ့ကစပြီး ကွန်နလာဟာ ဘာမှလည်း မစားတော့ဘူး၊ ဘာမှလည်း မသောက်တော့ဘူး၊ သူ့ပေးလိုက်တဲ့ ပန်းသီးကိုပဲ စားပါတော့တယ်။ ပန်းသီးကလည်း ဆန်းလိုက်တာ၊ ဘယ်လောက်စားစား တစ်ကိုက်မှ မကိုက်ရသေးတဲ့ အသစ်စက်စက်လို ပြန်ဖြစ်ဖြစ်သွားတာပဲ။ ဒီလို ထူးဆန်းတာတွေ တွေ့ရမြင်ရလေ နတ်သမီးကို သူ ပိုသတိရလေ ပိုလွမ်းလေပဲ။

ဟော... ခု... လကုန်ရက် ရောက်လာခဲ့ပြီ။ တကယ်တော့ ဒီနေ့ကို ကွန်နလာ စောင့်နေခဲ့တာလေ။ ဒီနေ့မှာ သူတို့သားအဖ "အာကိုးမင်း" လွင်ပြင်ပေါ်မှာ ဘေးချင်းယှဉ်ရပ်နေကြတယ်။ ဒီအခိုက်မှာပဲ ကွန်နလာက သူ့ဘက်လျှောက်လာတဲ့ မိန်းမပျို လေးကို မြင်လိုက်ရတယ်။ ဒီတစ်ခါမှာလည်း သူမက သူ့ကို စ စကားပြောတာပဲ။

"သေနေ့ကို စောင့်လင့်နေရတဲ့ ဒီနေရာဟာ ဂုဏ်ရောင် ပြောင်လှတဲ့နေရာပါ။ ဒါပေမဲ့ ထာဝရအသက်ရှင်နေကြသူတွေ ကလည်း အရှင်မင်းသားကို မျှော်လင့်စောင့်စားနေကြပါပြီ။ အရှင် မင်းသားကိုလည်း သူတို့က သိပြီးသား ဖြစ်နေကြပါပြီ"

ဘုရင်က မိန်းမပျိုရဲ့အသံ ကြားလိုက်တော့ သူ့လူတွေကို အကျယ်ကြီး အော်ပြောလိုက်တယ်။ "ဟော့... ငါ့ဘုန်းတော်ကြီး "ကိုရမ်" ကို ခေါ်လိုက်ကြစမ်း။ ဒီနေ့မှာ ဒီအမျိုးသမီးက စကားပြော ဖို့ စွမ်းအားတွေ ထပ်ရထားပြန်ပြီ"

ဒီတော့ မိန်းမပျိုက "အို... စွမ်းအားရှင် ဘုရင်ကြီး၊ ဘုန်းတော် ကြီးရဲ့စွမ်းအားကို နည်းနည်းလေးပဲ အားကိုးကြပါတယ်။ ဖြောင့်မတ်တဲ့ လူတွေကြားမှာလည်း ဂုဏ်ယူစရာ သိပ်မရှိလှပါ ဘူး။ ဥပဒေနဲ့ ပတ်သက်ဆက်နွှယ်လာရင်လည်း အမှားကျူးလွန်မိ တဲ့ မကောင်းဆိုးဝါးပါးစပ်က ထွက်ကျလာတဲ့ ဘုန်းတော်ကြီးရဲ့ မှော်ပညာနဲ့ မန္တန်တွေဟာ ဖယ်ရှားခံရမှာပါ" လို့ ပြောပြလိုက် တယ်။

ဒီလို ပြောပြချိန်မှာ ဘုရင်ကြီး လေ့လာမိတာက မိန်းမပျို ရောက်လာကတည်းက သူ့သား ကွန်နလာဟာ သူ့ကိုစကားမပြော တော့တဲ့ အနေအထားပဲ။ ဒါကြောင့်မို့လည်း သူက "သားရဲ့စိတ်နဲ့ အဲဒီအမျိုးသမီးက စကားပြောနေတာလား" လို့ မေးကြည့်လိုက် တယ်။ ဒီတော့ ကွန်နလာက "တကယ် ကျဉ်းထဲ ကျပ်ထဲရောက်နေ သလိုပဲ ဖခင်။ အရာအားလုံးထက် သားရဲ့ လူတွေကို ချစ်ပါတယ်။ ဒါပေမဲ့... ဒါပေမဲ့... ဒီမိန်းမပျိုကို တမ်းတစိတ်က သားကို ဆုပ်ကိုင် ဖမ်းစားထားလိုက်ပြီ ဖခင်" လို့ ပြန်ပြောပြလိုက်တယ်။

ကွန်နလာက သူ့ဖခင်ကို ပြောလိုက်တဲ့စကားကြားလိုက်တော့ သူမက "သမုဒ္ဒရာဟာ "တမ်းတလှိုင်း" လောက် အားမကောင်းပါဘူး။ မပြင်းထန်ပါဘူး။ ကဲ... ကျွန်မနဲ့အတူ ဟောဒီ သလင်းကျောက် ကနူးလှေနဲ့လိုက်ခဲ့ပါတော့။ မကြာခင် "ဘိုအားဒက်" ပိုင်နက်ထဲရောက်တော့မှာပါ။ ဟိုးမှာ ကြည့်လိုက်ပါဦး။ နေလုံးနီနီကြီးတောင် ဝင်လုနီးနေပြီနော်။ ဒါပေမဲ့ မမှောင်ခင် ရောက်သွားမှာပါ။ နောက်သွားဖို့သင့်တဲ့ တစ်နေရာလည်း ရှိပါသေးတယ်။ "ပျော်ကြောင်းရှာချင်သူတွေ သွားရာမြေ" ပေါ့။ အဲဒီမှာတော့ ဇနီးသည်တွေနဲ့ မိန်းမပျိုလေးတွေချည်း နေကြတာ။ အရှင်မင်းသား သွားချင်ရင် ကျွန်မတို့ ရှာဖွေသွားကြတာပေါ့။ တွေ့ရင် အဲဒီမှာပဲ နှစ်ယောက်တည်း ပျော်ပျော်ကြီးနေကြ မယ်လေ" လို့ ပြောပြလိုက်တယ်။

မိန်းမပျို စကားဆုံးသွားချိန်မှာပဲ ကွန်နလာက သူ့လူတွေထဲက ပြေးထွက်ခဲ့ပြီး ကနူးလှေပေါ် ခုန်ဆင်းလိုက်တယ်။ နောက်တော့ ဘုရင်ရော၊ နန်းတွင်းသားတွေရော ကနူးလှေဟာ တောက်ပနေတဲ့ ပင်လယ်ထဲကနေပြီး တောင်စွယ်မှာ နေကွယ်တော့မယ့် အနောက်ဘက်ကို လွင့်မျောသွားတာ မြင်လိုက်ကြရတယ်။ ဝေးပြီ... ဝေးကြပြီ။ ခုတော့ ကနူးလှေလည်း မျက်စိအောက်က ပျောက်သွားခဲ့ပြီ။ ကွန်နလာနဲ့ အပျိုစင်နတ်သမီးတို့ကတော့ သူတို့လမ်း သူတို့သွားကြပြီပေါ့။

အိုင်းရစ်ပုံပြင်

❒

# တုလု၊ တုကုနဲ့ နယူးဂီနီကြွက်များ

"တုလု" ရဲ့ဦးလေးက သူ့အမေ မောင်အငယ်ဆုံး။ သူက တက္ကသိုလ်ကျောင်းသား၊ သတ္တဗေဒဘာသာရပ်ကို ယူတယ်။ သတ္တဗေဒကျောင်းသားဆိုတော့ ငှက်တွေ၊ ဖားတွေ၊ တခြား တိရစ္ဆာန်တွေ၊ ပိုးမွှားတွေကို ကိုင်တွယ်ရတာပေါ့။ တစ်နေ့မှာ တုလုက သူ့ဦးလေး လှောင်အိမ်နဲ့ ထည့်ယူလာတဲ့ အဖြူနဲ့ အညိုရောင် သတ္တဝါလေးနှစ်ကောင်ကို တွေ့လိုက်တယ်။ တုလုက ယုန်ကလေးတွေလို့ ထင်လိုက်တယ်။ ဒါကြောင့် "ဦးလေးရဲ့ ယုန်က နားရွက်ဘယ်မှာလဲ" လို့မေးတော့ ဦးလေးက "ဟောကောင်... အရူး၊ သူတို့ဟာ ယုန် မဟုတ်ဘူးကွ၊ ဥရောပကြွက်တစ်မျိုးကွ" လို့ ပြောပြလိုက်တယ်။

သူတို့ ခန္ဓာကိုယ်လေးတွေက သိပ်ကို တောက်ပတာပဲ။ တစ်ခုခုကိုလည်း မနားတမ်း ဝါးနေကြတယ်။ ခဏခဏလည်း




မျက်လုံးဝိုင်းဝိုင်းလေးတွေနဲ့ ဝန်းကျင်ကို လှည့်ကြည့်ကြတယ်။ သူက ကြွက်ကလေးတွေကို သဘောကျလို့ ပထမထပ်မှာနေတဲ့ သူငယ်ချင်း "တုကု" ကို သွားခေါ်တယ်လေ။

တုကုကလည်း ကြွက်ကလေးတွေကို သဘောကျတော့ တစ်နေ့လုံးကြည့်တာပေါ့။ အဲ... နောက်တစ်နေ့မှာ သူ့ဦးလေးက

ကြွက်ကလေးတွေကို ခွဲစိတ်မယ်ဆိုတော့ သူတုန်လှုပ်သွားရှာတယ်။ ဒါနဲ့ သူ့အမေဆီ ပြေးတိုင်တာပေါ့။

"မေမေ၊ ဘာကြောင့် ဦးလေးက ကြွက်ကလေးတွေကို ခွဲစိတ်မှာလဲ" လို့ စိုးထိတ်စိတ်နဲ့ မေးကြည့်တော့ "ဒါက မင့် ဦးလေး လေ့လာရမယ့် အကြောင်းအရာလေ" လို့ ပြောပြလိုက်တယ်။

"သူတို့လေးတွေ မနာဘူးလား အမေ"

အမေက အလုပ်ရှုပ်နေတော့ "အာ... မသိဘူး၊ ဒီမှာ အလုပ်တွေ ရှုပ်နေရတဲ့အထဲ၊ နင့်ဦးလေး သွားမေး" လို့ ခပ်ပြတ်ပြတ်ပြောလိုက်တာပေါ့။

ဦးလေးဆီရောက်တော့ စာအုပ်ထူကြီးတစ်အုပ်ကို စူးစူးစိုက်စိုက် ဖတ်ရှုတာ တွေ့လိုက်ရတယ်။ သူရောက်နေတာကို ဂရုမစိုက်တော့ သူ့ဦးလေးဟာ တစ်စုံတစ်ခုကို အလွတ်ကျက်နေတာပဲလို့ ထင်လိုက်တယ်။ သူ့ဦးလေးဖတ်နေတဲ့ စာအုပ်ထဲမှာ ကြွက်ကလေးတစ်ကောင်ပုံကို လှမ်းမြင်လိုက်တယ်။ သူ အတော်ကြာအောင် ဦးလေး စကားစလာမည့်အရေးကို သည်းခံစောင့်တယ်။ အတော်လေးကြာကာမှ သူ့ဦးလေး ခေါင်းမော့လာပြီး "မင်းက ဘာလာလုပ်နေတာလဲ၊ ငါစာတွေလေ့လာနေတာကို မင်း မမြင်ဘူးလား။ သွား... သွား... ငါ့လာ မနှောင့်ယှက်နဲ့" လို့ နှင်လွှတ်တယ်။ ဒီတော့ တုလုက "ကျွန်တော် ရောက်လာကတည်းက ဦးလေး အိမ်က အလုပ်တွေ လုပ်နေတာ။ မုန့်ဖိုးပေးဦး" လို့ ပြောပြတယ်။

"အေး... ပေးမယ်၊ နေ့လယ်မှ ထပ်လာခဲ့" လို့ ပြောပြီး စာအုပ်ကို ဆက်ဖတ်နေလိုက်တော့တာပဲ။

"ဒါထက် ဒီကြွက်ကလေးနှစ်ကောင်ကို တကယ်ခွဲမှာလား"

"အေး... ခွဲမှာ"

"နှစ်ခြမ်းဖြစ်သွားအောင် ခွဲမှာလား"

"အေး... ဟုတ်တယ်၊ ကဲ... သွားတော့"

တုလု မသွားသေး။ ကြွက်ကလေးနှစ်ကောင်ကိစ္စ သူ မရှင်းသေး။

"လှတဲ့သတ္တဝါကလေးတွေကို ဖျက်ဆီးပစ်တာ ကောင်းသလား ဦးလေး၊ ဦးလေးက ဘာကြောင့် ခွဲချင်တာလဲ"

"ဟေ့ကောင်... တော်တော့၊ တစ်ခွန်းမှ ထပ်မပြောနဲ့တော့" ဒီတော့ တုလုအခန်းထဲက ထွက်လာခဲ့ရတာပဲပေါ့။ အင်း... ဦးလေးက ကြွက်ကလေးတွေကို တကယ်ခွဲတော့မှာပဲ။ သူဝရန်တာမှာ ခဏရပ် တွေးပြီး သူငယ်ချင်းတုကုဆီ ထွက်လာခဲ့တယ်။ သူတို့နှစ်ယောက် တစ်နေ့ခင်းလုံး ဒီကြွက်ကလေးနှစ်ကောင်ကိစ္စကိုပဲ ပြောကြတယ်။ ဒါပေမဲ့ ပြဿနာရှင်းဖို့တော့ အဖြေထွက်မလာဘူး။ နောက်နေ့မနက်ကျတော့ လှောင်အိမ်ကလေး ဆွဲထွက်လာတဲ့ သူ့ဦးလေးကို လှမ်းမြင်လိုက်တယ်။

ဒီတော့ တစ်ခါက သူ့ခြေထောက်မှာ အနာပေါက်လို့ ဆရာဝန်ခေါ်ပြတဲ့အခါ ဆရာဝန်က ဘာဆေးမှမပေးဘဲ ဓားနဲ့ ခွဲလိုက်တယ်။ တုလု နာလွန်းလို့ ငိုမိတယ်။ ဆရာဝန်က လုံးဝ ဂရုမစိုက်ဘဲ ပြန်သွားတယ်။ ဒီမှာ ဆရာဝန်တွေ အကြင်နာမဲ့တယ်လို့ သူ့နှလုံးသားမှာ စွဲသွားတော့တယ်။

တုကုက "စောင့်ကြည့်ပေါ့ကွာ၊ တစ်နေ့ မင်းဦးလေး လည်း ဆရာဝန်ဖြစ်လာမှာပဲ"

ဖြစ်မဖြစ် တုလု မသိပါ။ သူတို့နှစ်ယောက် စကားပြော

နေခိုက် သူ့ဦးလေးက လှောင်အိမ်ဆွဲ အိမ်ပြန်လာတာကို လှမ်းမြင်လိုက်ကြတယ်။ ဒါနဲ့ တုလုက "ဦးလေး... ဦးလေး၊ အဲဒီကြွက်ကလေးနှစ်ကောင်ကို အိမ်မှာပဲ မွေးထားတော့မှာလား" လို့ သိလိုဇောနဲ့ မေးလိုက်တယ်။

ဦးလေးက "အေး... ဟုတ်တယ်" လို့ ဖြေရင်း သူ့အခန်းထဲ ဝင်သွားတယ်။

တုလုနဲ့ တုကု သိပ်ကို ပျော်သွားကြတာပေါ့။ ကြွက်ကလေးနှစ်ကောင် အသတ်မခံရတော့ဘူး မဟုတ်လား။ ဒါပေမဲ့ တွေးစရာတစ်ခုက ဒီကြွက်ကလေးနှစ်ကောင်ကို သူတို့ ဘာကျွေးကြမလဲ။ ဒီကိစ္စကို သူတို့ ထပ်ပြန်တလဲလဲ စဉ်းစားကြတယ်။ ဘယ်လောက်ကြာအောင် စဉ်းစဉ်းကြသလဲဆိုရင် သူတို့အမေတွေက ထမင်းစားပွဲမှာ စောင့်နေရတာကို အချိန်အတော်ကြာသွားတယ်လေ။

သူတို့ အိမ်ပြန်ရောက်လို့ ထမင်းဝိုင်းမှာ ထိုင်မိလိုက်တော့ တုလု အကြီးအကျယ် စိတ်ကယောက်ကယက်ဖြစ်သွားရတယ်။ လာမယ့် ရက်အနည်းငယ်အတွင်းမှာ သူ့ဦးလေး တက္ကသိုလ်မသွားတော့ဘူး။ အိမ်မှာပဲလေ့လာပြီး ကြွက်ကလေးတွေကို ခွဲမယ်ဆိုတာ သိလိုက်ရတာကိုး။

ဒီအကြောင်းကြားလိုက်တော့ တုလု ထိန်းမနိုင် သိမ်းမရ ဖြစ်သွားရရှာတယ်။ အင်း... အခု ငါ ဘာလုပ်သင့်သလဲ။ ဘာပဲဖြစ်ဖြစ် ဒီအကြောင်း တုကုကို အသိပေးရမယ်။ ဒါနဲ့ ထမင်းအမြန်စား၊ ရေတစ်ခွက်သောက်ပြီး ချက်ချင်း ထွက်သွားဖို့ လုပ်တယ်။ ဒီတော့ သူ့အမေက "ဟဲ့... သား၊ အပြင်မထွက်နဲ့ဦး။

လက်ရေးကျင့်ဦး၊ သား အပြင်သွားရင် ခြေထောက်ကို ရိုက်ချိုးပစ်လိုက်မှာနော်" လို့ လှမ်းတားလိုက်တယ်။ ဒါကြောင့် သူ့စာဖတ်စားပွဲမှာ မထိုင်ချင့်ထိုင်ချင် ပြန်ထိုင်လိုက်ရတယ်။ ထိုင်ပြီးမကြာခင် သူ လူတစ်ယောက်ပုံဆွဲတယ်။ နောက်လူပုံမှာ အမြီးတပ်လိုက်ပြန်တယ်။ ပုံအောက်မှာတော့ "ရှိတ်ကာ အလီခန်" လို့ ရေးလိုက်တယ်။ ဒါ သူ့ဦးလေးနာမည်ပဲ။ နောက်ကြွက်ကလေးနှစ်ကောင်အကြောင်း သူ့ခေါင်းထဲ ဝင်လာပြန်တယ်။ ကြွက်ကလေးတွေ နူးညံ့သေးကွေးလိုက်တာ။ အင်း... မကြာခင် သူတို့လေးတွေ ခွဲစိတ်ခံကြရတော့မယ်။ ပဲစေ့လေးတွေကို ကိုက်ဝါးနိုင်ကြတော့မှာ မဟုတ်ဘူး။ ကြည်လင်တဲ့ မျက်လုံးလေးတွေနဲ့ ဇေ့ပတ်ကြည့်နိုင်ကြတော့မှာ မဟုတ်ဘူး။ ခြေထောက်သေးသေးလေးတွေနဲ့လည်း ကုတ်ခြစ်နိုင်ကြတော့မှာ မဟုတ်ဘူး။ ကြွက်ကလေးနှစ်ကောင်အကြောင်း တွေးလေသူ ဝမ်းနည်းစိတ်မကောင်းဖြစ်လာလေပဲ။

ညနေပိုင်းကျတော့ သူ့ဦးလေး သူငယ်ချင်းရောက်လာတယ်။ သူတို့ဟာ တောက်ပဝင်းလက်တဲ့ ဓားတွေထုတ်ပြီး ကြွက်ကလေးတွေကို ခွဲကြစိတ်ကြတော့တာပဲ။ တုလုဟာ ဝမ်းနည်းစိတ်မကောင်းဖြစ်ပြီး အော်ကြီးဟစ်ကျယ် ငိုပစ်ချင်တယ်။ နောက်တော့ စိတ်ထိန်းပြီး သူငယ်ချင်း တုကုအိမ်ကို ထွက်သွားလိုက်တော့တယ်။ နောက်ပိုင်းမှာ သူတို့နှစ်ယောက် တစ်စုံတစ်ခုကို ကျိတ်တိုင်ပင်နေကြတာကိုပဲ တွေ့ကြရတယ်။

အခုတော့ တုလုဟာ အရာရာကို အချဉ်ပေါက်နေပါပြီ။ လူတွေဟာ ရက်စက်တယ်လို့ မြင်နေတယ်။ သူတို့ဟာ အကောင်း

ကို မမြင်နိုင်ကြတော့ဘူးလို့ မှတ်ယူမိလိုက်တယ်။ တစ်ခါတစ်ခါ ကျတော့ ကမ္ဘာပေါ်က သတ္တဝါငယ်ကလေးတွေ စုပြီး လူကို ပြန်တိုက်ခိုက်ရင် ဘာတွေဖြစ်လာမလဲလို့ တွေးမိပြန်တယ်။ ဒီအခါ လူတွေက ဘာများလုပ်ကြမှာပါလိမ့်။

ဒီလိုအနေအထားမျိုးနဲ့ ရက်တွေ ကုန်လွန်လာခဲ့ပါပြီ။ ဒီအချိန်မှာ တုကုက ပြေးလာပြီး သူ့အိမ်နားမှာ ကြွက်ရောင်းသူ တစ်ယောက်ကို တွေ့ထားတယ်လို့ ပြောပြတယ်။ ဒါနဲ့ တုလု အပြေးအလွှား လိုက်သွားတယ်။ ကံကောင်းချင်တော့ သူ့ပါသွား တဲ့ ပိုက်ဆံနဲ့ ကြွက်ကလေးနှစ်ကောင် ဝယ်လို့ရတယ်။ ဝယ်ခဲ့ပြီး လူကြီးတွေမမြင်အောင် သေတ္တာလေးထဲ ထည့်ယူလာပြီး လှောင် အိမ်ထဲ ထည့်ထားလိုက်တာပေါ့။ ဒါပေမဲ့ လှောင်အိမ်ကို လူကြီး တွေ တွေ့သွားလို့ မဖြစ်ဘူး။ သူ့အမေတွေ့သွားရင် "အိမ်ညစ်ပတ် တယ်" လို့ ပြောတော့မယ်။ သူ့အဖေ တွေ့သွားရင် "စာတော့ မကျက်ဘူး" လို့ အပြစ်တင်မယ်။ အဲ... သူ့ဦးလေး သိသွားရင်တော့ ဓားနဲ့အခွဲခံရတော့မှာ မလွဲဘူး။ ဒါကြောင့် လှောင်အိမ်ကို သေသေ ချာချာဝှက်ထားရတယ်။ တကယ်တော့ သူတို့နှစ်ကောင်အတွက် သူတို့သူငယ်ချင်းနှစ်ယောက် သိပ်ကို စိတ်သောကရောက်ရတယ်။ စိုးရိမ်ပူပန်နေရတယ်။ ဒါပေမဲ့ လောလောဆယ်မှာတော့ ဝှက်ထား တဲ့နေရာကို ဘယ်သူမှ မတွေ့သေးလို့ အန္တရာယ်တော့ မစိုးရိမ်ရ သေးဘူး။ သူတို့လေးတွေကို ကျွေးမွေးဖို့ အချိန်ပြဿနာတော့ ရှိနေတယ်။ သူတို့နှစ်ယောက်ထဲက တစ်ယောက်ယောက် အစာကျွေး နေတာကို မြင်တွေ့သွားရင် ဘယ်လိုလုပ်မလဲ။ မနေ့မနက်ကပဲ ကြည့်လေ၊ တုလု သူ့အခန်းထဲက တိတ်တဆိတ်ထွက်လာတဲ့အခါ

သူ့အဖေ သူ့ကို တွေ့သွားတော့မလို့ ဖြစ်သွားသေးတယ်။ တစ်နေ့ခင်းတုန်းကလည်း ကြွက်ကလေးနှစ်ကောင်အတွက် တုလုက ပေါင်မုန့်ဝယ်လာခဲ့တယ်။ သူလှေကားတက်မယ်လုပ်တော့ အဖေနဲ့ ဦးလေးက လှေကားနားမှာ ရပ်နေကြတယ်။ တစ်နေ့ကလည်း တုလုနဲ့ တုကု ကျောင်းပျက်တော့မလို ဖြစ်ရသေးတယ်။ အဲဒီနေ့မှာ တုလုအဖေက သေတ္တာဟောင်းတွေ ဝယ်မယ့်လူကို ခေါ်လာခဲ့တာ။ ဒါပေမဲ့ ဈေးမတည့်လို့ပေါ့။ အင်း… ဈေးသာတည့်သွားရင် အမယ်လေး… တွေးဝံ့စရာ မရှိတော့ဘူး။ သူတို့လေးတွေကို လှောင်ထားတဲ့ သေတ္တာလည်း ပါသွားတော့မှာလေ။

တစ်နေ့ တုလုက ကြွက်ကလေးနှစ်ကောင်ကို အစာသွားကျွေးတော့ တစ်ကောင်က သိသိသာသာကြီးကို ဝဖောင်းကားနေတာကို သတိပြုမိလိုက်တယ်။ ဒါနဲ့ သူတုကုကိုခေါ်ပြီး အဲဒီကြွက်ဖျားနေတယ်လို့ မင်း မထင်ဘူးလားလို့မေးတော့ တုကုလည်း ဘာမှပြန်မပြောပြနိုင်ဘူး။ ဒါပေမဲ့ မကြာခင်မှာ ပိုဝလာတဲ့ ကြွက်ဟာ နေမကောင်းတာမဟုတ်မှန်း သိလိုက်ကြရတယ်။ ဘာကြောင့်လဲဆိုတော့ ဟိုတုန်းကလို စားမြဲစား၊ သွားမြဲသွားနေတာကိုး။

အဲ… နောက်နှစ်ရက်ကြာတော့ သူတို့ကို အံ့ဩသွားစေတဲ့ ကိစ္စတစ်ခုပေါ်လာတယ်။ ဒါနဲ့ တုကုက တုလုဆီ အပြေးအလွှားသွားပြီး "ဟေ့… တုလု၊ မြန်မြန် လာကြည့်ပါဦးကွ။ ကြွက်မက ကြွက်ကလေးနှစ်ကောင်ကို မွေးထားတယ်ကွ။ ပန်းရောင်လေးတွေကွ။ အသားလေးတွေကလည်း နုဖတ်နေတာပဲ" လို့ ပြောပြလိုက်တော့ တုကု ချက်ချင်းလိုက်သွားတယ်။ ရောက် တာနဲ့ ကြွက်ပေါက်ကလေးတွေကို သေသေချာချာ ကြည့်တယ်။ တကယ်တော့

ကြွက်ပေါက်ကလေးတွေရလို့ သူတို့ ပျော်နေကြတာပဲ။ ဒါပေမဲ့ သူတို့အပျော်ကို ဘယ်သူ့မှ မမျှဝေရဲကြရှာဘူး။

ဒီကိစ္စက ပိုပျော်စရာဖြစ်သလို အလုပ်ပိုလုပ်ဖို့ အဓိပ္ပာယ်လည်း ဆောင်နေပါတယ်။ အစာပိုကျွေးရမယ်။ ကြွက်ပေါက်ကလေးတွေကလည်း အမြဲဆာလောင်နေကြပုံပဲ။ ပေါင်မုန့်တစ်ဝက်လောက် ချကျွေးလိုက်ရင် တစ်နာရီလောက်ပဲ ခံတယ်။ လောလောဆယ်အထိတော့ တုလုက သူပိုင်ငွေနဲ့ ကြွက်စာ ဝယ်နိုင်သေးပေမဲ့ သူ့မိခင်ရဲ့ စတိုခန်းထဲက စားစရာလေးတွေကိုလည်း ခိုးယူနေရတာပဲ။ တစ်ခါတလေကျတော့ သူတို့နှစ်ယောက်က ကြွက်ကလေးတွေ တာဝန်ကို ခွဲဝေယူကြတယ်။ ဘယ်မှလည်း သိပ်မထွက်ကြတော့ဘူး။ ကြွက်လှောင်အိမ်ဝှက်ထားတဲ့နေရာနားမှာပဲ ရစ်သီရစ်သီလုပ်ရင်း အလုပ်ရှုပ်နေကြလေရဲ့။

ဒီလိုနဲ့ ရက်တွေကုန်လာရာမှ အစမ်းစာမေးပွဲဖြေဖို့ အချိန်ရောက်လာခဲ့တယ်။ ဒါပေမဲ့ ဒီယောကျ်ားလေးနှစ်ယောက်ကတော့ စာမကျက်အားကြဘူး။ ဘာလို့ စာမကျက်ကြတာလဲလို့ မေးတော့ သူတို့ စာမကျက်နိုင်ကြတဲ့ကိစ္စကို မပြောဘဲနေလိုက်ကြတယ်။

ဟော... ခု တကယ် ပူစရာနဲ့ ကြုံလာပြန်ပါပြီ။ ကြွက်မကြီးက ကြွက်ကလေးလေးကောင်ကို မွေးလိုက်ပြန်ပြီလေ။ လှောင်အိမ်လည်း မဆံ့တော့ဘူး။ ဒါကြောင့် ပထမကြွက် ကလေးနှစ်ကောင်ကို သစ်သားသေတ္တာထဲ ရွှေ့ထားလိုက်ရတယ်။

ပြဿနာတစ်ခု အေးသွားပေမဲ့ ပိုကြီးမားတဲ့ ပြဿနာတစ်ခု တက်လာပြန်တယ်။ အမေနှစ်ယောက်စလုံးက ရိက္ခာသိုလှောင်ခန်းတွေကို ပိုဂရုစိုက်လာကြတဲ့ကိစ္စပဲ။ တစ်နေ့ ပေါင်မုန့်

ခိုးနေတဲ့ တုလုကို မိသွားတယ်။ တော်ပါသေးရဲ့၊ တုလု အကြောင်း ပြကောင်းလို့ ဇာတ်မရှုပ်တော့ဘဲပြဿနာ ငြိမ်းသွားပါတယ်။ ဒါပေမဲ့ တုလုနဲ့ တုကုတို့ကတော့ ဒီလိုဆက်သွားလို့ မရနိုင်တော့ ဘူးဆိုတာ သဘောပေါက်သွားကြပါပြီ။ နောက်ပိုင်းမှာ ဆန်ရော၊ ဂျုံပါရဖို့ ခက်တော့မှာ သေချာနေပြီမဟုတ်လား။

တစ်ခုရှိတာက ကြွက်တွေကို ဝှက်လို့ရပေမဲ့ ကြွက်သံကို တော့ ဝှက်လို့မရနိုင်ဘူးလေ။ တစ်ခါတစ်ရံကျတော့ ကြွက်ကလေး တွေက အပြင်ထွက်ဖို့ ကြိုးစားကြတယ်။ ဒါနဲ့ တုကုက ကြွက်လေး ကောင်ကို ပရိဘောဂအဟောင်းတွေထားတဲ့ ထပ်ခိုးထဲမှာ သွား ထားလိုက်တယ်။ ဒါပေမဲ့ ပြဿနာက ပြေမသွားဘူး။ ဒါကြောင့် နောက်တစ်ပတ်ကြာတော့ ကြွက်နှစ်စုံကို ထပ်ရွှေ့လိုက်ရပြန် တယ်။ ဒါပေမဲ့ ကြွက်ပေါက်တွေက များများလာတော့ ဆရာမနိုင် လက်မှိုင်ချရတဲ့အခြေ ဆိုက်ရပြီပေါ့။ သုံးနေရာသွား အစာကျွေးရ တာ မလွယ်တော့ဘူး။ ကြွက်တွေကို သူတို့ မျက်ခြည်မပြတ် စောင့် မကြည့်နိုင်ကြဘူး။ ကြွက်တွေက တစ်ခါတစ်ခါ လှောင်အိမ်ထဲက လွတ်ထွက်သွားပြီး ဟိုပြေးဒီပြေး လုပ်ကြတယ်။ တစ်နေ့မှာ ဥယျာဉ် ထဲက ပန်းပင်နားရောက်သွားတဲ့ ကြွက်တစ်ကောင်ကို မြင်လိုက်ရ တယ်။ သူငယ်ချင်း နှစ်ယောက် ဘယ်လိုမှ မဝှက်နိုင် မထိန်းနိုင်ကြ တော့ဘူး။ အစာလည်း ပုံမှန်မကျွေးနိုင်ကြတော့ဘူး။

အခုတော့ ညညတွေမှာ ကြွက်သံတွေ ကြားကြားနေရပြီ လေ။ ဒီတော့ တုလုအမေက "ငါတို့အိမ်လည်း ကြွက်တွေ သိပ်ကို သောင်းကျန်းနေကြပြီ။ ကြောင်တစ်ကောင် အမြန်ရှာမှ ဖြစ်တော့ မယ်" လို့ လုပ်ပါရော။

အဲ... တစ်နေ့မှာ တုလု မေမေကိုယ်တိုင် ကြွက်တစ်ကောင်ကို မြင်လိုက်ရတယ်။ သူက စတိုခန်းသွားပြီး ဆန်ကို စစ်ကြည့်တာ။ ဒီအချိန်မှာ တစ်စုံတစ်ခုက အမှောင်ထုထဲမှာ ရွေ့လျားနေသလို ထင်လိုက်တယ်။ ဒါနဲ့ မီးဖွင့်ကြည့်လိုက်တော့မှ ကြွက်ဖြစ်နေမှန်း သိလိုက်တယ်။ ဒီတော့ သူက ဒါ သူ့မောင် "ရှာကာ" လက်ချက်ပဲလို့ ချက်ချင်း မှတ်ယူလိုက်တာပေါ့။ သူ့ဂရုမစိုက်လို့ လှောင်အိမ်ထဲက ခုလို ကြွက်တစ်ကောင် ထွက်လာနိုင်တာပဲလို့ ထင်လိုက်တယ်။ ဒါနဲ့ သူ့မောင်ကို ချက်ချင်းခေါ်ပြီး "အဲဒီကြွက်ကို နင့်အခန်းထဲ ချက်ချင်းယူသွား။ နင့်ကြွက်တွေ အိမ်အနှံ့လျှောက်ပြေးနေတာကို ငါ မမြင်ချင်ဘူး" လို့ ခပ်ပြတ်ပြတ် ပြောလိုက်တယ်။

တုလုဦးလေး ဘာပြောရမှန်း မသိဘူး။ ကြောင်စီစီဖြစ်သွားတာပေါ့။ တကယ်လည်း ဒီကြွက်ကိစ္စကို သူ ဘာမှမသိတာပဲ။

ဒီအချိန်မှာ တုလုအဖေက လမ်းလျှောက်ထွက်မလို့ ဖိနပ်ကိုထုတ်ပြီး ခြေအိတ်ကို ဆွဲထုတ်လိုက်တော့ ခြေအိတ်က လှုပ်လှုပ်ရွရွ ဖြစ်လာတယ်။ အသက်ဝင်လာသလိုပေါ့။ နောက် ခြေအိတ်တွေက ရွေ့လျားပါလေရော။ သူ လန့်ဖျပ်ပြီး ထခုန်မိလိုက်တယ်။ နောက်တော့ ကြွက်လေးကောင်ကို တွေ့လိုက်ရတာပဲ။ ဒီတော့လည်း သူက "ရှာကာ" ကို ချက်ချင်း လှမ်းခေါ်လိုက်ပြန်တာပဲ။ ရှာကာရောက်လာတော့ တုလုအဖေကြီးက ဆီးဟောက်တော့တာပဲ။ "ဒါတွေက ဘာသဘောလဲကွ၊ ဒီလို ရယ်စရာမျိုးလုပ်တာကို ငါလုံးဝမကြိုက်ဘူး။ ချက်ချင်းဝေးရာခေါ်သွားစမ်း" တုလု

ဦးလေးက တစ်စုံတစ်ရာ ပြန်ပြောချင်တယ်။ ဒါပေမဲ့ သူ့ယောက်ဖ မျက်နှာက ကြောက်စရာကောင်းလောက်အောင် ဒေါသထွက်နေလေတော့ ရေငုံနှုတ်ပိတ်ပဲနေလိုက်တော့တယ်။

နောက်ပိုင်းတော့ ဘယ်နေရာမှာပဲ ကြွက်ကိုတွေ့တွေ့ "တုလု ဦးလေး" သာ တရားခံဖြစ်သွားရတာပဲ။ သူ ဘာမှမသိဘူးလို့ ပြောပြပေမဲ့ လုံးဝအရာမထင်ဘူး။ အားလုံးရဲ့အမြင်က ပြောင်းမသွားဘူး။ မသိဘူးလို့ပြောလေ သူ့ကို ပိုသံသယဝင်လေပဲ။ တုလုအမေကဆိုရင် "ဒီကြွက်တွေကို နင်မှ မယူလာရင် ဘယ်သူယူလာမှာလဲဟဲ့၊ ဒီကြွက်တွေ မိုးပေါ်ကတော့ ကျမလာတာ သေချာတယ်။ တော်ပြီ၊ မဟုတ်မမှန် လုပ်ကြံပြီး ဆင်ခြေမတတ်နဲ့တော့။ နင့်ကြွက်တွေ နင့်အခန်းထဲ ပြန်ယူသွားတော့" လို့ ခပ်ပြတ်ပြတ် ပြောပစ်လိုက်တယ်။

ဒီတော့လည်း ကြွက်တွေကို လိုက်ကောက်ရတော့တာပေါ့။ လှေကားအောက်မှာ ကောက်ရတယ်။ အိပ်ရာတွေအောက်မှာ ကောက်ရတယ်။ အမိုးပေါ်၊ ဥယျာဉ်ထဲ စတဲ့ နေရာတွေမှာ လိုက်ကောက်ရတယ်။ ဒါတောင် မကုန်နိုင်သေးဘူး။ ကြွက်အရေအတွက်ကလည်း နေ့ချင်းညချင်း တိုးလာသလိုပဲ။ ကောက်လို့မနိုင်တော့ သူက သူ့တူကို ကူကောက်ပေးဖို့ ပြောတယ်။ ဒီတော့ တူတော်မောင်က မျက်နှာမူန်ကုပ်ကုပ်နဲ့ "ဦးလေး၊ ကြွက်တွေကို ကျွန်တော့်လက်နဲ့မထိချင်ဘူး။ ဒါ ဦးလေး ပြဿနာ၊ ဦးလေးပဲရှင်း" လို့ ပြတ်ပြတ် ပြန်ပြောလိုက်တယ်။

ဒီလိုနဲ့ တုလုဦးလေးအခန်းထဲမှာ ကြွက်တွေ သေတ္တာငါးလုံးနဲ့အပြည့်။ ဒါတောင် အပြင်မှာ ကျန်နေသေးတယ်။ အဲ...

တစ်ည သန်းခေါင်ယံလောက်မှာ တုလုရဲ့ဦးလေး ငယ်သံပါအောင် ထအော်သံကို ကြားလိုက်ရတယ်။ "လုပ်ကြပါဦး၊ လာကြပါဦး" ဒီအသံကြားတော့ သူ့အခန်းထဲ ပြေးဝင်ကြတယ်။ အမယ်လေးလေး... သေတ္တာငါးလုံးထဲက ကြွက်တွေ ဘယ်လိုကနေ ဘယ်လိုထွက်ပေါက်ရသွားသလဲ မသိဘူး။ စာအုပ်တွေ၊ စာရွက်တွေ၊ ရုပ်အကျီတွေကို ကိုက်ထားလိုက်တာ တစ်ခန်းလုံးမွစာကျဲနေတော့တာပဲ။ အဲ... ကြွက်ကလေးတစ်ကောင်ကတော့ သူ့ဦးလေးရဲ့ နားရွက်ကို ကိုက်လိုက်တာ သွေးတွေထွက်ကျလာပါရောလား။ ဒီမှာတင် သနားစရာ ဦးလေးက... "တော်ပြီ... တော်ပြီ၊ ငါ ဒီကနေ ထွက်ပြေးတော့မယ်။ ဒီမှာဆက်နေရင် ဒီအကောင်လေးတွေ ငါ့ကို သတ်ပစ်ကြလိမ့်မယ်" လို့ မျက်နှာ မကြည်မသာနဲ့ ပြောလိုက်တယ်။ ဒီတော့လည်း ဘယ်မှမသွားဖို့ ဝိုင်းတောင်းပန်ကြတာပေါ့။ ဒါပေမဲ့ ဘယ်သူ့စကားကိုမှ နားမထောင်ဘဲ အိမ်ကထွက်သွားပါတော့တယ်။

တုကုနဲ့ တုလုအဖို့ ခုတော့ "ဟမ်မလင်က ပလွေဆရာ" လို လူတစ်ယောက်ကို ရှာလို့ရမှ ရပ့်မလားဆိုတဲ့ သံသယစိတ်ရဲ့ ဖိစီးဒဏ်ခံနေကြရပြီလေ။

ဘင်္ဂလားဒေ့ရှ်ပုံပြင်

❒

## ကြယ်များဆီသို့ ခရီးသွားခြင်း

သားအဖနှစ်ယောက် မြစ်ကမ်းပေါ်ထိုင်ပြီး တောဒေသရဲ့ အလှအပကို ကြည့်ရှုခံစားနေကြတယ်။ အချိန်က သန်းခေါင်ကျော် နေပါပြီ။ ဒါပေမဲ့ သူတို့သားအဖကတော့ အေးမြတဲ့လေညင်းကို ခံစားချင်ကြဆဲ။ သူတို့ဝန်းကျင်က ပုစဉ်းရင်ကွဲသံလေးတွေ၊ ကျေးငှက် လေးတွေရဲ့ တီတျာတျာ အော်မြည်သံလေးတွေဟာ သိပ်ကို သာယာလွန်းတဲ့ ဂီတသံလေးတွေပါပဲ။ ဒါပေမဲ့ ဖားအော်သံကြား လိုက်ရင်တော့ အဖေဖြစ်သူက ရယ်မိလိုက်တယ်လေ။

"ငါ့သား၊ ငြိမ်လှချည်လားကွ"

သူ့သားလေး မျက်လုံးအစုံက အမြဲ အိပ်မက်မက်နေတဲ့ မျက်လုံးမျိုး၊ သူ့သားစကားသံဟာ သူ့အတွက် သိပ်ကိုလှပနေ တတ်ပြန်တယ်။ တစ်ခါတစ်ရံမှာတော့ သူ့သားဆိုလိုတာကို သူ မသိနိုင်သလိုဘဲ။

"ကောင်းကင်ထဲက ကြယ်လေးတွေက ကျွန်တော်တို့နဲ့



သိပ်ဝေးနေပုံပဲနော်။ ဒါပေမဲ့ သူတို့က သားကို လက်ယပ်ခေါ်နေကြသလိုပဲ”

“ဘာလဲကွ၊ သူတို့က သားကို ခေါ်နေကြတယ်လို့ ဆိုလိုတာလား”

"ဟုတ်တယ် ဖေဖေ၊ ကြယ်လေးတွေက ဟိုဘက်မြစ်ကမ်းဆီကို ငွေတံတားထိုးပေးထားတယ်လေ။ သိပ်လှတဲ့ တံတား ဖေဖေရဲ့။ အင်း... ဟိုဘက်ကမ်းကူးပြီး အဲဒီလှေကား ပေါ် တက်သွားချင်လိုက်တာ ဖေဖေရာ"

"ဟော့.... သား... ထတော့၊ သား အိပ်မက်မက်နေတာဖြစ်ရမယ်။ ကဲ...ပြန်ကြစို့။ မနက်လည်း စောစောထရဦးမှာ။ ဈေးကားမမီရင် ဟင်းသီးဟင်းရွက်တွေ ပုပ်တော့မှာလေ သားရဲ့"

"ဟာ... ပျောက်သွားပြီ ဖေဖေရာ၊ ကြယ်လေးတွေဆီသွားမယ့်တံတား ပျောက်သွားပြီဗျာ"

"သား စိတ်ကူးယဉ်နေတာလို့ ဖေဖေ ပြောသားပဲ။ ကဲပါ... သွားအိပ်ကြစို့"

ဒီတော့ သားငယ်က မော့ကြည့်လိုက်၊ ငုံ့ကြည့်လိုက်လုပ်ရင်း သူ့ဖေဖေခေါ်ရာနောက် လိုက်သွားတယ်။ ဒါပေမဲ့ သူမအိပ်နိုင်ပါဘူး။ သူ မြင်ခဲ့ရတဲ့ပုံရိပ်ကို မဖျောက်နိုင်ဘူး။

သူလေးဟာ ကျောင်းနေလို့ စာရေးစာဖတ် သင်ယူကတည်းက ကမ္ဘာကြီးကို ကြည့်မြင်လိုတဲ့ ဆာလောင်စိတ်ဟာနိုးကြားလာခဲ့တာပဲ။ သူ့ဂျပန်နဲ့ ဖိလစ်ပိုင်သွေးနှောထားတဲ့ဆရာမကလည်း သိပ်ကို အံ့ဩစရာကောင်းတဲ့ ဆရာမတစ်ယောက်ပါ။ ဒီကလေးရဲ့ ပုံပန်းသဏ္ဍာန်၊ သွင်ပြင်မူရာလေးတွေကို လေ့လာသုံးသပ်ပြီး "ဖူးသစ်စ" စာရေးဆရာလေးလို့မြင်နေမိတယ်။ သူက အတန်းထဲက တခြားကလေးတွေနဲ့မတူဘူး။ သူ့စိတ်ကူးကို ရှင်းရှင်းလင်းလင်းနဲ့ ဆွဲဆောင်မှုရှိရှိဖော်ထုတ်ပြောပြနိုင်စွမ်း ရှိပေတာကိုး။ နောက်... သူ့စိတ်ကူးတွေ

ကလည်း တစ်ခါတစ်ခါမှာ သိပ်ကို အံ့ဩဖို့ ကောင်းတာပဲ။ သူဟာ ဆင်းရဲမွဲတေတဲ့ အကြောင်းတွေ၊ သူ့ရွာကလေးမှာ လိုအပ်နေတာတွေ၊ ဟင်းရွက်ဟင်းသီးတွေနဲ့ သူ့ရွာသားတွေ ရှင်သန်နေရကြောင်းတွေ ပြောတတ်တယ်။ သူ့ဆရာမက ငှားပေးတဲ့ စာအုပ်တွေ၊ မဂ္ဂဇင်းတွေ၊ သတင်းစာတွေကိုဖတ်ပြီး သူတို့တစ်တွေရဲ့ဘဝနဲ့ ဟိုး...မြို့ကြီးတွေက ချမ်းသာသူတွေ ဘဝကို နှိုင်းယှဉ်ကြည့်တတ်တယ်။ ဆရာမက မြို့ကြီးတွေမှာရှိတဲ့ ဆင်းရဲသားရပ်ကွက်တွေအကြောင်းလည်း ပြောပြတယ်။ အဲဒီမှာ လူတွေပြွတ်သိပ်နေကြောင်း၊ ဖုန်ထူကြောင်း၊ လေကောင်းလေသန့်မရကြောင်း၊ ကလေးငယ်တွေ ရောဂါထူကြောင်းနဲ့ နှလုံးသားမာကျောတဲ့ မြို့တော်နေ လူတွေကြားက အသနားအကြင်နာမဲ့တဲ့ အကြောင်းတွေလည်း မကြာခဏ ပြောပြတယ်။ ဒီအခါမှာ သူက...

"ဒီလိုဆိုရင် ကျွန်တော်တို့ တောဒေသက ပိုကောင်းတယ်လို့ ဆရာမ ထင်လို့လား" လို့ မေးတတ်တယ်။

"ဒါ မင်းရဲ့လူတွေနေကြတဲ့ နေရာပဲလေ။ မင်း ဒီနေရာမှာ ငြိမ်းချမ်းမှုကို မခံစားရဘူးလား။ မင့်ပတ်ဝန်းကျင်က လူတွေရဲ့ အစစ်အမှန်ဝိညာဉ်ကို မင်း မခံစားရဘူးလား။ သူတို့ရဲ့ နေ့စဉ်ဘဝမှာ အေးအေးဆေးဆေးနဲ့ ကျေနပ်ရောင့်ရဲနေကြတာကို မင်း မခံစားရဘူးလား"

"ကျွန်တော် သိပါတယ် ဆရာမ။ လူတွေမှာ အဲဒီ ကျေနပ်ရောင့်ရဲမှုမျိုး ရှိကြပါတယ်။ အဖေလည်း သူတို့ထဲက တစ်ယောက်ပါပဲ။ ဒါပေမဲ့ တစ်ခါတစ်ခါမှာ ကျွန်တော်က အဲဒီလို မခံစားချင်ဘူး။ ကျွန်တော့်သူငယ်ချင်း တချို့လည်း ကျွန်တော့်လို ခံစား

နေရတာ ကျွန်တော် သိတယ်။ ကျွန်တော်က မြို့ကြီးတွေကို သွားချင်နေတယ်။ တခြားတိုင်းပြည်တွေကို သွားချင်နေတယ်။ ကျွန်တော်ဖတ်မိတဲ့ စာအုပ်တွေ၊ မဂ္ဂဇင်းတွေထဲမှာ ဖော်ပြထားတဲ့ အံ့သြစရာတွေကို ကျွန်တော် မျက်မြင် ကိုယ်တွေ့ဖြစ်ချင်တယ်။ ဘယ့်နှယ်လဲ ဆရာမ၊ ကျွန်တော် မျှော်လင့်လို့ ဖြစ်နိုင်ပါ့မလား"

"အိုး... ဘာဖြစ်လို့ မမျှော်လင့်နိုင်ရမှာလဲ။ ဒါပေမဲ့ မင်း ကိုယ်တိုင်သွားဖို့ သိပ်ငယ်နေသေးတယ်လေကွယ်။ မင်းက ခုမှ ခြောက်တန်းပဲရှိသေးတာ။ မင့်ရှေ့မှာ အထက်တန်းပညာသင်ယူဖို့ လေးငါးနှစ် ရှိသေးတယ်လေ။ အေး... အထက်တန်း ပြီးသွားရင် တော့ မြို့ကြီးတွေက လူတွေဘဝကို တွေ့ကြုံဖို့ အဆင်သင့်ဖြစ်ပါ လိမ့်မယ်။ ဒါပေမဲ့နော် ဒီလိုဖြစ်ဖို့မှာ တခြား အကြောင်းကိစ္စတွေ ပေါ်မှာလည်း အများကြီး မူတည်နေသေးတယ်ကွဲ့"

"ဖေဖေ့ဆန္ဒကတော့ ငွေပဲ၊ ကျွန်တော် သိတယ်။ ဘာပဲ ဖြစ်ဖြစ် ကျွန်တော်အိပ်မက်တော့ အမြဲမက်နိုင်ပါတယ်။ လော လောဆယ်မှာတော့ ကြယ်လေးတွေဆီ ခရီးသွားနိုင်တယ်။ ကြယ် ကလေးတွေဆီကိုလေ၊ ကြယ်လေးတွေဆီ တံတားကို ကျော်ဖြတ် သွားမှာပေါ့"

ဒီစကားလုံးတွေ သူ့ခေါင်းထဲ ပြေးလွှားဖြတ်သွားရင်းမှာပဲ သူ အိပ်ပျော်သွားပါတော့တယ်။

နံနက်ခင်းနေရောင်က ပြတင်းပေါက်က ထိုးကျလာတော့ သူနိုးလာတယ်။ သူ အိပ်ရာထဲက ခုန်ထပြီး ပြတင်းပေါက်ကနေ အပြင်ဘက်ကိုကြည့်တယ်။ လတ်ဆတ်တဲ့ ဟင်းသီးဟင်းရွက်တွေ တင်ထားတဲ့လှည်း မရှိတော့ဘူး။ သူ့အဖေကလည်း ရောင်းကုန်

အထုပ်လေး ထုပ်ယူပြီး ဘတ်စ်ကားဂိတ်ကို သွားပြီ။ သူ့ကိုမီဖို့ မလွယ်တော့ဘူး။

ဒါနဲ့ပဲ သူက ပထဝီစာအုပ်တွေ၊ မဂ္ဂဇင်းတွေယူပြီး ဖတ်နေလိုက်တော့တယ်။ ဖတ်နေရင်းမှာ နေဝင်ရီတရော အချိန်အောက်က ဂျပန်ငါးဖယ်ရွာလေးပုံကို မြင်လိုက်ရတယ်။ ဒါကြောင့် မနေ့ညက သူ မြင်ယောင်မိလိုက်တဲ့ ပုံရိပ်ကို ပြန် အမှတ်ရလိုက်တာပေါ့။ အမှတ်ရလိုက်တယ်ဆိုရင်ပဲ သူ မြင်မိတာကို ပုံရေးဖို့ မချုပ်တည်းနိုင်လောက်အောင်ကို ဖြစ်လာတယ်။ ဒါနဲ့ ခဲတံနဲ့ စာရွက်ထယူပြီး စဆွဲတော့တာပဲ။ နောက်ကြယ်တွေဆီသွားတဲ့ တံတားပေါ်မှာ ဟောဒီလို ရေးလိုက်ပြန်တယ်။

လူငယ်ဆိုတော့
ကြယ်လေးတွေဆီရောက်ဖို့
အိပ်မက်ရှိတာပေါ့။
ကြယ်စုံတဲ့ ကောင်းကင်ဘုံ
ဟိုး... ထိပ်ကနေ
ကမ္ဘာကြီးကို ကျွန်တော် မြင်ရပုံ။
ကျွန်းကြီးကျွန်းငယ်
မျိုးနွယ်စု အသွယ်သွယ်ကို
အချစ်တံတားက ရောယှက်ပေးနေတယ်။
ဆင်းရဲချမ်းသာ
ဆူကြုံနိမ့်မြင့်
နိမ့်ချမောက်ကြွား
ကျွန်တော့် အိပ်မက်တိုင်းပြည်မှာ

လုံး၀ မရှိပါ။
အဲဒီ ကြယ်စုံတဲ့ တိုင်းပြည်အရောက်
ငွေရောင်ပြိုးပြက် လင်းလက်တံတားက
အိပ်မက်ထဲမှာ
ကျွန်တော့်ကို ခေါ်သွားတာပါ။

သူ့အဖေက ဒီကဗျာလေးကို ဖတ်ပြီး ရွှင်လန်းပေ့ါပါးသွားပါတယ်။ ဆရာမကလည်း သူ့ကို တကယ်လို့သာ ဒီကလေးဟာ အပြင်းအထန် လေ့လာမယ်၊ သူ့ဝန်းကျင်ကမ္ဘာအတွက် မျက်စိအမြဲဖွင့်ထားမယ်ဆိုရင် စာရေးဆရာကောင်းတစ်ယောက် ဖြစ်လာမှာလို့ တစ်ခါက ပြောခဲ့ဖူးတယ်လေ။ ဟော... ခုပဲကြည့်လေ၊ "ကြယ်များဆီသို့ တံတား..." တဲ့။ ဒါဟာ သူ့အိပ်မက်ကို ဖွင့်မယ့်သော့ပဲ။ သူ့ပါရမီ၊ သူ့အရည်အသွေးပဲ။ ခုပဲ သူက သူတကယ်တမ်း ဘာကိုလိုချင်သလဲ။ သူလိုချင်တာကို ရနိုင်ဖို့ လမ်းစလေးတွေလည်း သူ့မှာ ရှိနေပြီ။

စောင့်ကြည့်ရုံပဲ ရှိပါတော့တယ်။

ဖိလစ်ပိုင်ပုံပြင်

❑

## ၁၃

အမှောင်ထုလွှမ်းလာတော့ ကျွန်တော် ရေနံဆီမီးခွက်ကို ထွန်းလိုက်တယ်။ အမေ ပြန်လာ မလာသိချင်လို့ လမ်းမဘက် ရပ်ကြည့်လိုက်မိတယ်။ အမေ့ အရိပ်အခြည်ကိုတောင် မမြင်ရသေးပါလား။

အင်း... အဖေ သေပြီးကတည်းက ငါတို့သားအမိ ဆင်းရဲတွင်းနက်လာခဲ့တာပဲ။ အမေက ဟင်းသီးဟင်းရွက်တောင်း ရွက်ပြီး ရွာရိုးကိုးပေါက် လျှောက်ရောင်းရရှာတယ်။ နေပူမိုးရွာ မရှောင်နိုင်ရှာဘူး။ ရောင်းလို့ရတဲ့ငွေလေးနဲ့ ငါတို့သားအမိ စားသောက်နေရတာ။ အခုလည်း အချိန်အတော် နှောင်းနေပြီ။ အမေ ပြန်မလာသေးဘူး။ ဟော... ပြောရင်းဆိုရင်း အမေ ပြန်လာနေပြီ။ အိုး... အမေ့ခြေလှမ်းတွေ နွေးလှချည်းလား။

ကျွန်တော် ပြေးထွက်ပြီး ဟင်းရွက်တောင်းကို ယူလိုက်တယ်။

"အမေ နည်းနည်း မလန်းဘူး၊ သောက်ရေ ယူခဲ့ပါဦး



သားလေး။ ကနေ့ညတော့ ပေါင်မုန့်ပဲ စားကြဦး။ နက်ဖြန် သားလေး အတွက် အမေ ထမင်းချက်လိုက်ဦးမယ်"

နောက်နေ့မှာ အမေဖျားတယ်၊ ဒါပေမဲ့ ကျောင်းသွားခိုင်း တယ်။ တကယ်တော့ အမေက သွားခိုင်းလို့သာသွားရတာ၊ စိတ် ကတော့ မဖြောင့်ဘူး။ အဲဒီနေ့ကတွက်တဲ့ ဂဏန်းတွေလည်း အကုန် မှားပဲ။ ဆရာမက ရှေ့လထဲမှာ အစမ်းစာမေးပွဲလုပ်မယ်လို့ ပြောပြ

တယ်။ ကျောင်းဆုပေးပွဲနေ့မှာ အမှတ်ကောင်းကောင်းရသူတွေကို ဆုပေးမယ်လို့လည်း ပြောပြတယ်။ လွန်ခဲ့တဲ့နှစ်တွေတုန်းကတော့ ကျွန်တော့်အတန်းထဲမှာ ကျွန်တော် "အကောင်းဆုံး ဆု" ရတယ်။ ပြီးခဲ့တဲ့နှစ်မှာတော့ တစ်ကျောင်းလုံးမှာ "အကောင်းဆုံး ဆု" ရတယ်။ ဘာသာတိုင်းမှာ ကျွန်တော်က အမှတ်အများဆုံးရထားတာကိုး။

လွန်ခဲ့တဲ့နှစ် "ဆုပေးပွဲ" မှာ ဖြစ်ခဲ့တဲ့ ဖြစ်ရပ်တစ်ခုအတွက်တော့ စဉ်းစားမိတိုင်း ရှက်မိတယ်။ အဲဒီနေ့မှာ ကျောင်းအဝင်လမ်းတစ်လျှောက် အလံတိုင်တွေ စိုက်ထားတယ်။ ဒါပေမဲ့ အလံတိုင်တစ်တိုင်က နည်းနည်းစောင်းနေတော့ ဆရာက ကျွန်တော့်ကို သွားမတ်ခိုင်းတယ်။ ဒါနဲ့ ကျွန်တော် သံတူရွင်းယူပြီး မြေကြီးကိုတူးတယ်။ ဒီလိုတူးခိုက်မှာ ဘောင်းဘီနဲ့ထိသွားတော့ ချုပ်ရိုးတွေ ပြုတ်ကုန်တာပေါ့။ ဒီအခါမှာ သူငယ်ချင်းတွေက ဝိုင်းလာပြီး စုတ်ပြဲသွားတဲ့နေရာမှာ အပ်တွေနဲ့ ယာယီဖာထေး ပေးလိုက်ကြတယ်။ ဆုယူဖို့ စင်ပေါ်တက်သွားတဲ့အခါ ကျွန်တော် ရှက်စိတ်နဲ့ မျက်ရည်ကျမိတယ်။ နောက်နေ့ကျတော့လည်း သူတို့ကပဲ ကျွန်တော် ဆုတက်ယူပုံကိုပြောပြီး ရယ်ပွဲ ဖွဲ့ကြတယ်လေ။

"ဒီနှစ်မှာလည်း ကျွန်တော် ဆုကြီးတွေ ရဦးမှာပါ။ ဒီတော့ မနှစ်ကလို အရှက်မကွဲရအောင် ဘောင်းဘီသစ် ဝယ်ရမယ်။ ဘောင်းဘီသစ်နဲ့ ရှပ်အင်္ကျီအဟောင်းကြီးနဲ့ လုံးဝလိုက်ဖက်မှာ မဟုတ်ဘူး။ ဒီတော့ ရှပ်အင်္ကျီတစ်ထည်လည်း ဝယ်ရဦးမှာပဲ"

ကျောင်းကပြန်လာတော့ အမေက အိမ်နီးချင်းတစ်ယောက်ကိုခေါ်ပြီး ဆေးခန်းသွားခဲ့ရတာကို သိလိုက်ရတယ်။ အခုတော့ အမေက လူကောင်းအတိုင်းပါပဲ။ ဆရာဝန်က ဂလူးကို့(စ်) သောက်ပေး

ပါဆိုလို့ ကျွန်တော် လမ်းဆုံဆိုင်မှာ ဂလူးကို့(စ်) သွားဝယ်တယ်။ အဲဒီမှာ ကျွန်တော် "ပရီရာဒါ" နဲ့ တွေ့တယ်။ သူက "ငါ အုန်းဆံမျှင်" ထုတ်တဲ့ အလုပ်ရုံမှာ လုပ်နေတယ်။ တစ်နေ့ ငါးကျပ်ရတယ်ကွ။ မင်းလည်း လုပ်ပါလားလို့ ဆွယ်တာနဲ့ ကျွန်တော် အဲဒီအလုပ်ရုံကို ရောက်သွားပါတယ်။ သူက "မင်း ကျောင်းဆင်းမှလာလုပ်ပေါ့၊ တစ်ချိန်လုပ်ရင် နှစ်ကျပ်ခွဲရတယ်ကွ" လို့ ထပ်ဆွယ်ပြန်တယ်။

ဒီကိစ္စ အမေ့ကို ပြောပြပြီး အမေ့သဘောကို တီးခေါက်ကြည့်တယ်။

"အမေ၊ ကျွန်တော် အုန်းဆံမျှင် အလုပ်ရုံမှာ သွားအလုပ်လုပ်ချင်တယ်။ ကျောင်းဆင်းမှ သွားလုပ်မှာပါ။ အဝတ်အစားသစ်ဝယ်ဖို့ ပိုက်ဆံရတာပေါ့ အမေရယ်"

"အို... သား... သားဟာ အလုပ်လုပ်ဖို့ ငယ်လွန်းပါသေးတယ်။ နောက် ဒီအလုပ်မျိုးကိုလည်း မလုပ်သင့်ဘူး"

"မဟုတ်ဘူး အမေ၊ တစ်ပတ်တည်း လုပ်မှာပါ။ အင်္ကျီနဲ့ဘောင်းဘီဖိုးလောက်ရရင် တော်ပါပြီ။ ကျောင်းဆင်းမှ သွားလုပ်မှာပါ အမေ။ ဘယ်လိုလဲ၊ သွားလုပ်ရမလား အမေ။ သွားလုပ်ပါရစေနော် အမေ"

အမေက လိုက်လျောခွင့်ပြုမယ့်ပုံ ပြလာတော့ ကျွန်တော်က "အမေ၊ ကျောင်းသွားရင်ဝတ်ဖို့ အဝတ်အစားအသစ် လိုတယ်လေ" လို့ ပြောပြလိုက်တယ်။

"ကဲ... ဒီလိုဆိုလည်း မင့်သဘောပဲ၊ ဒါပေမဲ့ အဲဒီမှာအလုပ်လုပ်ကြတဲ့ လူတွေက သိပ်ကောင်းကြတာ မဟုတ်ဘူးနော်"

အုန်းဆံမျှင်အလုပ်ရုံက သေးသေးလေးပါ။ ဒါပေမဲ့ ပိုင်ရှင်

"ဂူနဒဆ "ရဲ့ အိမ်ကြီးကတော့ အကြီးကြီးပဲ။ ပန်းပင်တွေနဲ့ ဝိုင်းရံထားတဲ့ နန်းတော်လိုအိမ်ကြီးပေါ့။ ကျွန်တော်တို့က အုန်းပင်တွေအောက်မှာ အုန်းဆံမျှင်တွေ ထုတ်ကြရတယ်။ ကျွန်တော့်လိုလူငယ်လေးတွေ ခုနစ်ယောက်လောက် အလုပ်လုပ်ကြတယ်။ ပိုင်ရှင်သူဌေးကတော့ ကျွန်တော်တို့ကို အမြဲမျက်စိဒေါက်ထောက်ကြည့်နေတာပဲ။ ဟိုယောင်ယောင်၊ ဒီယောင်ယောင်လုပ်ပြီး ခိုကတ်နေတာ မြင်သွားရင် လှမ်းဆူတော့တာပဲ။ "ဘာမှမလုပ်ရင် ငါပိုက်ဆံမပေးဘူး" လို့လည်း ပြောတတ်တယ်။

တခြား ယောကျာ်းလေးတွေကတော့ မနက်စောစောလာ၊ ညမိုးချုပ်မှ ပြန်ကြတာပေါ့။ ကျွန်တော်က ကျောင်းဆင်းရင်အိမ်ပြန်၊ တစ်ခုခုစားပြီးမှ အလုပ်ထဲလာပေါ့။ ဒီတော့ ကျွန်တော့်ကို နေ့ဝက်လုပ်ခပဲ ပေးတယ်။

ကျွန်တော်တို့ လုပ်ခကို စနေ ညနေမှာ ရှင်းပေးတယ်။ ကျွန်တော့်ကို တစ်ဆယ်ပေးပါတယ်။ ကျွန်တော် အလုပ်ကို မခိုမကတ် အမြဲလုပ်တယ်။ ဒါကြောင့် တစ်ခါမှ အဆူမခံရဘူး။ ငွေလိုတော့ အပင်ပန်းခံ ကြိုးစားရတာပဲပေါ့။ ကျွန်တော် ဒီလိုကြိုးစားလုပ်လို့ အလုပ်ရှင်က ငွေရှင်းတဲ့ နောက်စနေမှာ ၁၅ ကျပ်ပေးပါတယ်။ အင်း... ခုဆို စုစုပေါင်း ၂၅ ကျပ်ရထားပြီလေ။ ကျွန်တော် သိပ်ကို ပျော်နေမိတယ်။

တစ်နေ့မှာ အလုပ်ရှင်က ကျွန်တော့်ကို ပြောတယ်။ "နောက်တစ်ပတ်မှာ အော်ဒါအသစ် ရထားတယ်။ ဒီတော့ နက်ဖြန်ကစပြီး နောက်စနေအထိ ဆက်တိုက် အလုပ်လုပ်ရမယ်။ မင်း တစ်နေ့လုံး အလုပ်လုပ်နိုင်မလား" တဲ့။

"ကျွန်တော်က ကျောင်းတက်ရဦးမှာ"

"အိုကွာ... တစ်ပတ်တည်း ကျောင်းပျက်မှာပါ။ မင်း ၈ ရက်စလုံး အလုပ်လုပ်ရင် ၄၀ ကျပ်ရမယ်"

"ကျွန်တော် အမေ့ကို ပြောကြည့်ပါဦးမယ်"

အမေက သိပ်တော့ သဘောမတူချင်ဘူး၊ ဒါပေမဲ့ ကျွန်တော့်ဆန္ဒပြည့်နိုင်အောင် သဘောတူခွင့်ပြုပါတယ်။ ၈ ရက်အလုပ်ဆင်းပြီးသွားချိန်မှာ ကျွန်တော့်ကို ငွေရှင်းပေးလိုက်ပါတယ်။ အိမ်ရောက်တော့ ပထမလုပ်အားခနဲ့ ခုရလာတဲ့ လုပ်အားခပေါင်းပြီး အမေ့ကို ပေးလိုက်တယ်။

"ဘောင်းဘီနဲ့ အင်္ကျီအတွက် ရပြီပေါ့ သားရဲ့"

"ရှူးအသစ်လေး ဝယ်နိုင်ရင် ပိုကောင်းမယ်နော် အမေ"

"ဟုတ်တာပေါ့၊ ကဲ... လိုငွေကို အမေစိုက်ပေးပါ့မယ်"

နောက်နေ့ ကျွန်တော် ကျောင်းတက်တယ်။ ကျွန်တော်သိပ်ကျေနပ်နေမိတယ်။ ကိုယ့်ကိုယ်ကိုယ် သူဌေးလို့တောင် ထင်မိလိုက်ပါရဲ့။

ကျောင်းရောက်တော့ ကျွန်တော့်ကို ဆရာမက "မင်းလွန်ခဲ့တဲ့ တစ်ပတ်တုန်းက ဘာကြောင့် ကျောင်းမတက်တာလဲ" လို့ မေးတယ်။

"ကျွန်တော် နေမကောင်းလို့ ဆရာမ"

အကြောင်းသိ သူငယ်ချင်းတွေက ကျွန်တော် လိမ်တယ်ဆိုတာ သိနေကြတယ်။

နောက်နေ့မှာ အစမ်းစာမေးပွဲ ဖြေရမယ်။

"ငါ ဒီစာမေးပွဲမှာလည်း စာမေးပွဲတိုင်းမှာ ပထမရသလို

ရကို ရရမယ်။ ဟို... "ပရိယာဒါ"ကတော့ ဒုတိယပဲ ချိတ်မှာပဲ။ ဒီကျောင်းသူက ချမ်းသာတယ်။ ကားနဲ့ ကျောင်းတက်တယ်လေ"

ကျောင်းတစ်ပတ်ပျက်ခဲ့လို့ ဒီအစမ်းစာမေးပွဲမှာ ကျွန်တော် သိပ်မဖြေနိုင်ဘူး။ စာမေးပွဲပြီးတော့ ကျွန်တော်တို့ သားအမိ ဆုပေးပွဲမှာဝတ်ဖို့ ဘောင်းဘီနဲ့အင်္ကျီ သွားဝယ်ကြတယ်။ နောက်နှစ်ရက်မှာ အော်ဒါပေးခဲ့တာတွေ ရင်မှာပိုက်ပြီး အိမ်ပြန်လာခဲ့ပါတယ်။ အထူးဝတ်စုံလည်း ရပြီဆိုတော့ ဆုပေးပွဲနေ့ မြန်မြန်ရောက်စေချင်နေပါတယ်။ ငါ ဟောဒီဝတ်စုံသစ်ကို ဘယ်လိုဝတ်ပြီး စင်ပေါ်တက်ဆု ဘယ်လိုယူလိုက်မယ်ဆိုတဲ့ အတွေးစိတ်ကူးနဲ့ မြူးနေမိတယ်။

ဟော... ကျောင်းအုပ်ကြီးက "နောက်... တနင်္လာနေ့မှာ ဆုပေးပွဲ ကျင်းပမယ်" လို့ ကြေညာလိုက်ပါပြီ။ ကျောင်းမှာ သန့်ရှင်းရေးတွေ လုပ်ကြပြီ။ ဒီတစ်ကြိမ်ဆုပေးပွဲကတော့ အခမ်းနားဆုံးဖြစ်မှာပါပဲ။ အဓိက ဧည့်သည်တော်က ပါလီမန် အဖွဲ့ဝင် ပုဂ္ဂိုလ်ကြီး။ နောက်... ထင်ရှားကျော်ကြားတဲ့ ပုဂ္ဂိုလ်ကြီးတွေကိုလည်း ဖိတ်ဦးမှာ။ တစ်ရွာလုံးက လာရောက်အားပေးကြမှာ။ ဒီလိုပွဲမျိုးမှာ ဆုတက်ယူရတာ ဘယ်ကလောက် ဂုဏ်ယူဖို့ကောင်းမလဲ။

နက်ဖြန် ဆုပေးပွဲ ကျင်းပတော့မယ်။ အုန်းဆံမျှင် အလုပ်သမားလေးတွေကိုလည်း ဒီပွဲတက်ဖို့ သူဌေးက ခွင့်ပေးလိမ့်မယ်။ သူဌေးကိုယ်တိုင်လည်း တက်လိမ့်မယ်။ ကျွန်တော် ဆုတက်ယူတာကို သူမြင်သွားရင် သိပ်အံ့သြမှာပဲ။ သိပ်ဝမ်းသာ သွားမှာပဲ။

ဒီညက ကျွန်တော် အိပ်လို့ကို မရဘူး။ ဘောင်းဘီသစ်၊ အင်္ကျီသစ်၊ ရှူးသစ်နဲ့ ဆုတက်ယူမယ့် ကိုယ့်ပုံရိပ်ကို မြင်ယောင်မိနေတာကိုး။ ဒါပေမဲ့ ညဉ့်အတော်နက်တော့ အိပ်ပျော်သွားပါ

တယ်။ ဒါကြောင့် အိပ်ရာထ နောက်ကျသွားတယ်။ အမေကတော့ ဟင်းရွက်ရောင်းထွက်သွားပါပြီ။ ကျွန်တော် ရေမိုးချိုး၊ အဝတ်အစားလဲပြီး ထွက်လာခဲ့တယ်။

အတော်ပါပဲ။ ကျောင်းလည်းရောက်ရော ဆုပေးပွဲစတယ်။ တက်ရောက်လာသူတွေကလည်း ခန်းလုံးပြည့်ပဲ။ ထုံးစံအတိုင်း အခမ်းအနားဖွင့်ပြီးတာနဲ့ ဧည့်သည်တော်ကြီးတွေက စကားပြောကြတယ်။ ပြောမယ့်လူကြီးတွေကုန်သွားမှ ဆုချီးမြှင့်တဲ့ အခမ်းအနား စပါတယ်။ ဒီနှစ်တော့ ဆုတွေကို ပါလီမန်အမတ်ကတော်က ချီးမြှင့်ပေးပါတယ်။ အတန်းစဉ်အလိုက် ဆုတွေပေးသွားတာပါ။

"ခြောက်တန်းမှာ အတော်ဆုံး ကျောင်းသားကတော့"

ကျွန်တော် ရင်ခုန်နေပါပြီ။ ရိုးတိုးရွတ ဖြစ်နေပါပြီ။ ခြောက်တန်းပြီးရင် ငါးတန်း၊ ကျွန်တော့် အတန်းကိုး။ အေး... သူပြီးရင် ငါပေါ့လေ။ ကျွန်တော်က ဒီလိုပဲ မှတ်ယူထားလိုက်တယ်။ ဟော... ကြေညာသံထွက်လာပါပြီ။

"ငါးတန်းမှ အတော်ကျောင်းသားဆုကို" ကြေညာသူစကားမဆုံးခင် ကျွန်တော် ထရပ်မိလိုက်တယ်။ သို့သော် ကျွန်တော် ဆက်ကြားလိုက်ရတာကတော့ "ဒီနှစ်တော့ ဒီဆုကို "ပရီရာဒါ" က ရရှိသွားပါတယ်" တဲ့ ခင်ဗျား။

မျက်လုံးအိမ်ထဲက မျက်ရည်တွေ ထွက်ကျလာသလို ပါပဲ။ တစ်ချိန်တည်းမှာ ချွေးပြန်လာတယ်။ ကျွန်တော် အလိုလို ပြန်ထိုင်ချမိလိုက်တယ်။ တစ်ချိန်တည်းမှာ သီရိလင်္ကာအမျိုးသား သီချင်းသံက ကျွန်တော့်နားအစုံထဲ တိုးဝင်လာတယ်။ ဒါကြောင့်

မတ်တတ်ရပ် အလေးပြုလိုက်ရတယ်။ ကဲ... အခမ်းအနားလည်း ပြီးဆုံးသွားခဲ့ပါပြီ။ လက်ထဲလည်း ပညာရည်မှတ်တမ်းက ရောက်နေပါပြီ။ ဘယ်သူ လာပေးလိုက်သလဲဆိုတာကိုတောင် သတိမထားမိလိုက်ပါဘူး။

ကျွန်တော် မှတ်တမ်းကို ဖွင့်ကြည့်မိလိုက်တယ်။ ကျွန်တော့်ရမှတ်ပေါင်းက ၈၅၂ မှတ်၊ တစ်နေရာ လှမ်းကြည့်လိုက်တော့ "ပရီရာဒါ" က ပြုံးလို့ရယ်လို့၊ သူငယ်ချင်းတွေနဲ့စကားတွေဖောင်ဖွဲ့လို့။ ကျွန်တော် သူ့နားသွားပြီး မှတ်တမ်းကို တောင်းကြည့်လိုက်တယ်။ သူ့ရမှတ်ပေါင်းက ၈၅၅ မှတ်။ ကျွန်တော် သူ့မှတ်တမ်းကို ကြည့်နေတော့ သူက "ငါက နင့်ထက် သုံးမှတ်ပဲပိုများတာပါဟာ"လို့ ပြောလိုက်ပါတယ်။

ခု ကျွန်တော် အိမ်ပြန်ရောက်နေပါပြီ။

"အင်း... ဆုအနေနဲ့ စာအုပ်ကလေးသုံးအုပ်ပဲ ရပါတယ်။ ဘယ်လောက်မှ တန်ဖိုးမရှိပါဘူး။ ကဲ...ကျွန်တော့်ဘောင်းဘီ၊ ရှပ်အင်္ကျီ၊ ရှူးဖိနပ်တွေကို ကြည့်လိုက်စမ်းပါ။ သူတို့ ဘယ်လောက် တန်ဖိုးကြီးပါသလဲ"

တကယ်တော့ ဒီလိုတွေးပြီး ကျွန်တော့်ကိုယ် ကျွန်တော်နှစ်သိမ့်လိုက်တာပါ။ တကယ့်စကားလုံးတွေအဖြစ် ထွက်ကျလာကြတာ မဟုတ်ပါဘူး။

ကျွန်တော်ဟာ စစ်ရှုံးတဲ့ဘုရင်လို အိမ်ပြန်လာခဲ့ပါတယ်။ လမ်းမှာ အုန်းဆံမျှင် အလုပ်ရုံပိုင်ရှင်နဲ့ တွေ့တယ်။ သူလည်း ဆုပေးပွဲက ပြန်လာပုံပါပဲ။

သူက ကျွန်တော့်ကို မြင်မြင်ချင်း အနားကပ်လာပြီး

"ဟော့... မင်း နက်ဖြန် အလုပ်ဆင်းနိုင်မလား" လို့ မေးတယ်။ ဒီတော့ ကျွန်တော်က သူပြောတာကို ဂရုတောင် မပြုမိပုံမျိုးနဲ့ လမ်းဆက်လျှောက်ရင်း ပေါ့ပေါ့ပါးပါးပဲ ပြန်ဖြေလိုက်တယ်။

"ဩော်... မဆင်းနိုင်ဘူးဗျ၊ ကျောင်းတက်ရဦးမှာ"

သီရိလက်ဘ်ပုံပြင်

□

# လက်စားချေတဲ့ ဆာဘာ

ည အတော်နက်လာပြီ။ မီးပုံပွဲလည်း ပြီးသွားခဲ့ပြီ။ ခရာမှုတ်သံတစ်ချက် ကြားလိုက်၏။ ညစောင့်တာဝန် ယူရသူများမှအပ ယောကျ်ားလေးကင်းထောက် အတော်များများက အိပ်သွားကြပြီ။

"ဆာဘာ" အတွက် အိမ်နဲ့ဝေးရတာ ဒါ ပထမဆုံးအကြိမ်ပဲ ဖြစ်သည်။ သူလည်း စောင်ခြုံကွေးနေပါပြီ။ သို့သော် မျက်လုံးတွေ ကျယ်နေ၏။ သူသည် မနက်က ဖြစ်ခဲ့တာတွေကို ပြန်အမှတ်ရနေသည်။ ထို့ကြောင့် သူက သူ့ဘေးမှာ လှဲနေသော "လိုဒန်"ကို စကားတွေ ပြောနေ၏။ သို့သော် လိုဒန်က စကားမပြောချင်။ မကြာခင် သူ့ဟောက်သံကို ဆာဘာ ကြားလိုက်ရ၏။

ခုတော့ ဆာဘာလည်း ငိုက်စပြုလာပြီ။ ဒီအချိန်မှာ တဲအပြင်က ပေါ်လာသောအသံတစ်သံကို ကြားလိုက်၏။ တစ်စုံတစ်ယောက်က ခိုးကြောင်ခိုးဝှက် လှုပ်ရှားနေသံမျိုး။ နောက်တော့ တစ်စုံတစ်ခုနဲ့ ကျောက်တုံးကို ပွတ်တိုက်သံ ကြားရပြန်၏။



ဘာသံများပါလိမ့်။ အင်း... ရယ်စရာတော့ အကောင်းသား။ ပွတ်တိုက်သံကို သဲသဲကွဲကွဲ ကြည်ကြည်လင်လင် ကြားရခါမှ သူ့မျက်လုံးတွေက အိပ်ချင်စိတ်နဲ့ လေးပင်လာ၏။ ဒီအချိန်မှာပဲ သူ့ပါးကို ပွတ်လိုက်တဲ့ အေးစက်စက်လက်ရဲ့ အထိအတွေ့ကို ရုတ်တရက် ခံလိုက်ရ၏။ ဒါကြောင့် မျက်လုံးအစုံကို အားယူဖွင့်ကြည့်လိုက်၏။ ဒီအခါမှာ တဲထဲက ခိုးကြောင်ခိုးဝှက် ထွက်သွားသော သဏ္ဍာန်တစ်ခုကို မြင်လိုက်ရ၏။

ဆာဘာ ထထိုင်လိုက်၏။ သူ့ဘေးက လိုဒန်ကမူ ဟောက်မြဲဟောက်လျက်။ ဆာဘာက သူ့သူငယ်ချင်းတွေကို ရေတွက်ကြည့်လိုက်၏။ တဲထဲမှာ ငါးယောက်မျှ အိပ်ကြ၏။ ခု ငါးယောက်စလုံး ရှိနေ၏။ ထို့ကြောင့် ခုလေးတွင် ခိုးကြောင်ခိုးဝှက် ထွက်သွားသူသည် သူတို့ထဲက မဖြစ်နိုင်။ ဒီလိုဆို သူ ဘယ်သူလဲ။

ဆာဘာက လက်နှိပ်ဓာတ်မီးကို စမ်းရှာ၏။ တွေ့တော့ သူ့ဝန်းကျင်ကို ဓာတ်မီးနှင့် ထိုးလေ့လာကြည့်၏။ ဘာတစ်ခုမှ လည်း ပျောက်သွားပုံမရ။ သူ လိုဒန့်မျက်နှာကို လက်နှိပ်ဓာတ်မီး နှင့် ထိုးကြည့်လိုက်၏။ အလို... ဒီကောင့်မျက်နှာတစ်ခုလုံး အိုးမည်း တွေ ပေနေပါလား။ ဒါနဲ့ တခြားယောကျ်ားလေးတွေကို မီးနှင့် ထိုးကြည့်ပြန်၏။ ဟယ်... သူတို့မျက်နှာမှာလည်း အိုးမည်းတွေ ပေလို့ပါလား။

ဒါနဲ့ လက်နှိပ်ဓာတ်မီးကို ပြန်ယူ၊ ကျောပိုးအိတ်ထဲက မှန်ကို အမြန်ရှာပြီး သူ့မျက်နှာကို ကြည့်မိလိုက်၏။ အလို? ငါ့မျက်နှာလည်း မည်းလို့တူးလို့ပါလား။ တန်တော့ ဒါ "ရာဟာ" ရဲ့လက်ချက်ပဲ ဖြစ်ရမယ်။ သူ့ကိုယ်လုံးကိုယ်ပေါက်ကို ငါ မှတ်မိ တယ်။ သူ့လှုပ်ရှားပုံတွေကိုလည်း မြင်သိနေတာပဲ။

ဒီအတွေးနဲ့ "ဆာဘာ" ပထမဆုံးလုပ်တာက မီးပုံပွဲ ကျင်းပ တဲ့စခန်းကို ဦးတည်သွားခြင်းပဲ ဖြစ်သည်။ သူ အဲဒီမှာ မီးသွေးခဲ တွေ တွေ့ရ၏။ မီးသွေးခဲတချို့ကိုယူပြီး သူတဲသို့ ပြန်လာခဲ့၏။ တဲပြန်ရောက်တော့ မီးသွေးဖြစ်သွားတဲ့ ထင်းစအပိုင်းကို ကျောက်တုံး မှာသွေး၊ ရလာတဲ့မီးသွေးအနှစ်ကို ဖက်နဲ့ထုပ်ပြီး သူတဲထဲက ပြန်ထွက်ခဲ့၏။ သူအခု သူ့တဲနှင့်မျက်နှာချင်းဆိုင်က တဲထဲ ခြေဖော့ဝင်၊ လက်နှိပ်ဓာတ်မီးကိုတော့ တမင်မယူဘဲ ထားခဲ့၏။

တဲထဲအဝင်မှာ သူ နှလုံးအခုန် မြန်နေ၏။ ဒီတဲထဲမှာ သေချာပေါက် "ရာဟာ" ရှိနေသည်ကိုး။ တဲထဲမှာ အိပ်နေကြ တာက သုံးယောက်။ ဟို... အစွန်မှာ အိပ်နေသူဟာ "ရာဟာ" ပဲ ဖြစ်ရမယ်။

"ဒီ ရာဟာဆိုတဲ့ကောင်က ငါ့မျက်နှာကိုသာ အိုးမည်းနဲ့ သုတ်တာ မဟုတ်ဘူး။ ငါ့အဖွဲ့သားတွေရဲ့မျက်နှာကိုလည်း သုတ်ခဲ့တာပဲ"

သူက ယင်းသို့တွေးပြီး သုံးယောက်စလုံးရဲ့မျက်နှာကို အိုးမည်းသုတ်လိုက်၏။ ပြီးမှ ရာဟာ့တဲတွင်းမှ ပြန်ထွက်လာခဲ့၏။ တဲပြင်ရောက်တော့ လေအေးက သွေးနေ၏။ လရောင်ကလည်း ဖြာဆင်းနေ၏။ ဒါကြောင့် ဆာဘာ ပေါ့ပါးသွက်လက်သွား၏။

"ဟော့... ဘယ်သူလဲကွ"

"ငါပါကွ၊ ဆာဘာလေ..."

သူက အပြစ်ကင်းဟန်ဆောင်ပြီး အေးအေးဆေးဆေး ပြန်ပြောလိုက်၏။

"ဩော်... မင်းလား၊ မင်းက အပြင်ထွက်ပြီး ဘာလုပ်နေတာလဲ"

"လေကောင်းလေသန့် ရှူချင်လို့ပေါ့ကွ။ ငါ အိပ်လို့မရဘူး။ နေပါဦး၊ အခု ကင်းစောင့်ရမှာ မင်းအလှည့်လား"

"ဟုတ်တယ်လေ၊ နောက် နာရီဝက် စောင့်ရဦးမယ်"

"အေး... ငါ မြစ်နား ခဏသွားလိုက်ဦးမယ်။ ဗိုက်လည်း သိပ်မကောင်းဘူးကွ"

"သွားလေ၊ ဒါပေမဲ့... သတိထားနော်၊ အဆင်းလမ်းက သိပ်ချောတယ်ကွ"

ဆာဘာ ဆက်ထွက်လာလို့ ခြေလှမ်း လေးငါးလှမ်းပဲ ရှိသေးတယ်၊ မြစ်ကမ်းပါးပေါ် ခပ်မြန်မြန် တက်လာသူတစ်ယောက်ကို မြင်လိုက်၏။ ထို့ကြောင့် သူက...

"အဲဒီက ဘယ်သူလဲ" ဟု လှမ်းမေးလိုက်၏။

"ငါပါ၊ ဘာကြောင့် မေးတာလဲ"

"ဟင်... ရာဟာ မင်းလား"

"ဟ... ဆာဘာ၊ မင်းက ခု ဘယ်သွားမလို့လဲ"

သူက မေးပြီး ဆက်လျှောက်သွား၏။ ဆာဘာက သူ့နောက်ကလိုက်ရင်း မျက်လုံးတွေ ကျယ်လာတယ်။ ပါးစပ် အဟောင်းသား ဖြစ်သွား၏။ ရာဟာကတော့ ဘာကိုမှ ဂရုစိုက် မနေဘဲ သူ့တဲအရောက် ဖြောင့်ဖြောင့်တန်းတန်း ဆက်လျှောက် သွား၏။

"အင်း... ငါကတော့ ငါ့မျက်နှာကို အိုးမည်းသုတ်သွား သူဟာ "ရာဟာ" ပဲလို့ သေချာပေါက် တွက်ထားလိုက်တာ။ ငါ အိုးမည်းပြန်သုတ်ခဲ့တဲ့ မျက်နှာဟာလည်း သူ့မျက်နှာပဲလို့ အပိုင်ကို သိလိုက်တာ။ ဒါပေမဲ့ ခုတော့ သူက တဲအပြင်ထွက် လမ်းလျှောက် ပြီး ခုမှ မြစ်ဘက်က ပြန်လာတယ်။ ဒီတော့ ငါ လက်စားချေခဲ့တာ ဘယ်သူများဖြစ်နေမလဲ"

နောက်နေ့မနက်မှာ ခါတိုင်းထက် နာရီဝက်စောပြီး ခရာမှုတ်၏။ စခန်းတဲက တောင်ကုန်းထိပ်မှာဆိုတော့ နေရောင် ဖြာကျနေပြီ။ ကောင်းကောင်း လင်းလက်နေပြီ။

ကင်းထောက်ခေါင်းဆောင်က ယောကျ်ားလေးတွေ အားလုံးကို တန်းစီရပ်ခိုင်း၏။ နောက်တစ်ယောက်ချင်းကို အနီးကပ် စစ်ဆေး၏။ ဒီအချိန်မှာပဲ အတန်းအလယ်လောက်က ပေါ်ထွက် လာတဲ့ ကျိတ်ရယ်သံကို ကြားလိုက်ရ၏။ ခေါင်းဆောင် "ပင်ဘင်း" ၏ မျက်နှာမှာလည်း အိုးမည်းတွေပေကျံလို့။ ယောကျ်ားလေးတိုင်း

က တစ်ခုခုတော့ ဖြစ်တော့မှာပဲဟု မျှော်လင့်ထားကြ၏။ ခါတိုင်းထက်စော ခရာမှုတ်လိုက်ခြင်းသည် တစ်စုံတစ်ရာတော့ မှားနေပြီဆိုတာကို ညွှန်ပြခြင်းပဲ ဖြစ်၏။ ခေါင်းဆောင်ကလည်း ဒေါသထွက်နေပုံကြီး။

ဆာဘာက အိပ်လွန်သွားသဖြင့် နောက်ကျရောက်လာ၏။

ခေါင်းဆောင်က တန်းစီရပ်နေသူများရှေ့ ပြန်လာပြီး "ဒီကိစ္စ ဘယ်သူ့မှာ တာဝန်ရှိသလဲ" ဟု မေးလိုက်၏။

ဘာသံမှ ထွက်မလာ။ ဘယ်သူမှ မဖြေ။ သစ်ပင်ထက်က ငှက်သံတွေကိုပဲ ကြားနေရ၏။

"ကဲ... ငါ ထပ်မေးမယ်။ ဒီကိစ္စ ဘယ်သူ့မှာ တာဝန်ရှိသလဲ။ ဒီကိစ္စကို ကျူးလွန်တယ်၊ ဒါပေမဲ့ သူ့အပြစ်ခံရမှာ ကြောက်လို့ ငြင်းမယ်ဆိုရင် အုပ်စုထဲက ထုတ်ပစ်ရမှာပဲ။ ငါက မင်းတို့ရိုးသားဖို့၊ ရဲရင့်ဖို့၊ မင်းတို့ ဘယ်လိုပဲ ဆိုးဆိုးရွားရွား ပြုမူခဲ့၊ ပြုမူခဲ့ ယောကျ်ားပီပီ ဝန်ခံဖို့ ပြောနေတာ။ ဒီကိစ္စကို ဘယ်သူလုပ်မှန်း ငါတို့သိတယ်။ ဒါပေမဲ့ သိရက်နဲ့ မေးနေရတာ မင်းတို့ ဘယ်လောက်သတ္တိရှိသလဲဆိုတာ သိချင်လို့ပဲ။ ဒါကြောင့် ငါ ပြန်မေးမယ်၊ ဘယ်သူ့မှာ တာဝန်ရှိသလဲ"

ဆာဘာ သိပ်ကို စိုးရိမ်နေ၏။ သူက လက်စားချေလိုက်တဲ့ကိစ္စ ဒီအဖြစ်မျိုးထိ ရောက်လာလိမ့်မယ်လို့ လုံးဝ မမျှော်လင့်ထားခဲ့။ ခုတော့ သူ့မှာ ရွေးစရာလမ်း မရှိတော့။ ပြီးတာပြီးခဲ့ပြီ။ ဒါကြောင့် သူရှေ့ထွက်လာပြီး ခေါင်းမော့ထားလိုက်သည်။

သည်တော့ ခေါင်းဆောင်က "ကောင်းတယ်၊ ကဲ... အုပ်စုခေါင်းဆောင်တွေ၊ မင်းတို့အဖွဲ့တွေကို တန်းဖြုတ်လိုက်၊ မင်းတို့

စခန်းတဲ အတွင်းအပြင်အားလုံး သန့်ရှင်းနေပါစေ။ နောက် ဒီကို ပြန်လာပြီး အားကစား လေ့ကျင့်ကြ။ ကဲ... ဆာဘာ၊ မင်းက ငါ့တဲကိုသွား"

သူ့နှလုံး အခုန်မြန်လာပြန်၏။ ခေါင်းဆောင်ရောက် အလာကို သူစောင့်နေရ၏။ မကြာခင်မှာပဲ ခေါင်းဆောင် ရောက်လာ၏။ သူက ဆာဘာအနားထိ ကပ်သွား၏။

"ဆာဘာ၊ ညည မင်းဆာရင် ငါ့ကိုနှိုး၊ ငါ့မှာ ဘီစကွတ်တွေ ရှိတယ်။ မင်းစားနိုင်သလောက် ယူစား၊ ကြက်ဥတွေကိုတော့ သွားမခိုးပါနဲ့ကွာ"

"ဘာကြောင့်လဲ၊ ကျွန်တော် ကြက်ဥ မခိုးပါဘူး"

"ဒါပေမဲ့ ခုပဲ မင်း ဝန်ခံပြီးပြီလေ"

"ဟာ... ကျွန်တော်က အိုးမည်းသုတ်တဲ့ကိစ္စလို့ ထင်တာဗျ"

"အေးလေ... မနေ့ညက ပြဿနာကိုလည်း မင်းပဲ ရှာခဲ့တာ မဟုတ်လား"

"တစ်ယောက်ယောက်က ကျွန်တော့်မျက်နှာကို အိုးမည်း သုတ်သွားတယ်။ ဒါကြောင့် ကျွန်တော် လက်စားချေချင်တယ်။ ဒါပေမဲ့ ကျွန်တော် လက်စားချေရမယ့်လူ မှားသွားတယ်"

"ဒါဖြင့် ငါ့ ကြက်ဥတွေ ကိစ္စကရော ဘယ်လိုလဲ"

"ကျွန်တော် ကျိန်ရဲပါတယ်၊ ခင်ဗျားရဲ့ကြက်ဥကို တစ်လုံးမှ မခိုးရပါဘူးဗျာ"

"အိုး... ဆောရီးကွာ၊ အဲ... ခုမှ ငါ သတိရမိတယ်။ ငါ ကိုယ်တိုင် ကြက်ဥတွေကို ဆန်အိတ်ထဲ မနေ့က ပြောင်းထည့်ထား လိုက်မိတာကွ"

"အစစ်ပေါ့။ ပျောက်နေတဲ့ ကြက်ဥငါးလုံးကို ကျောပိုး အိတ်ထဲက ဆန်တွေထဲ ပြောင်းထည့်လိုက်တာကွ။ ဟား... ဟား... ဟား"

ခေါင်းဆောင် သူ့ကိုယ်သူ သဘောကျပုံမျိုးဖြင့် တဟားဟား ရယ်ချလိုက်၏။

အင်ဒိုနီးရှားပုံပြင်


□

## ဘဟာဒူးအလီ

ဘဟာဒူးအလီတို့ သားအမိက ရွာငယ်လေးတစ်ရွာမှာ နေကြတယ်။ မြေကွက်ကလေးတစ်ကွက်နဲ့ ဉယျာဉ်လေးတစ်ခု ပိုင်ထားလေတော့ ပြောင်းတို့၊ အာလူးတို့၊ စပျစ်တို့ စိုက်ပျိုးပြီး နေထိုင်စားသောက်ကြတယ်။

ဘဟာဒူးအမေက အလုပ်ကို ကြိုးစားလုပ်တယ်။ တစ်နေကုန်ဉယျာဉ်ထဲမှာ အလုပ်လုပ်၊ သားလေး ဘဟာဒူးကိုလည်း ပြုစုစောင့်ရှောက်၊ သူက သားလေးကို သူ့ဖအေခြေရာ နင်းစေချင်တာ။ သူ့အဖေက ခြံမြေကလေးကို စွန့်ခွာပြီး စစ်ထဲဝင်သွားတယ်။ သူ ဘယ်တော့မှ ပြန်မလာတော့ပါဘူး။ စစ်ဌာနချုပ်က ပထမတော့ သူပျောက်နေတယ်လို့ ကြေညာတယ်။ နောက်တော့ သေပြီလို့ ဆုံးဖြတ်လိုက်ကြတယ်။ ဒီတော့ ဇနီးသည်က...

"ကျွန်မယောကျ်ား မသေနိုင်ဘူး၊ သူဟာ လူကောင်း



တစ်ယောက်။ လူကောင်းဆိုတာ ဘယ်တော့မှ လူမသိ၊ သူမသိ မသေဘူး။ တစ်နေရာမှာ သူ အသက်ရှင်ဆဲပါ။ တစ်နေ့တော့... သူ့ယာမြေလေးကို ထွန်ယက်စိုက်ပျိုးဖို့ ပြန်လာမှာပါ"

ဒီတော့ ရွာသားတွေက ဟာသလုပ်ကြတယ်။ ဒါပေမဲ့ သူက သာမန်မိန်းမသား မဟုတ်ဘူးလေ။ သူများတွေက ဘာတွေ ပြောပြော၊ ဘယ်လိုလှောင်လှောင် သူကတော့ လုံးဝဂရုမစိုက်။ ဘဟာဒူးလေးကတော့ ငယ်သေးလို့ သူ့အဖေကို သိပ်မမှတ်မိဘူး။ အဖေ့ပုံရိပ်က သူ့အမြင်မှာ ဝိုးတဝါးဖြစ်နေတယ်။ သူ့ပခုံးနဲ့ ထမ်းပြီး ဥယျာဉ်ထဲ ခေါ်ခေါ်သွားတာလောက်ကိုပဲ မှတ်မိတော့ တယ်။ သူ့အမေကတော့ အခွင့်သာတိုင်း ဘဟာဒူးလေးကို ပြော ပြောပြတယ်။

"သားလေး မှတ်ထားနော်၊ မကောင်းမှုကို တွန်းလှန် တိုက်ခိုက်ရာမှာ မမှန်ကန်တဲ့နည်းကို မသုံးသင့်ဘူး။ ဒီမှာ သားလေး၊

အမှောင်ကို ဘာနဲ့ တော်လှန်တိုက်ခိုက်သလဲ။ အလင်းရောင်နဲ့ တိုက်ခိုက်တယ်မဟုတ်လား။ ဒီလိုပဲ၊ မကောင်းတဲ့လုပ်ရပ်တွေကို လည်း ကောင်းတဲ့လုပ်ရပ်တွေနဲ့ တုံ့ပြန်ရမယ်။ ဒီလိုဆိုရင် နောက်ဆုံး မှာ အောင်မြင်မှုဟာ သားလေးအတွက်ဖြစ်လာမှာပဲ"

သူ့သားလေးကို ဒီပုံဒီနည်းနဲ့ကြီးပြင်းလာအောင် ပျိုးထောင် ခဲ့လို့လည်း သားလေးဟာ ရဲရင့်လာတယ်။ တစ်ပြိုင်တည်းမှာ စစ်မှန် တဲ့ ကြီးမြတ်မှုမျိုးရနိုင်ဖို့ မျှော်မှန်းထားမိတယ်။

တစ်နေ့ သူ့အမေ ဖျားတယ်၊ ဒီနှစ်မှာ မိုးရာသီက ခါတိုင်း ထက် စောဝင်လာတော့ ရက်အတော်ကြာအောင် တိမ်မည်းတွေ နိမ့်နိမ့်လေးလွင့်မျောလာကြတယ်။ မိုးသဲသဲမဲမဲ အကြာကြီးရွာ တယ်။ ဒီလို မိုးသည်းညတစ်ညမှာ သူ့အမေ ညည်းတွားသံကို ကြားလိုက်တော့ လန့်နိုးလာပြီး မှန်အိမ်ဆွဲ၊ ဆရာဝန်ပင့်ဖို့ နောက်တစ်ရွာကို ထွက်သွားတော့တာပဲ။ သူ့မှာ လုံးဝကြောက်စိတ် မရှိပါဘူး။ ဘာကြောင့်လဲဆိုတော့ အမေ့ကို လုပ်ကျွေးပြုစုရင်း အန္တရာယ်နဲ့ ရင်ဆိုင်ရရင်တောင် အန္တရာယ်မဖြစ်နိုင်ဘူးလို့ သိထား တာကိုး။

ဆရာဝန့်အိမ်ရောက်တော့ ဆရာဝန်က သူ့မျက်စိကို တောင် သံသယဖြစ်သွားမိတယ်။ ဒီလောက်ဆိုးရွားတဲ့ ရာသီ ဥတုကြားမှာ လူငယ်လေး မီးအိမ်ဆွဲ ရောက်လာတာကိုး။ သူ့အမေ ဖျားနေတာသိသွားတော့ ဆရာဝန်က ချက်ချင်း ဆေးအိတ်ဆွဲပြီး မြင်းလှည်းနဲ့ လိုက်လာခဲ့တယ်။ အိမ်ရောက်တော့ အမေက သတိလစ်နေပြီ။ ဘာပဲဖြစ်ဖြစ် ဆရာဝန် အချိန်မီရောက်လာလို့ အသက်ကို ယာယီကယ်တင်နိုင်လိုက်ပါတယ်။ သတိပြန်လည်

လာတော့ သူ့သားလေး မျက်ရည်ကျနေတာကို မြင်လိုက်တဲ့အခါ "သားလေး သတ္တိရှိစမ်းပါ၊ ဒီကမ္ဘာမှာ တစ်ယောက်တည်း နေရသူတွေချည်းပါ သားလေးရယ်။ ဘယ်သူမှ ထာဝရ မနေနိုင်ကြပါဘူး။ မေမေတို့ဟာ တစ်ယောက်ပြီးတစ်ယောက် ထွက်ခွာသွားရမှာပါ။ ဒီတော့ လူတစ်ယောက်ဟာ ဆုံးရှုံးမှုတွေကို သတ္တိရှိရှိ၊ ရဲရဲဝံ့ဝံ့ ရင်ဆိုင်ရမှာပဲပေါ့ သားလေးရယ်" လို့ အားပေးစကား ပြောလိုက်ပါတယ်။

သူ့အမေစကားက သိပ်ကို မှန်နေပါတယ်။ တစ်နေ့ ယာတောထဲက ဘဟာဒူးအလီ ပြန်ရောက်ချိန်မှာ သူ့အမေက ဆုံးနေပြီလေ။ သားလေးမရှိခိုက် သူ ငြိမ်းငြိမ်းချမ်းချမ်း ကွယ်လွန်သွားပါတယ်။ ကဲ…ဒီတော့ သူ့အနာဂတ်အတွက် ပူရပြီ။ အမေက သူ့ကို တစ်ယောက်တည်း ချန်ထားခဲ့ပြီ။ သူ ဘာလုပ်မလဲ။ သူ ဘယ်ကိုသွားမလဲ။ အင်း… ရုတ်တရက် သူလေး ကြောက်သွားရှာတယ်။ အထီးကျန်လို ခံစားလိုက်ရတယ်။

နောက်နေ့မှာ တခြားရွာမှာနေတဲ့ အမေ့ဘက်က တော်စပ်တဲ့ ဦးလေး ရောက်လာတယ်။ သူကပဲ အလီကို သူ့ရွာခေါ်သွားပြီး သူ့အိမ်မှာပဲ နေစေတယ်။ အလီကို အားလုံးက နွေးနွေးထွေးထွေး ဆက်ဆံကြပါတယ်။ ဒါပေမဲ့ ဦးလေးရဲ့မိန်းမကတော့ အေးစက်စက်ပဲ။ အလီ့ညီဝမ်းကွဲ "ဂါးလု" က ကျောင်းနေတယ်။ သူစာအုပ်တွေ ကိုင်ပြီး ကျောင်းသွားတိုင်း သူနဲ့လိုက်သွားချင်စိတ်ကို တားဆီးလို့ မရနိုင်ဘူး။ သူ့အမေ ပြောစကားကိုလည်း ပြန်အမှတ်ရမိတယ်။

"ကြီးမြတ်သူဖြစ်လာဖို့ ပညာကောင်းကောင်း သင်ရမယ်" ဆိုတာကိုပေါ့။

သူ့ဆန္ဒပြည့်ဝဖို့ ဦးလေးကို ဖွင့်ပြောချင်တယ်။ ဒါပေမဲ့ အခွင့်မသာဘူး။ အဲ... တစ်နေ့တော့ သူ့ဦးလေးတစ်ယောက် တည်းရှိနေတုန်းမှာ ကျောင်းတက်ချင်တယ်လို့ ပြောပြလိုက်တယ်။ ဦးလေးက ဒီကိစ္စကို မိန်းမနဲ့တိုင်ပင်တော့ မိန်းမက လုံးဝလက်မခံဘူး။ ဒါကြောင့် ဘဟာဒူးအလီဟာ အိမ်မှာပဲ နေပြီး သူ့အဒေါ်ကို ကူညီရတော့တာပေါ့။ အဒေါ်ကလည်း ရက်စက်တယ်၊ ကျွန်တစ်ယောက်လို ခိုင်းတယ်၊ မနက်မိုးလင်းကနေ မိုးချုပ် အလုပ်မှန်သမျှ အကုန်လုပ်ရရှာတယ်။ ဒါနဲ့တောင် တစ်ခါတစ်ခါ အဟောက်ခံရရှာသေးတယ်။ အလီ ပိုစိတ်မကောင်းဖြစ်ရတာက ဦးလေးအနေနဲ့ သူ့မိန်းမကို ဘာတစ်ခွန်းမှ ဝင်မပြောတာဘဲ။

တစ်မနက် အလီ အိပ်ရာနိုးတော့ သူ့ခေါင်းက သိပ်လေးနေသလိုပဲ။ သူ့တစ်ကိုယ်လုံးလည်း ချစ်ချစ်တောက် ပူနေတယ်။ ဒါ ဆိုးဆိုးရွားရွား ဖျားမယ့်လက္ခဏာပဲ။ ဟုတ်တယ်၊ သူ့တစ်ကိုယ်လုံးပူနေတယ်၊ ဒါပေမဲ့ ဘာမှလုပ်မပေးကြဘူး။ ဆေးလည်းကုမပေးဘူး။ ဖျားလွန်း၊ ပူလွန်းတော့ သူ့ကို အားပေးတဲ့အမေ့ကို မကြာခဏ အိပ်မက်မက်တယ်။

"ဘာမှမပူနဲ့ သား၊ သားကို အမေ သေခွင့်မပြုဘူး။ မကြာခင် သား ပြန်နေကောင်းသွားမှာပါ။ ဘာကြောင့်လဲဆိုတော့ သားဟာ ကြီးမြတ်သူဖြစ်ဖို့ ကံဇာတာပါပြီးသား ဖြစ်လို့ပါ"

ဒါပေမဲ့ အိပ်မက်နဲ့ပတ်သက်လို့ ပီတိဖြစ်ရတာက ရေပွက်ပမာ ခဏတာလေးပါပဲ။ အဲ... ဦးလေးမိန်းမရဲ့ နာကြည်းစရာဆူပူကြိမ်းမောင်းသံတွေကတော့ နားနဲ့မဆံ့အောင်ကို များလွန်းလှပါတယ်။

တစ်နေ့ သူ့အခန်းနဲ့ ဦးလေးအခန်းက ကပ်နေလေတော့ ဦးလေးအခန်းထဲက ပြောနေတဲ့ စကားသံသဲ့သဲ့ကို သူကြားလိုက်ရတယ်။

"ရှင့်တူက ဟန်ဆောင်သိပ်ကောင်းတယ်၊ ရှင် ဘာသိလဲ၊ သူက သူ့အိမ်စုတ်ဆီ ပြန်သွားချင်နေတာ။ ဒါနဲ့များ ရှင်က ဘာဖြစ်လို့ ပြန်မပို့လိုက်တာလဲ။ ကဲ... အခု သူဟန်ဆောင်ဖျားသလို တကယ်ဖျားပြီးသေသွားရင် ကျွန်မတို့ ဘာလုပ်ကြမလဲ။ သိပ်တော့ အဓိပ္ပာယ် မရှိလှဘူး။

သူ တကယ်ရင်နာရပါတယ်။ ဒီလောက် ပက်ပက်စက်စက်ပြောနေတာတောင် သူ့ဦးလေးက ဆက်မပြောဖို့ တစ်ချက်ကလေး ဝင်မတားဘူး။ ဒါကြောင့် သူ ဒီအိမ်ကခွာဖို့ ဆုံးဖြတ်လိုက်တယ်။

နှင်းမကျတော့ပေမဲ့ ညညဆိုရင် အရိုးကွဲလောက်အောင် အေးတုန်းပဲ။ အမှောင်ထုကလည်း မပြယ်နိုင်သေးဘူး။ နှင်းဖုံးတဲ့ လမ်းတွေမှာ လူသွားလူလာ လုံးဝမရှိ။ သူ ကြားနေရတဲ့ အသံကတော့ တောပိုင်းမှာ လှည့်လည်သွားလာနေတဲ့ ခွေးအတွေ အော်သံပဲ။ ဘဟာဒူးအလီဟာ အဖျားတက်နေပေမဲ့ အသည်းနာရတာနဲ့ အထီးကျန်ဘဝက ပေးနေတဲ့ဒဏ်ချက်ကြောင့်ပါ ပိုနာကျင်နေရရှာပါတယ်။ တစ်ကိုယ်လုံး တုန်ခိုက်နေလို့ နှင်းတောထဲ ဆက်တိုးဖို့ ခက်လာတယ်။ ဒါပေမဲ့ သူ ဖြည်းဖြည်းချင်း ဆက်သွားပါတယ်။ ဆက်သွားလို့ အတော်လေးကြာတော့ သွေးကြောထဲက သွေးတွေ ခဲသွားသလို ခံစားမိလိုက်တယ်။ မူးနောက်နောက်လည်း ဖြစ်လာတယ်။ အဲ... ခဏကြာတော့ လဲကျပြီး မေ့မြောသွားတော့တာပဲ။

ပြန်သတိရလာတော့ ထူးဆန်းတဲ့ ပတ်ဝန်းကျင်ထဲရောက်

နေသလို ခံစားလိုက်ရတယ်။ တစ်ချိန်တည်းမှာ သူ့ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်လိုက်တော့ မုတ်ဆိတ်မွေးဖွေးဖွေးနဲ့ အဘိုးအိုတစ်ယောက် သူ့ဘက်လာနေတာကို လှမ်း မြင်လိုက်တယ်။ သူ့ကိုတွေ့တွေ့ချင်းမှာ အဘိုးအိုက သေနေပြီလို့ ထင်လိုက်သေးတယ်။ ဒါပေမဲ့ နှလုံးခုန်သံကို နားထောင် ကြည့်လိုက်မှ မသေသေးဘူးလို့ မှတ်ယူလိုက်ပြီး သူ့တဲဆီ ခေါ်သွားတော့တာပေါ့။

အဘိုးအိုက လယ်သမားကြီးပါ။ သိုးတွေလည်း မွေးထားပါတယ်။ အလီကတော့ အဘိုးရဲ့ အကြင်နာနဲ့ ကျေးဇူးတရားကို မေ့ဖျောက်နိုင်စွမ်း မရှိတော့လို့ အဘိုးအိုနဲ့ပဲနေသွားဖို့ ဆုံးဖြတ်လိုက်တယ်။ အဘိုးအိုကိုလည်း သူက ပြန်ကူညီချင်တာကိုး။ ပြုစုလုပ်ကျွေးချင်တာကိုး။

ဒါပေမဲ့ ပျော်စရာသူ့ဘဝက သက်တမ်းမရှည်လိုက်ဘူး။ သူနဲ့အတူနေလို့ မကြာခင်မှာပဲ အဘိုးအို ဆုံးသွားရှာတယ်။ ကဲ... အလီခမျာ နောက်တစ်ကြိမ် တစ်ကောင်ကြွက်ဖြစ်ရပြန်ပြီပေါ့။ ဒီဘဝရောက်သွားလို့ မကြာခင်မှာပဲ လူငယ်တစ်ယောက် သူ့ဆီရောက်လာတယ်။ လူငယ်က အဘိုးအိုရဲ့ညီပါတဲ့။ အခု သူလာတာကလည်း အစ်ကို့မြေနဲ့ သိုးတွေကို ကြည့်ရှု စောင့်ရှောက်ဖို့လို့ပြောတယ်။ ဒါပေမဲ့ အလီက မယုံဘူး။ ဒါကြောင့် ဒီလူနဲ့နေလို့ကတော့ ဘယ်လိုမှ မဖြစ်နိုင်ဘူးလို့ ကောက်ချက်ချလိုက်တော့တာပဲ။ ဒီကောက်ချက်အတိုင်း သူ ဒီတောင်ကြားက ထွက်လာခဲ့တယ်။ မြို့ကြီးမှာ သူ့ကံကို စမ်းကြည့်မယ်ပေါ့။ နောက်ဆုံးတော့ သူ့အမေဆန္ဒကိုဖြည့်နိုင်ဖို့ ပညာသင်ရမယ်၊ ကြီးမြတ်သူတစ်ယောက်ဖြစ်လာရမယ်။

ဒီလိုနဲ့ သူဟာ တောင်ဘက်ကိုခရီးထွက်လာရာက မြို့တစ်မြို့ကို ရောက်သွားတယ်။ ဒါပေမဲ့ အဲဒီမြို့မှာ သူ့ကို ကြမ္မာဆိုးက အသင့်ကြိုလင့်နေတယ်လေ။ သူတည်းခိုဖို့နေရာ ရှာရင်း လူဆိုးဂိုဏ်းရဲ့ လက်တွင်းထဲ ရောက်သွားရပြန်တယ်။ ဒီလူဆိုးတွေက ကလေးတွေကို ပြန်ပေးဆွဲ၊ လမ်းမကြီးတွေပေါ်မှာ အဓမ္မတောင်းရမ်းခိုင်းတယ်။ ဒါကိုသိတော့ အလီ သူတို့လက်တွင်းက လွတ်မြောက်အောင် ထွက်ပြေးတယ်။ လူဆိုးတွေက သူ့ကို နောက်က ပြေးလိုက်ဖမ်းကြတာပေါ့။ အဲဒီလို လွတ်အောင် ပြေးရင်း ကားတိုက်ခံရလို့ မေ့မြောသွားရှာပါရော။

သူ သတိပြန်လည်လာတော့ ဆေးခန်းထဲရောက်နေမှန်း သိလိုက်ရတယ်။ ကံကောင်းတယ်လို့ ပြောရမလားပဲ။ သူ့တိုက်လိုက်တဲ့ကားက ဆရာဝန့်ကား။ လူကလေးရဲ့ ဘဝဇာတ်လမ်းကို သိရတော့ ဆရာဝန်က သနားပြီး သူ့အိမ်ကို ခေါ်သွားပါရော။ ဒီမှာလည်း ကံဆိုးမသွားလေရာ မိုးလိုက်လို့ရွာကိန်း ဆိုက်ပြန်တာပဲလေ။ တစ်နေ့မှာ ဘဟာဒူးအလီက ဆရာဝန့် ငွေတွေကို ပုံမှန်ခိုးယူနေတဲ့လူကို ဖမ်းမိသွားတယ်။ ဒီတော့ သူခိုးက သနားစရာ အလီ့အပေါ် အပြစ်တွေပုံချတယ်။ ဒီတော့ သူမကျူးလွန်တဲ့ ပြစ်မှုအတွက် ဆရာဝန့်အိမ်က နှင်ထုတ်ခံလိုက်ရတယ်လေ။

ကဲ... ခု ဘယ်သွားမလဲ။ ဒါတွေဟာ လောလောဆယ်မှာတော့ အလီအတွက် အရေးအကြီးဆုံးပြဿနာပါပဲ။ အတွေးထဲ လွင့်မျောရင်း ဥယျာဉ်ထဲ ဖြတ်လျှောက်နေခိုက်တစ်ယောက်ယောက်က သူ့နာမည်ကို ခေါ်လိုက်သံကြားရတယ်။ ဟာ... ငါ့ကို ခေါ်တာ ဘယ်သူများပါလိမ့်၊ ဒီမှာ ငါသိတဲ့လူလည်း တစ်ယောက်မှ မရှိပါ

ဘူး။ သူ ရပ်ပြီး လှည့်ကြည့်လိုက်တော့ ထွားထွားကျိုင်းကျိုင်း လူတစ်ယောက်က သူ့ကို ပြုံးပြနေတာ မြင်လိုက်ရတယ်။

"ဟ... ဘဟာဒူး၊ မင်း ငါ့မမှတ်မိဘူးလား။ ငါ "ရာဟီမူ" လေကွာ။ ငါ မင့်အမေရွာမှာ နေလေ့ရှိတာပဲကွ။ အင်း... မင်း ခု ထွက်ပြေးခဲ့တာလား။ ဒါထက် မင်း အခု ဘယ်မှာနေသလဲ"

"နေစရာ မရှိသေးဘူး"

"ကောင်းတယ် ငါနဲ့ လိုက်ခဲ့၊ ငါနဲ့ နေပေါ့ကွာ။ သိပ်တွေး မနေနဲ့။ ငါ့ကို ဦးလေးတစ်ယောက်လို သဘောထားပါ"

လိှုက်လှိုက်လှဲလှဲ နွေးနွေးထွေးထွေး ဖိတ်ခေါ်ခံရတော့ သူ မျက်ရည်ဝိုင်းလာတယ်။ လိုက်နေဖို့လည်း သဘောတူလိုက်ပါတယ်။

"ရာဟီမူ" နဲ့ သူ ရက်အတော်ကြာ ပျော်ပျော်ကြီး နေလိုက်ရပါတယ်။ ဒါပေမဲ့ တစ်နေ့မှာတော့ ရာဟီမူဟာ ခါးပိုက်နှိုက် တစ်ယောက်ဖြစ်နေတာကို ကံအားလျော်စွာ သိရှိလိုက်ရတယ်။ ခုလည်း သူက အလီ့ကို ခါးပိုက်နှိုက်ပညာသင်ပေးဖို့ ရည်ရွယ်ထား တာလေ။ ဒါကြောင့် အလီက ရိုးသားတဲ့နည်းနဲ့ ငွေရှာဖို့ ပြောကြည့် တယ်။ မရဘူး။ အလီအနေနဲ့ ဘယ်လိုလုပ်ပြီး ကောက်ကျစ်တဲ့ လူတစ်ယောက်နဲ့ တွဲနေနိုင်မှာလဲ။ အပြစ်မကင်းတဲ့ဘဝမျိုးနဲ့ ရပ်တည်သွားရင် ဘယ်လိုလုပ်ကြီးမြတ်သူဖြစ်နိုင်မှာလဲ။ ဒါကြောင့် အလီက သူနဲ့လမ်းခွဲလိုက်တယ်။ ကဲ... မိဘမဲ့တစ်ယောက်ရဲ့ အနာဂတ်ကတော့ ထပ်ပြီး အမှောင်ကျသွားရပြန်ပါပြီ။

သူ လမ်းတကာလျှောက်ပြီး အလုပ်ရှာတယ်။ တစ်ခါ တစ်ခါမှာ သူ ဥယျာဉ်ထဲ အိပ်ရတယ်။ ကွင်းပြင်ထဲ အိပ်ရတယ်။

သူ ဒီလိုအလုပ်လိုက်ရှာတော့ ဆောက်လက်စအဆောက်

အအုံကြီးတစ်ခုကို သူ တွေ့လိုက်ရတယ်။ အလုပ်လုပ်နေကြတဲ့ အလုပ်သမားတွေ အများကြီးပဲ။ ဒါနဲ့ သူ ကန်ထရိုက်နဲ့တွေ့ပြီး အလုပ်တောင်းတော့ သူ့ကို လက်ခံလိုက်တယ်။ ဒါပေမဲ့ အလုပ်ဝင်လို့မှ မကြာသေးဘူး၊ ငါးလွှာက သူ လိမ့်ကျပြန်ပါရော။ ဒါနဲ့ ဆရာဝန်ချက်ချင်းခေါ်၊ ဖြစ်ချင်တော့ ဒီဆရာဝန်က သူ့ကို တစ်ချိန်တုန်းက အထင်မှားပြီး ထုတ်ပစ်လိုက်တဲ့ ဆရာဝန်။ အလီမှာ နေစရာလည်း မရှိလေတော့ ဆရာဝန်က သူ့ဆေးခန်း ခေါ်သွားတယ်။ အခုတော့ သူ့အခြေအနေက အတော်လေး ကောင်းလာပါပြီ။ ဒီအချိန်မှာ လူနာတစ်ယောက်ကို သူ့ဆရာဝန် ကပ်ပြောနေသံကြားလိုက်ရတယ်။

"ကျုပ်က ဒီလူလေးကို သိတယ်။ သူ့နာမည်က "ဘဟာဒူး အလီ" တဲ့။ တစ်ခါက သူ ကျုပ်ဆီမှာ အလုပ်လုပ်ခဲ့ဖူးတယ်။ ဒါပေမဲ့ ကျုပ်က အထင်မှားပြီး ထုတ်ပစ်လိုက်တာ။ နောက်တော့ ကျုပ် တရားခံကို သိလိုက်ရတယ်။ အဲဒီကတည်းက ကျုပ် ဒီသူငယ်ကို ခြေရာခံနေခဲ့တာပဲ။ ခုတော့ အလ္လာအရှင်မြတ်ရဲ့ ကျေးဇူးတော်ကြောင့် ကျုပ်ဆီ ပြန်ရောက်လာပြီလေ။ သူ့ကို ကျုပ်အိမ်မှာပဲ ခေါ်ထားလိုက်တော့မယ်"

ဒေါက်တာက သူ့ကို ဘယ်လိုဘယ်ပုံ စောင့်ရှောက်ခဲ့တာတွေကို ပြန်မြင်ယောင်မိသလို မျက်ရည်များတောင် ဝဲလာပါတယ်။ ဒါကြောင့် သူကလည်း အလ္လာအရှင်မြတ်ကို ကျေးဇူးတင်လိုက်တယ်။

နောက်တစ်ပတ်ကြာတော့ သူ့ဒဏ်ရာဒဏ်ချက်တွေ ပျောက်ကင်းသွားပါပြီ။ ဒါကြောင့် ဆရာဝန့်ဆေးခန်းမှာ ဝင်ကူနေပါပြီ။ တစ်နေ့တော့ ဆရာဝန်က သူ့ကို မေးတယ်။

"အလီ မင်း ကျောင်းတက်ချင်သလား"

"ဟာ... ဆရာ၊ သိပ်တက်ချင်တာပေါ့"

"အေး... ဒီလိုဆိုရင် ဆရာမတစ်ယောက်နဲ့ အိမ်မှာ အရင်သင်၊ တတ်သင့်တာ တတ်ပြီဆိုမှ ဦး သားသမီးတွေနေတဲ့ ကျောင်းကို ပို့ပေးမယ်"

တာရှည်တာများစောင့်နေရတာ ခုမှပဲ ကြားချင်လှတဲ့ စကားကို ကြားရတော့တယ်။ အလီ ဘယ်လောက်ပျော်သွားရှာမလဲ။ စဉ်းစားကြည့်လို့တောင် မရနိုင်အောင် ပျော်သွားတယ်လို့ ပြောရမှာပဲ။ နောက်ပြီး သူ့အမေအိပ်မက်အကောင်အထည်ပေါ်ဖို့ လမ်းစကိုလည်း မြင်နေရပြီ မဟုတ်လား။

လအနည်းငယ် အိမ်မှာသင်ပြီးနောက် ကျောင်းပို့လိုက်တဲ့အခါ သူ ခြောက်တန်းမှာ တက်ရတယ်။ တစ်နေ့ ကျောင်းဆင်းလို့ အိမ်ပြန်အရောက်မှာ နိုင်ငံခြားသွားပြီး ပညာသင်တဲ့ ဆရာဝန်ကြီးရဲ့သမီး ပြန်ရောက်နေတာကို တွေ့လိုက်ရတယ်။ အလီက စကားမစခင်မှာဘဲ ဆရာဝန်ကြီးရဲ့သမီးက နွေးနွေးထွေးထွေးပြုံးပြီး "မင်း ဘဟာဒူးအလီ မဟုတ်လား" လို့ မေးလိုက်တယ်။

"ဟုတ်ပါတယ် ခင်ဗျ"

"ဒါကြောင့်များ မင်းက ဘာကြောင့် အဲဒီမှာ ရပ်နေရတာလဲ။ လာ... အစ်မနားမှာ လာထိုင်၊ မင်းက အစ်မတို့ရဲ့ မိသားစုဝင်တစ်ယောက်လေကွယ်"

နောက်တော့ သူတို့ဟာ မောင်ရင်းနှမတွေလို ချစ်ခင်သွားကြတော့တာပဲ။ ခုတော့ ကျောင်းကပြန်လာရင် ဘဟာဒူးက ဆရာဝန်ကြီးဆေးခန်းမှာ သွားကူ၊ ကူပြီး ညဥ့်နက်သန်းခေါင်အထိ စာကျက်။

တစ်နေ့ သူ့အစ်မက မေးတယ်။ "မင်း ဘာကြောင့် ဒီလောက်အထိ အပင်ပန်းခံ အလုပ်လုပ်နေတာလဲ" တဲ့။

"ကျွန်တော် ပုဂ္ဂိုလ်ကြီးတစ်ယောက် ဖြစ်ချင်လို့ပါ"

"ဘယ်လို ပုဂ္ဂိုလ်ကြီး ဖြစ်ချင်တာလဲကွ"

"ဆရာဝန်၊ အစ်မနဲ့ အစ်မ ဖေဖေလိုပေါ့"

"အင်း... လွယ်တော့ မလွယ်လှဘူးကွ။ ဆရာဝန် အလုပ်ဆိုတာ ကြမ်းတမ်းတဲ့အလုပ်ပဲ။ ဘာပဲဖြစ်ဖြစ်လေ တစ်နေ့ မင်းကို အစ်မရဲ့ဆေးရုံ ခေါ်သွားမယ်။ ဆေးရုံမှာ မင်းအစ်မရဲ့လူနာတွေကို မြင်ရရင် အသည်းနုသူတွေအဖို့ ဆရာဝန်အလုပ်ဟာ ဘယ်လောက် စိတ်ဓာတ်ကျစရာကောင်းတယ်ဆိုတာ မင်း သိရမှာပဲ"

ဘာပဲဖြစ်ဖြစ် ဘဟာဒူးကတော့ ဒီစကားမျိုးကို နားထောင်ချင်နေသူမို့ သူသိပ်ကျေနပ်သွားတယ်။ ဆရာဝန်ဖြစ်ဖို့ သူ့အဆုံးအဖြတ်ဟာလည်း ပိုခိုင်မာလာတယ်။

တစ်မနက် ကျောင်းတွေပိတ်ထားချိန်မှာ သူ့အစ်မက သူ့ကို စိတ်ရောဂါကုဆေးရုံကို ခေါ်သွားတယ်။ အင်း... လူနာတွေက အမျိုးမျိုးပါလား။ အများစုကတော့ ရန်မမူကြလို့ ဆေးရုံထဲ သွားလိုရာ သွားခွင့်ရနေကြတယ်။ အန္တရာယ်များပုံရတဲ့ လူနာတချို့ကိုတော့ အခန်းထဲထည့် သော့ခတ်ထားလိုက်တာပဲ။ အဲ... တစ်နေရာရောက်တော့ အသက်ကြီးကြီး လူနာတစ်ယောက်ကိုတော့ သော့ခတ်ထားတဲ့ အခန်းထဲမှာ တွေ့လိုက်ရတယ်။ သူက ဘဟာဒူးအလီကို မြင်လိုက်တာနဲ့ သံတိုင်တွေနား အရောက်လျှောက်လာပြီး သူ့ကို ငေးစိုက်ကြည့်နေတယ်။ ဒီတော့ အလီကလည်း ပြန်ကြည့်မိတာပေါ့။ ဒီလိုဖြစ်လာခဲ့တာ အချိန်အတော်

လေးရလာခဲ့တဲ့တစ်နေ့မှာ သူ့အစ်မကို ဘဟာဒူးက မေးတယ်။

"ဪ... သူလား၊ သူက လူနာဟောင်းကြီးပါ။ ဒီရောက်လာတာ ခြောက်နှစ်လောက် ရှိနေပြီကွ။ ဘာဖြစ်လို့ မေးတာလဲ။ သူက ဆိုးနေလို့လား"

"အား... မဟုတ်ပါဘူး၊ မဟုတ်ပါဘူး အစ်မ၊ ကျွန်တော်က သူ့ကိုကြည့်တိုင်း ကျွန်တော်... ကျွန်တော့်ကို စိတ်ဝင်စားနေပုံရတယ်။ ဒါပေမဲ့ သူက ဘာကြောင့် ဒီလောက်အထိ နှုတ်ပိတ်နေတာလဲ အစ်မ"

"သူ ဒီလိုဖြစ်နေတာ နှစ်အတော်လေး ကြာသွားပြီ။ တစ်ခါတစ်ခါကျတော့ ကြမ်းတယ်။ ဒါကြောင့် အစ်မတို့က သော့ခတ်ထားရတာ"

အစ်မဆေးရုံကို ဘဟာဒူး လိုက်လိုက်သွားတာ စိပ်လာတယ်။ တစ်ချိန်တည်းမှာ လူနာအဘိုးကြီးကို ပိုပို စိတ်ဝင်စားလာတယ်။ ကြာတော့ သူတို့နှစ်ဦး ခင်သွားကြတယ်။ အပြန်အလှန်နှုတ်ဆက်ကြတယ်။ သူ့အစ်မကလည်း သူတို့နှစ်ယောက်ရဲ့ မိတ်ဆွေဖြစ်မှုကို အနီးကပ် လေ့လာကြည့်နေတာပဲ။ သူမ သိရသလောက်တော့ ဘဟာဒူးအဖေဟာ စစ်ပွဲမှာ ကျသွားတယ်ဆိုတာပဲ။ "သူအသက်ရှင်နေသေးတယ်ဆိုတာ ဖြစ်နိုင်ပါ့မလား။ ဒီအဘိုးကြီးဟာ သူ့အဖေ ဖြစ်နိုင်သလား။ ဒီလိုမှ မဟုတ်ခဲ့ရင် သူတို့ဟာ တစ်ယောက်ကိုတစ်ယောက် ဘာကြောင့် ဒီလောက်အထိ ဆွဲဆောင်မှုရှိနေသလဲ။ ဒီနေ့ကစပြီး သူမဟာ လူနာအဘိုးကြီးကို အထူး ဂရုစိုက်လာခဲ့တယ်။

ဒါကြောင့်လည်း လူနာဟာ သိပ်မကြာခင်မှာ ပုံမှန်အနေ

အထား ပြန်ရောက်လာပါတော့တယ်။ ပုံမှန်ဖြစ်လာတော့ သူက ဘဟာဒူးကို ချစ်တဲ့စိတ်နဲ့ စကားတွေ ပြောလာတယ်။ ဆရာဝန်၊ ဆရာမတွေအပေါ် သူ့ဆက်ဆံရေးက တိုးတက်ကောင်းမွန်လာတယ်။ ဒီအချိန်မှာပဲ အစ်မက ဘဟာဒူးကို အကြံပေးသလို အဘိုးအိုကို နှုတ်ဆက်တိုင်း "အဘ" ဆိုတဲ့ စကားလုံးကို သုံးတယ်။ ဘဟာဒူးက "အဘ" လို့ ပထမဆုံး အကြိမ် ခေါ်လိုက်တော့ အဘိုးအိုရဲ့ မျက်နှာဟာ မျှော်လင့်မထားတဲ့ နွေးထွေးမှုကြောင့် ချက်ချင်းဝင်းပသွားတယ်။ ချက်ချင်းပဲ သူကလည်း "သား" လို့ တုံ့ပြန်လိုက်ပုံမျိုး အနေအထားပြောင်းသွားတယ်။

တစ်နေ့ ဘဟာဒူးအလီနဲ့ သူ့အစ်မ ဆေးရုံရောက်တာနဲ့ မိုးရွာချလိုက်တယ်။ အစ်မကတော့ သူ့ရုံးခန်းထဲ တန်းဝင်သွားတာပေါ့။ ဒါပေမဲ့ ဘဟာဒူးက လှေကားပေါ်ထိုင်ပြီး မိုးပေါက်တွေကို ကြည့်နေတယ်။ ကြည့်ရင်း သူ့အမေကို အမှတ်ရမိလိုက်လို့ အတွေးနယ်ချဲ့နေမိတယ်။ ဒီအချိန်မှာပဲ ခြေသံကို ကြားလိုက်တယ်။ တစ်ချိန်တည်းမှာ တစ်စုံတစ်ယောက်က သူ့ဆံပင်လေးတွေကို ချစ်စိတ်နဲ့ အသာအယာ ပွတ်သပ်ပေးတာကို ခံစားလိုက်ရတယ်။ သူအံ့အားသင့်သွားရာက လှည့်ကြည့်လိုက်တော့ သြော်... လူနာအဘိုးအိုပဲ။ သူ့မျက်နှာက ပြုံးလို့၊ ရွှင်လို့။

အလီ သူ့ကို ငေးကြည့်နေခိုက်မှာပဲ တိုးညင်းတဲ့ "ဘဟာဒူးအလီ ငါ့သား" လို့ ပြောလိုက်သံ ကြားလိုက်ရတယ်။

ကြားကြားချင်းတော့ သူ့ခုနက ကြားလိုက်သံကို မယုံကြည်နိုင်ဘူး။ စကားလည်း ပြန်မပြောနိုင်ဘဲ နှလုံးခုန်လာတယ်။ အဘိုးအိုကို ငေးစိုက်ကြည့်နေမိတယ်။

"မင်း ဘာဖြစ်နေတာလဲ ငါ့သား၊ မင့်အဖေ ပွေ့ဖက်တာကို မခံချင်ဘူးလား။ ရန်သူကို တိုက်ခိုက်ဖို့ မင်းနဲ့ မင့် အမေကို ခွဲခဲ့တဲ့နေ့ကတည်းက မင်းဆီကို အဖေ ပြန်လာချင်စိတ်တွေ တဖွားဖွားဖြစ်ပေါ်ခဲ့တယ် အလီ"

ကဲ... သံသယဖြစ်စရာ လိုပါသေးသလား။ သူ လုံးဝ ပြန်လည် အခြေအနေကောင်းသွားပါပြီ။ သူဟာ တခြားတစ်ယောက် မဟုတ်တော့ပါဘူး။ သူ့အဖေပါ။ ဒီအသိနဲ့ အလီ ခုန်ထပြီး သူ့အဖေကမ်းထားတဲ့ လက်နှစ်ဖက်အတွင်း ပြေးဝင်လိုက်တယ်။ အဘိုးအိုရဲ့ ဆိုးဆိုးရွားရွားအိပ်မက်လည်း ပျက်ပြယ်သွားခဲ့ပါပြီ။

ခဏနေတော့ အစ်မဖြစ်သူက သူ့ရုံးခန်းထဲက ထွက်လာတယ်။ သားအဖနှစ်ယောက် ဖက်ငိုနေတာကို မြင်လိုက်ရတယ်။ ဒါပေမဲ့ ငိုလို့ကျလာတဲ့ မျက်ရည်တွေဟာ အပျော်မျက်ရည်တွေပဲ ဖြစ်ပါတယ်။

ပါကစ္စတန်ပုံပြင်

❒

# တာဆစ်ချီနီက နဂါးကြီး

ဟိုး... ရှေးရှေးတုန်းက မြေးအဘွားနှစ်ယောက် တောထဲသွားပြီး စားစရာ သစ်ဥသစ်ဖုတွေ တူးကြတယ်။ သူတို့ဟာ အတည်တကျမနေဘဲ လှည့်လည်နေထိုင်ကြတဲ့ မျိုးနွယ်ဝင် ဖြစ်တယ်။ သူတို့မြေနဲ့ သင့်တော်ရာကို စိုက်ပျိုးစားသောက်ကြသူတွေ ဖြစ်ကြတယ်။

အဘွားက တောအကြောင်း ကောင်းကောင်းကျွမ်းတယ်။ စားကောင်းတဲ့သစ်မြစ်တွေ ဘယ်နေရာမှာ ရှိတယ်ဆိုတာကို သိတယ်။ သူသစ်မြစ်တူးနေတုန်းမှာ သူ့မြေးလေးက လိပ်ပြာလေးတွေ၊ ပင့်ကူလေးတွေကို လိုက်ဖမ်းနေတယ်လေ။ အဲ... အရောင်တောက်တဲ့ လိပ်ပြာလေးတစ်ကောင်ကို မြင်လိုက်တာနဲ့ သူက သဲကြီးမဲကြီး လိုက်ဖမ်းတော့တာပဲ။ လိုက်ဖမ်းခံရတဲ့ လိပ်ပြာလေးက ဝါးရွက်ပေါ်မှာ နားလိုက်တယ်။ နားနေတဲ့ လိပ်ပြာလေးကို



ဖမ်းဖို့ ကြိုးစားတော့ ဝါးပင်တွေကြားမှာ ထူးထူးခြားခြားတစ်ခုကို လှမ်းမြင်လိုက်တယ်။ ဒီတော့ ကြီးလည်းကြီး၊ ဖြူလည်းဖြူ ပုံစံက ဘဲဥပုံစံမျိုး။

သူက ဥကြီးကို ကောက်ကိုင်ယူလိုက်တယ်။ ဘာမှန်းတော့ မသိဘူး။ သိပ်ကြီးနေတော့ ကြက်ဥမဖြစ်နိုင်တာ သေချာတယ်။ နောက်ငှက်ဥလို ပြောင်ချောမနေဘဲ သားရေနဲ့ဖုံးထားသလို ဖြစ်နေတယ်။ ဘာပဲဖြစ်ဖြစ် သူက ရှာထားတဲ့သစ်မြစ်တွေကို လွှင့်ပစ်ပြီး ထူးဆန်းတဲ့ ဒီဥကြီးကို ခြင်းတောင်းထဲ ထည့်လိုက်တယ်။ ဒီအချိန်မှာ အဘွားခေါ်သံကြားလိုက်လို့ အဘွားဆီ ပြေးထွက်သွားတာပေါ့။

သူတို့မြေးအဘွား လမ်းလျှောက်ပြီး အိမ်ပြန်လာကြတယ်။ တဲလေးထဲ ဝင်မိကြတော့ အဘွားက သစ်မြစ်တွေကို ထုတ်၊ ရေစင်

အောင်ဆေးပြီး သိမ်းထားလိုက်တယ်။ ဒီအချိန်ကျမှ မြေးတောင်းထဲက အရာကြီးကို မြင်လိုက်ရတယ်။ သူ ထိတ်သွားတယ်။ မျက်နှာ သွေးဆုတ်သွားတယ်။

"ဟဲ့...မြေး၊ ဒီဟာကြီးကို ဘယ်က တွေ့ခဲ့တာလဲ"

"ဝါးတောထဲက တွေ့တာ၊ ကြက်ဥကြီးနဲ့တူလို့ ယူခဲ့တာ ဘွားဘွား။ ဘွားဘွားပဲ ခဏခဏပြောတယ်လေ၊ ကြက်ဥဟာ ကျန်းမာရေးအတွက် ကောင်းတယ်တဲ့"

"မင်း ဒါကြီးကို အိမ်သယ်မလာခင် ဘွားဘွားကိုမေးသင့်တယ်။ ဒါ ကြက်ဥ မဟုတ်ဘူး၊ မြွေနဂါးဥ မြေးရဲ့။ ကောင်းကျိုးမပေးဘူး။ နက်ဖြန် တောထဲ ပြန်ထားရမယ်"

ဒီလိုပြောပြီး အဘွားက ဥကြီးကို တစ်ထောင့်မှာ ဝှက်ထားလိုက်တယ်။ နောက်တော့ သူတို့ မြေးအဘွား သစ်မြစ်သစ်ဥတွေကို ရှာဆေးဖို့ တဲနားကချောင်းဆီ ထွက်လာခဲ့ကြတယ်။

ဒီအချိန်မှာ လူလေးရဲ့အဖေက အနားယူဖို့ အိမ်ပြန်ရောက်လာတယ်။ သူက မောမောနဲ့ထိုင်ချပြီး ထရံကို ကျောမှီလိုက်တယ်။ နောက် မျက်လုံးပိတ်ပြီး ခဏနားတာပေါ့။ အဲ... မျက်လုံးပြန်ဖွင့်လိုက်တဲ့အခါ ဝှက်ထားတဲ့ ဥကြီးကို လှမ်းမြင်လိုက်တာပဲ။ လှမ်းမြင်လိုက်တာနဲ့ ဗိုက်က ဆာလာတယ်လေ။ ဒါနဲ့ ဒီဥကြီးကို နည်းနည်းစားလိုက်တယ်။ ဥရဲ့အခွံက သားရေလိုဖြစ်နေလို့ ဓားနဲ့ ဖောက်ပြီးစားရတာ။ နည်းနည်းလောက်သာ စားပြီး သူ့မိသားစုအတွက် ချန်ထားဖို့ စိတ်ကူးလိုက်ပါသေးတယ်။ ဒါပေမဲ့ အရသာရှိလွန်းတော့ တစ်လုံးလုံး အကုန်စားပစ်လိုက်ရော။

မြေးလေးနဲ့ သူ့အဘွားပြန်လာတော့ အဘွားခမျာ တုန်လှုပ်

ချောက်ချားသွားတော့တာပေါ့။ ကြမ်းပြင်ပေါ်မှာ အခွံတွေ ပြန့်ကျဲနေတာကိုး။ သူ စိတ်ပူသွားတယ်။ ဒါနဲ့ "ဟဲ့... နင် ဘာကြောင့် ဒီထူးဆန်းတဲ့ ဥကြီးကို စားလိုက်တာလဲ။ ဒီလို ထူးဆန်းတဲ့ဥမျိုးကို နင် မစားသင့်ဘူး။ သိဖို့ကောင်းတယ်ဟယ်" လို့ အပြစ်တင်သံနဲ့ မေးလိုက်တယ်။

"အကြောင်းထူး မရှိဘူးဗျို့၊ စားချင်လို့ကို စားပစ်လိုက်တာ"

"နင်ဟာ ကလေးလိုပဲ။ မြွေနဂါးဥတွေဆိုတာ တို့အတွက် ရှောင်ရမယ့်အရာဟဲ့"

ဒီတော့ သူ စိတ်ဆိုးပြီး ပြန်အော်တယ်လေ။

"ခင်ဗျားဟာ သိပ်အယူသီးတဲ့ အဘွားကြီးပဲ။ ဒါ မြွေနဂါးဥ မဟုတ်ဘူး။ ခင်ဗျားကြီး ဘာသိလို့လဲ"

သူ့အပြုအမူကြောင့် အဘွား အတော်စိတ်ပျက်သွားရလို့ တဲပေါ်ကဆင်းသွားပြီး ခပ်ဝေးဝေးမှာနေတဲ့ သူငယ်ချင်း အိမ်သွားနေလိုက်တယ်။

အဲ... အဘွားလည်း ထွက်သွားရော ဒီလူ ရေငတ်လာတော့တာပဲ။

"ဟော့... သား၊ ငါ အဲဒီထူးဆန်းတဲ့ ဥကြီးစားပြီး နေမကောင်းချင်ဘူး၊ ရေလည်း သိပ်ငတ်လာတယ်။ ချောင်းထဲသွားပြီး ရေခပ်ခဲ့ကွာ"

သားလေးက ရေပြေးခပ်တယ်၊ ခပ်လာတဲ့ရေကို တိုက်တယ်။ ဒါပေမဲ့ ရေငတ်ပြေမသွားဘူး။ ခဏကြာတော့ မခံမရပ်နိုင်အောင် ရေငတ်လာတယ်။ ဒါကြောင့် သူ့သားကို ရေ ပြန်ခပ်ခိုင်း

တယ်။ အဲ... ဒုတိယတစ်ခေါက် ရေခပ်ပြီး ပြန်လာတော့ သူ့အမေ လည်း အိမ်ပြန်ရောက်နေပြီ။ ဒီတော့ သူ့မိန်းမကို ရေတောင်းပြန် တာပေါ့။ တောင်းတော့ မိန်းမက ချောင်းဆီပြေးခပ်။ ဒါပေမဲ့ သူ ရေငတ်တာက လုံး၀ မပြေသွားဘူး။ ဒါကြောင့် သူ့မိန်းမခမျာ အခေါက်အတော်များများ ရေသွားခပ်ရတယ်။ ကြာတော့ တစ်နေ့ ကုန်လည်း အလုပ်ကို မနားမနေလုပ်ခဲ့ရလို့ ခြေကုန်လက်ပန်းကျ လာတယ်။ ဒါနဲ့ "ရေခပ်သွားဖို့ မှောင်လာပြီ။ ကျုပ်လည်း မောနေပြီ။ ညစာလည်း ချက်ရဦးမှာ။ ချက်ပြီးရင် နားတော့မယ်။ တော်လည်း နားလိုက်ဦး။ မနက်ကျမှ ခပ်ပေးမယ်" လို့ ပြောလိုက် တော့တယ်။

မိန်းမအိပ်သွားတော့ သူလည်း နားဖို့ကြိုးစားတယ်။ ဒါပေမဲ့ လည်ချောင်းထဲမှာ မီးတောက်နေသလို ခံစားရလို့ ရေချောင်းဆီပြေးပြီး ရေထဲခုန်ချလိုက်တယ်။ အဲ... ရေထဲရောက် တာနဲ့ တ၀ကြီးသောက်လိုက်တာ သူ့ကိုယ်လုံးကြီးက ရေချောင်း လောက်ကို ကျယ်ပြန့်ဖောင်းကားသွားတော့တာပဲ။

မနက်မိုးလင်းတော့ မိန်းမနဲ့သား ရေချောင်းဆီ အပြေး အလွှား ရောက်လာခဲ့ကြတယ်။ အဲ... သူ့ကိုလည်း တွေ့လိုက်ရော သားအမိ သိပ်ကို တုန်လှုပ်သွားကြတယ်။ သူက ဖောင်းပွနေတဲ့ သစ်တုံးကြီးလို ရေပေါ်မှာ ပေါလောကြီးမျောနေတာကိုး။ ဒီလို အဖြစ်ဆိုးကို မြင်လိုက်ရတော့ မိန်းမ ဖြေမဆည်နိုင်ရှာဘူး။ ရှိုက်ကြီး တငင် ငိုချလိုက်မိတော့တာပေါ့။ တစ်ချိန်တည်းမှာ ရေချောင်းနား ယာယီတဲလေးထိုးပြီး သူ့ယောကျ်ားကို ပြုစုဖို့ ဆုံးဖြတ်လိုက်တယ်။ ဒါပေမဲ့ ရက်တွေကြာလာတော့ ဒီလိုနေလို့ မဖြစ်မှန်း သိလာတယ်။

မြေက စိုထိုင်းနေတယ်။ ခြင်တွေကိုလည်း မောင်းလို့မနိုင်ဘူး။ ချောင်းရေက တစ်ခါတစ်ခါ လျှံတက်လာတတ်သေးတယ်။ ဒါကြောင့် နေရာပြောင်းကိုပြန်ဖို့ ဆုံးဖြတ်လိုက်ရတယ်။ ဒါပေမဲ့ "တစ်ပတ် တစ်ခါတော့ လာကြည့်ပါမယ်" လို့ ကတိပေးလိုက်ပါတယ်။

သူတို့ ကတိတည်ကြပါတယ်။ တစ်ပတ်တစ်ခါ ပုံမှန်လာပြီး စကားတွေပြောတယ်။ ဒီပုံအတိုင်း နေလာခဲ့တာ ခုဆို တစ်နှစ်လောက် ကြာခဲ့ပါပြီ။ သို့သော် သူတို့မျိုးနွယ်စုက အခုနေရာပြောင်းဖို့အချိန်ရောက်လာတယ်လေ။ သူတို့သားအမိက ချန်မနေရစ်ခဲ့ချင်ဘူး။ ဒါကြောင့် သူတို့သားအမိက သူ့ကို စိတ်မကောင်းစွာနဲ့ပဲ နှုတ်ဆက်ပြီး မျိုးနွယ်စုနဲ့အတူ လိုက်ပါသွားပါတယ်။ အဲ... ခုတော့ သူ နဂါးဖြစ်သွားပါပြီ။ သူစားလိုက်တဲ့ ဥကြီးက နဂါးဥဖြစ်နေတာကိုး။ အခု နဂါးဖြစ်သွားသူကလည်း အသည်းကွဲပြီး ဝမ်းနည်းပန်းနည်း ငိုလာတယ်။ ခုတော့ သူ့အရေလည်း လုံးဝပြောင်းသွားခဲ့လို့ နဂါးအစစ်ဖြစ်သွားပါပြီ။ သူဟာ ချောင်းအောက်ဘက်အထိ ကူးသွားတယ်။ နောက်ဆုံးမှာ ဟင်းလင်းပြင် ပင်လယ်ကြီးထဲ ရောက်သွားပါတယ်။

နောက်ထပ် တစ်နှစ်ကြာသွားတဲ့အခါ ဒီမျိုးနွယ်စုဟာ ရေချောင်းနားက သူတို့အိမ်ဟောင်းတွေဆီ ပြန်ရောက်လာကြတယ်။ သူတို့ဟာ တဲဟောင်းတွေကို ပြန်လည်ပြုပြင်ပြီး ဘဝဟောင်းကအတိုင်း ပြန်နေကြတယ်။ တစ်နေ့ကျတော့ မျိုးနွယ်ဝင် ယောကျ်ားလေးတစ်သိုက်ဟာ တောလိုက်ထွက်ကြတယ်။ တစ်ချိန်ကျတော့ ခွေးဟောင်သံကြားလို့ ခွေးဆီ ပြေးသွားကြတဲ့ အခါ ချောင်းနားက

သစ်တုံးကြီးကို ပေါင်နေတာ တွေ့လိုက်ရတယ်။ ဒါနဲ့ သူတို့က သစ်တုံးကြီးနား သတိထား တိုးသွားကြတာပေါ့။

"ဟ... ဒါ သစ်တုံးယောင်ဆောင်နေတဲ့ မိကျောင်းပဲကွ"

သူတို့ မိကျောင်းနားရောက်တော့ သစ်သားလုံတွေနဲ့ သစ်တုံးကြီးကို ပစ်ကြတာပေါ့။ ဒီလိုပစ်လို့ မြားက စူးဝင်သွားတဲ့ အခါ သစ်တုံးကြီးကနေ အနက်ရောင်အရည်တွေ ပန်းထွက်လာတယ်။ ဒါနဲ့ ယောကျ်ားလေးတွေ ဓားတွေဆွဲထုတ်ပြီး အခွံကို ခွာကြတာပေါ့။ ဟား... အခွံအောက်မှာ အဆီထပ်ကြီး၊ သူတို့ သိပ်အံ့သြသွားကြတယ်။ အဲ... ယောကျ်ားလေးတစ်ယောက်ကတော့ အဆီပြင်ကြီးကို ဓားနဲ့ထိုးကော်ပြီး စားလိုက်တယ်။

"ဟား... သိပ်ကောင်းတယ်ကွ၊ ဒါကြီးဟာ အသေကောင်ကြီးပဲ။ ဒါပေမဲ့ လတ်ဆတ်တုန်းကွ။ ငါတို့ အဆီတွေကို ထုတ်ယူပြီး စားကြရအောင်"

ဒီလိုနဲ့ အဆီတွေထုတ်၊ သစ်ရွက်တွေနဲ့ထုပ်၊ အောင်မယ်... သူတို့က ယောကျ်ားလေးတစ်ယောက်ကိုတောင် ရွာထဲလွှတ်ပြီး သတင်းပို့ခိုင်းလိုက်သေးတယ်။ ဒီလိုနဲ့ ယောကျ်ားကြီးတွေ၊ မိန်းမကြီးတွေ၊ ကလေးတွေ ရေချောင်းဘက် ပြေးလာကြတာပေါ့။

အဘွားအိုက ဒီသစ်တုံးအကြောင်း ကြားတော့ တုန်လှုပ်ချောက်ချားသွားတယ်။ သူဟာ ရေချောင်းဘက် အမြန်ပြေး၊ ပြေးရင်း "ဟော့... ဟော့... ငါ့မြေးကို မကျွေးနဲ့၊ မကျွေးနဲ့" လို့ အသံကုန်အော်ပြီး တားတယ်။

ဒါပေမဲ့ ယောကျ်ားလေးတွေအားလုံးက သူတို့ တွေ့ထားတာအတွက် စိတ်တွေလှုပ်ရှားနေကြတော့ အဘွားအိုအော်ပြောနေ

တာကို သတိမထားနိုင်ကြဘူး။ အရည်ခွံမှာ ကပ်နေတဲ့ အဆီတွေကို ခြစ်ယူနေကြတယ်။ ယောကျ်ားလေးတွေနား အဘွားအို ရောက်သွားပါတယ်။ ဒါပေမဲ့ နောက်ကျသွားပါပြီ။ သူ့မြေးလေးက အဆီကို မြည်းစမ်းကြည့်ပြီးနေပါပြီ။ အဘွားက မြေးလေးကို ကောက်ချီပြီး "မင်း ဘာကြောင့် ငါ့စကားကို နားမထောင်တာလဲ။ အခုတော့ ငါတို့အားလုံး ကျိန်စာသင့်ကုန်ကြပြီ" လို့ ပြောပြလိုက်တယ်။

ဟုတ်မှာပါ။ ရုတ်တရက် တိမ်တွေ အုံ့ဆိုင်းလာပြီး ကောင်းကင်တစ်ခုလုံး မှောင်ကျသွားတယ်။ လျှပ်စီးတွေလက်၊ မိုးကြိုးတွေပစ်၊ မကြာခင် မိုးက ဝါးလုံးထိုးရွာချလိုက်တော့တာပဲ။ ဒီတော့ အသီးသီးက သူတို့တဲအရောက် သုတ်ခြေတင်ကြရတာပေါ့။

အဲဒီနေ့ တစ်နေ့လုံး၊ တစ်ညလုံး မိုးသဲကြီးမဲကြီး သွန်ချသလို ရွာတယ်။ ရွာသားတွေ တဲထဲကမထွက်ဘဲ စောင်ခြုံကွေးနေကြရတာပေါ့။ မိုးကလည်း လုံးဝစဲမသွားလေတော့ စိတ်ပျက်ကြရတာပေါ့။ မိုးက နောက်နေ့... နောက်နေ့... ဆက်ရွာနေတာပဲ။ ချောင်းငယ်က ရေတွေလျှံ။ ရေတွေက တောင်ပူစာထိပ်က ရွာထဲအထိဝင်လာ။ ဒီတော့ တဲအိမ်ကလေးတွေ ကန်ထဲမှာ၊ အင်းထဲမှာ ဆောက်ထားပုံမျိုးပေါက်နေတယ်။ နောက်ဆုံးတော့ ရွာသားတွေက သူတို့ရွာကို စွန့်ခွာကြဖို့ ဆုံးဖြတ်ကြတယ်။ ဒါကြောင့် ရှိသမျှ ပစ္စည်းပစ္စယလေးတွေစုပြီး ရေကူးထွက်လာခဲ့ကြတယ်။ အဘွားအိုရဲ့မြေး အမေ အပါအဝင် ရွာသားအများစုဟာ ရေဘေးက လွတ်မြောက်သွားကြပေမဲ့ အဆီကို စားမိကြတဲ့ ယောကျ်ားတွေနဲ့ ယောကျ်ားလေးတွေ အားလုံး ရေထဲ ပြန်ဆွဲချခံကြရလို့ အားလုံး နစ်မြုပ်သွားကြပါတော့တယ်။

အဘွားအိုကတော့ ရွာသားတွေနဲ့ ပြတ်ကျန်ခဲ့တယ်။ သူက မြေးကိုလည်း ပိုးထားရသေးတာကိုး။ ဒါပေမဲ့ ရေထဲဖြတ်ပြီး အတတ်နိုင်ဆုံးပြေးတာပဲ။ ဒါပေမဲ့ အမြင့်ပိုင်းရောက်ဖို့ ကြိုးစားလေ၊ ရေက သူ့ကို ပြန်ဆွဲဆွဲချလေပဲ။ ရေတွေက သူ့နောက် မရပ်မနား လိုက်နေပုံမျိုးပါပဲ။ ရေတွေဟာ သူ့ကို ပတ်လည်ဝိုင်းပြီး ဆွဲချနေသလိုမျိုးပဲ။ တစ်ချိန်တည်းမှာ ရေထဲက ပေါ်ထွက်လာတဲ့ "ယောကျ်ားလေးကို ပေးခဲ့၊ ယောကျ်ားလေးကို ပေးခဲ့၊ သူ့ကို ကျွန်ုပ်တို့ ပိုင်တယ်" အသံကို အဘွား ကြားလိုက်ရပြန်တယ်။

ဘာပဲဖြစ်ဖြစ် အဘွားကတော့ ကြားနေတဲ့အသံကို ဂရုမစိုက်ဘူး။ ရှုပ်ရှုပ်ချွံချွံ သတ္တိရှိရှိ သန်တဲ့ရေစီးကို ဖြတ်ကျော်ဖို့ ကြိုးစားတာပဲ။ သူက တစ်ချက်တော့ ပြန်အော်လိုက်သေးတယ်။

"မပေးဘူး၊ မင်းတို့ ငါ့မြေးကို အရမယူနိုင်ဘူး"

ဒါပေမဲ့ သူ အိုနေပြီလေ။ အားလည်း ကုန်နေပြီ။ ဒါကြောင့် သူ့မြေးလေးကို ထိန်းမထားနိုင်ရှာတော့ဘူး။ ဒီအခြေအနေမျိုးမှာ သူ့မြေးလေးဟာ သူ့ကျောပေါ်က လျောကျသွားတော့တာပါပဲ။ အဘွားက အမြန်လှည့်ကြည့်ပြီး သူ့ကို ကြိုးစား ဆွဲယူပါသေးတယ်။ ဒါပေမဲ့ နောက်ကျသွားပါပြီ။ ရေက သူ့ကို ဖမ်းပြီး ဟိုး... အဝေးကို သယ်ယူသွားပါပြီ။ အင်း... ဒီမှာ ထူးတာတစ်ခုက မြေးလေးရေထဲကျသွားတာနဲ့ မိုးချက်ချင်းတိတ်သွားပြီး ကောင်းကင်တစ်ပြင်လုံး ပြန်လည် ကြည်လင်လာတဲ့ကိစ္စပါပဲ။

သူ့ချစ်မြေးလေး ရေထဲပါသွားတော့ အဘွားအိုဟာ စိတ်ပျက်လက်ပျက်နဲ့ စောင့်ကြည့်နေရှာတယ်။ ကြည့်ရုံပဲ ကြည့်နိုင်တော့တယ်လေ။ လိုက်ဆယ်ယူနိုင်အား မရှိရှာတော့ဘူး

မဟုတ်လား။ ဒါကြောင့် ပြန်ကျသွားတဲ့ရေထဲ ခပ်ဖြည်းဖြည်း ဖြတ်လျှောက်လာခဲ့တယ်။ နောက်ဆုံး ခြောက်သွေ့တဲ့ ကုန်းမြေပေါ် ရောက်လာခဲ့တယ်။ ခုတော့ သနားစရာ အဘွားအိုဟာ သစ်ပင်အောက်မှာ ခြေပစ်လက်ပစ် ထိုင်ချလိုက်ပါပြီ။ သက်ပြင်းကြီးချရင်း ဖြေမဆည်နိုင်အောင် ငိုကြွေးနေရှာပါပြီ။ နောက်ဆုံးမှာ သူ့သမီးလည်း သူ့နားရောက်လာတယ်။ ဒီတော့ ပိုကြေကွဲပြီး ပိုဝမ်းနည်းလာပြန်ပဲပေါ့။

ဒီရွာကတော့ နှစ်စဉ်လိုလို ရေလွှမ်းခံရတာပါပဲ။ နောက်ဆုံးကျတော့ ရေကန်ကြီးအဖြစ် ပြောင်းသွားပါတယ်။ လူတွေက အဲဒီကန်ကြီးကို "တာဆစ်ချိနီ" သို့မဟုတ် "ချိနီကန်" လို့ ခေါ်ကြတယ်။ တစ်ခါတစ်ရံမှာ မိုးရာသီအတွင်း ချောင်းတွေ၊ ကန်တွေ ရေလျှံရင် ရေထဲက ရှည်လျားတဲ့ ပုံရိပ်နှစ်ခုကို မြင်ကြရတယ်လို့လည်း ပြောကြပါတယ်။

မလေးရှားပုံပြင်

❐

## မိုးခေါ်ပုံ

ကမ္ဘာ့ဒေသ တချို့မှာ မိုးသိပ်ခေါင်ပါတယ်။ မိုးမရွာတဲ့ အချိန်တွေ အတော့်ကို များတတ်တယ်။ ခုလည်း အာဖရိကလွင်ပြင် မှာ ဒီအတိုင်း ဖြစ်နေတယ်လေ။ မိုးခေါင်တာ ကြာနေလွန်းတော့ လူတွေ၊ တိရစ္ဆာန်တွေ အကြီးအကျယ် ဒုက္ခရောက်ကြရတာပေါ့။

မိုးမရွာတော့ မြက်ပင်လေးတွေ ခြောက်ကုန်တယ်။ မြက်မရှိတော့ ငှက်ကလေးတွေ သိုက်မြုံမဆောက်နိုင်ကြတော့ဘူး။ နောက် သူတို့လေးတွေ ဘယ်မှာသွား ဥချကြမှာလဲ။ မြက်မရှိတော့ နွားတွေ စားစရာမရှိကြတော့ဘူး။ သူတို့ ဆာလောင်နေကြတာကို ဘယ်လို ဖြေဖျောက်ကြမှာလဲ။

မိုးမရွာရင် သစ်ပင်မှာ သစ်ရွက်ကလေးတွေမထွက်နိုင်ဘူး။ သစ်ရွက်မရှိတော့ တောရိုင်းတိရစ္ဆာန်လေးတွေ ခိုနားဖို့ အရိပ်မရှိတော့ဘူး။ ဒီတော့ တိရစ္ဆာန်လေးတွေ ဘယ်အေးနိုင်ရှာကြတော့မှာလဲ။ သစ်ရွက်တွေမရှိတော့ သစ်ကုလားအုတ်တွေလည်း စားစရာမရှိကြတော့ဘူး။ သူတို့ ဘယ်လိုဝမ်းဖြည့်နိုင်ကြတော့မှာလဲ။



အာဖရိကဒေသတစ်ခုမှာ မိုးခေါင်နေတာ သိပ်ကိုကြာနေပါပြီ။ မိုးသာ မရွာချတာ၊ တိမ်မည်းအုပ်ကြီးကတော့ လွင်ပြင်ထက်မှာ မိုးနေလိုက်တာများ ထီးကြီးအတိုင်းပါပဲ။ မိုးအဖြစ် ရွာချတော့မယ့် တိမ်တိုက်တော့ ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ မိုးက လုံးဝမရွာဘူး။ မိုးမရွာတော့ မြက်ပင်လေးတွေ မရှိတော့ဘူးပေါ့။ နောက်သစ်ရွက်ကလေးတွေလည်း ဘယ်ရှိနိုင်ပါ့မလဲ။

ဒီအနေအထားမျိုးမှာ ငှက်ကလေးတွေ၊ နွားတွေ၊ သစ်ကုလားအုတ်တွေဟာ အစိမ်းရောင်အရာတွေကို လိုက်ရှာကြတာပေါ့။ သူတို့လေးတွေ နေရာအနှံ့ ခြေဆန့်ရှာကြတယ်။ လွင်ပြင်တွေကို ဖြတ်ကျော်ရှာကြတယ်။ ဒါပေမဲ့ မြက်နဲ့သစ်ရွက်ရှိတဲ့နေရာကို လုံးဝမတွေ့ကြပါဘူး။ သူတို့ခမျာ သိပ်ကို ဆာနေကြပါပြီ။ သိပ်ကို ပူလောင်ရကြပါပြီ။

လွှင်ပြင်နေသူတွေရဲ့ ခေါင်းဆောင်လည်း စိတ်ပူလာပြီ။ သူလည်း လွှင်ပြင်ကို ဖြတ်လျှောက်ပြီး ရှာတာပါပဲ။ နွားပိန်လေးတွေပဲ တွေ့ရတယ်။ နွားတွေရဲ့အကူအညီ ခေါ်သံကိုပဲ စိတ်မချမ်းမသာ ကြားရတယ်။ သူတို့ကို ဘယ်လိုကူရမှန်း သူလည်း မသိနိုင်တော့ဘူး။ မတတ်နိုင်တော့တဲ့အဆုံး တိမ်မည်းအုပ်ကြီးကို မော့ကြည့်ပြီး မိုးရွာဖို့ပဲ မျှော်လင့်နိုင်တော့တယ်။

ဒီအခိုက်မှာပဲ ဖြစ်ရပ်ကြီးတစ်ခု ပေါ်ပေါက်လာတယ်။ သူ့ခေါင်းပေါ် ငှက်ကြီးတစ်ကောင် ဖြတ်ပျံတယ်လေ။ ပျံသွားတဲ့ ငှက်ဆီက လှပပြီး ရှည်လျားတဲ့ ငှက်တောင်တစ်ခုကျလာတယ်။ ငှက်တောင် မြေပြင်ပေါ်ကျအလာမှာ သူ့ခေါင်းကိုတောင် တိုက်သွားလိုက်ပါသေးတယ်။

ဒီတော့ သူက စဉ်းစားတယ်။

"ဒါဟာ ငါတို့ လိုအပ်နေတဲ့ အကူအညီ ဖြစ်နိုင်မလား။ ဒီငှက်တောင်နဲ့ ငါ ဘာလုပ်ရမလဲ"

သူ အချိန်ယူ စဉ်းစားလိုက်တော့ စိတ်ကူးတစ်ခု ရလိုက်တယ်။ ဟုတ်ပြီ၊ ငါ ငါ့စိတ်ကူးကို ချက်ချင်း အကောင်အထည်ဖော်မယ်။ ဒီအဆုံးအဖြတ်နဲ့ သူ တုတ်တစ်ချောင်းရှာတယ်။ တွေ့တာနဲ့ တုတ်မှာ ငှက်တောင်ကိုချည်ပြီး မြားလိုဖြစ်အောင် လုပ်တာပေါ့။ နောက် မြားကိုပစ်ဖို့ လေးလုပ်တယ်။

ပြီးတာနဲ့ လေးမှာ ငှက်တောင်တပ်၊ မြားကိုတင်ပြီး လေးကြိုးကို နောက်ပြန်ဆွဲလိုက်တယ်။ ပြီးမှ သူ့ခေါင်းပေါ်က တိမ်မည်းအုပ်ကြီးထဲ ပစ်ထည့်လိုက်တယ်။

နောက်တော့ တခြားဖြစ်ရပ်ကြီးတစ်ခု ပေါ်ပေါက်လာ

ပြန်တယ်။ တိမ်တိုက်ကြီးကို မြားကထိုးဖောက်လိုက်တော့ တိမ်တိုက်ထဲကနေ မိုးရေတွေ ပန်းထွက်လာပါရော။ ပန်းထွက်လာတဲ့ မိုးရေတွေ မြေပြင်ပေါ် ဒလဟော ကျဆင်းလာကြတယ်။ ကဲ... ခြောက်သွေ့နေတဲ့လွင်ပြင် ခုတော့... မိုးရေသောက်လိုက်ရပြီ။ နွားတွေ အော်ထွက်လာကြပြီ။ ငှက်တွေ တေးသီနိုင်ကြပြီ။

မိုးက ရက်ပေါင်း အတော်ကြာအောင်ကို ရွာချလိုက်တာပဲ။ ဒီတော့ မြက်ပင်လေးတွေ ထွက်လာတယ်။ သစ်ရွက်ကလေးတွေ ပြူလာတယ်။ ငှက်ကလေးတွေကလည်း သိုက်မြုံ ဆောက်နိုင်ကြပြီ။ နွားတွေ၊ သစ်ကုလားအုတ်တွေ ပြန်ဝဖြိုးလာကြတယ်။ ခုတော့ သားရိုင်းတိရစ္ဆာန်ကလေးတွေလည်း အရိပ်ရကြပြီ။ လွင်ပြင်တစ်ခုလုံး စိမ်းလို့စို့လို့။

ဒါကြောင့် ခုဆိုရင် မိုးခေါင်နေတာ ကြာနေတဲ့အခါ လွင်ပြင်နေ ခေါင်းဆောင်တွေက ဘာလုပ်ရမယ်ဆိုတာကို သိသွားကြပြီလေ။ ငှက်တောင်နဲ့ မြားလုပ်မယ်၊ တိမ်မည်းအုပ်ကြီးကို ရှာမယ်။ တွေ့တာနဲ့ မိုးရွာချနိုင်အောင် တိမ်တိုက်မည်းကြီးကို မြားနဲ့ ဖောက်ပစ်လိုက်မယ်။ မိုးဟာ အရေးကြီးပါတယ်။ ဒါကို ခေါင်းဆောင်က သိတယ်။ ဒီတော့... မိုးရွာဖို့ဆိုရင် သူက တတ်နိုင်သမျှ လုပ်သွားမှာပါ။

ကင်ညာပုံပြင်

❒

## လူပျော်ရဲ့ ရှပ်အင်္ကျီ

ဟိုး... တစ်ခါတုန်းက "လိုတရ" ဆုနဲ့ ပြည့်စုံနေတဲ့ လူငယ် တစ်ယောက် ရှိခဲ့တယ်။ သူ့မှာ ဦးနှောက်ရှိတယ်။ ငွေရှိတယ်။ နန်းတော်လို အိမ်ကြီးမှာနေတယ်။ ဒါပေမဲ့ သူ မပျော်ဘူး။ သူဟာ တစ်နေကုန်ထိုင်ပြီး ဝမ်းနည်းစိတ်မကောင်းဖြစ်နေတယ်လေ။

ကြာတော့ သူ့ဖအေကြီးက သူ့အတွက် စိတ်သောက ရောက်တာပေါ့။ စိတ်မချမ်းမသာ ဖြစ်ရတာပေါ့။ သူက သူ့သားကို "သား၊ မင်း ဘာဖြစ်နေတာလဲ။ မင်း ပျော်အောင်၊ စိတ်ချမ်းသာအောင် ဖေဖေ ဘာလုပ်ပေးရမလဲ။ ဇနီးတစ်ယောက် ရှာပေးရမလား၊ ဒါမှ မဟုတ် ကျောင်းနေမလား" လို့ မေးတယ်။

"ဟာ... မနေချင်ပါဘူး၊ တကယ်တော့ ဖေဖေ လုပ်ပေးနိုင်တာ တစ်ခုမှမရှိပါဘူး။ ကျွန်တော်ကိုယ်တိုင်ကကို ပျော်တတ်သူ တစ်ယောက် ဖြစ်မနေတာဘဲ"



သူ့အဖေက ဒီစကားမျိုးကို လုံးဝမကြားချင်ဘူး။ သူ့သားကို ပျော်စေချင်တာပဲ ရှိတယ်။ သူ့ဘဝမှာ လိုချင်တာတစ်ခုက အဲဒါပဲ။ သူ့သား ပျော်ရေးပဲ။

နောက်တော့ အဖေကြီးမှာ အကြံတစ်ခု ပေါ်လာတယ်။ သူ့အကြံကို သူက လူသုံးယောက်ငှားပြီး အကောင်အထည်ဖော်ကြည့်တယ်။ သူက ငှားထားတဲ့ လူသုံးယောက်ကို "ကဲ... မင်းတို့ လူပျော်တစ်ယောက်ကို ထွက်ရှာကြစမ်း။ တွေ့ရင် ငါ့ဆီ ခေါ်လာခဲ့ကြ။ တကယ်လို့ သူဟာ အစစ်အမှန် ပျော်တတ်သူဆိုရင် သူ့ရှပ်အင်္ကျီကို ငါ ရအောင်တောင်းပြီး ငါ့သားရှပ်အင်္ကျီကို သူ့ပေးလိုက်မယ်" လို့ ပြောပြလိုက်တယ်။

ပထမ အရှာထွက်သူက ဘုန်းတော်ကြီးတစ်ပါးကို ခေါ်လာခဲ့တယ်။ ဒီတော့ သူက "ဘုန်းတော်ကြီး၊ သင်ဟာ တကယ်ပျော်တဲ့လူ ဟုတ်ပါသလား" လို့ မေးကြည့်တယ်။

"အိုး... ဟုတ်တယ်လေ၊ ဒါပေမဲ့ ကျုပ်က ဘုရင်တစ်ပါးဖြစ်ချင်သေးတယ်"

အင်း... တစ်စုံတစ်ယောက် ဖြစ်ချင်နေသေးသူဟာ ဘယ်လိုလုပ်ပျော်ရွှင်သူ အစစ်အမှန် ဖြစ်နိုင်ပါ့မလဲ။

"ကဲ... ကဲ... ဘုန်းတော်ကြီး ရှပ်အင်္ကျီကို ထားလိုက်ပါတော့"

ဒုတိယတစ်ယောက်ကတော့ သူဌေးတစ်ယောက်ကို ခေါ်လာတယ်။

"ခင်ဗျားက တကယ် ပျော်ရွှင်သူတစ်ယောက်လား"

"တကယ် ပျော်ရွှင်သူပါဗျာ။ ဒါပေမဲ့ ကမ္ဘာကြီး ပျက်သုဉ်းမယ့်အချိန်ကို တွေးတွေးပြီး စိတ်ပူနေမိတယ်"

ဩော်... ကမ္ဘာပျက်မယ့်နေ့အကြောင်း တွေးပူပန်နေသူကိုး။ ဒီလိုလူက ဘယ်လိုလုပ် ပျော်နေသူတစ်ယောက် ဖြစ်နိုင်ပါ့မလဲ။

"အေးဗျာ... ခင်ဗျား ရုပ်အင်္ကျီကို ခင်ဗျားပဲ သိမ်းထား လိုက်ပါတော့"

တတိယ အရှာထွက်သူကတော့ အဆိုတော်တစ်ယောက် ကို ရှာလာခဲ့တယ်။

"ဘယ်လိုလဲ၊ ခင်ဗျားက အမြဲ ပျော်နေသူလား"

"ဟုတ်တယ်၊ အမြဲပျော်နေသူပဲ။ ကျွန်တော့်ဘဝမှာ ပျော်နေတဲ့ အနေအထားက ဘယ်တော့မှ ပြောင်းမသွားဘူး။ ပျော်ရတာကလွဲရင် ကျွန်တော်က ဘာမှမလိုချင်ဘူး"

"အင်း... ဟုတ်ပြီ၊ ခင်ဗျားဟာ တကယ် အစစ်အမှန် ပျော်နေသူပဲ။ ဒီတော့ ကျုပ်သားကို တစ်ခုကူညီပါ။ သူ့ကို ခင်ဗျားရဲ့ ရုပ်အင်္ကျီပေးလိုက်ပါလားဗျာ"

တေးဆိုသူက ဘာမှ အဖြေမပေးဘူး။ ဒီတော့ ဖအေ ကြီးက တောင်းတောင်းပန်ပန် ထပ်ပြောရပြန်တာပေါ့။

"ကဲပါဗျာ...ေ ကျေးဇူးပြုပြီး ကျုပ်သားကို ခင်ဗျားရဲ့ ရုပ် အင်္ကျီပေးလိုက်စမ်းပါ။ ကျုပ်သားက ခင်ဗျား ရုပ်အင်္ကျီကို တကယ် လိုအပ်နေပါတယ်။

ပြောပြောဆိုဆိုပဲ သူဌေးကြီးက တေးဆိုသူရဲ့ ဂျာကင် အင်္ကျီကို လှမ်းကိုင်ပြီး ဆွဲချွတ်လိုက်တယ်။ အဲဒီလို ဆွဲချွတ်လိုက် တော့ သူ ဘာကိုတွေ့တယ်ထင်မလဲ။ ဘာမှမတွေ့ဘူးလေ။ ပျော်နေ တဲ့လူဆီမှာ ရုပ်အင်္ကျီတောင် မရှိဘူး။ ရုပ်အင်္ကျီတောင် ဝတ်နိုင်ပုံ မရဘူး။

ဒီတာလီပုံပြင်

❐

## မိန်းမလည်ကြီး

ယောကျ်ားတစ်ယောက်ဟာ ဇနီးငယ်လေးနဲ့အတူ ရွာတစ်ရွာမှာ အေးအေးချမ်းချမ်း နေနေကြတယ်။ သူတို့လင်မယားသဘောတူထားကြတာတစ်ခုရှိတယ်။ စိတ်မချမ်းသာစရာ စကားမျိုး ဘယ်သူကမှ ဘယ်တော့မှ မပြောမိဖို့ပဲ။ ဒါကြောင့်မို့လည်း သူတို့ကို မြင်လိုက်တိုင်း တစ်ယောက်ကိုတစ်ယောက် ယုယနေကြတာချည်းပဲ။ ဇနီးလေးပေါင်ပေါ် ယောကျ်ားက အိပ်လို့။ ဇနီးလေးက သူ့ယောကျ်ားဆံပင်လေးတွေကို ဖွဖွလေး ပွတ်ပေးနေတာချည်းပဲ။ ဒီအနေအထားကို မရှုဆိတ်တဲ့ မာရ်နတ်က သူတို့လင်မယားရန်ဖြစ်အောင် ခြောက်လကြာ ကြိုးစားခဲ့ပေမဲ့ အကြောင်းမထူးခဲ့ဘူး။ ဒါကြောင့် နောက်ဆုံးမှာ လက်လျှော့ အရှုံးပေးလိုက်တော့တယ်။ အရှုံးပေးလိုက်တဲ့ မာရ်နတ်ဟာ တစ်နေ့ကျတော့ ရွာရိုးကိုးပေါက်လျှောက်သွားနေတဲ့ အဘွားအိုတစ်ယောက်နဲ့ ရင်ဆိုင်တိုးမိတယ်။ သူ့အရိပ်အကဲကိုကြည့်ပြီး အဘွားအိုက မေးတယ်။



"ဘာဖြစ်လို့ စိတ်ပျက်နေတာလဲ"

ဒီတော့ မာရ်နတ်က အလိုက်သိစွာနဲ့ တကယ်လို့ အဘွားအိုက ဟိုလင်မယား သဘောထားကွဲအောင် လုပ်နိုင်ရင် အကောင်းဆုံးဖိနပ်နှစ်ရန်ပေးမယ်လို့ ပြောပြလိုက်တယ်။ အကောင်းဆုံးဖိနပ်နှစ်ရန် ရမယ်ဆိုတော့ အဘွားအို ဘယ်အချိန် ဆွဲနေတော့မှာလဲ။ မိန်းမငယ်လေးရဲ့ယောကျ်ား လယ်ထဲဆင်းရခိုက် မိန်းမငယ်ဆီသွားတာပေါ့။ ရောက်တာနဲ့ အဘွားအိုက အရင်အလျှုခံတယ်။

ပြီးမှ "အဲ... ငါ့သမီးလေး ချောလိုက်တာ၊ သဘောကလည်း ကောင်းလိုက်တာ၊ သမီးလေးရဲ့ယောကျ်ားကတော့ သိပ်ကို ချစ်မှာပဲ နော်။ သမီးတို့နှစ်ယောက်ကတော့ ကမ္ဘာပေါ်မှာ အချစ်ဆုံးအတွဲ ဖြစ်မှာပါကွယ်။ အေး... ဒါပေမဲ့ သမီး၊ အဘွားက သမီးတို့ ခုထက် ပိုချစ်ကြရအောင်၊ ပိုပျော်ကြရအောင် နည်းပေးလမ်းပြလုပ်ရဦး မယ်။ သမီးခင်ပွန်းရဲ့ ခေါင်းထိပ်မှာ ဆံပင်ဖြူလေးတွေ ရှိနေတယ် နော်။ အဲဒီဆံပင်ဖြူလေးတွေကို ဖြတ်ပေးကွဲ့။ ဒါပေမဲ့ သမီး ပြုလုပ်မယ့်ကိစ္စကို သူ မသိစေနဲ့နော် ဟုတ်လား"

"ဒီကိစ္စကို သမီးက ဘယ်လိုလုပ်ရမှာလဲ အဘွား"

"ဩော်... လွယ်ပါတယ်၊ သူ့ကို ညစာကျွေးပြီး သမီး ပေါင်ပေါ် ချအိပ်ဖို့ပြော။ သူအိပ်ပျော်သွားတာနဲ့ သမီးအိတ်ထဲက သင်တုန်းဓားထုတ်ပြီး ဆံပင်ဖြူတွေကို နုတ်ဖြတ်လိုက်ပေါ့ကွယ်"

မိန်းမငယ်က အတော်ပျော်သွားပြီး လက်ဆောင်တွေ ပေးလိုက်တယ်။

မိန်းမငယ် အိမ်ကအပြန်မှာ အဘွားအို ချက်ချင်းပဲ လယ်ထဲသွားပြီး မိန်းမငယ်ရဲ့ ယောကျ်ားကို သတိပေးပြန်တယ်။

"မင်းကို ကံမကောင်းမှုကတော့ ခြောက်လှန့်နေပြီနော်။ မင်းချစ်လှပါတယ်ဆိုတဲ့ ဇနီးငယ်လေးက သစ္စာဖောက်ရုံမကတော့ ဘူး၊ မင်းကို သတ်ဖို့တောင် ကြံစည်နေပြီကွဲ့။ သူ့အကြံအစည် အောင်မြင်ရင် သူက မင်းထက် ပိုချမ်းသာသူကို ယူမယ်လေ"

အဲဒီနေ့လယ်ပိုင်းကျတော့ သူ့ဇနီးလေး ထမင်းလာပို့တယ်။ ထမင်းစားပြီး သူ့ပေါင်ပေါ် ခေါင်းတင်အိပ်ခိုင်းတာပေါ့။ သူကလည်း အိပ်ပျော်သွားပုံ ဟန်ဆောင်လိုက်တယ်။ ဒီအချိန်မှာ ဇနီးငယ်လေး

က သင်တုန်းဓားကိုထုတ်ပြီး ဆံပင်ဖြူတွေကို ရိတ်ပစ်ဖို့ ပြင်တော့တာပေါ့။ အဲဒီလိုပြင်တုန်းမှာပဲ ယောက်ျားက ဒေါသတကြီး ထရပ်လိုက်တယ်။ နောက် သူ့ဇနီးရဲ့ဆံပင်ကို ဆွဲပြီး ဆဲတော့တာပဲ။ ဆဲရင်းမှာလည်း ရိုက်သေးတယ်။

မာရ်နတ်က ဒီဖြစ်ရပ်ကို အစအဆုံး မြင်လိုက်တယ်။ သူ့မျက်စိကိုတောင် မယုံနိုင်ဘူး။ အဲ... နောက်ပိုင်းတော့ မာရ်နတ်ဟာ ဝါးလုံးရှည်တစ်လုံးကို ရှာပြီး ဝါးလုံးရဲ့တစ်ဖက်စွန်းမှာ သူ အာမခံထားတဲ့ ဖိနပ်နှစ်ရန်ကို ချိတ်ပြီး အဘွားကို လှမ်းပေးလိုက်တယ်။

"ကျုပ် ခင်ဗျားနားကိုတောင် မကပ်ရဲတော့ဘူး။ ခင်ဗျားက ကျုပ်ကို တစ်မျိုးတစ်ဖုံ ပြစ်ဒဏ်ခတ်မှာ ကျုပ် သိပ်ကြောက်တယ်။ ဘာကြောင့်လဲဆိုတော့ ခင်ဗျားက ကျုပ်ထက် ပိုလည်တယ်၊ ပိုပါးနပ်တယ်၊ ပိုဉာဏ်များတယ်လေ။

မာရ်နတ်က ဒီလို ဖိနပ်နှစ်ရန်ကိုပေးပြီး သုတ်ခြေတင်သွားလိုက်ပုံများ သေနတ်နဲ့ပစ်လိုက်သလို မြင်ကွင်းထဲက ချက်ချင်းပဲ ပျောက်သွားပါတော့တယ်။

လီသူလီနီယန်ပုံပြင်

❐

## ပြောနေကြတဲ့ပုံပြင်

တစ်ခါတုန်းက အဘိုးအိုနဲ့ အဘွားအို လင်မယားဟာ "တိုက်ဂရစ်" မြစ်ဝှမ်းက တောင်ကြားမှာ နေကြတယ်။ သူတို့လင်မယားဟာ နှစ်ပေါင်းများစွာ ဒုက္ခရောက်ခဲ့ကြတယ်။ လူနည်းစုလောက်ပဲ သူတို့ဆီ တစ်ခါတစ်ရံ အလည်အပတ် ရောက်လာကြတယ်။ ဒါကြောင့်မို့လည်း သူ့အဘွားကြီး ပျောက်သွားတဲ့ကိစ္စကို လူတွေ ချက်ချင်းမသိလိုက်ကြဘူး။ သိလိုက်တော့လည်း အဘိုးကြီးက သတ်ပစ်လိုက်တာလို့ သံသယဝင်ကြတယ်။ ဒါပေမဲ့ အဘွားကြီးအလောင်းကိုလည်း ရှာမတွေ့ကြတော့ နောက်ပိုင်းမှာ ပြီးပြီးပျောက်ပျောက် ဖြစ်သွားကြတယ်။

အဘိုးကြီးကတော့ သူ့အဘွားကြီး ပျောက်ဆုံးသွားတဲ့နောက်ပိုင်း ခပ်ပျော်ပျော်ပဲ နေလာခဲ့တယ်။ ဒါပေမဲ့ တစ်ညမှာ အဘိုးအိုက သူနဲ့ခင်မင်တဲ့ လူငယ်အုပ်စုကိုဖိတ်ပြီး ဆင်ဝင်ခန်းထဲ



မှာ ကျွေးမွေးစည့်ခံတယ်။ ညစ့်ခံပွဲထုံးစံအတိုင်းစကားတွေ ဖောင်ဖွဲ့ကြပေါ့။ ဒီအချိန်မှာပဲ အဘိုးအိုအိမ်နားမှာပေါက်နေတဲ့ ချုံပုတ်က ပြတင်းပေါက်မှန်ကို လာလာရိုက်တယ်။ ရိုက်နေပုံက သူတို့အုပ်စုကို လက်ယပ်ခေါ်နေသလိုပဲ။ သူတို့ကို တစ်ခုခုပြောချင်နေပုံပဲ။ တကယ်လို့ လေသာတိုက်ခတ်နေမယ်ဆိုရင်တော့ ဒီကိစ္စကို ဘယ်သူမှ ဂရုစိုက်နေမှာလည်း မဟုတ်ဘူး။ ဘာမှလည်း တွေးမိမှာမဟုတ်ဘူး။ ခုတော့ လေပြည်လေးတောင် တိုက်ခိုက်မနေဘူးလေ။

ဒါကြောင့် လူငယ်တွေက အဘိုးကြီး တားနေတဲ့ကြားကပဲ ချုံပုတ်ကို သွားတူးကြတယ်။

အဲဒီလို တူးကြည့်လိုက်ကြတော့ တွေ့လိုက်ရတာက သစ်မြစ်တွေဟာ အမျိုးသမီးကြီး လက်ဝါးပြင်ပေါ်မှာ အမြစ်တွယ်နေတာပဲ။ သူတို့ လန့်ဖျပ်သွားကြတာပေါ့။ အဘိုးကြီးလည်း အော်ဟစ်ပြီး သွေးရူးသွေးတန်း ပြေးဆင်းသွားတယ်။

အဲဒီကတည်းက အဘိုးအိုကို တစ်ခါမှ ပြန်မတွေ့ကြတော့ဘူး။

အမေရိကန်ပုံပြင်

❐

## စုန်းမရဲ့ ပလွေဆရာ

ကျွန်တော့်အစ်ကိုက မြို့တစ်နေရာမှာ ပလွေမှုတ်ပြီး ငွေရှာတယ်။ နောက် ပလွေဆရာတစ်ယောက်ကတော့ သူနေတဲ့ အိမ်က ကလေးတွေကို ပလွေမှုတ်ပြရတယ်။ ဥပုသ်စောင့်ရက် မတိုင်ခင်တစ်ရက် ၁၁ နာရီလောက်မှာ ကလေးတွေကို အိမ်ခေါ် လာတယ်။ ကလေးတွေကို ပလွေမှုတ်ပြရတဲ့ ပလွေဆရာကို ပိုက်ဆံ ပေးရတာပေါ့။ ကိစ္စပြီးတာနဲ့ သူဟာ ကျွန်တော့် အစ်ကိုကိုထား ခဲ့ပြီး သူ့အိမ်ပြန်သွားတယ်။

သူ အိမ်အပြန်လမ်းမှာ မိန်းမသုံးယောက်က သူ့ဆီ လျှောက်လာပြီး "ကျွန်မတို့နဲ့ လိုက်ခဲ့ပါ။ ကျွန်မတို့ ပလွေမှုတ်သံ ကြားချင်လို့ပါ။ ဟောဟိုနားက အိမ်ကိုသွားကြမယ်လေ။ ဘာမှ တွေးပြီး စိုးရိမ်မနေပါနဲ့။ ကျွန်မတို့က ပလွေမှုတ်ပြခ ပိုက်ဆံ ပေးမှာပါလို့" ပြောပြကြတယ်။



သူ လိုက်သွားပါတယ်။ သူတို့က သူ့ကို လက်တွဲခေါ်သွားပြီး နံရံနားက ခုံရှည်ပေါ်မှာ ထိုင်စေပါတယ်။ ထိုင်မိတာနဲ့ သူပလွေကို စမှုတ်ပြတာပေါ့။ စမှုတ်တာနဲ့ ငွေတွေ သူ့ခြေရင်းမှာ ဖွေးခနဲ၊

ဖွေးခနဲ ကျလာကြတာပဲ။ ဒီတော့ သူက ကျိတ်ပြီး "မဆိုးဘူးဟ" လို့ ကျေကျေနပ်နပ် အသံတိတ် ရေရွတ်လိုက်တာပေါ့။

အဲ... သန်းခေါင်ချိန်လောက်ရောက်လာတော့ ကြောက်မက်ထိတ်လန့်စရာ တိုက်ခိုက်မိသံကြီး ကြားလိုက်ရတယ်။ ကြားလိုက်ရတဲ့ တစ်ချိန်တည်းမှာ သူကိုယ်တိုင်ဟာလည်း ရှာစွန်က "ပေါ်ပလာပင်ကြီး" ရဲ့ထိပ်မှာ ရပ်မိနေတဲ့အဖြစ်ကို သိလိုက်ရတယ်။

"ဟာ... သေရော၊ ငါ ဘယ်လို ဒီသစ်ပင်ပေါ်က ဆင်းရမှာလဲ"

ဒီလို ညည်းတွား ရေရွတ်လိုက်ချိန်မှာပဲ လှည်းတစ်စီးမောင်းလာတယ်။ ပေါ်ပလာပင်နား လှည်းရောက်လာတော့ အောက်ငုံ့ပြီး အော်ပြောလိုက်တယ်။

"ဟေ့... အစ်ကို၊ ကျွန်တော့်ကို ကယ်ပါဦးဗျာ"

ဒါပေမဲ့ လှည်းသမားက လုံးဝဂရုမစိုက်ဘဲ ဆက်မောင်းသွားတယ်။ တော်သေးရဲ့၊ မကြာခင် နောက်လှည်းတစ်စီး မောင်းလာတာကို လှမ်းမြင်လိုက်ရပြန်တယ်။ လှည်းပေါ်ပါလာ သူက "ပီတာဘာတာ" တဲ့။ "ကရန်ဘက်" မှာ နေတဲ့လူပေါ့။

"ဟေ့... အစ်ကိုရေ...၊ ကျွန်တော့်ကို သစ်ပင်အောက်ရောက်အောင် ကျေးဇူးပြုကူညီပါဗျာ"

ပီတာဘာတာက မြင်းလှည်းကိုရပ်လိုက်ပြီး မော့ကြည့်လိုက်တယ်။

"ဟာ... ဦးလေး "မက်ယီ" ပါလား။

"ဟုတ်တယ်ကွ၊ ချီးမှုပဲ"

"သစ်ပင်ပေါ်မှာ ဦးလေးက ဘာတက်လုပ်နေတာလဲ"

"ဒီလိုကွ၊ ငါ အိမ်ပြန်သွားတော့ လမ်းမှာ မိန်းမသုံးယောက်က ငါ့ကို တားတယ်၊ သူတို့က ငါ့ကို လမ်းထိပ်က အိမ်ကို လိုက်ခဲ့ပါလို့ ခေါ်တယ်။ ငါ လိုက်သွားတယ်။ အိမ်ထဲရောက်သွားတော့ သူတို့က ငါ့ကို ခုံရှည်ပေါ်မှာ ထိုင်ခိုင်းပြီး သူတို့ကို ပလွေမှုတ် ပြရတာပေါ့ကွာ။ ပလွေမှုတ်ပြလို့ သူတို့က ငါ့ကို ပိုက်ဆံအများကြီး ပေးတယ်ဟေ့"

လှည်းသမားက သူ့ကို သစ်ပင်ပေါ်က ချပေးပြီးတဲ့အခါ သူ့အင်္ကျီအိတ်ထဲမှာ ထည့်ထားတဲ့ ပိုက်ဆံတွေကို ပြန်စမ်းကြည့်လိုက်တယ်။ ဟယ်... တစ်ပြားမှ မရှိတော့ပါလား။ ပိုက်ဆံအစား ဖန်ကွဲစတွေ၊ ပန်းကန်ကွဲစတွေပဲ ရှိတော့တယ်။

အင်း... ဒီလိုထူးဆန်းတဲ့ ကိစ္စမျိုးတွေက တစ်ခါတစ်ရံမှာ ခုထိ ဖြစ်နေဆဲပါပဲ။

ဟန်ဂေရီပုံပြင်

❐



# ဘူဒူလင့်

တစ်ခါတုန်းက "ဘူဒူလင့်" ဆိုတဲ့ ယောကျ်ားလေး တစ်ယောက်ရှိခဲ့တယ်။ သူက သစ်တောနားက တဲအိမ်ကလေးမှာ သူ့အဘွားနဲ့ နေတယ်။ အဘွားက နေ့စဉ် အပြင်ထွက် အလုပ်လုပ်ရတယ်။ မနက် အလုပ်သွားလုပ်ဖို့ အိမ်ကထွက်တိုင်း သူ့မြေးကလေးကို မှာလေ့ရှိတယ်။

"ညစာဖို့ စားပွဲပေါ်မှာ တင်ခဲ့တယ် နော်။ နောက် သတိထားရမှာက တံခါးကို ဘယ်သူလာခေါက်ခေါက် လုံးဝဖွင့်မပေးနဲ့"

တစ်မနက်မှာ အဘွားက "ဒီမှာ ဘူဒိုလင့်၊ ကနေ့တော့ မင်းအတွက် စွတ်ပြုတ်ပဲ။ ညစာ စားချိန်ကျမှ သောက်နော်။ နောက် သတိထားရမှာက တံခါးကို ဘယ်သူကခေါက်ခေါက် ဖွင့်မပေးဖို့ဘဲ" လို့ ပြောပြလိုက်တယ်။

ဒီလိုမှာပြီး ထွက်သွားလို့ မကြာလိုက်ခင်မှာပဲ ကောက်ကျစ်စဉ်းလဲတဲ့ မိခင် မြေခွေးအို လာလာပြီး တံခါးခေါက်တယ်။



"ဘူဒူလင့်၊ မင်းလေး ငါ့ကို သိပါတယ်။ ကျေးဇူးပြုပြီး တံခါးဖွင့်ပေးပါဦး"

"အာ... ဖွင့်မပေးဘူး၊ ကျွန်တော်က တံခါးကို မဖွင့်ရဘူးဗျ။ အဘွားက မှာထားတယ်"

ဒါပေမဲ့ မြေခွေးမကြီးက တံခါးကို ခေါက်မြဲ ဆက်ခေါက်နေတယ်။

"ဒီမှာ ဘူဒူလင့်၊ ငါပြောတာ နားထောင်ပါဦး။ မင်းတံခါးဖွင့်ပေးရင်လေ မင်း ငါ့အမြီးပေါ် တက်စီးနိုင်မယ် သိလား"

ဒီတော့ ဘူဒူလင့်ကလေးက စဉ်းစားတယ်။

"မြေခွေးမ "လစ္စကာ" ရဲ့ အမြီးပေါ် ထိုင်စီးရတာ သိပ်ပျော်စရာ ကောင်းမှာပဲ"

ဒီလို စဉ်းစားမိလိုက်တာနဲ့ သူ့အဘွားမှာတာ မေ့ပြီး တံခါးဖွင့်ပေးလိုက်တော့တယ်။

အဲ... မြေခွေးမက အိမ်ထဲရောက်တာနဲ့ စားပွဲဆီ တန်းသွားပြီး ဘူဒူလင့်အတွက် ချက်ထားခဲ့တဲ့ စွတ်ပြုတ်တွေကို တစ်ခွက်လုံး ကုန်အောင် မျိုလိုက်တော့တာပဲ။ ဘူဒူလင့်လည်း ဘာအမြီးကိုမှ မစီးလိုက်ရဘူး။ ဘာကြောင့်လဲဆိုတော့ စွတ်ပြုတ်တွေ အကုန်သောက်ပြီး မြေခွေးမက ပြန်ထွက်သွားတာကိုး။

ဒါကြောင့် ဘူဒူလင့်မှာ စားဖို့ ညစာ လုံးဝမရှိတော့ဘူး။ ညနေ သူ့အဘွားပြန်လာတော့ "ဘူဒူလင့်၊ မင်း တစ်စုံတစ်ယောက်ကို တံခါးဖွင့်ပေးလိုက်သလား" လို့ မေးတယ်။ ဒီတော့ သူက ငိုပြီး "ဟုတ်တယ်၊ မြေခွေးမကြီးကို ဖွင့်ပေးလိုက်တယ်။ သူက ညစာကို အကုန်စားသွားတယ်" လို့ ပြောပြလိုက်တယ်။

"ကဲ... ဘူဒူလင့်၊ တံခါးဖွင့်ပေးလိုက်ရင် ဘာတွေ ဖြစ်တတ်တယ်ဆိုတာ ခု မင်း သိသွားပြီ။ နောက်ဆိုရင် အဘွားမှာတာကို မမေ့နဲ့။ တံခါးဖွင့်မပေးနဲ့"

နောက်မနက်မှာ အဘွားက ဂျုံယာဂုကျိုပြီး ညစာအတွက် ထားခဲ့တယ်။

"ညစာ လုပ်ထားခဲ့ပြီးနော်၊ ဘယ်သူလာလာ တံခါးဖွင့် မပေးနဲ့"

"မဖွင့်ပေးတော့ပါဘူး အဘွား"

အဲ... အဘွားအိုထွက်သွားလို့ မကြာလိုက်ခင်မှာ မြေခွေးမ "လစ္စကာ" ရောက်လာတာပဲ။

"ဟေး... ဘူဒူလင့် တံခါးဖွင့်ပေးပါဦး"

"မဖွင့်ပေးဘူး"

"ဖွင့်ပေးပါ ဘူဒူလင့်ရဲ့၊ ဖွင့်ပေးရင် ငါ့အမြီးပေါ် မင်းက တက်စီးရမယ်လေ။ တကယ် ပြောတာပါကွယ်"

ဒီလိုပြောလိုက်တော့ ဘူဒူလင့်က "ဒီတစ်ခါတော့ သူ့အမြီး ကို စီးရမှာ သေချာတယ်" လို့ထင်ပြီး တံခါးဖွင့်ပေးလိုက်တယ်။ ဖွင့်ပေးလိုက်တာနဲ့ မြေခွေးမဟာ မီးဖိုခန်းထဲဝင်၊ ဘူဒူလင့်အတွက် ထားခဲ့တဲ့ ဂျုံယာဂုတွေကို တဝတပြဲသောက်ပြီး ထွက်ပြေးသွား တော့တာပဲ။ သူ့အမြီးကိုလည်း မစီးလိုက်ရပါဘူး။

ညနေကျတော့ အဘွား ပြန်ရောက်လာတယ်။

"ဘူဒူလင့်၊ မင်း တစ်ယောက်ယောက်ကို တံခါးဖွင့်ပေး လိုက်သလား"

ဒီတော့ ဘူဒူလင့်က ငိုပြီး ပြောပြလိုက်တယ်။

"ဟုတ်တယ် အဘွား၊ မြေခွေးမကြီး ဂျုံယာဂုတွေကို အကုန်စားသွားတယ်"

"ဘူဒူလင့်၊ မင်းဟာ အတော် အမှတ်သည်းခြေမရှိတဲ့

ကလေးပဲ။ အေး... ဒီတစ်ခါ မင်းတံခါးဖွင့်ပေးရင် ငါ ရိုက်ရလိမ့်မယ်။ ကြားရဲ့လား"

နောက်တစ်နေ့မနက် အလုပ်မသွားခင်မှာ အဘွားက ပဲဟင်းချက်ထားခဲ့တယ်။ အဲ... မကြာပါဘူး၊ မြေခွေးမ လစ္စကာ ရောက်လာတော့တာပဲ။

"ဘူဒူလင့်၊ တံခါးဖွင့်ပေးပါဦး"

သူ မဖွင့်ပေးဘူး၊ ပဲဟင်းပန်းကန်ကို မြေခွေးမမြင်နိုင်တဲ့ ပြတင်းပေါက်နားသွားပြီး အားရပါးရ စားပြလိုက်တယ်။

"ဟော့... ဘူဒူလင့်၊ မင်းလေး ငါ့ကို သိပါတယ်။ တံခါးဖွင့်ပေးစမ်းပါ။ ဒီတစ်ခါတော့ ငါ့အမြီးကိုစီးဖို့ ငါ ကတိပေးပါတယ်။ တကယ် ပြောတာပါ"

တောင်းပန်များလာတော့ ဘူဒူလင့်က တံခါးဖွင့်ပေးလိုက်တယ်။ အဲ... အိမ်ထဲလည်းရောက်ရော ဘူဒူလင့်ရဲ့ ပဲဟင်းပန်းကန်ကို လုယူပြီး အကုန်စားပစ်လိုက်တာပဲ။

အဝတပြစ်စားပြီးတော့ "ကဲ... ငါ့အမြီးပေါ်တက်၊ ငါမင်းကို စီးခွင့်ပေးတယ်" လို့ ပြောလိုက်တယ်။

ဘူဒူလင့်ကလည်း အမြီးပေါ် အမြန်တက်၊ မြေခွေးမကလည်း အခန်းကို အမြန်ပတ်ပြေး၊ နောက်ဆုံးမှာ ဘူဒူလင့် မူးနောက်အောင်ကို အမြန် လှည့်ပြေးတယ်။ ဒီလိုဖြစ်လာတော့ ဘူဒူလင့်က မြေခွေးမအမြီးကို မလွတ်သွားအောင် ကိုင်ထားရတာပေါ့။ နောက်ဆုံးမှာ ဘူဒူလင့်အနေနဲ့ ဘာတွေဖြစ်မှန်းတောင် မသိလိုက်နိုင်ခင်မှာ လစ္စကာ မြေခွေးမက အမြီးပေါ် "ဘူဒူလင့်" တင်ပြီး အိမ်ထဲက အမြန်ပြေးထွက်ခဲ့တယ်။ အိမ်ပြန်ရောက်တာနဲ့

တောထဲက သူ့တွင်းဆီ တန်းပြေးတော့တာပဲ။ သူ့တွင်းဆီ ရောက်တော့ "ဘူဒူလင့်" ကို သူ့ကလေးသုံးကောင်နဲ့အတူ တွင်းထဲမှာ ဝှက်ထားလိုက်တယ်။ သူဟာ ဒီတွင်းထဲမှာပဲ မြေခွေးငယ်လေးသုံးကောင်နဲ့ အတူနေရတယ်။ မြေခွေးငယ်လေးတွေက သူ့ကို စကြတယ်၊ ကိုက်ကြတယ်၊ ခုမှ သူ နောင်တရတယ်လေ။ အဘွားရဲ့ပြောစကားကို သူမနာခံခဲ့လို့ သူဝမ်းနည်းရပြီ မဟုတ်လား။ ခုတော့ ငိုရုံကလွဲပြီး ဘာမှမလုပ်နိုင်တော့ဘူးလေ။

အဘွားအိမ်ပြန်ရောက်တော့ တံခါးကလည်း ပွင့်နေတယ်။ ဘူဒူလင့်လည်း မရှိတော့ဘူး။ သူ နေရာအနှံ့ရှာတယ်။ အချည်းနှီးပါပဲ။ တွေ့တဲ့လူတိုင်းကိုလည်း သူ့မြေးလေး ဘူဒူလင့်ကို တွေ့မိသလားလို့ မေးတယ်။ ဒါပေမဲ့ ဘယ်သူမှ မတွေ့မိကြဘူး။ လမ်းဆုံးတော့ အဘွားခမျာ ချုံးပွဲချ ငိုရှာတယ်။ ခုတော့ အထီးကျန် တစ်ကောင်ကြွက် ဖြစ်ရပြီမို့ ဖြေဆည်လို့ မရနိုင်ရှာဘူး။ ဝမ်းနည်းကြေကွဲလို့ မဆုံးနိုင်ရှာဘူး။

တစ်နေ့ ခြေတုကြီးနဲ့ လှည့်လည် အော်ဂင်တီးသူ တစ်ယောက် အဘွားရဲ့တဲရှေ့မှာ လာပြီး အော်ဂင်တီးတယ်။ ဂီတသံကြားတော့ မြေးလေးကို သတိရလာတယ်။ ဒါနဲ့ အဘွားက...

"အော်ဂင်သမားရယ်... ရော့... တစ်ပဲနီယူပါ။ အော်ဂင်ကိုတော့ ဆက်မတီးပါနဲ့တော့နော်။ အော်ဂင်သံကြားရင် အဘွား ငိုချင်လွန်းလို့ပါကွယ်"

အော်ဂင်သမား အတော်လေး အံ့အားသင့်သွားရတယ်။

"ဘာဖြစ်လို့ ငိုချင်တာလဲ အဘွား"

"ဘူဒူလင့်လေးကို အမှတ်ရလို့ပါကွယ်"

နောက်တော့ အဘွားက သူ့မြေး "ဘူဒူလင့်" အကြောင်း ပြောပြလိုက်တယ်။

"အင်း... အဘွားဖြစ်သူက သနားစရာပါပဲကလား။ ကဲ... ကျွန်တော် ပြောပြမယ်။ ကျွန်တော်က လှည့်ပတ်ပြီး အော်ဂင်တီး နေသူပါ။ ဒီတော့ ဘူဒူလင့်ကို ရောက်ရာအရပ်မှာ ရှာကြည့်ပါ့မယ်။ တွေ့ရင် ကျွန်တော် အဘွားဆီ အရောက်ပြန်ခေါ်ပါ့မယ်ကွယ်"

အော်ဂင်သမား ထွက်သွားတယ်။ သူ အော်ဂင်တီးတဲ့ နေရာတိုင်းမှာ ဘူဒူလင့်ကို မျက်စိကစားပြီး ရှာတယ်။ ဒါပေမဲ့ ခုထိတော့ မတွေ့သေးဘူး။

တစ်နေ့ သူ တောကိုဖြတ်သွားတဲ့အခါ ယောကျ်ားလေး ငိုသံကို ကြားလိုက်တယ်လို့ ထင်မိလိုက်တယ်။ သူ ဝန်းကျင်ကို လှည့်ပတ် အကဲခတ်လိုက်တယ်။ ဒီတော့ မြေခွေးတွင်းတစ်တွင်း ကို တွေ့လိုက်တယ်။

"အိုး... ဟိုး... ဒီကောက်ကျစ်တဲ့ မြေခွေးမ "လစ္စကာ" က "ဘူဒူလင့်" ကို ခိုးယူသွားတာ ဖြစ်ရမယ်။ ဘူဒူလင့်ကို သူ့ကလေး တွေနဲ့အတူ ထားလိမ့်မယ်။ ကဲ... ငါ့အတွေး မှန် မမှန် ငါ ကြိုးစား ကြည့်မယ်"

ဒီအတွေး၊ ဒီစိတ်ကူးနဲ့ သူ အော်ဂင်ကို စတီးခတ်လိုက် တယ်။ အော်ဂင်တီးရင်း သီချင်းလည်းဆိုတာပေါ့။

မြေခွေးအိုမကြီးက တစ်ကောင်
နောက်ထပ် သူ့သားသုံးကောင်
ပေါင်းလိုက်တော့ လေးကောင်။
ဒါ့အပြင်...

ဘူဒ္ဒူလင့်ဆိုတဲ့ ကလေးငယ်
သူက အပိုတစ်ယောက်ပါကွယ်။

မြေခွေးမ လစ္စကာက ဂီတသံကြားတော့ သူ့ကလေး အကြီးဆုံးကို ခေါ်ပြီး "ဒီမှာ သား၊ အဲဒီ အော်ဂင်တီးနေသူကို ဟောဒီ တစ်ပဲနီပေးပြီး အမေ ခေါင်းကိုက်နေလို့ တခြားမှာ သွားတီး ပါလို့ သွားပြောလိုက်" လို့ ခိုင်းလိုက်တယ်။

ဒါကြောင့် မြေခွေးလေးက တွင်းပေါ် တက်လာပြီး အော်ဂင် သမားကို တစ်ပဲနီပေးပြီး "အမေက မှာလိုက်တယ်။ သူ ခေါင်း ကိုက်နေလို့ တခြားမှာ သွားတီးပါတဲ့" လို့ ပြောပြလိုက်တယ်။

ဒီတော့ အော်ဂင်သမားက တစ်ပဲနီယူဖို့ လက်လှမ်းရင်း မြေခွေးငယ်လေးကိုဖမ်းပြီး အိတ်ထဲထည့်လိုက်တယ်။ နောက် အော်ဂင်တီးပြီး သီချင်းဆက်ဆိုတာပေါ့။

မြေခွေးအိုမကြီးကတစ်ကောင်
နောက်ထပ် သူ့သားသုံးကောင်
ပြီးတော့ "ဘူဒ္ဒူလင့်" နဲ့ပေါင်းရင်
ကျုပ်အတွက်...
အားလုံး လေးခုဖြစ်ပြီပင်။

သီချင်းသံရော၊ အော်ဂင်သံပါ ဆက်ကြားနေရတော့ ဒုတိယသားကို တစ်ပဲနီပေးပြီး ခိုင်းလိုက်ပြန်ရော။ ဒီတစ်ခါမှာ လည်း အော်ဂင်သမားက ပထမတစ်ကောင်ကို ဖမ်းတဲ့အတိုင်း ဖမ်းပြီး အိတ်ထဲ ထည့်လိုက်တာပဲပေါ့။ နောက်တော့ သူ ဆက်တီး တယ်။ ဆက်ဆိုတယ်။

မြေခွေးအိုမကြီးတစ်ကောင်

နောက်တစ်ကောင်ကလည်း ကျုပ်အတွက် မလွဲပေါင်။
ဘူဒူလင့်နဲ့ဆိုရင်
သုံးခုမြောက် ဖြစ်ပြီပင်။

"ဟာ... ဒီအော်ဂင်သမား ဘာဖြစ်လို့ ဆက်ဆိုနေရတာလဲ"

သူ ငွေတစ်ပဲနိနဲ့ တတိယသားကို လွှတ်လိုက်ပြန်တယ်။

သူ့ကိုလည်း ရှေးနည်းအတိုင်း အော်ဂင်သမားက ဖမ်းထည့်လိုက်ပြန်တယ်။

မြေခွေးအိုမကြီးတစ်ကောင်
ငါ့လက်တွင်း သက်ဆင်းတော့မှာ မြင်မိယောင်။
နောက်... ဘူဒူလင့်ဆိုတဲ့ ယောကျ်ားလေး
နစ်ယောက်ဖြစ်ဖို့ ကူညီပေး။

အဆိုနဲ့အတီး မရပ်တော့ နောက်ဆုံးမှာ "လစ္စကာ" ကိုယ်တိုင် ထွက်လာတယ်။ သူလည်း အဖမ်းခံရပြီး အိတ်ထဲ အထည့်ခံလိုက်ရတာပဲ။ အော်ဂင်သမား ဆက်ဆိုတယ်။

မိုက်မဲတဲ့ မြေခွေးလေးကောင်
အရှင်ဖမ်းဖို့ ကြံစည်အောင်။
ဘူဒူလင့် ရောက်လာရင်
ငါးဂဏန်း ပြည့်ပြီပင်။

ဒီအခါကျမှ အော်ဂင်သမားဟာ တွင်းဝနားသွားပြီး ငုံ့ခေါ်လိုက်တယ်။

"ဘူဒူလင့်... ဘူဒူလင့်၊ ဟော့... ဘူဒူလင့်"

ခုတော့ သူ့ကို ဆွဲထားမယ့် မြေခွေးလည်း တစ်ကောင်မှ မရှိတော့လို့ ဘူဒူလင့်ဟာ တွင်းထဲက တွားထွက်လာနိုင်ခဲ့တယ်။

တွင်းပေါ်ရောက်လာလို့ အော်ဂင်သမားကို မြင်လိုက်တော့ သူလေးက အော်ပြောလိုက်တယ်။

"အို... အော်ဂင်ဆရာကြီး၊ ကျွန်တော် အဘွားအိမ်ကို ပြန်သွားချင်တယ်ဗျာ"

"အေး... ငါ မင့်အဘွားအိမ်အရောက် ပြန်ပို့ပေးမယ်။ ဒါပေမဲ့ ဒီအမိုက်သား မြေခွေးလေးကောင်ကို အရင် အပြစ်ပေးရဦးမယ်ကွ"

အော်ဂင်ဆရာက တုတ်ချောင်း ကောင်းကောင်းတစ်ချောင်းကိုရှာပြီး အိတ်ထဲက မြေခွေးလေးကောင်ကို အသားကုန်ရိုက်တော့တာပဲ။ ကြာတော့ မြေခွေးတွေ မခံနိုင်ကြတော့တဲ့အဆုံး "မရိုက်ပါနဲ့၊ နောက်ဆိုရင် "ဘူဒူလင့်" ကို ဘာမှမလုပ်တော့ပါဘူး" လို့ ကတိပေးလိုက်ကြတယ်။


ဒါကြောင့် မြေခွေးလေးကောင်ကို သွားခွင့်ပြုပြီး ဘူဒူလင့်ကို သူ့အဘွားအိမ် ပြန်ပို့ပေးလိုက်တယ်။

မြေးလေး ဘူဒူလင့်ကို ပြန်တွေ့လိုက်တော့ အဘွားခမျာ သိပ်ပျော်သွားရှာတာပေါ့။ ဒါကြောင့် အဘွားက အော်ဂင်ဆရာကို ရိုင်းဂျုံတွေ၊ နံ့စားပြောင်းတွေ၊ ဘိန်းပန်းတွေအပြင် အိမ်မှာရှိသမျှ အားလုံးပေးလိုက်တယ်။

အဲ... နောက်ပိုင်းမှာ ဘူဒူလင့်ကလည်း တံခါးကို ဘယ်တော့မှ မဖွင့်ပေးတော့ဘူးတဲ့။

ချက်ကိုစလိုဗေးကီးယားပုံပြင်

❐



# ယုန်နဲ့ ခြင်္သေ့

တစ်နေ့ ခြင်္သေ့တစ်ကောင်က သိပ်ဆာလွန်းလို့ တောပိုင်း အနှံ့လှည့်ပြီး သားကောင်ရှာတယ်။ တစ်နေရာမှာ ယုန်တစ်ကောင် ကို သူ တွေ့တယ်။ ဒီတော့ သူ့ကိုပဲစားဖို့ ဆုံးဖြတ်လိုက်တာပေါ့။ ဒါပေမဲ့ ယုန်က လေသံမြင့်မြင့်နဲ့ သူ့ကို ပြောလိုက်တော့ သူအံ့အား သင့်သွားရတယ်။

"ကျုပ်လို အကောင်ငယ်လေးကို စားလို့ ဘာအသုံးကျ မှာလဲ။ ခင်ဗျားက သိပ်ကို ဆာနေတာမဟုတ်လား။ ဒီတော့ ခင်ဗျား အာသာပြေရမယ့် သားကောင်ကို ကျုပ် လိုက်ပြမယ်။ အဲ... တစ်ခု တော့ ကျုပ်စိုးရိမ်တယ်။ ကျုပ်လိုက်ပြမယ့် သတ္တဝါလောက် ခင်ဗျား စွမ်းအားမကြီးမှာကိုပေါ့။ စွမ်းအားမကြီးရင် ခင်ဗျားဘဝဆုံးပြီ"

သူဟာ သတ္တဝါတွေအားလုံးထဲမှာ စွမ်းအားအကြီးဆုံး မဟုတ်ပါဘူးလို့ အပြောခံလိုက်ရတော့ ခြင်္သေ့ အတော်အထိနာ သွားတယ်။



"ဘာကွ၊ အထိနာသွားမယ်၊ ဟုတ်လား။ ဒါထက် ငါ့ထက် စွမ်းအားပိုကြီးတဲ့သတ္တဝါရော ရှိသေးလို့လား။ ကဲကွာ... သိပ်လေရှည်မနေနဲ့။ အဲဒီအကောင် ရှိတဲ့နေရာကို ချက်ချင်းလိုက်ပို့။ သူ့ကို ငါ ကောင်းကောင်းစားပစ်မယ်။ အေး... မင်း ခေါ်မသွားရင်တော့ မင်းကိုပဲ စားရတော့မှာပေါ့ကွာ"

"အိုး... သတိထားပါဦးလေ၊ အဲဒီသတ္တဝါဟာ ဘယ်လောက်ကြောက်စရာကောင်းမှန်း ခင်ဗျား မသိသေးပါဘူး။ သူက မြေပြင်ပေါ်မှာတောင်နေတာ မဟုတ်ဘူးဗျ။ ရေတွင်းထဲမှာနေတာ။ ကဲ... သိပြီလား"

"ဟော့ကောင်... လေကြောရှည်မနေနဲ့။ ငါ့ကို သူ့ဆီ ခေါ်သွားစမ်း'

ဒီလိုနဲ့ ယုန်က ခြင်္သေ့ကို ရေတွင်းဆီ ခေါ်သွားရတယ်။

ရောက်တာနဲ့ ခြင်္သေ့က ရေတွင်းထဲ ငုံ့ကြည့်လိုက်တာပေါ့။ အဲ... ငုံ့ကြည့်လိုက်ရင်ပဲ ကြောက်မက်ဖွယ် သတ္တဝါကြီးကို လှမ်းမြင်လိုက်ရတာပဲ။ သူ့မျက်နှာပေါ်က အမွေးတွေက အဝါရောင်၊ သွားတွေက အကြီးကြီး၊ မျက်လုံးက ရိုင်းစိုင်းမယ့်ပုံ ပေါက်နေတယ်။ ခု ယုန်က ပြောပြီလေ။

"ကဲ... တွေ့ပြီ မဟုတ်လား၊ ဘယ်လောက် ကြောက်စရာကောင်းတဲ့ သတ္တဝါကြီးလဲ။ ဒီတော့ ခင်ဗျား ခုလို နေမြဲနေလိုက်ရင် အကောင်းဆုံးပဲ။ ရေတွင်းထဲတော့ ခင်ဗျား ခုန်မဆင်းလိုက်ပါနဲ့။ ခုန်ဆင်းလိုက်ရင် ခင်ဗျား သေသွားလိမ့်မယ်

"ငါ ခုန်ဆင်းမယ်၊ ငါ သူ့ကို လုံးဝ မကြောက်ဘူးဆိုတာ ပြလိုက်မယ်။ ကဲ... သွားပြီ။ ငါကတော့ အစားကောင်း စားရကိန်း ကြုံပြီလို့ တွက်ထားလိုက်ပြီ။ အေး... သူ့စားလို့မှ မတင်းတိမ်ရင် ငါ ပြန်လာပြီး မင်းကို စားမယ်။ ဒါပဲ"

ခြင်္သေ့က ပြောပြောဆိုဆို ရေတွင်းထဲ ခုန်ချလိုက်တယ်။ နောက်ပိုင်း သူ့ကို ဘယ်တော့မှ ထပ်မတွေ့ရတော့ပါဘူး။

တိဘက်ပုံပြင်

❒

## ငှက်မကြီးနဲ့ ငှက်ပေါက်ကလေးများ

ဟိုး… ရှေးအခါတုန်းက ငှက်မကြီးတစ်ကောင် ရှိခဲ့တယ်။ သူက သူ့သားလေးသုံးကောင်ကို မြစ်တစ်ဖက်ကမ်းရောက်အောင် ပို့ပေးချင်တယ်။ သုံးကောင်စလုံးကို တစ်ခါတည်း မသယ်နိုင်တော့ တစ်ကောင်စီ သယ်ပို့ရတာပေါ့။ ဒါနဲ့ ပထမငှက်သားပေါက်ကလေးကို တောင်ပံအောက်မှာ တွဲခိုခိုင်းပြီး မြစ်တစ်ဖက်ကမ်းကို စပျံသွားတယ်။ ပျံသွားနေခိုက်မှာ ငှက်မကြီးက ငှက်ကလေးကို မေးကြည့်လိုက်တယ်။

"သားလေး ပြောပါဦး၊ မေမေ အသက်ကြီးလာလို့ အိုမင်းမစွမ်းဖြစ်နေရင် အခု သားကို မေမေ သယ်သွားသလို မင်းက မေမေ့ကို မင်းတောင်ပံအောက်မှာ တွဲပြီးခေါ်မှာလား"

ဒီတော့ ငှက်ပေါက်ကလေးဟာ "ဘယ်လို မေးလိုက်တာလဲ မေမေ၊ တွဲပြီး ခေါ်မှာပေါ့" လို့ ပြန်ဖြေလိုက်တဲ့အခါ ငှက်မကြီးက "မင်း ညာနေတာပဲ" လို့ တစ်ခွန်းပြောပြီး ငှက်ပေါက်ကလေးကို



လွှတ်ချပစ်လိုက်တယ်။ ငှက်ပေါက်ကလေး မြစ်ထဲကျပြီး ရေနစ်သေသွားပါရော။

ငှက်မကြီးက သူ့ဒုတိယ ငှက်ပေါက်ကလေးကို သယ်ပိုးဖို့ ပြန်လှည့်လာခဲ့တယ်။ ဒီဒုတိယငှက်ပေါက်ကလေးကိုလည်း တောင်ပံအောက်မှာချိတ်ပြီး ပျံလာခဲ့တာပဲပေါ့။ ဒီလို သားငယ်ကို သယ်ပျံရင်း "သားလေး ပြောပါဦးကွဲ့၊ မေမေ အသက်ကြီးလာရင် အခု သားကို မေမေ သယ်သွားသလို မင်းကလည်း မေမေ့ကို သယ်ပို့ပေးမှာလား" လို့ မေးပြန်တာပေါ့။

"ဟာ... ဘယ်လို မေးလိုက်တာလဲ မေမေရယ်၊ အခု မေမေ သယ်ပို့သလို တကယ်ပို့မှာပေါ့"

"အား... မင်းလည်း ညာနေတာပဲ"

ပြောပြောဆိုဆိုပဲ ငှက်မကြီးဟာ ငှက်ပေါက်ကလေးကို မြစ်ထဲ လွှတ်ချလိုက်တယ်။

အခုတော့ ငှက်ကြီးက တတိယသားပေါက်ကလေးကို သယ်ပိုးဖို့ ပြန်လှည့်လာပြန်တယ်။ သယ်လာရင်းမှာ တစ်ခါ ထပ်မေးပြန်တယ်။

"သားလေး ပြောပါဦးကွဲ့၊ မေမေ အသက်ကြီးလာရင် အခု သားကို မေမေသယ်ပို့သလို မေမေ့ကိုလည်း သားလေးက သွားလိုရာ အရောက်သယ်ပို့ပေးဦးမှာလား"

ဒီတော့ တတိယ ငှက်ပေါက်ကလေးက...

"ဟင့်အင်း... မေမေ၊ ကျွန်တော် ဘယ်ပို့နိုင်ပါ့မလဲ။ အဲဒီ အချိန်မှာ သယ်ပို့ရမယ့် ကျွန်တော့် ငှက်ပေါက်ကလေးတွေ ရှိနေ လောက်ပြီလေ မေမေရဲ့" လို့ ပြောပြလိုက်တယ်။ ဒီတော့ ငှက်မ ကြီးက "အေး... မင်းဟာ မေမေ့ အချစ်ဆုံးသားပဲ။ မင်းဟာ အမှန် ကို ပြောတဲ့သားဖြစ်တယ်" လို့ ကျေနပ်အားရဖြစ်စိတ်နဲ့ ပြန်ပြော ပြလိုက်ပြီး မြစ်ရဲ့တစ်ဖက်ကမ်းပါးပေါ် အရောက်သယ်သွားပါ တော့တယ်။

ယစ်ဒစ် (ဂျူး)ပုံပြင်

❐



# အိပ်ပျော်နေတဲ့ မင်းသား

ဖခင်တစ်ယောက်မှာ သမီးလေးတစ်ယောက် ရှိတယ်။ ဒီသမီးလေးက သူ့အဖေစိုက်ပျိုးထားတဲ့ မြက်ခင်းကလွဲပြီး ဘာကိုမှ မမြတ်နိုးဘူး။ ဒါကြောင့် မနက်တိုင်း သူ့အထိန်းတော်က သူ့ကို မြက်ပင်စိမ်းစိမ်းလေးတွေကြည့်ဖို့ မြက်ခင်းထဲ ခေါ်ခေါ်သွားရတယ်။ တစ်မနက် သူတို့မြက်ခင်းထဲအသွားမှာ မြင်းတွေက မြက်ပင်လေးတွေကို စားနေတာ တွေ့လိုက်ရတယ်။ ဒီတော့ မြင်းတွေကို မောင်းထုတ်ဖို့ ကြိုးစားရတာပေါ့။ အဲဒီလိုကြိုးစားခိုက် သွေးတွေ မြက်ပင်ပေါ် စီးကျလာတယ်။ သွေးတွေ ထွက်ကျလာလို့ သူထိတ်မသွားဘူး။ သူ့အထိန်းတော်ကိုတောင် “မြေပေါ်ကျသွားတဲ့ အနီရောင်က သိပ်ကိုလှတာပဲနော်” လို့ နှစ်သက်မြတ်နိုးပုံနဲ့ ပြောလိုက်သေးရဲ့။

သူက ဒီလို မြတ်မြတ်နိုးနိုးပြောလိုက်တော့ အသံလေး တစ်သံထွက်ပေါ်လာတယ်။



“ကြည့်လိုက်စမ်းပါကွယ်၊ မြေကြီးပေါ်က အနီရောင်ဟာ ဘယ်လောက်များ ချစ်စရာကောင်းလိုက်သလဲ။ ဒါထက် တကယ်လို့ မင်းကများ အိပ်ပျော်နေတဲ့မင်းသားကို ကြည့်မြင်လိုတယ်

ဆိုရင် ရှစ်ရက်မကျော်ခင်လာခဲ့ပါ။ ပြောတဲ့အတိုင်း လာခဲ့မယ်ဆိုရင် အိပ်ပျော်နေတဲ့မင်းသားကို တွေ့ရဦးမယ်။ အဲဒီယပ်နဲ့ မင်းသားကို ခတ်ပေးလိုက်ရင် မင်းသား အိပ်ရာက နိုးလာလိမ့်မယ်။ နိုးလာရင် မင်းသားကို နမ်းရလိမ့်မယ်။ နမ်းပြီးရင် ရေတစ်ပုလင်းကို တွေ့ရဦးမယ်။ အဲဒီ ရေပုလင်းထဲက ရေနဲ့ တုတ်တွေကို ဖျန်းရမယ်"

အကြောင်းစုံ သိလိုက်ရတဲ့အခါ သူမက အဝတ်အစားတွေပြန်ယူတယ်။ သူမမှာ အနက်ရောင်အရုပ်ကလေးနဲ့ သင်တုန်းဓားအကျိုးလေးလည်းရှိတော့ အားလုံးကိုယူပြီး ပြန်လာခဲ့တာပေါ့။ ဟုတ်တယ်၊ အသံက ပြောထားတဲ့အတိုင်းပဲ။ မင်းသားကို တွေ့တယ်။ ယပ်တောင်ကို ယူပြီး မင်းသားကို ခတ်ပေးတယ်။ အဲဒီအချိန်မှာပဲ သူ့ဘေးမှာ အဘွားအို တစ်ယောက်လာထိုင်တာကို မြင်လိုက်ရတယ်။ တကယ်တော့ ဒီအဘွားအိုဟာ စုန်းမကြီး။ သူက မေးလိုက်သေးရဲ့ "ယပ်ခတ် ရတာ မမောသေးဘူးလား" တဲ့။ ဒီတော့ သူမက "မမောပါဘူး" လို့ပဲ ခပ်ပြတ်ပြတ် ပြန်ပြောလိုက်တယ်။

ဒီတော့ အဘွားအို ထွက်သွားတယ်။ ဒါပေမဲ့ မကြာပါဘူး ပြန်ရောက်လာတာပဲ။ ပြန်ရောက်လာတော့ "အပေါ့လေး ဘာလေး မသွားချင်ဘူးလား" လို့ မေးပြန်တယ်။ ဒီတော့ သူလေးက ချက်ချင်းထပြီး ဆီးသွားဖို့ ထွက်သွားတယ်။

ဒီတော့မှ အဘွားအိုက ယပ်တောင်ယူပြီး မင်းသားကို ခတ်ပေးတော့တာပဲ။ အဲ... မိန်းကလေး ပြန်မလာခင် မင်းသားနိုးလာတယ်။ နိုးလာတော့ အဘွားအိုက မင်းသားကို နမ်းတယ်။

ဒီလိုနဲ့ အဘွားအိုဟာ မင်းသားနဲ့ လက်ထပ်လိုက်နိုင်တယ်။

သူတို့မှာက ဥပဒေက တစ်ခုရှိတယ်။ မင်းသားကို ပထမဆုံးနမ်းသူဟာ မင်းသားနဲ့ လက်ထပ်ရမယ်ဆိုတဲ့ဥပဒေပဲ။

သူတို့ လက်ထပ်ပြီးတော့ အဘွားကြီးက မိန်းကလေးကို ကြက်တွေ စောင့်ခိုင်းတယ်။ မိန်းကလေးက သိပ်စိတ်ပျက်ရရှာတယ်လေ။ သူ့အဖေအိမ်မှာဆိုရင် သူက ရွှေမင်းသမီးလေးကိုး။ ဒီရောက်မှ ကြက်တွေကို စောင့်ရှောက်ရတဲ့ဘဝ ရောက်သွားရရှာတာကိုး။ မင်းသားနဲ့ အဘွားကြီးကတော့ သူလေးနေဖို့ အိမ်လေးကောင်းကောင်း ဆောက်ပေးထားတယ်။ သူလေးဟာ ညနေခင်း အလုပ်ခွင်ကပြန်ရောက်လာရင် အဝတ်ကောင်းလေးတွေဝတ်ပြီး သီချင်းဖွင့်စက်ကို ဖွင့်နားထောင်တယ်။ နားထောင်ပြီးရင်တော့ အနက်ရောင်အရုပ်နဲ့ သင်တုန်းဓားကို ထုတ်ယူပြီး မေးခွန်းတွေ မေးတယ်။ "ငါ့ရဲ့ အနက်ရောင်ရုပ်ကလေး၊ အနက်ရောင်အရုပ်ကလေး၊ ကဲ... ငါ့ကို ပြောစမ်းပါ။ ဒါ တရားသလား၊ အေး... မင်းမပြောရင်တော့ မင့်လည်းပင်းကို ဖြတ်လိုက်မှာနော်" မေးပြီးတော့လည်း အရုပ်ကို သူ့နေရာမှာ ပြန်ထားပြီး အိပ်လိုက်တော့တာပဲ။

အဲ... တစ်ညကျတော့ စစ်သားတစ်ယောက်က သူလေးအိမ်နားက ဖြတ်လျှောက်သွားတယ်။ ဒီအချိန်မှာ သာယာတဲ့ တေးသံကို ကြားလိုက်တာပဲ။ ဒီတော့ အိမ်နားမှာပုန်းပြီး ဆက်နားထောင်တော့ မိန်းကလေးက အနက်ရောင်အရုပ်ကို မေးတာ အားလုံးကြားလိုက်ရပြန်တာပေါ့။ ဒါနဲ့ သူက ဘုရင့်ရှေ့မှောက် အရောက်ဝင်ပြီး ကြက်တွေကို ထိန်းကျောင်းရတဲ့ မိန်းကလေးက ဒီလို... ဒီလို... ပြုလုပ်နေပါတယ်၊ ပြောနေပါတယ်လို့ တင်လျှောက်လိုက်တယ်။

အဲဒီညမှာပဲ ဘုရင်ကိုယ်တော်တိုင် ထွက်နားထောင်တယ်။

မိန်းကလေးက အရုပ်ကို "ဒါ တရားသလား" လို့ မေးလို့လည်း ပြီးရော ဘုရင်က တံခါးခေါက်တယ်၊ မိန်းကလေးက ချက်ချင်းပဲ ထဖွင့်ပေးလိုက်တယ်။ တံခါးဖွင့်ပေးလိုက်လို့ မိန်းကလေးကိုလည်း မြင်လိုက်ရော ဘုရင် မူးမေ့သွားတော့တယ်။ ဘာကြောင့်လဲဆိုတော့ ဒီမိန်းကလေးဟာ မင်းသမီးကလေး ဖြစ်မှန်းသိလိုက်ရလို့ပဲ။ အခု သူကလေးက ဝတ်ကောင်းစားလှတွေဝတ်လို့လေ။ ဘုရင် သတိပြန်လည်လာတော့ မိန်းကလေးကို "ကျုပ်လူထုကို ခေါ်လိုက်ပါ့မယ်။ အဲဒီအခါမှာ လူအုပ်ကြီးကို "အနက်ရောင်အရုပ်ကို ဘာကြောင့် ခုလိုမေးရတဲ့အကြောင်း" ရှင်းပြပေးပါ" လို့ ပြောပြလိုက်တယ်။

ကဲ... ခုတော့ မိန်းကလေးရော၊ ဘုရင်ပါ လူအုပ်ကြီးရှေ့ ရောက်လာခဲ့ကြပါပြီ။ သူလေးက အရေးပါတဲ့ပုဂ္ဂိုလ်ကြီးများ ရှေ့မှာ အကြောင်းစုံ ရှင်းပြလိုက်တယ်။

"ဟုတ်ပါတယ်၊ ကျွန်မ ဖအေ့တိုင်းပြည်မှာတော့ ကျွန်မဟာ မင်းသမီးတစ်ပါးပါပဲ။ ဒီကျမှ ကြက်တွေကို ထိန်းကျောင်းရတဲ့ဘဝရောက်ရတာပါ"

နောက်ပိုင်း သူက သူနဲ့ အဘွားအို ဘယ်လိုဘယ်ပုံ ဆက်နွယ်ပတ်သက်ကြောင်းကိုပါ နောက်ကြောင်းပြန်လိုက်ပါတယ်။ ဒါတွင်မကဘူး၊ သူ့အပေါ် အဘွားကြီးက ဘယ်ပုံ ဘယ်နည်း ဆက်ဆံကြောင်း၊ မင်းသားနဲ့ လက်ထပ်နိုင်အောင် ဘယ်လို ကြံစည်ခဲ့ကြောင်း ပတ်မလုံးစုံ ရှင်းပြလိုက်ပါသေးတယ်။ ဒီအခါမှာ ပရိသတ်ကြီးက သူမ မှန်ကန်ကြောင်း ရှင်းရှင်းလင်းလင်း သိသွားကြလို့ စုန်းမအိုကြီးကို သတ်ပစ်လိုက်ကြတယ်။

စုန်းမကြီးရဲ့ အရိုးတွေကို အိမ်အပေါ်တက်တဲ့ လှေကား

လုပ်တယ်။ စုန်းမကြီးရဲ့ အရည်ခွံကိုတော့ မြေပြင်ပေါ်ခင်းဖို့ ကော်ဇောလုပ်လိုက်တယ်။ ခေါင်းခွံကြီးကိုတော့ မျက်နှာသစ်ဖို့ ရေစင်လုပ်လိုက်တယ်။

နောက်ပိုင်းကျတော့ မင်းသားနဲ့ လက်ထပ်လိုက်တယ်။ ဒါ သူ့ကံတရားအတိုင်း ဖြစ်သွားရတာပါပဲ။

ဆူရီနာမိ(စ်)ပုံပြင်

□



## မိဘမဲ့

ဟိုး... ရှေးအခါက လင်မယားနှစ်ယောက်မှာ သမီးကလေး တစ်ယောက် ရှိတယ်။ နာမည်က "ဒီမင်းဂါး" တဲ့။ ဒီမင်းဂါး အမေ ဆုံးသွားတော့ ယောကျ်ားက နောက်မိန်းမယူလိုက်တယ်။ ဒီမိန်းမနဲ့ ကလေးအတော်များများ မွေးလိုက်တယ်။

သူ့လင်က ဒီမင်းဂါးလေးကို ဂရုစိုက်ဖို့ ပြောပေမဲ့ မိထွေးက ဂရုလုံးဝမစိုက်ဘူး။ သမီးရင်းလိုလည်း မဆက်ဆံဘူး။ ရေချိုးမပေးဘူး။ ဖွဲဆန်ကွဲထမင်းကိုပဲ ကျွေးတယ်။ တိရစ္ဆာန်တွေ ထားတဲ့ နေရာမှာ အိပ်ရတယ်။ ဒီတော့ ဒီမင်းဂါးလေးဟာ လူရုပ်မပေါ်တော့ဘူး။ အဟောင်းအနွမ်း၊ အစုတ်အပြဲတွေကိုပဲ ဝတ်ရရှာတယ်။ ဒါကြောင့် ဒီမင်းဂါးလေးက သေသွားဖို့ ဆုတောင်းတယ်။ ဒါမှ သူ့အမေနဲ့ တွေ့ရမှာလို့ ထင်နေတာကိုး။

တစ်ညမှာ ဒီမင်းဂါးလေး အိပ်မက်မက်တယ်။ အိပ်မက်



ထဲမှာ သူ့အမေနဲ့တွေ့သတဲ့။ တွေ့တော့ သူ့အမေက "ဒီမင်းဂါး သမီးလေး၊ မင်းလေး မငတ်ရစေပါဘူး။ နက်ဖြန် နေ့လယ်ခင်း ကျရင် မင်း နွားကျောင်းရမှာ မဟုတ်လား။ အေး... နွားကျောင်း သွားရင် သမီးရဲ့အချစ်တော် နွားမကြီး "ချင်ချီးယား" ကိုပါ ခေါ်သွား။ နွားစားကျက်ရောက်တဲ့အခါ အခု အမေလုပ်ခိုင်းတာ တွေကို ပြောပြလိုက်၊ နော် သမီးလေး" လို့ ပြောပြတယ်။

နွားစားကျက်ရောက်တော့ ချင်ချီးယားကို အမေမှာတာ ပြန်ပြောပြလိုက်တယ်။ ပြောပြလိုက်တာနဲ့ သူ့ရှေ့မှာ စားစရာတွေ

အပြည့်ထည့်ထားတဲ့ ပန်းကန်တွေ ရုတ်တရက် ရောက်လာတော့ တာပဲ။ ထမင်းပန်းကန်တွေ၊ အမဲသား၊ ကြက်သား၊ လက်ဖက်ရည်၊ အို... အများကြီး... အများကြီး၊ ဒီမင်းဂါးလေးကလည်း တဝကြီး စားပစ်လိုက်တာပဲ။ ဒါတောင် စားစရာတွေက မကုန်ဘူး။ အများကြီး ကျန်နေပါသေးတယ်။ ဒါပေမဲ့ နွားမကြီးက စာကြွင်း စားကျန်တွေကို ဖျောက်ပစ်လိုက်တယ်။ ညနေ အိမ်ပြန်ရောက် တော့ မိထွေးက ဆန်ကွဲထမင်းကျွေးတာပေါ့။ ဟင်း... ဟင်း... ဘယ်စားလိမ့်မလဲ။ "ရှင်ပဲ စားလိုက်၊ ကျုပ် ဝနေပြီ" လို့ ပြန်ပြော လိုက်တဲ့အခါ မိထွေး အတော်အံ့အားသင့်သွားရတာပေါ့။

ခုဆို ဒီပုံအတိုင်း ဖြစ်လာခဲ့တာ ရက်အတော်ကြာသွားပြီ လေ။ စားကျက်ထဲမှာ သူတို့နှစ်ဦးတည်း ရှိနေချိန်မှာ ချင်ချီးယားက စားစရာမျိုးစုံထုတ်ပေးတယ်။ ဒါကြောင့် ဒီမင်းဂါးလေးဟာလည်း ဝဝဖြိုးဖြိုး ဖြစ်လာတယ်။ ဒီတော့ ဟို... မိထွေး ပိုသံသယဝင်လာ တာပေါ့။ နောက်ဆုံး သံသယစိတ်က ကြီးလွန်းလို့ ဖွင့်မေးပါရော။

"နေစမ်းပါဦး၊ နင်က ငါကျွေးတော့လည်း မစားဘဲ ဘာကြောင့် ခုလို ဝဖြိုးလာသလဲ။ နင် ဘာတွေ စားနေလို့လဲ"

ဒီမင်းဂါးလေးက တကယ် လျှို့ဝှက်ချက်ကြီးကို ထုတ်ပြော မိအောင်တော့ မအသေးဘူးလေ၊ မမိုက်သေးဘူးလေ။ ဒီတော့ မိထွေးက ဒီကောင်မ နွားသွားကျောင်းရင် သူ့သမီးက လိုက်သွားရ မယ်လို့ မှာထားလိုက်တယ်။ ဒီမင်းဂါးလေးက မခေါ်သွားချင်ဘူး။ ဒါပေမဲ့ မခေါ်သွားလို့လည်း မဖြစ်၊ အဲ... နေ့ခင်းကျတော့ ထမင်း ဆာလာပြီ။ ဒီတော့ ဒီမင်းဂါးလေးက မိထွေးရဲ့သမီးကို နှုတ်ပိတ်ရ တော့တာပေါ့။

"ကဲ... ကနေ့ မြင်ရတာတွေနဲ့ ပတ်သက်ပြီး ဘယ်သူ့ကိုမှ ဘာမှ မပြောနဲ့နော်"

မိထွေးသမီးက ဒီမင်းဂါးလေး ချင်ချီးယားနားသွားပြီး တစ်ခုပြောလိုက်တာကို မြင်နေရတယ်။ မြင်နေတုန်းမှာပဲ စားစရာတွေ ရုတ်တရက်ရောက်လာတော့ မိထွေးရဲ့သမီး မျက်လုံးပြူးသွားတယ်။ သွားရည်ယိုလာတယ်။ ဒါနဲ့ ဟန်တောင် မဆောင်နိုင်တော့ဘဲ ဟင်းခွက်တွေ အကုန်မြည်းကြည့်တော့တာပဲ။ ဝတင်းသွားအောင် မြည်းရုံမကဘူး၊ သူ့အမေအတွက်ပါ ခိုးဝှက်ယူလာလိုက်ပါသေးတယ်။ အကျန်တွေကိုတော့ ချင်ချီးယားက ကွယ်ပျောက်သွားအောင် လုပ်လိုက်တာပေါ့။

ဒီည ဒီမင်းဂါးလေးအိပ်သွားတော့ မိထွေးရဲ့ သမီးက ဝှက်ယူခဲ့တဲ့ ဟင်းတွေချကျွေးရင်း "ဒီစားစရာတွေကို ချင်ချီးယားကပေးတာ အမေရဲ့" လို့ ပြောလိုက်တယ်။

မိထွေး အတော်လေး မှင်တက်မိသွားတယ်။ ဒါပေမဲ့ ဝှက်ယူလာသမျှ စားစရာတွေကို ပါးဖြိုနားဖြိုစားပြီး နွားမရဲ့ ဝမ်းဗိုက်ထဲမှာ ကျန်တဲ့စားစရာတွေကို စားနိုင်အောင် အကြံထုတ်ပါရော။ နောက် ရက်အနည်းငယ်ကြာသွားလို့ အကြံရတော့ သူ့ယောကျ်ားကို ပြောပြီလေ။ သူနေလို့မကောင်းဘူးတဲ့။ ဒါကြောင့် ရိုးရာကပွဲကျင်းပရမယ်တဲ့။ ဒီလိုပြောပြီး မိထွေးဟာ မိန်းမောသွားတော့တာပဲ။ တစ်ချိန်တည်းမှာလည်း "ဝိညာဉ်တွေက ချင်ချီးယားကို ယဇ်ပူဇော်ဖို့ တောင်းဆိုကြတယ်" လို့ အော်ဟစ်ပြောပြလိုက်တယ်။

သူ့အော်သံကြားလိုက်တော့ ဒီမင်းဂါးလေး သိပ်ဒေါသထွက်သွားတာပေါ့။ သူကတော့ ဒီ သူ့နွားမကြီးကို သတ်ခွင့်လုံးဝ

မပေးဘူး။ ဒီတော့ မိထွေးက သူ့ယောကျ်ားကို ပရိယာယ် မာယာတွေသုံးပြီး သူ့ဆန္ဒကို လိုက်လျောဖို့ ကြိုးစားပြန်တာပေါ့။

"ရှင့်သမီးက ဒီနွားမကို အရူးအမူး စွဲလမ်းနေလို့ ကျွန်မက သေပေးရမှာလား"

ယောကျ်ားခမျာ သမီးကို လှည့်တောင်းပန်ရပြန်တာပေါ့။ ဒါပေမဲ့ ဒီမင်းဂါးလေးကတော့ ချင်ချီးယား အသတ်မခံရဘူးလို့ပဲ ဆုံးဖြတ်ထားလိုက်တယ်။ ဒီညအိပ်တော့ သူ့အမေအသံကို ထပ်ကြားရပြန်တယ်။

"အမေ့ သမီးလေး ဒီမင်းဂါး၊ ချင်ချီးယားကို သတ်ခွင့်ပြုလိုက်ပါ။ ဒါပေမဲ့ သမီးလေး သူ့အသားကိုတော့ လုံးဝမစားနဲ့နော်။ ဗိုက်သားကိုယူပြီး ကျွန်းလေးပေါ်မှာ သွားမြှုပ်လိုက်၊ နောက်ပိုင်း ဘာတွေဖြစ်လာမလဲ၊ သမီး သိရပါလိမ့်မယ်"

ဒါကြောင့် ဒီမင်းဂါးက ယဇ်ပူဇော်ခွင့်ပြုလိုက်တယ်။ နွားကိုသတ်ပြီး ရင်ခွဲကြည့်လိုက်တော့ ဘာစားစရာမှ မတွေ့ရဘူး။ အသားကလည်း ဘာအရသာမှ မရှိဘူး။ အထင်နဲ့ အမြင်ပါစင် အောင်လွဲနေတော့ မိထွေး စိတ်ပျက်သွားတယ်လေ။ သူ့အချစ်တော် နွားမကြီး အသတ်ခံလိုက်ရတော့ ဒီမင်းဂါးလေး ဝမ်းနည်းစိတ်မကောင်းဖြစ်လွန်းလို့ ငိုမဆုံးနိုင်ရှာဘူး။ ဒါပေမဲ့ သူ့အမေမှာကြားချက်အတိုင်း နွားမကြီးရဲ့ ဗိုက်သားကို ကျွန်းလေးပေါ် သွားမြှုပ်လိုက်တယ်။

အဲ... အံ့သြစရာပဲ။ ဗိုက်သားကို မြှုပ်လိုက်တဲ့နေရာက တစ်နေ့မှာ ရွှေသစ်ပင်ပေါက်လာတယ်။ သစ်ရွက်တွေက တစ်ပေါင်တန်တွေ၊ သစ်သီးတွေကျတော့ ပိုက်ဆံပြားတွေ၊ ပဲနီပြား၊ သျှိလင်ပြား

တွေ၊ ခြောက်ပဲနိုပြားတွေ၊ နှစ်သျှိုလင်တန်အကြွေတွေ။ ဒီတော့ သစ်ပင်ကအရောင်တွေ မြူးနေတောက်နေတာပေါ့။ ကြည့်တဲ့ လူတိုင်းရဲ့မျက်စိတွေ စူးသွားကြတယ်။ ကျိန်းစပ်သွားကြတယ်။

တစ်နေ့ ဒီကျွန်းလေးနားကို သင်္ဘောတစ်စင်း ခုတ်မောင်း သွားတယ်။ သင်္ဘောပိုင်ရှင်က ရွှေသစ်ပင်ကိုမြင်တော့ သူ့လူတွေ ကျွန်းပေါ်တက်ခိုင်းပြီး သစ်ပင်က ငွေတွေ၊ ရွှေတွေကို ယူခိုင်းလိုက် တယ်။ သင်္ဘောသားတွေက သစ်ပင်ကို လှုပ်တယ်။ ကြွေကျလာ မယ့် ရွှေသီး၊ ငွေရွက်တွေကို ကောက်ကြမယ်ပေါ့။ ဒါပေမဲ့ သစ်ပင် က လှုပ်တောင် မလှုပ်ဘူး။ ဒါနဲ့ သင်္ဘောပိုင်ရှင်က ကျွန်းသူကြီး ကိုခေါ်ပြီး သစ်ပင်ကို လှုပ်ခိုင်းတယ်။ ဘာမှမထူးဘူး။ ကျွန်းသား တိုင်းကိုခေါ်ပြီး လှုပ်ခိုင်းတယ်။ သစ်ပင်က ငြိမ်မြဲငြိမ်နေတာပဲ။ ဒီတော့ ဥရောပတိုက်သား သင်္ဘောပိုင်ရှင်က ကျွန်းသူကြီးကို မေးတယ်။

"သစ်ပင်ကို လာမလှုပ်တဲ့လူများ ကျန်သေးသလား။ တစ်ယောက်ယောက် ကျန်နေသေးရင် သွားခေါ်လိုက်ပါဗျာ"

အဲ... လိုက်ရှာတော့ သစ်ပင်ကို မလှုပ်ရသေးသူ တစ်ယောက် ပဲ ကျန်နေတယ်။ ဘယ်သူများပါလို့။ အိုး... စုတ်စုတ်ပြတ်ပြတ် ညစ်ညစ်ပတ်ပတ် ကောင်မလေးပဲ။ သူ့မျက်လုံးအစုံကလည်း ဝမ်းနည်းကြေကွဲပုံပေါက်နေတယ်။ ဒီမင်းဂါးလေးလေ၊ သူလို ပိန်ချည့်ချည့်ကောင်မလေးက သစ်ပင်ကို လှုပ်မယ်ဆိုတော့ လူတိုင်း က ရယ်ကြတာပေါ့။

"ငါတို့လို အားကောင်းမောင်းသန် လူကြီးတွေတောင် မလှုပ်နိုင်တာ ဒီစိတ်ပျက်စရာ ပိစိကွေးလေးက လှုပ်နိုင်မှာတဲ့လား"

ဒါပေမဲ့ ဥရောပတိုက်သားက "ကြိုးစားပါစေ" လို့ ပြော လိုက်တယ်။

ကဲ... ကြည့်၊ ဒီမင်းဂါးလေး သစ်ပင်နားကပ်သွားတာနဲ့ သစ်ပင်က ယိမ်းစပြုလာပြီ။ လက်နဲ့ထိလိုက်တာနဲ့ သစ်ပင်က စလှုပ်တော့တာပဲ။ ရွှေပြားတွေ၊ ငွေပြားတွေ၊ ဖွေးခနဲ၊ ဖွေးခနဲ ကျလာတာပေါ့။ အိတ်အတော်များများနဲ့ကို ထည့်ယူရလောက် အောင် များတယ်။

ဒီမင်းဂါးကို ဥရောပတိုက်သားက ချက်ချင်း လက်ထပ်ဖို့ စီစဉ်လိုက်တယ်။ သူ့အိမ်မှာပဲ နေကြတာပေါ့။ အဲ ဒီမင်းဂါးလေး က ရေမိုးချိုး၊ အဝတ်အစားတွေဝတ်၊ ရေမွှေးလေးဆွတ်လိုက်တော့ မမှတ်နိုင်လောက်အောင်ကို လှသွားချောသွားတယ်။ သူလေးက ဘဝသစ်မှာ လုံးဝပျော်မွေ့နေတယ်။ စိတ်ချမ်းသာနေတယ်။

ဒီလိုနေလာတာ အတော်လေးကြာတော့ ဒီမင်းဂါးလေး က လက်ဆောင်တွေယူပြီး သူ့အဖေအိမ်ကို သွားလည်တာပေါ့။ လက်ဆောင်တွေ၊ ငွေတွေမြင်တော့ ဖက်လှဲတကင်း ကြိုဆို ကြတာပေါ့လေ။ ဖအေကြီးကတော့ "ငါ့သမီးလေး ဒုက္ခငြိမ်း သွားပြီ" ဆိုတဲ့ အတွေးနဲ့ ကြည်နူးမိတာပေါ့။

အင်း... ဒါပေမဲ့ ဟိုမိထွေးက မနာလိုဝန်တိုဖြစ်တုန်းပဲ။ ဒီမင်းဂါးလေးဆီက ခုထက်ပိုရအောင် အကြံထုတ်တုန်းပဲ။ ဒီလိုနဲ့ ဘာတွေဖြစ်လာသလဲဆိုတော့...

တစ်နေ့ ဒီမင်းဂါးလေးက မိသားစုနဲ့ ထိုင်စကားပြောနေ တုန်းမှာ သူလေးရဲ့မျက်စိတစ်ဖက်လပ် အစ်မက အပ်ကလေးကိုင် ပြီး ဒီမင်းဂါးလေးနားလာတယ်။ "ညီမလေး၊ အစ်မ ညီမလေး

ခေါင်းမှာ သန်းရှာပေးမယ်နော်” လို့ ပြောတော့ ဒီ မင်းဂါးလေးက “ကျွန်မခေါင်းမှာ သန်းမရှိပါဘူး” လို့ ပြန်ပြောလိုက်တယ်။ ဒါပေမဲ့ မိထွေးကပါ သန်းရှာခံအောင် အမျိုးမျိုးပြောပြီး သူ့သမီးကို သန်းရှာခိုင်းတာပေါ့။ အဲ... သန်းစရှာတာနဲ့ မျက်စိတစ်ဖက်လပ် အစ်မက ဒီမင်းဂါးလေးရဲ့ခေါင်းထဲ အပ်နဲ့ ထိုးစိုက်လိုက်တယ်။ ဒီမင်းဂါးဆတ်ခနဲ တွန့်သွားတယ်။ တစ်ချိန်တည်းမှာ ငှက်ဘဝပြောင်းပြီး ပျံထွက်သွားပါရော။

ဒီတော့မှ မိထွေးက သူ့သမီးကို ဒီမင်းဂါးအဝတ်အစားတွေ ဝတ်ပေးတယ်။ မျက်နှာကိုတော့ ဇာနဲ့ဖုန်းထားလိုက်တယ်။ နောက် သူက ဒီမင်းဂါးရဲ့ အစေခံတွေကို သူတို့ရဲ့သခင်မ ဖျားနေတယ်လို့ ပြောပြထားလိုက်တယ်။ ဒီတော့ အစေခံတွေက ဒီမင်းဂါးအိမ်ကို ပြန်ခေါ်သွားကြတာပေါ့။ အိမ်ပြန်ရောက်တော့ ဖျားနေလို့ ပြန်ခေါ်လာခဲ့ပါတယ်လို့ သူတို့သခင်ကို ပြောပြလိုက်တယ်။ ဒီတော့ သခင်က မျက်နှာဖုံးဇာကို ဆွဲလှန်ကြည့်ဖို့ လုပ်တိုင်း မိထွေးသမီးက “အပြင်မှာပဲ နေပါ၊ ဖျားနေပါတယ်ဆိုမှ” လို့ ပြောနှင်လွှတ်တယ်။

တစ်နေ့မှာ အစေခံ “ဂူအားအို” က မြစ်ဆိပ်သွားပြီး အဝတ်တွေလျှော်တော့ သစ်ပင်ထက်မှာ နားနေတဲ့ ငှက်ကလေးတစ်ကောင်ကို မြင်လိုက်ရတယ်။ ငှက်ကလေးက အရောင်တောက်တောက်ကလေး၊ သိပ်လည်း လှတယ်၊ ငှက်ကလေးက သီချင်း စဆိုလိုက်တယ်။

ဂူအားအို... ဂူအားအို...
မင်းနူယယ် အိမ်မှာရှိလား သီချင်လို့။

မျက်စိတစ်ဖက်လပ်နဲ့ သူ့မယား
သိပ်ကို ကြောက်ဖို့ကောင်းပါလား။

ငှက်ကလေးတေးသံက သူ့ကို ညှို့ယူဖမ်းစားလိုက်လေတော့ သူ သေသေချာချာ ကောင်းကောင်းနားထောင်ကြည့်တယ်။ ဒီငှက်ကလေးအကြောင်း သိချင်စိတ်ကလည်း တားလို့မရနိုင်ဘူး။ အဝတ်သွားလျှော်တိုင်း ငှက်ကလေးကို တွေ့ရ၊ သူ့တေးသံကို ကြားရတော့ နောက်ဆုံး သူ့သခင်ကို ခေါ်ပြီးပြလိုက်တယ်။ သူ့သခင်က ငှက်ကလေးကိုဖမ်းပြီး အိမ်ယူသွားတာပေါ့။ အိမ်ရောက်တော့ ချစ်စနိုးနဲ့ ငှက်ကလေးကို အသာအယာပွတ်သပ်ပေးတယ်။ အဲဒီလိုပွတ်သပ်ပေးရင်း ငှက်ကလေး ခေါင်းကိုထိမိသွားရင် ငှက်ကလေးတုန်လှုပ်သွားတယ်။ ဒီတော့ သူက သေသေချာချာ ရှာကြည့်လိုက်တဲ့အခါ ခေါင်းမှာစူးနေတဲ့ အပ်တစ်ချောင်းကို တွေ့လိုက်တာပေါ့။ သူ အတော်လေးတုန်လှုပ်သွားမိလိုက်တယ်။ နောက်ဆုံးတော့ ငှက်ကလေး သက်သာသွားစေလိုတဲ့ စေတနာနဲ့ အပ်ကိုဆွဲနုတ်လိုက်တယ်။ အဲ... ဆွဲနုတ်လိုက်တာနဲ့ ငှက်ကလေးဟာ သူ့ဇနီးချောလေး "ဒီ မင်းဂါး" အဖြစ် ပြောင်းသွားတာပဲ။

ကဲ... ခုတော့ ဒီမင်းဂါးလေးဇာတ်ကြောင်းပြန်လို့ရပြီ။ ဇာတ်ကြောင်းသိလိုက်တာနဲ့ သူ့ခင်ပွန်းသည်ဟာ ဖျားနေတဲ့ မျက်စိတစ်ဖက်လပ် သူ့ဇနီးဆီ ပြေးသွားပြီး မျက်နှာဖုံးဇာကို ဆွဲချွတ်လိုက်တယ်။ ဆွဲချွတ်ပြီး ဘာမှပြောမနေတော့ဘဲ ပစ်သတ်လိုက်တယ်။ နောက်တော့ သူက အစေခံတွေကို ခန္ဓာကိုယ်ကို အတုံးလေးတွေဖြစ်သွားအောင် ဖြတ်တောက်ပြီး နေလှန်းထားဖို့၊ ခြောက်သွားတဲ့အခါ ထမင်းနဲ့ရောပြီး အိတ်တွေထဲထည့်လိုက်ဖို့ ခိုင်းထားလိုက်

တယ်။ အိတ်တွေကို ဒီမင်းဂါးရဲ့မိထွေးဆီ စာတစ်စောင်နဲ့ ပူးတွဲပို့ပေးလိုက်တယ်။

"ဒီမင်းဂါး အန္တရာယ်ကင်းစွာနဲ့ ပြန်ရောက်လာပါပြီ။ ဒါကြောင့် လက်ဆောင်တွေ ပို့လိုက်ပါတယ်"

အဘွားကြီး သိပ်ဝမ်းသာသွားတယ်။ ပို့လိုက်တာတွေကို မိသားစုတွေ ဝေပေးပေါ့။ အင်း... ဒါပေမဲ့... ဒါပေမဲ့... နောက်ဆုံးအိတ်ကိုဖွင့်လိုက်ခါမှ ငါ့မြားက ငါ့ပြန်စိုက်လိုက်ပါပကောလို့ တုန်တုန်လှုပ်လှုပ် ချောက်ချောက်ချားချား ရေရွတ်မိလိုက်တယ်။ ဘာကြောင့်လဲဆိုတော့ နောက်ဆုံးအိတ်ထဲမှာ သူ့သမီးရဲ့ ခေါင်းပြတ်ကြီးကို တွေ့လိုက်ရတာကိုး။ ခေါင်းပြတ်ကြီးရဲ့ မျက်လုံးတစ်ဖက်က ထိတ်လန့်ကြောက်ရွံ့ပုံမျိုးနဲ့ သူ့ကို ငေးစိုက်ကြည့်နေပေတာကိုး။

အာဖရိက မာလဝီပုံပြင်


□

## ဆိတ်နဲ့ သိုး

အဘိုးနဲ့အဘွား လင်မယားမှာ ဆိတ်တစ်ကောင်နဲ့ သိုးတစ်ကောင်ရှိတယ်။ ဆိတ်နဲ့သိုးကလည်း သိပ်ကို ချစ်ကြတာ။ သွားအတူ၊ လာအတူ၊ စားလည်းအတူပေါ့။ ဆိတ်က ဟင်းသီးဟင်းရွက်ခင်းတွေထဲသွားရင် သိုးကလည်း လိုက်သွားတာပဲ။ ဒါမှမဟုတ် ဆိတ်က သစ်သီးခြံသွားမယ်ဆိုရင်လည်း သစ်သီးခြံလိုက်တာပဲ။

တစ်နေ့တော့ အဘိုးက အဘွားကိုခေါ်ပြီး "ဆိတ်နဲ့ သိုးကိုငါတို့ နှင်ထုတ်လိုက်မှ ဖြစ်တော့မယ်။ သူတို့ဒဏ်ကို ဟင်းရွက်ခင်းလည်း မခံနိုင်တော့ဘူး။ သစ်သီးခြံလည်း မခံနိုင်တော့ဘူး" လို့ ပြောပြလိုက်တယ်။ သူက တိုင်ပင်သလိုသာ ပြောတာ၊ ပြောပြီးတာနဲ့ ချက်ချင်းနှင်ထုတ်လိုက်တော့တာပဲ။

"ဟော့... ဟိုနှစ်ကောင်၊ ခု ချက်ချင်း ထွက်သွားကြတော့။ မင်းတို့ကို နောက်တစ်ကြိမ် မမြင်ချင်တော့ဘူး"



ဒီတော့ သိုးနဲ့ဆိတ် ဘာမှ အတွန့်မတက်ရဲတော့လို့ အိတ်ကလေးတစ်လုံးနဲ့ ထွက်လာခဲ့ကြရတာပေါ့။ သူတို့နှစ်ကောင်ခြေဦးတည့်ရာ လျှောက်လာကြတယ်။ နောက်ဆုံး ကွင်းပြင်တစ်ခုထဲ ရောက်သွားကြတယ်။ အဲ... ကွင်းပြင်အလယ်မှာ ဝံပုလွေခေါင်းပြတ်ကြီးကို

တွေ့လိုက်ပါရော။ သိုးက သန်မာတောင့်တင်းတယ်၊ ဒါပေမဲ့ သိပ်မရဲဘူး။ ဆိတ်ကျတော့ ရဲတင်းတယ်၊ ဒါပေမဲ့ သိပ်မသန်မာဘူး။

ဒီတော့ ဆိတ်က ပြောလိုက်တယ်။

"ဟေ့... သူငယ်ချင်း သိုး၊ မင်းက အားကောင်းမောင်းသန်ပဲ။ ဒီတော့ ဝံပုလွေခေါင်းပြတ်ကြီးကို ယူလိုက်ကွာ"

"ဟာ... မလုပ်နဲ့ ဆိတ်ရ၊ မင်းက သတ္တိကောင်းတယ်၊ မင်းပဲ ယူလိုက်ပါ"

နောက်ဆုံးတော့ ဝံပုလွေခေါင်းပြတ်ကြီးကို နှစ်ကောင်ဆွဲယူပြီး အိတ်ထဲထည့်လိုက်ကြတယ်။ ပြီးတာနဲ့ ခရီးဆက်ကြတာပေါ့။ ခရီးဆက်လို့ တစ်နေရာရောက်တော့ သူတို့ရှေ့မှာ လောင်နေတဲ့ မီးရောင်ကို လှမ်းမြင်လိုက်ကြတယ်။

"အဲဒါ အိမ်ဖြစ်ရမယ်ကွ၊ ငါတို့ အဲဒီမှာ တစ်ညအိပ်ကြမယ်။ ငါတို့ အဲဒီအိမ်ထဲရောက်ရင် ဝံပုလွေတွေ ငါတို့ကို မဖမ်းနိုင်ကြတော့ဘူးကွ"

ဒီလိုနဲ့ သူတို့ မီးရောင်ရှိရာဘက် လျှောက်လာခဲ့ကြတယ်။ အဲ... မီးရောင်နဲ့ နီးလာမှပဲ အိမ်မဟုတ်ဘဲ ဝံပုလွေတွေက ယာဂုကျိုနေမှန်း သိလိုက်ကြတယ်။ ဒါပေမဲ့ သိုးနဲ့ ဆိတ်က လှမ်းနှုတ်ဆက်လိုက်တယ်။

"ဟဲလို... မိတ်ဆွေတို့..."

ဒီတော့ ဝံပုလွေတွေကလည်း နှုတ်တုံ့ပြန်ကြပါတယ်။

"ဟဲလို... မင်းတို့ရောက်လာတာ သိပ်ကောင်းတယ်။ ယာဂုကျိုတုန်း မင်းတို့ကို ငါတို့ စားနိုင်တာပေါ့ကွာ"

ဆိတ် ထိတ်သွားတယ်။ သိုးလည်း မျက်နှာချက်ချင်းညှိုး

ကျသွားတယ်။ သေလောက်အောင် ထိတ်လန့်သွားတယ်။ ဒါပေမဲ့ ဆိတ်က ရဲတယ်မဟုတ်လား။ ဒါကြောင့် သူက အမိန့်ပေးသလို သိုးကို ပြောလိုက်တယ်။

"ဟော့... အစ်ကို၊ အိတ်ထဲက ဝံပုလွေခေါင်းကြီးကို ထုတ်လိုက်စမ်းဗျာ"

သိုးက ချက်ချင်း ဝံပုလွေခေါင်းကြီးကို ထုတ်လိုက်တယ်။ ဒီတော့ ဆိတ်က "အဲဒီခေါင်း မဟုတ်ဘူး၊ အဲဒီထက် ပိုကြီးတဲ့ ခေါင်းကို ထုတ်လိုက်စမ်းပါ" လို့ အော်ခိုင်းလိုက်ပြန်တယ်။

ဒါနဲ့ သိုးက ထုတ်လိုက်တဲ့ ခေါင်းပြတ်ကို ပြန်ထည့်၊ အဲဒီ ခေါင်းပြတ်ကိုပဲ ပြန်ထုတ်လိုက်တယ်။ ဒီတော့လည်း ဆိတ်က "အာ... မဟုတ်ဘူးလေ၊ အဲဒါထက်ကြီးတဲ့ခေါင်းကို ပြောတာ" လို့ အော်ပြောလိုက်ပြန်ရော။ ဒါနဲ့ ဒီခေါင်းကို ပြန်ထည့်၊ ဒီခေါင်းကိုပဲ ပြန်ထုတ်၊ ဒီတော့လည်း ဆိတ်က စိတ်မရှည်တော့ပုံမျိုးနဲ့ အဲဒီခေါင်း မဟုတ်ဘူး၊ အကြီးဆုံးခေါင်းကို ထုတ်လိုက်ဖို့ ပြောတာ" လို့ ခပ်တည်တည် ဟောက်လိုက်တယ်။

ဒီလိုပြောလိုက်တော့ ဝံပုလွေတွေ ကျောစိမ့်သွားကြတယ်။ လွတ်လမ်း ရှာကြံကြတယ်။ သူတို့က သိုးဟာ ခေါင်းပြတ်တစ်ခုပြီး တစ်ခု ထုတ်ယူနေတယ်လို့ ထင်မှတ်သွားကြတာကိုး။ ဒါနဲ့ ဝံပုလွေ တစ်ကောင်က စလွတ်လမ်းရှာတယ်။ ဘယ်လိုရှာသလဲဆိုတော့...

"ဒီမှာ ကျွန်တော်တို့ ညီအစ်ကိုတွေနေပြီး ယာဂုကျိုသောက်ကြဖို့လုပ်နေကြတယ် မဟုတ်လား။ ဒါပေမဲ့ ယာဂုထဲ ရေနည်းနည်း ထည့်ဖို့ လိုမယ်ထင်တယ်။ ကျွန်တော်ပဲ ရေသွားခပ်လိုက်ပါ့မယ်"

သူက ဒီလိုပြောပြီး ရေခပ်ဖို့ ထွက်သွားတော့တာပဲ။ အဲ...

ခပ်ဝေးဝေးရောက်တော့ "မင်းတို့အားလုံး ကပ်ဆိုက်ပြီဟေ့" လို့ ကျန်ဝံပုလွေတွေ မကြားရအောင် ခပ်တိုးတိုး ပြောပြီး ခြေကုန်သုတ်တော့တာပဲလေ။

ကဲ... ဒုတိယဝံပုလွေက လွတ်လမ်းရှာပြန်ပါပြီ။

"ဟင်း... ဟိုငမိုက်ကောင်ကို ကြည့်လိုက်ကြစမ်းပါ။ ပြောသွားပုံများ သူ မြေမျိုတော့မယ့်အတိုင်းပဲ။ ခင်ဗျားတို့ စောင့်ကြည့်၊ ယာဂုထဲထည့်ဖို့ ရေကို သူ ဘယ်တော့မှ ယူလာမှာ မဟုတ်ဘူး။ ဒါကြောင့် ကျုပ် သူ့ကို အမြန်ဆုံးပြေးပြီး ပြန်ခေါ်လာခဲ့မယ်" လို့ ပြောပြီး သူလည်း လစ်ထွက်သွားတော့တာပဲ။ ခုတော့ သူသေဘေးက သီသီလေး လွတ်မြောက်လာခဲ့ပြီမို့ သိပ်ကို ပျော်နေပြီလေ။

ဒီအချိန်မှာ နောက်ဆုံး ဝံပုလွေတစ်ကောင်ပဲ ကျန်တော့တယ်။ ဒီတော့ သူက "ဟာ... မဖြစ်သေးပါဘူး၊ ဟိုနှစ်ကောင်ကို သွားပြန်ခေါ်မှဖြစ်မယ်" လို့ ပြောပြောဆိုဆို လစ်တော့တာပဲ။ သူက လည်း ခုတော့ သေဘေးက လွတ်လာခဲ့လို့ အတော်ဝမ်းသာနေတယ်လေ။

ဝံပုလွေသုံးကောင်စလုံး မရှိတော့မှ ဆိတ်က သိုးကို ပြောလိုက်တယ်။

"ကဲ... အစ်ကိုသိုးရေ၊ ဖြုန်းဖို့ အချိန်မရှိဘူး။ ယာဂုအဝအတင်းသောက်ပြီး မသေရအောင် အမြန်လစ်ကြစို့"

ဒီအချိန်မှာ ကြောက်ဒူးတုန်ပြီး လစ်ပြေးကြတဲ့ ဝံပုလွေသုံးကောင်ဆုံမိကြပြီ။ ဒီတော့ တစ်ကောင်က "ဆိတ်နဲ့သိုးကို ဘာကြောင့်ကြောက်ရမှာလဲ။ ဒါကြောင့် တို့အားလုံးပြန်ပြီး ယာဂုသောက်ကြမယ်" လို့ ရဲဆေးတင် ပြောပြလိုက်တယ်။ နောက် သူကပဲ

ဆက်ပြီး "ဒီငမိုက်သားနှစ်ကောင်ကိုပါ စားပစ်ကြမယ်" လို့ ကြုံးဝါး လိုက်တယ်။

ဒီလိုနဲ့ ဝံပုလွေတွေ ပြန်လာခဲ့ကြတယ်။ ဒါပေမဲ့ ဒီအချိန်မှာ သိုးနဲ့ ဆိတ်က ယာဂုတွေသောက်ပြီး မီးတွေတောင် ငြိမ်းထားလိုက်ကြပြီ။ ခု သူတို့ သစ်ပင်မြင့်ကြီးပေါ်ရောက်နေပြီ။ သစ်ပင်ပေါ်ရောက်နေလေတော့ ပြန်လာကြတဲ့ ဝံပုလွေတွေက ဘယ်မြင်ပါ့မလဲ။ ဒါနဲ့ သစ်ပင်အောက်မှာပဲ ရပ်ပြီး ဒီနှစ်ကောင်ကိုမိအောင် ဘယ်လိုလိုက်ကြမလဲဆိုတဲ့ ကိစ္စကိုစဉ်းစားကြတယ်။ စဉ်းစားလို့ ခဏကြာတော့ သူတို့သစ်ပင်ပေါ် မော့ကြည့်လိုက်ကြတယ်။ သြော်... လက်စသတ်တော့ ငနဲနှစ်ကောင်က ဒီသစ်ပင်ပေါ်မှာကိုး။ လက်ရှိအနေအထားကို သိလိုက်တာနဲ့ ပိုသတ္တိကောင်းတဲ့ ဆိတ်က သစ်ပင်ထိပ်ဖျားရောက်အောင် တက်သွားတယ်။ သတ္တိမကောင်းတဲ့ သိုးကတော့ အနိမ့်ပိုင်းမှာပဲ ထိုင်နေရတာပေါ့။

ဒီအချိန်မှာ ဝံပုလွေတစ်ကောင်က အမွေးစုတ်ဖွားနဲ့ ဝံပုလွေကို "ကဲ... ခင်ဗျားက ကျုပ်တို့ထဲမှာ အသက်အကြီးဆုံး။ ဒီတော့ ဟိုနှစ်ကောင် ဆင်းလာအောင် ဘယ်လိုလုပ်ရမလဲ။ ပြောပါ" လို့ တောင်းဆိုလိုက်တယ်။

ဒီတော့ ဝံပုလွေကြီးက သစ်ပင်အောက် ပက်လက်လှန်လှဲချပြီး စဉ်းစားဝင်တော့တာပေါ့။ ငါ ဘာလုပ်ရမလဲ။ ငါ ဘယ်လို အကြံပေးရမလဲ။

ဒီအနေအထားကို မြင်တွေ့နေရတဲ့ သိုးဟာ သစ်ပင်ခွကြားမှာ တုန်တုန်ယင်ယင်ဖြစ်နေပြီ။ သူတုန်ပုံက တဖြည်းဖြည်း ပြင်းထန်လာတော့ မဟာန်နိုင်တော့ဘဲ နောက်ဆုံး ပြုတ်ကျသွားတော့တာပဲ။

ပြုတ်ကျတာမှ အမွေးစုတ်ဖွားနဲ့ ဝံပုလွေကြီးပေါ်ကို ပြုတ်ကျတာ။ ဒီတော့ ဆိတ်က ချက်ချင်း လှမ်းအော်ပြောလိုက်တယ်။ "အဲဒီ အမွေးစုတ်ဖွားနဲ့ အကောင်ကို ငါ့ဆီ ပို့လိုက်စမ်း" တဲ့လေ။ သူက ဝံပုလွေသုံးကောင်ကြားထဲ ခုန်ဆင်းလိုက်တယ်။ ဒီတော့ ဝံပုလွေ တွေ ထိတ်လန့်ပြီး ခြေကုန်သုတ်ကြတော့တာပေါ့။ သူတို့နောက် မှာ ဖုန်လုံးကြီးတွေတောင် ထကျန်ရစ်ခဲ့တယ်။

နောက်ပိုင်းတော့ ဆိတ်နဲ့ သိုးဟာ အဲဒီနေရာမှာပဲ တဲလေး တစ်လုံးဆောက်ပြီး ကျန်းမာပျော်ရွှင်စွာ နေလိုက်ကြပါသတဲ့။ အဲ... သူတို့နှစ်ကောင်ဟာ တစ်နှစ်ထက်တစ်နှစ် ပိုပြီးလည်း ချမ်းသာလာ ကြတယ်လို့ ပြောကြတယ်။

ယူကရိန်းပုံပြင်

❑



# ၁၁ နိုင်ငံက ပုံပြင် ၁၁ ပုဒ်

ခင်မောင်တိုး(မိုးမိတ်)

မြန်မာပြန်

KMT0015

2,300.00 KS